# မိဘကောင်းတို့
# ရင်သွေး
# ပြုစုပျိုးထောင်နည်း

**HOW TO SUCCEED AS A PARENT**




ပါမောက္ခဒေါ်အေးသန်း

ဝီ၊ကာ ဓဝညီ

တူဒေးစာအုပ်တိုက်

အမှတ် ၈-၂၊ အဏ္ဏဝါလမ်းသွယ်(၂)၊ ကျောင်းတန်းအိမ်ရာ၊
ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း - ၂၉၅၈၈၆၊ ၂၉၉၇၉၇
စာတိုက်သေတ္တာအမှတ် - ၁၂၇၇
အမှတ်-၂၉၊ ၇၈ လမ်း၊ ၃၄ × ၃၅ လမ်းကြား၊ မန္တလေးမြို့။
ဖုန်း - ၃၈၇၇၉

တူဒေးစာအုပ်တိုက်

ပထမအကြိမ်

၂၀၀၀ ပြည့်နှစ်၊ နိုဝင်ဘာလ

အုပ်ရေ (၅၀၀)

တန်ဖိုး [illegible] ကျပ်

မျက်နှာဖုံးသရုပ်ဖော်

ဇညားလွင်

ထုတ်ဝေသူ

ဒေါ်ရွှေအိမ်၊ တိုင်းလင်းစာပေ

၈/၆၅၊ စော်ဘွားကြီးကုန်း၊

အင်းစိန်မြို့နယ်၊ ရန်ကုန်မြို့။

ပုံနှိပ်သူ

ဦးဝင်းအောင်

သန်းထိုက်ရတနာ ပုံနှိပ်တိုက်

၈၄/၈၆၊ လမ်း ၅၀၊ ပုဇွန်တောင်မြို့နယ်။

စာမူခွင့်ပြုချက် - ၃၀၉/၂၀၀၀ (၄)

မျက်နှာဖုံးခွင့်ပြုချက် - ၃၃၀/၂၀၀၀ (၅)

ဖြန့်ချိရေး

တူဒေးစာအုပ်တိုက်

အမှတ် စီ-၂၊ အဏ္ဏဝါလမ်းသွယ်(၂)၊ ညောင်တန်းအိမ်ရာ၊

ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။

ဖုန်း - ၂၉၅၈၈၆၊ ၂၉၉၇၉၇

စာတိုက်သေတ္တာအမှတ် - ၁၂၇၇

အမှတ်- ၂၉၊ ၇၈ လမ်း၊ ၃၄ × ၃၅ လမ်းကြား၊ မန္တလေးမြို့။

ဖုန်း - ၃၈၇၇၉

ပညာရပ်စာစဉ် (၂)

# မိဘကောင်းတို့ ရင်သွေးပြုစုပျိုးထောင်နည်း
## ပါမောက္ခဒေါ်အေးသန်း

အလုပ်ရှုပ်သော ဖေဖေ မေမေတို့
ရှင်သန်ရပ်တည်ရေးအတွက်
တစ်ကြို -၁၀ချက်

**HOW TO SUCCEED AS A PARENT**
**10 Survival Tips for**
**Busy Mums and Dads**
**by**
**STEVE CHALKE**

## ဒို့တာဝန်အရေးသုံးပါး

- ✽ ပြည်ထောင်စုမပြိုကွဲရေး ဒို့အရေး
- ✽ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး ဒို့အရေး
- ✽ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး ဒို့အရေး

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပေါ် ပေါက်ရေးသည်
ပြည်ထောင်စုသားအားလုံး၏ ပဓာနကျသောတာဝန်ဖြစ်သည်။

---

## ပြည်သူ့သဘောထား

- ✽ ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ✽ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ✽ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ✽ ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ် ချေမှုန်းကြ။

## မာတိကာ

ကျေးဇူးတင်လွှာ
အမှာစာ
ထုတ်ဝေသူအမှာ
မှတ်တမ်းတင်ပါမည်

တစ်ကြို - ၁ လက်တွေ့ကျပါ ၁
စင်းလုံးချောမိဘဟူသည် မရှိ

တစ်ကြို - ၂ အနီးမှာ ရှိနေပါ ၂၁
သင်သတိမထားမိဓိ
အိမ်ကြီးဟောင်းလောင်းဖြစ်လိမ့်မည်

တစ်ကြို - ၃ သဲသဲကွဲကွဲဖြစ်ပါစေ ၄၉
သင့်ကလေးတို့ကို ချွင်းချက်မဲ့ချစ်ပါ

တစ်ကြို - ၄ ခိုင်မြဲပါစေ ၇၂
စည်းကမ်း၏ အပြုသဘောကဏ္ဍ

တစ်ကြို - ၅ အားပေးပါ ၁၀၄
သင့်ကလေးတို့အမှန်အကန်ပြုလုပ်ခြင်း
အတွက် ချီးမွမ်းပါ

| | | |
|---|---|---|
| တစ်ကြို - ၆ | သတိရှိပါ<br>သင်သည် အခန်းကဏ္ဍစုံပြ<br>ဖြစ်ကြောင်း သတိရပါ | ၁၂၇ |
| တစ်ကြို - ၇ | ပြတ်ပြတ်သားသားရှိပါစေ<br>မိသားစုစည်းမျဉ်းစည်းကမ်းများကို<br>ချမှတ်၍ ယင်းတို့ကို တိတိကျကျ<br>လိုက်နာပါ | ၁၅၂ |
| တစ်ကြို - ၈ | အသင့်ဖြစ်ပါစေ<br>ယခုလည်း မှားမည်။ နောင်လည်း<br>အခါမလပ် မှားနေလိမ့်ဦးမည် | ၁၈၀ |
| တစ်ကြို - ၉ | လိုက်လျောနိုင်ပါစေ<br>အချိန်တန်လျှင် သင့်ကလေးတို့ကို<br>လက်လွှတ်ရမည်ဖြစ်ကြောင်း<br>နားလည်ထားပါ | ၂၀၇ |
| တစ်ကြို - ၁၀ | ဉာဏ်အမြော်အမြင်ရှိပါစေ<br>သင့်ကလေးတို့ကို မပြောသင့်သော<br>စကားကြီး ၁၀ ခွန်းနှင့် ပြောသင့်သော<br>စကားကြီး ၁၀ ခွန်း | ၂၃၃ |
| | ခွန့်စားခန်းကြီး ဆက်ဦးမည် | ၂၅၈ |

ကျေးဇူးတင်လွှာ

ဤစာအုပ်ဖြစ်မြောက်ရေးအတွက်
ကူညီအားပေးတိုက်တွန်းသူများ၊
ကျေးဇူးတင်ထိုက်သူများအားလုံးကို
ဦးခိုက်ပါသည်။

မြန်မာပြန်ဆိုသူ

## အမှာစာ

'မိဘကောင်းတို့ ရင်သွေးပြုစုပျိုးထောင်နည်း' စာအုပ်သည် ပါမောက္ခဒေါ်အေးသန်း၏ သာမန်စာဖတ်ပရိသတ်အတွက် ရည်ရွယ်သော ပထမဆုံးလုံးချင်းလက်ရာတစ်ခု ဖြစ်သည်။ ယင်းသို့ ဆိုလိုက်သည့်အတွက် ပါမောက္ခဒေါ်အေးသန်းကို ယခုမှ စာစတင် ရေးသားသူဟု မယူဆစေလိုပါ။ သာမန်စာဖတ်ပရိသတ်အတွက် ရည်ရွယ်သော စိတ်ပညာကို အခြေခံသည့် ဆောင်းပါးများ၊ မိသားစု ပြဿနာ မေးခွန်းနှင့် အဖြေလွှာများကို စာဖတ်ပရိသတ် အတော် များများ *Lifestyle Today* ဂျာနယ်ဖြင့် ဖတ်ရှုပြီး ဖြစ်ကြလိမ့် မည်ဟု ယုံကြည်ပါသည်။

၎င်းမျှသာ မကသေးပါ။ ပါမောက္ခဒေါ်အေးသန်းသည် ရန်ကုန်တက္ကသိုလ် စိတ်ပညာဌာနတွင် အမှုထမ်းစဉ်ကပင် ရန်ကုန် တက္ကသိုလ်မဂ္ဂဇင်း၊ တို့ကျောင်းသား စာစောင်၊ မြဝတီဂျာနယ်နှင့် မြဝတီမဂ္ဂဇင်းတို့တွင် ပညာပေးဆောင်းပါးများရေးခဲ့သူ ဖြစ်ပေရာ စာရေးသက်ရှည်ကြာကြောင်း သိနိုင်ပေသည်။ ယခုအချိန်တွင် လည်း *Lifestyle Today* တွင် အမိကအားဖြင့် ကလေးသူငယ်နှင့် လူငယ်တို့ကို ရည်ရွယ်သော ဆောင်းပါးများရေးနေသူတစ်ဦး ဖြစ်ပါ သည်။

သို့သော် ၎င်းစာအုပ်မှာမူ သူမ၏ ပထမဆုံးလုံးချင်းစာအုပ်

ဖြစ်သည်။ ပွဲဦးထွက်ပင် ဖြစ်သော်လည်း ပွဲဝင်လှသည်ဟု ဆိုရပေမည်။ ဤစာအုပ်သည် ဖတ်ရုံဖတ်ပြီး၊ တွေးရုံတွေးပြီးပစ်ထားရမည့် စာအုပ်မဟုတ်။ မိဘဘဝ အောင်မြင်မှုရလိုသူတို့ ဖတ်ရှု၊ လိုက်နာ၊ ကျင့်သုံးရမည့် စာအုပ်တစ်အုပ်လည်း ဖြစ်သည်။ 'ပျိုးထောင်နည်း' ဟူသောအသုံးအနှုန်းကပင် ချက်နည်းပြုတ်နည်း၊ လုပ်နည်းကိုင်နည်း၊ သွားနည်းလာနည်း၊ ပြောနည်းဆိုနည်းစသည်ဖြင့် လမ်းညွှန်သည့် သဘောပါဝင်နေပေသည်။

'မည်သူ့ကို လမ်းညွှန်ပါသနည်း။' အလုပ်ရှုပ်နေသော ဖေဖေ နှင့် မေမေတို့ကို လမ်းညွှန်ပါသည်။ မည်သည့်ရည်ရွယ်ချက်ဖြင့် လမ်းညွှန်ရသနည်း။ ထိုသူတို့ 'ရှင်သန် ရပ်တည်ရေး' ဘဝတွင် အောင်မြင်မှုရရှိရေးအတွက်ဖြစ်သည်ဟု စာရေးသူက ဆိုထားပါသည်။

ယင်းသို့ လမ်းညွှန်ရာတွင် ပါမောက္ခဒေါ်အေးသန်းသည် ပါမောက္ခလေသံ၊ ဆရာလုပ်သည့် အထက်စီးလေသံတို့မှ ကင်းဝေးအောင် ကြိုးပမ်းထားကြောင်း တွေ့ရပါသည်။ တစ်စုံတစ်ယောက်က ညင်ညင်သာသာဖျောင်းဖျပြောဆိုနေသည့် လေသံမျိုး ပေါ်လွင်အောင် အားထုတ်ထားကြောင်း တွေ့ရပါသည်။

အထူးသဖြင့် 'ဖေဖေ၊ မေမေ'တို့ကို စာမေးပွဲဖြေဆိုရန် ကြိုးပမ်းရင်း အလုပ်ရှုပ်နေကြသော ကျောင်းသားများအဖြစ် ပါမောက္ခဒေါ်အေးသန်းက မြင်ပါသည်။ ယင်းစာမေးပွဲအောင်မြင်ရေးအတွက် ပါမောက္ခဒေါ်အေးသန်းက (၁) လက်တွေ့ကျပါ။ (၂) အနီးမှာ ရှိနေပါစသည်ဖြင့် တစ်ကြိမ် (၁၀)ခု ပေးထားပါသည်။ ကျက်မှတ်ရမည့်တာဝန်၊ လိုက်နာလုပ်ဆောင်ရမည့် တာဝန်မှာမူ စာမေးပွဲဖြေဆိုမည့် ကျောင်းသားများဖြစ်ကြသော ဖေဖေနှင့် မေမေ တို့တာဝန်သာ ဖြစ်ပါတော့သည်။

မူရင်းစာရေးသူမှာ ဆယ်ကျော်သက်ရွယ်သမီး (၂)ဦးနှင့်

အကြိုပျိုဖော်ဝင် (၉ နှစ်၊ ၁၁ နှစ်) သား (၂)ဦးတို့၏ ဖခင်ဖြစ်ပါသည်။ သူသည်လည်း စာတွေ့ရော လက်တွေ့တွင်ပါ အတွေ့အကြုံ စုံလင်လှကြောင်း တွေ့ရသည်ဖြစ်ရာ မူရင်းစာအုပ်မှာလည်း စာအုပ်ကောင်း တစ်အုပ်ပင် ဖြစ်သည်ဟု ဆိုလိုက်ရပါသည်။

သို့ဖြစ်ခြင်းကြောင့် မူရင်းကလည်း ကောင်း၊ ဘာသာပြန်သူကလည်း ကောင်း၊ ရည်ရွယ်ချက်ကောင်းမွန်လှသော ဤစာအုပ်မျိုးကို မဖတ်လိုက်မိပါက သင့်အဖို့ တစ်မူနာသွားနိုင်ပါသည်။ ဖတ်ရှုပြီး ပစ်ထားလိုက်ပါကလည်း အရှုံးပေါ်သည်ဟု ဆိုချင်ပါသည်။ အကယ်၍ သင်သည် မိဘတစ်ဦးဖြစ်ခဲ့ပါက ဤစာအုပ်ပါ 'တစ်ကြို'များအတိုင်း လိုက်နာကျင့်သုံးခြင်းဖြင့် 'မိဘဘဝ' စာမေးပွဲကြီးကို ဂုဏ်ထူးဖြင့် အောင်နိုင်ပေလိမ့်မည်ဟု အမှာစကားပါးလိုက်ရပါသတည်း။

ဒေါက်တာကျော်စိန်

မိသားစုပုံစံအနေဖြင့် မျိုးပေါင်းစုံသည်မှာ ပြဿနာမဟုတ်။ ဟောလီဝုဒ် မိသားစုပုံစံဖြစ်သည့် အဖေ၊ အမေ၊ သားတစ်ယောက်၊ သမီးတစ်ယောက်နှင့် ခွေးတစ်ကောင်ပုံစံသာမက မိသားစုဆိုရာတွင် အသွင်သဏ္ဍာန်အမျိုးမျိုး၊ အရွယ်အစား အမျိုးမျိုး ရှိသည်။ တချို့က တစ်ဦးတည်းသော ရင်သွေးနှင့်။ တချို့ကျ ၆ ယောက် တစ်ပြိုင်နက်မွေးသည်။ တချို့မှာမူ ကိုယ်ပိုင်မရှိ၍ မွေးစားကြသည်။ တချို့မှာမူ မသန်မစွမ်းကလေးများ၊ သင်ယူရန် စွမ်းရည်မဲ့သူများ မွေးထားသေးသည်။ တစ်ခါတလေတွင် အကြောင်းကြောင်းကြောင့် မိထွေး၊ ပထွေးနှင့် လင်ပါ၊ မယားပါ သားသမီးများလည်း ရှိချင်ရှိဦးမည်။ သို့သော် သင့်အခြေအနေသည် မည်သို့ပင်ရှိစေ ဤစာအုပ်မှာ သင့် အတွက် ဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် ဤစာအုပ်သည် မိဘတိုင်း **မိဘကောင်းအဖြစ် ရှင်သန်ရပ်တည်**နိုင်ရုံမက ကိုယ်စိတ်နှလုံး ပီတိဖြာဖွယ် အတွေ့အကြုံကြီးတစ်ခုလုံးနှင့် စပ်လျဉ်း၍ **ရှင်သန်အောင်မြင်**ရန် လိုအပ်သည့် အခြေခံမှုများနှင့် ကျွမ်းကျင်မှုများ အကြောင်းကို ရေးသားထား၍ ဖြစ်ပါသည်။

မှတ်တမ်းအဖြစ်ဆိုသော် အစကတည်းက အချက်အနည်းငယ်နှင့် စပ်လျဉ်း၍ ရှင်းပြလိုပါသည်။

ပထမတစ်ချက်မှာ ဤစာအုပ်ပါ အကောင်းဆုံးစိတ်ကူးစိတ်သန်းများသည် ကျွန်ုပ်၏ မူရင်းမဟုတ်ဘဲ တစ်ပတ်နွှမ်းသာဖြစ် ပါသည်။ ယင်းတို့သည် ကျွန်ုပ်ထက် မိဘအဖြစ်စောသူတို့ထံမှ မှတ်သားရရှိသော သင်ခန်းစာများဖြစ်ပါသည်။ တကယ်တမ်းမှာ သူတစ်ပါး၏ အမှားများမှတစ်ဆင့် သင်ယူနိုင်ပါလျက် အဘယ်ကြောင့် ကိုယ်တိုင်အမှားပြုပြီးမှ သင်ခန်းစာယူမည်နည်း။ မည်သို့ပင်ဆိုစေ ယခု ဤစာအုပ်တွင် ဖော်ပြမည့် အကြောင်းအရာအားလုံးသည် ကျွန်ုပ်၏ ၁၅ နှစ်ကြာ ပုဂ္ဂိုလ်ရေးအတွေ့အကြုံမှ

သင်ခန်းစာ များလည်း ပါဝင်ကြောင်း တွေ့ရှိရမည် ဖြစ်ပါသည်။

ဒုတိယအနေဖြင့်ဆိုလျှင် ဤစာအုပ်တွင် ကျွန်ုပ်ရေးသားထား သမျှကို သင် စိတ်ကြိုက်တွေ့ချင်မှ တွေ့မည်။ တကယ်တမ်းမှာ သင်မကြိုက်လျှင်လည်း ရပါသည်။ ကျွန်ုပ်သည် **ဖြစ်ချင်သည့်မိဘနှင့် ဖြစ်ရသည့် မိဘ** တို့အကြားတွင် ကြီးမားသောကွာဟချက်များ တည်ရှိကြောင်း ယုံကြည်သည့်အလျောက် စာဖတ်သူ၏ စိတ်ကူးများကို နှိုးဆွပေးရန်နှင့် ဆွေးနွေးရန် ရည်ရွယ်၍ ဤစာအုပ်ကို ပြုစုလိုက်ခြင်းသာ ဖြစ်ပါသည်။

တတိယအနေဖြင့် ဤစာအုပ်၌ သင့်ကလေးအတွက် လိုအပ်မည့်ဘောင်းဘီ အရွယ်အစား၊ သူတို့၏ ချိန်ကိုက်အိပ်ရာဝင်ချိန် သို့မဟုတ် အပျိုလူပျိုရွယ် သားသမီးတို့ကို ညကာလပ်တက်ရန် ခွင့်ပြုရေးစသည်တို့နှင့်စပ်လျဉ်း၍ အသေးစိတ်ညွှန်ကြားချက်များ ပါမည်မဟုတ်ပါ။ ယင်းတို့အစား သင်အကောင်းဆုံး မိဘဖြစ်ရေးလမ်းကြောင်းပေါ်တွင် အထောက်အကူပြုမည့် ကျွန်ုပ်ကိုယ်တိုင်လည်း သက်တွေ့စစ်ဆေးစမ်းသပ်ပြီးဖြစ်သည့် တစ်ကြိမ် ၁၀ ချက်ကိုသာ နှိုးနှိုးစင်းစင်းဖော်ပြလိုခြင်းဖြစ်ပါသည်။

နောက်ဆုံးအနေဖြင့်မူ ကျွန်ုပ်သည် **မိဘကောင်းတစ်ဦးဖြစ်ရေး** အတွက် သိရေးသိရာအဖြာဖြာကို အလုံးစုံသိပါသည်ဟု၍ ကြွေးဝါလိုပါ။ ယခု ၁၃ နှစ် နှင့် ၁၅ နှစ် သမီး နှစ်ဦး၊ ၉ နှစ် နှင့် ၁၁ နှစ်သား နှစ်ဦး၊ ပေါင်း လေးဦးတို့၏ ဖခင်အနေဖြင့် ခဲခဲယဉ်းယဉ်း လျှောက်လှမ်းခဲ့ရာမှ ရရှိသောဘဝအတွေ့အကြုံ သင်ခန်းစာတစ်ပွေ့ တစ်ပိုက်ကြီးကို လက်ဆင့်ကမ်းခြင်းသာ ဖြစ်ပါသည်။ သို့တစေ ဤ အပြေးပြိုင်ပွဲကြီးမှာ ပြီးဆုံးပြီ ဆိုသာသေး။ ကျွန်ုပ်ကိုယ်တိုင် ပါဝင် ဆင်နွှဲ သင်ယူနေရဆဲပင် ဖြစ်ပါသည်။

သို့ဖြစ်ရာ ဤစာအုပ်သည် သင့်ကို **စင်းလုံးချောမိဘတစ်ဦး**

ဖြစ်ရန် လမ်းညွှန်နိုင်မည်မဟုတ်ပါ။ တကယ်တမ်းမှာ ဤသို့သော မိဘဟူ၍လည်း လောက၌မရှိပေ။ သို့တစေ သင်သည်အောင်မြင်သော **မိဘကောင်း**တစ်ဦးဖြစ်နိုင်သည်ဟူ၍ကား တကယ်ယုံကြည်မိပါသည်။ အဘယ်ကြောင့်ဆိုသော် အောင်မြင်သော**မိဘကောင်း**ဟု ဆိုရာတွင် အမြဲတစေ အမှားကင်းသူဟု ရည်ညွှန်းလိုခြင်းမဟုတ်ပါ။ ယင်းတို့သည် ကိုယ်ပိုင်အားနည်းချက်များကို သိသူ သို့မဟုတ် အသိအမှတ်ပြုသူများ ဖြစ်ပါသည်။ သို့သော် တစ်ချိန်တည်းမှာပင် ယင်းတို့သည် ကိုယ်ပိုင်ဆုံးဖြတ်ချက်ကို ယုံကြည်လျက် တစ်ဖက်က စိတ်ဓာတ်ကျဖွယ်ကောင်းသလောက် တစ်ဖက်ကလည်း အံ့ဩတက်ကြွဖွယ်ကောင်းသော ယင်းစိန်ခေါ်နေသည့် ကလေးပြုစုပျိုးထောင်ရေးလုပ်ငန်းတာဝန်ကြီးကို အကောင်းဆုံးဖြစ်အောင် အပတ်တကုတ် ကြိုးပမ်းအားထုတ်နေသူများသာ ဖြစ်တော့သည်။

■

ယခုအချိန်တွင် Alice ၏ ရှိနေကျလင်စိတ်သားစိတ်များလည်း ကြွက်ပျောက်ငှက်ပျောက် ပျောက်ကုန်ပြီ။ ကလေးမရမီက လင်ကိုယ်မယားကိုယ် လွတ်လွတ်လပ်လပ်နှင့် ချစ်တင်းနှောလိုက လည်း အချိန်ရွေးရန်မလို၊ ကလေးများ အခန်းထဲ ပေါက်ချလာမည် ကိုလည်း စိုးရိမ်ရန်မရှိ။

ကျွန်ုပ်နှင့် Cornelia တို့အိမ်ထောင်ကျစဉ်၌ ကျေးလက် ဒေသတွင် ညနေခင်းအခါ တူယှဉ်တွဲလမ်းလျှောက်ရသည့် အရသာ သည် မည်သည်နှင့်မျှမတူပါ။ ရေချိုးကန်ထဲ၌လည်း ရေစိမ်ချင် သလောက်စိမ်နေ၊ ညဦးနက်သန်းခေါင်မှ အိပ်ရာဝင်ချင်လည်း ဝင်၊ အပြင်ထွက်၍ ညဦးနက်သွားလျှင်လည်း မည်သည်ကိုမျှ နောက်ဆံ တင်းစရာမရှိ။ စားသောက်ဆိုင် သို့မဟုတ် ရုပ်ရှင်ရုံသို့ သွားလိုက သွား၊ ရသလောက် အားလပ်ချိန်၌ လျှောက်လည်ချင်လည်း လည်၍ အတော်လွတ်လပ်သည်။ အရေးအကြီးဆုံးမှာ ယင်းကိစ္စများအတွက် မည်သည့်အခါမျှ ခြေကုန်လက်ပန်းကျနေသည်မရှိ။

အကယ်၍ သင်လည်း ကျွန်ုပ်ကဲ့သို့ မိဘတစ်ဦးဖြစ်မည်ဆို လျှင် ဤသို့သော အတိတ်က အချိန်များကို ရေးရေးမျှမှတ်မိပါလိမ့်ဦး မည်။ ထိုစဉ်က နေ့စဉ်အိပ်ရာမှ နိုးချိန်၌ အိပ်ရေးလည်း ဝသည်။ ကိုယ့်နံဘေးတွင် ကိုယ့်ကြင်ဖော်လည်း ရှိသည်။

သို့သော် တစ်နေ့တွင်မူ ဤအရာအားလုံးပြောင်းလဲကုန်၍ သင့်ဘဝ တစ်ဆစ်ချိုးသို့ ရောက်ခဲ့သည်။ နံနက်အိပ်ရာမှမထမီ ခေတ္တမျှငိမ်ယူမည် မကြံစည်နှင့်။ ခုတင်အကျယ်ကြီးကို ကန့်လန့်ဖြတ် အိပ်မည့်၊ သင့်လည်ကုပ်ပေါ် တက်ခွမည့် သတ္တဝါလေးတွေ ပေါ်လာ ပြီ။ ယခုဆိုလျှင် အိပ်ရေးမဝအားမပြည့်ဘဲ မအီမလည်အိပ်ရာမှ ထရတော့မည်။ ကျွန်ုပ်သည် ကျွန်ုပ်၏သမီးကြီး မီးဖွားစဉ်က ဆေးရုံ တွင် စောင့်ရသည့် အချိန်ကို ပြန်လည်သတိရမိသည်။ ထိုစဉ်က ကျွန်ုပ်၏ဘဝသည် မည်မျှ ကပြောင်းကပြန်ဖြစ်မည်ကို မခန့်မှန်းမိ။

ကျွန်ုပ်သည် ဆေးရုံကိုရောက်စက အသက် ၂၀ ဝန်းကျင်ဖြစ်သည်။ အိမ်ထောင်သည်ဖြစ်စေကာမူ လွတ်လွတ်လပ်လပ်ပေါ့ပေါ့ပါးပါး ဖြစ်၏။ ကျွန်ုပ်သည် နောက် ၆ နာရီအကြာတွင် ဖခင်တစ်ဦး ဖြစ်လာသည်။ ယင်းသည် အလုံးစုံ ရုတ်ခြည်းပြောင်းလဲမှုတစ်ရပ်ဖြစ်ပါ၏။ ကျွန်ုပ်၏ဘဝသည် မည်သည့်နည်းနှင့်မျှ ယခင်ကနှင့် မတူတော့ပါ။ ဘကယ့်ကို ရုတ်ရုတ်သဲသဲဖြစ်လာသည့်အပြင် ဝန်ထုပ်ဝန်ပိုးကြီး တစ်ခုပါလာမည်မှာလည်း ယုံမှားစရာမရှိပေ။

ကျွန်ုပ်တို့သည် ချက်ချင်းခေတ်တွင် နေထိုင်ကြသည်။ ချက်ချင်းကျက်သောအစားအစာများစားသည်။ အသင့်ဖျော်သောက်နိုင်သောကော်ဖီကို သောက်သည်။ ချက်ချင်းဆက်သွယ်မှုကို အသုံးပြုကြသည်။ ထို့ကြောင့် ချက်ချင်းမိသားစု၏ ထိတ်လန့်တုန်လှုပ်ဖွယ်ရာဘဝအတွက် အဆင်သင့်ဖြစ်နေမည်ဟု ထင်မှတ်ဖွယ်ဖြစ်၏။ သို့သော် ကျွန်ုပ်တို့ ဤသို့မဖြစ်သည်မှာ အဘယ်ကြောင့်နည်း။ အဘယ်ကြောင့်ဆိုသော် ကျွန်ုပ်တို့ဘဝ၌ ထို ချက်ချင်းများသည် အလုပ်သက်သာအောင် ဒီဇိုင်းထွင်ထားခြင်းဖြစ်သော်လည်း ကလေးများနှင့်စပ်လျဉ်း၍မူ ယင်း၏အတိအကျဆန့်ကျင်ဘက်အကျိုးပေးသောကြောင့် ဖြစ်ပါသည်။ ကလေးတို့သည် ကျွန်ုပ်တို့၏ စွမ်းအင်ကို သက်သာစေသည်မဟုတ်။ ယင်းကို တောင်းဆို ခြင်းသည်သာ ဖြစ်၏။

**'သင်မွေးသောညသို့ ကျွန်ုပ်သည် အဖေ၏ သားအဖြစ်မှ ရပ်စဲပြီး သား၏အဖေ ဖြစ်လာခဲ့သည်။ ထိုညသို့ဝင် ကျွန်ုပ်သည် ဘဝသစ်တစ်ခုကို စတင်ခဲ့လေပြီ။'**

Henry Gregor Felson

**သင့်ရင်သွေး၏ ကလေးသူငယ်ဘဝအစောပိုင်းအရွယ်သည် ဖွံ့ဖြိုးမှုအတွက် အရေးကြီးသောကာလ ဖြစ်သည်။**

မိဘဖြစ်ခြင်းသည် ထူးခြားအံ့ဖွယ်ရာ အတွေ့အကြုံတစ်ရပ် ဖြစ်သော်လည်း ရောမလုပ်ငန်းတာဝန်ကြီးတစ်ရပ်လည်းဖြစ်၏။ ယနေ့ ကျွန်ုပ်တို့မိဘများအနေဖြင့် လုပ်ဆောင်ချက်များသည် အနာဂတ်ကလေးများ၏ ဘဝအပေါ်တွင် မူလအကျိုး သက်ရောက်မှုများရှိ၏။ ကျွန်ုပ်၏ အသက် ၄၀ အရွယ်ရှိ မိတ်ဆွေတစ်ဦးဖြစ်သူ Andrew သည် ယနေ့တိုင် အခြေခံအားဖြင့် သူငယ်စဉ်ကလေးဘဝ၏ အကျဉ်းသားတစ်ဦးပင် ဖြစ်နေရသေးကြောင်း ပြောဆို၏။ သူတစ်ဦးတည်း ယင်းသို့ဖြစ်ခြင်း မဟုတ်ပါ။ တချို့လူများသည် ကြိမ်ဖန်များစွာ သွားရောက်စိတ်ကုသမှုခံရသည့် အချိန်များတွင် သူတို့၏ကိုယ်ပိုင် ကလေးဘဝနှင့်ဆက်စပ်သောနက်ရှိုင်းသည့် စိတ်လှုပ်ရှားမှုများကို မွှေနှောက်ရှာဖွေဖော်ထုတ်ရေးအတွက် အချိန်ကုန် ငွေကုန်ခံကြရသည်။

မိဘဘဝ ရုပ်ရှင်၌ Gil သည် သူကလေးဘဝက မရရှိခဲ့ဘူးသည့် တည်တံ့ခိုင်မြဲသောချစ်စရာ မိသားစုဘဝကို သူ၏ကလေးများအတွက် ဖန်တီးပေးလိုသည်။ သို့သော် သူ မတတ်စွမ်းနိုင်သောအခါ ပူပန်သောကရောက်ရပြန်၏။ သူသည် မိမိကိုယ်ကိုယ် ယုံကြည်မှုရှိသည့်အခါ သူ့သား Kevin ကို အထူးချွန်ဆုံး တက္ကသိုလ်ဘွဲ့ရကျောင်းသား အဖြစ်လည်းကောင်း၊ ဤလောက၌ အပျော်ဆုံး၊ ယုံကြည်မှုအရှိဆုံး၊ ညှိယူမှုအကောင်းဆုံးပုဂ္ဂိုလ်ဖြစ်အောင် ပံ့ပိုးကူညီခဲ့သောဖခင်ကို လူပုံအလယ်တွင် ကျေးဇူးတင်စကား ထုတ်ဖော်ပြောကြားပုံကိုလည်းကောင်း စိတ်ကူးကြည့်မိသည်။ ကြားရသူတို့၏ ဘဝင်နှလုံးကို သိမ်းကျုံးလှုပ်ရှားစေနိုင်သောသားဖြစ်သူ၏ ကျေးဇူးတင်စကားကြောင့် သူ့မျက်ဝန်းတွင် မျက်ရည်ပြည့်လျှံလာသည်။ သို့တစေ Gil သည် သူ့သား Kevin ကို

အကြမ်းဖက်မှုများကြောင့် ဘဝဆုံးရသော ဆိုက်ကိုပက်ဆန်သည့် ဘီလူးသရဲသဖွယ် စိတ်ကူးကြည့်မိပြန်သောအခါ သူဖြစ်ချင်သည့် ဖခင်မျိုး မဖြစ်ရလေခြင်းဟု ယူကျုံးမရ ဖြစ်ပြန်သည်။

တကယ်တမ်းမှာ မိဘဖြစ်ရခြင်းသည် ပျော်ရွှင်စရာလည်းကောင်းပါသည်။ ကြီးလေးသော လုပ်ငန်းတာဝန်ကြီးတစ်ရပ်လည်း ဖြစ်ပါသည်။ ကျွန်ုပ်တို့သည် သူတို့ကို ကလေးဘဝ၌ အကြီးအကျယ် လွှမ်းမိုးထားသည် မဟုတ်ပါလော။ သူတို့ မည်သို့ မည်ပုံ ဖြစ်လာမည်ဆိုသည်မှာလည်း ကျွန်ုပ်တို့ မည်သို့သော မိဘဖြစ်သည်ဆိုခြင်းနှင့် ဆက်စပ်နေသည် မဟုတ်ပါလော။ ကျွန်ုပ်တို့၏ သားသမီးများသည်လည်း သူတို့ကိုယ်ပိုင် ရင်သွေးများ ရှိလာမည့်အလျောက် ကျွန်ုပ်တို့၏ လုပ်ရပ်များသည် နောက်မျိုးဆက်တို့ကို ကြီးမားစွာ လွှမ်းမိုးနေလိမ့်ဦးမည်။ အဓိပ္ပာယ်မှာ ကျွန်ုပ်တို့သည် မိဘအနေဖြင့် ကောင်းမွန်စွာ ပျိုးထောင်ပေးနိုင်ခဲ့လျှင် ကျွန်ုပ်တို့၏ ကလေးများ မိဘအခန်းကဏ္ဍကို ယူသောအခါ ပိုမိုအဆင်ပြေလွယ်ကူလာပါလိမ့်မည်။

**'ကျွန်ုပ်တွင် ကလေးမွေးမြူရေးနှင့်ပတ်သက်၍ သီအိုရီလေးမျိုးရှိခဲ့ပြီး ကလေးတစ်ယောက်မျှ မရှိခဲ့။ ယခုအခါ ကျွန်ုပ်သည် ကလေး လေးဦးရှိပြီး သီအိုရီတစ်ခုမျှ မရှိတော့ပါ။'**

Dr.James Dobson

**ကလေးတို့မွေးဖွားစဉ်က ကလေးမွေးမြူရေးလမ်းညွှန်လက်စွဲ စာအုပ်ပါလာသည် မဟုတ်ပါ။**

ကိုယ်တိုင် မိဘမဖြစ်မီ အခြားမိဘများပြုမိသော အမှားများကို သတိထား၍ သူတို့ကလေးမွေးမြူပုံကို စေ့စေ့စပ်စပ်ရှုမှတ်ကြသည်။ ...ဒီဝါတယ်ဟူသော အကြည့်ဖြင့် စုံတွဲအချင်းချင်း ပြုံးတဲ့

ဖလှယ်ကြသည်။ ယင်းတို့သည် ရှောင်ရန်ကိစ္စများကိုသာ နားလည်သည်။ မောင်မောင်၊ ဘဘတို့ အမြင်ကျဉ်းမြောင်းစွာ သမားရိုးကျပြုလုပ်နေကျအလုပ်များကို သူတို့က စိုးစဉ်းမျှပြုမည်မဟုတ်ပေ။ သူတို့က ကလေးတို့ကို မဖော်၊ မရိုက်၊ အလွန်အကျွံလည်း အလိုမလိုက်။ သူတို့သက်သာလျှင်ပြီးရောသဘောနှင့် ကလေးတွေကို တီဗီရှေ့တွင် မည်သည့်အခါမျှ ထိုင်ခိုင်းမည်လည်း မဟုတ်။ သူတို့သည် ကလေးတို့ကိုအမြဲတစေ အပြည့်အဝထိန်းချုပ်နိုင်စွမ်းရှိလိမ့်မည်။

အမှန်ကိုဆိုသော် Cornelia နှင့် ကျွန်ုပ်တို့သည်လည်း အိမ်ထောင်မကျမီ၊ ကလေးမရမီ သူတို့ကဲ့သို့ပင် ဖြစ်ပါသည်။ ကျွန်ုပ်တို့တွင် စံချိန်စံညွှန်းများ၊ မျှော်လင့်ချက်များနှင့် ပြည့်နှက်နေခဲ့သည်။ ထို့အပြင် ကျွန်ုပ်တို့တစ်တွေ မည်သို့မျှ စိတ်ပျက်မည် မဟုတ်ဟုလည်း ထင်သေးသည်။ ကျွန်ုပ်တို့၏ သားသမီးများသည် ယဉ်ကျေးသိမ်မွေ့မည်။ ကိုယ်ချင်းစာစိတ်ရှိမည်။ သဘောကောင်းမည်။ အမြဲတမ်း ကျေးဇူးပြု၍ နှင့် ကျေးဇူးတင်ပါသည် ပြောတတ်မည်။ ထမင်းစားပွဲ၌လည်း အစားအစာများ ပရွပစ်ချခြင်း၊ ရန်ဖြစ်ခြင်း စသည်ဖြင့် မဟုတ်မဟာတ်ပြုလုပ်မည်မဟုတ်။ အားလုံးအဆင်ပြေပါလိမ့်မည်။

ယခုအခါ ကလေးမွေးမြူပုံအကြောင်းကို အပ်ကျမပ်ကျ ပြောနိုင်သူတို့သည် ကလေးမရှိသူများသာ ဖြစ်၏။ ဤအကြောင်းကို ကျွန်ုပ်သိသည်။ သူတို့သည် အနိုးခံဖြင့် နိုးရှင်းလွယ်ကူစွာ ကျွမ်းကျင် နေကြခြင်းဖြစ်၏။ တကယ့်မိဘဖြစ်သူတို့မှာကား အတွေ့အကြုံ ကြောင့် ယင်းကျွမ်းကျင်မှုများ လွင့်စဉ်ကုန်ပြီ။ ကလေးမရှိမီ မျှော်မှန်းသော မိသားစုကို မည်သို့တည်ဆောက်လိုက်မည်ဟု အကြံ အကျယ်စိတ်ကူးယဉ်သည်။ သို့သော် သင့်ကလေးတစ်နှစ်သား အရွယ်ခန့်ရောက်သည့်အခါ လက်တွေ့အသုံးဝင်မည့် တစ်ကြိမ် သ ချက်မျှနှင့် တစ်ပတ်လျှော့မိမည်။ နောက်တစ်နှစ်အတွင်း ယင်း အားလုံးကိုပင် လက်မြှောက်ကောင်း လက်မြှောက်မိပေလိမ့်မည်

တကယ်တမ်းမှာ ကလေးမရရှိမီက ကြိုတင်စုဆောင်းပြီး ညေးမျှင်း စည်းကမ်းများသည် လက်တွေ့အသုံးဝင်သည်မဟုတ်။ မိဘတိုင်းသည် ကလေးမရမီ လုံးဝအမှားကင်းစွာ ကလေးပြုစုစောင့်ရှောက်နိုင်မည်ဟု ယုံကြည်၏။ သို့သော် သားသမီး ထွန်းကားလာသည့်အချိန်တွင်မူ သူတို့၏ ယုံကြည်မှုများ လုံးပါးပါး၍ သူတို့၏ သီအိုရီများလည်း လွင့်စဉ်ကုန်တော့သည်။ ခြောက်ပစ်ကင်းသဲလဲစင် ဘဝကိုလည်း မရည်မှန်းနိုင်တော့ဘဲ၊ ယင်းလက်တွေ့မဆန်သော ဝန်းတိုင်သည်ဝန်ထုပ်ဝန်ပိုးသဖွယ် ဖြစ်လာ၏။ ဖခင်အသစ်စက်စက် တစ်ဦးသည် မိမိကိုယ်ကို ကမ္ဘာ့အကြီးတန်း လက်ဝှေ့ချန်ပီယံကြီး၏ မိဘအဖြစ် ဂုဏ်ယူမည့်ဆဲဆဲ၌ အလဲထိုးခံရ၍ ကြိုးစည်းဝိုင်းနံဘေးတွင် ပုံကျနေသူ၏ မိဘအသွင်သို့ ရက်သတ္တပတ်အနည်းငယ် သို့မဟုတ် လအနည်းငယ်အတွင်း အမြင်များပြောင်းလဲ၍ မိမိဘဝ ရပ်တည်ရန်သာ အနိုင်နိုင် လုံးပန်းရတော့သည်။

Cornelia နှင့် ကျွန်ုပ်တို့သည် ကလေးရလာသော်လည်း ကလေးရရန် မည်သို့မျှ စီစဉ်ခဲ့သည် မဟုတ်ပါ။ Cornelia ၌ သန္ဓေရှိလာသည့်တိုင် ကလေးမွေးဖို့ စိတ်ကူးမှာ ကျွန်ုပ်တို့၏ စိတ်ထဲတွင် နောက်ဆုံးပိတ်နေရာတွင် ရှိနေသေးသည်။ သားဖွားခန်းထဲ၌ သမီးကိုပွေ့ပိုက်ထားစဉ်ကပင် ဤကဲ့သို့ကောက်ကွေး၊ တွန့်လိမ်၊ အော်ဟစ်၊ ငိုကြွေးနေသည့်နီတာရဲလေးကို နှစ်ကိုယ့်တစ်စိတ်ရင်းနှီးမှုမှာ မလွယ်ကူလှကြောင်း ပြောမိသေးသည်။ ကွန်ပျူတာအသစ် သို့မဟုတ် အသံဖမ်းစက်အသစ် ဝယ်ယူသည့်အခါတွင်မှ ညွှန်ကြားချက်လက်စွဲပါလာသေးသည်။ မူရင်းဂျပန်ဘာသာမှ ဆိုးဆိုးရွားရွား ဘာသာပြန်ဆိုထားသည့်တိုင် ယင်းကို လက်ဝယ်ရရှိထိုက်သေးသည်။ တကယ်တမ်းမှာ မွေးကင်းစကလေးငယ်တစ်ဦး၏အဖြစ်တွင်မူ ဂျပန်ဘာသာနှင့်ပင် ရှိသေးသည်ဆိုစေ မိဘအများစုက လိုချင်ပေဦးမည်။

'ခေါင်ကြီးသည် သားငယ်လေးအတွက် ရောမပုဂ္ဂိုလ်ကြီး တစ်ဦးဖြစ်၍ သူ့ပခုံးထက်က စီးကြည့်လျှင် အရာရာကို အမြဲတစေမြင်နိုင်သည်။'

Perry Garfinkel

**မိသားစုများ အရွယ်အစားအားဖြင့် ကျုံ့ကုန်ပြီ။**

မြောက်အမေရိကတိုက်ရှိ နဗာဂျိုအင်ဒီးယန်းလူမျိုးတို့သည် ယင်းတို့၏ လက်ထပ်မင်္ဂလာပွဲတိုင်း၌ မင်္ဂလာအမြေးပြိုင်ပွဲ တစ်ခု ထည့်သွင်းလေ့ရှိ၏။ ရွာလုံးကျွတ် အမျိုးသမီးတို့သည် သတို့သမီးနှင့် အတူ ရွာကိုပတ်ပြေးရသည်။ ပထမဆုံးပန်းဝင်သူသည် သတို့သမီး ဖြစ်၏။ သူ၏နောက်က သူ့မိခင်၊ အဒေါ်နှင့် ညီမများကပ်၍ လိုက်ပြီး ကျန်အမျိုးသမီးများက နောက်ဆုံးမှ လိုက်သည်။ ဤရိုးရာဓလေ့ သည် ရွာရှိအမျိုးသမီးအားလုံးကို ပုံမှန်လေ့ကျင့်ခန်းရစေလို၍ မဟုတ်ပါ။ နဗာဂျိုအင်ဒီးယန်းတို့သည် ကြင်စဦးဇနီးမောင်နှံတိုင်း ကျေးရွာတစ်ခုလုံး၏ ဝိုင်းဝန်းပံ့ပိုးမှုကို လိုအပ်ကြောင်း ပေါ်လွင် အောင် သာဓကဆောင်ခြင်းသာဖြစ်၏။

ကျွန်ုပ်တို့၏ ယဉ်ကျေးမှုတွင်လည်း တစ်ချိန်တုန်းက မိမိတို့၏ ပင်မမိသားစုမှ လွဲ၍ ပြင်ပကျွမ်းကျင်သူများနှင့် ကုသမှုဖြင့် အသက် မွေးမှုပြုသူဆရာများထံ အကူအညီ သို့မဟုတ် အကြံဉာဏ် တောင်း ခံရန် မလိုခဲ့ပေ။ ဦးကြီး၊ ဦးလေး၊ ကြီးကြီး၊ ဒေါ်ဒေါ်၊ မိဘ၊ ဘိုးဘွား၊ ဘီဘင်အားလုံးသည် တစ်ရွာတည်းနေ၊ တစ်ရေတည်း သောက်ကြ သူချည်းဖြစ်၏။ လိုအပ်သည့်အခါ ကလေးထိန်းပေးရမည်လော၊ အဖိုးတန်အကြံဉာဏ်များ ပေးရမည်လော။ အခြားမည်သည့်နည်း နှင့် ပံ့ပိုးပေးရမည်နည်း။ သူတို့တစ်တွေ လက်တစ်ကမ်းတွင် ရှိသည်။ သို့သော် ယခင်ရာစုနှစ်တွင် မိသားစု သည် အရွယ်အစားအားဖြင့် အတော်ကျုံ့ကုန်ပြီ။ ယခင်နှစ်ပေါင်း ၅၀ ခန့်က သင့် မိခင်သည်

သင်နှင့် တစ်လမ်းတည်းတွင် နေသည်။ ယခင်နှစ် ၁၀၀ တုန်းက သင်နှင့် တစ်အိမ်တည်း အတူနေသည်။ ယခုအခါတွင်မူ သူသည် သင်နှင့် တစ်မြို့တည်း တစ်နယ်တည်းတွင် ရှိသည်ဆိုလျှင်ပင် သင် ကံကောင်းသည်။ ဖြစ်နိုင်သောအကြောင်းတစ်ရပ်မှာ ကလေးပြုစု ပျိုးထောင်ရေးကျွမ်းကျင်မှုနှင့်စပ်လျဉ်း၍ မိဘကို အတူယှဉ်ရှိ သင့် ကြောင်း အမိအဖဟူ၍ ကနဦးကတည်းက မရှိပြီလော။ သို့မဟုတ် သင် သည် အတူယှဉ်စရာတစ်ဦးတလေမျှမရှိဘဲ တစ်ဦးတည်းမိဘအဖြစ် ကလေးတစ်ဖက်၊ အလုပ်တစ်ဖက်နှင့် ၂၄ နာရီအချိန်ပြည့် တာဝန် ထမ်း သူဖြစ်နေသလော။

သေးငယ်သော မိသားစုတို့သည် ကျွန်ုပ်တို့ကို ပိုမိုလွတ်လပ် ခွင့် ပေးပါသည်။ သို့သော် ယင်းလွတ်လပ်မှုအတွက် မည်မျှတန်ဖိုး ကြီးစွာ ပေးဆပ်ရဦးမည်နည်း။ မိသားစုများသည် အကျိုးတူစု ပေါင်းနေထိုင်ကျင့်နှင့် တကွဲတပြားစီ ဖြစ်လာသည်နှင့်အမျှ ကျွန်ုပ်တို့သည် ပိုမိုလွတ်လပ်သည်သာမက ပို၍လည်း တသီးတခြားဖြစ်လာ၏။ ကလေးကို ယခင်က အကျိုးတူစုတစ်ရပ်လုံးက ဝိုင်းဝန်းပြုစုစောင့် ရှောက်ကြသည်။ ယခုမူ ကိုယ့်ဝန်ကိုယ်ထမ်း၊ ကိုယ့်လမ်းကိုယ်သွားရ တော့မည်။

> **"မိဘ၏ လုပ်ငန်းတာဝန်၌ မရှိမဖြစ်လိုအပ်သော ကျွမ်းကျင်မှုသည် အဖြေများ ထုတ်ပေးနိုင်ခြင်းဖြစ်၏။ ဝါရင့်ဖခင်တစ်ဦး ကားမောင်းနေစဉ် သူ့ကလေးက အဆောက်အအုံတစ်ခု၏အလေးချိန်ကို ကောက်ကာငင် ကာမေးသည့်အခါ ဖခင်သည် 'သုံးထောင့်လေးရာနှင့် ငါးဆယ့်ခုနစ်တန်' ဟု မဆိုင်းမတွ ဖြေလိုက်သည်။"**
>
> Pam Brown

**မိဘ၏ရင်သွေးပြုစုပျိုးထောင်ရေးလုပ်ငန်းသည် တကယ်တမ်း မဖြစ်နိုင်သော တာဝန်ကို ထမ်းဆောင်ရခြင်း ဖြစ်နိုင်သည်။**

ယနေ့မိဘများ ရင်ဆိုင်ရသော ရင်သွေးပြုစုပျိုးထောင်ရေး လုပ်ငန်းသည် တကယ်တမ်း တာဝန်ကျေပွန်ရန် အလွန်ခဲယဉ်းပါ၏။ ကျွန်တော်သည် ကျွန်တော်၏ မွေးကင်းစသမီးငယ်လေးကို ပထမဆုံးအကြိမ်စတင်ပွေ့ချီစဉ်က ကျွန်တော့်စိတ်ထဲတွင် ဤသို့သော အတွေးများဝင်လာသည်။ မင်္ဂလာပါ Mr.Chalke/ အခု သင့်ရင်ခွင်ထဲက ကလေးဟာ သင့်ရင်သွေးလေးပဲလေ။ ဒီကလေးကို သူ့ကိုယ်ပိုင်ဆုံးဖြတ်ချက်တွေ ချလာနိုင်တဲ့အထိ၊ သူ့ဘဝကိုသူ တာဝန်ယူ ထိန်းကျောင်းနိုင်တဲ့အထိ ပြုစုပျိုးထောင်ပေးရမယ့် တာဝန်တွေ သင့်မှာ ရှိလာပြီ။ ဒါတိုင်းလိုပဲ သင် ဒါမှမဟုတ် သင့်အားကစား အသင်းကို အမိဖမ်းခံရတဲ့အခါ ကျန်တဲ့လူတွေက ဒါကို မသိကျိုးကျွန် ပြုလိုက်မှာပဲ။ ဒါကြောင့် အသံဖမ်း တိပ်ကြိုးခွေလိုပဲပေါ့။ အကိုင်အတွယ်မတတ်လျှင် ဒီတိပ်ခွေဟာ ငါးစက္ကန့်အတွင်း သူ့ ဘာသာ ပျက်စီးသွားလိမ့်မယ်။

ဤမဖြစ်နိုင်သောတာဝန်ကို ထမ်းဆောင်ရန် စိတ်မာတ်ကျစရာကောင်းသည်မှာ အထူးသဖြင့် မိဘလက်သစ်တစ်ဦးအနေဖြင့် တကယ့်အတွေ့အကြုံလုံးဝမရှိခြင်းပင် ဖြစ်သည်။ ဤကိစ္စနှင့်ပတ်သက်၍ ရုပ်သံမှ အခန်းဆက်ဇာတ်လမ်းတွဲသရုပ်ဆောင် Jim Phelps ဆိုလျှင် အားကိုးစရာကျွမ်းကျင်ပညာရှင်များရှိ၍ တော်သေးသည်။ ယင်းဇာတ်လမ်းတွဲမှ ဇာတ်ကောင်တိုင်းသည် သူတို့မည်သည့်အခန်းမှ ပါဝင်ကပြနေကြောင်း ကိုယ်တိုင်သိသောကြောင့် သူတို့ကပြရသည့် လုပ်ငန်းတာဝန်မှာ ပီပြင်သည်။ သို့တစေ မိဘလက်သစ်များကမူ ဤသို့မဟုတ်။ သူတို့ မည်သည်ကိုပြုလုပ်နေကြောင်း သူတို့သဘောပေါက်သည် မဟုတ်ပေ။ နည်းလမ်းမှန်နေပြီဟူ၍လည်း မည်သည့် **အာမခံချက်မျှ** မရှိပါ။ ထို့ကြောင့် အောင်မြင်

ရန်လည်း မသေချာပေ။ အကျဉ်းဆိုသော် မိဘတို့သည် သူတို့၏ လုပ်ငန်းတာဝန်ကို ပြင်ဆင်မှုမပါ၊ ဇာတ်တိုက်ခြင်းမရှိ၊ အစီအစဉ် လည်း မရေးဆွဲဘဲ စတင်ထမ်းဆောင်ခဲ့ရခြင်းသာ ဖြစ်၏။

သာမန်အားဖြင့် ဆိုလျှင် အရေးကြီးကိစ္စတစ်ရပ်ကို ဆောင်ရွက်စရာရှိသည့်အခါတိုင်း ယင်းအတွက် ကြိုတင်ပြင်ဆင်ရန် အခွင့်အရေးရသည်ချည်းပင်။ စာမေးပွဲများ၊ ယာဉ်မောင်းစစ်ဆေး ချက်များ၊ ကျောင်းကပွဲတွင် အသံဖမ်းစက်ဖွင့်ခြင်း စသည်တို့ အတွက် ကနဦးကပင် ကျွန်ုပ်တို့ အကြိမ်ကြိမ်ဇာတ်တိုက်ခွင့်ရခဲ့ကြ သည်သာ ဖြစ်၏။ သတို့သား၊ သတို့သမီးအများစုအတွက်ဆိုလျှင် လည်း မည်သူက မည်သည့်နေရာတွင် ရပ်၍ မည်သည့်စကားကို ဆိုရမည် စသည်ကို သိရှိရန် မင်္ဂလာပွဲမတိုင်မီ တစ်ရက် ကြိုတင် ဇာတ်တိုက်ခွင့်ရသေးသည်။ သို့တစေ မိဘတစ်ဦးဖြစ်လာရေး အတွက် သင့်ကို မည်သူကမျှ လုံလောက်စွာ လေ့ကျင့်ပေးနိုင်ခဲ့သည် မဟုတ်ပေ။ သင့်ကိုယ်သင် မည်မျှ ကြိုတင်အသင့်ပြင်ပြီးဖြစ်သည် ဆိုစေကာမူ ယင်းအသင့်ပြင်မှုသည် မည်သည့်အခါမျှ လုံလောက် သည် မရှိနိုင်ပါ။ တကယ့်လက်တွေ့အခြေအနေနှင့် ဖြစ်ရပ်များက သင့်ကို အငိုက်ဖမ်း၍ အလဲထိုးလိမ့်မည်။

> **'ကျွန်ုပ်သည် ကိုယ်တိုင်တီးခတ်ပြီး ကြားရသော စောင်းသံကို အမှီပြု၍ စောင်းဆရာဖြစ်ခဲ့သည့်နည်းတူ ကလေးကိုလည်း မွေးမြူရင်းနှင့် ကလေး အဖေဖြစ်ခဲ့ပါ သည်။'**
>
> Harpo Marx

**ရင်သွေးပြုစုပျိုးထောင်ခြင်းသည် အများအားဖြင့် 'လုပ်ရင်းကိုင်ရင်း အလိုက်သင့် ဆောင်ရွက်သွားရသော လုပ်ငန်းတာဝန်တစ်ရပ်' ဖြစ်သည်။**

ရင်သွေးပြုစုပျိုးထောင်ရေးဆိုင်ရာ အကြံပေးမှုလုပ်ငန်းသည် ယခုအခါ ထွန်းကားလာသော လုပ်ငန်းကြီးတစ်ရပ် ဖြစ်သည်။ ကျွမ်းကျင်သူပညာရှင်များနှင့် ယင်းနယ်ပယ်တွင် အသက်မွေးမှုပြုသူများ သည် ကျွန်ုပ်တို့ မည်သည့်အမှားများ ပြုလုပ်သည်၊ အနာဂတ်တွင် မည်သို့ပြုပြင်ရမည်ဟု တိတိကျကျ လမ်းညွှန်ကြ၏။ ထို့ကြောင့် ကျွန်ုပ်တို့သည် ကလေးတို့ကို အလိုက်သင့်ထိန်းကျောင်းရသည်သာမက ကျွမ်းကျင်သူတို့ကိုလည်း အထိုက်အလျောက်နာခံရသေးသည်။ အကြံညာဏ်များကိုလည်း စာအုပ်များ မဂ္ဂဇင်းများနှင့် တီဗီများအပြင် အင်တာနက်နာနီများ က ဖြန့်ဝေနေပြန်သည်။

အကယ်၍ သင်သည် ကျွန်ုပ်နှင့်တစ်ပိုင်းတစ်စအားဖြင့် တူမည်ဆိုလျှင် ယင်းအကြံညာဏ်များသည် သင့်ကို တစ်ခါတစ်ရံ မြိမ်းခြောက်နေလိမ့်ဦးမည်။ ယင်းတို့ကို ဖတ်ကြားသိရှိပြီးလျှင် ကိုယ့်ကိုယ်ကိုယ် အပြစ်ဖို့မိဦးမည်။ ထို့အပြင် ဟောလီဝုဒ်ရုပ်ရှင်များတွင် ဖြူဖွေးသောသွားများပေါ်အောင် ပကတိအပြုံးပန်းများဝေဆာရင်း ကျန်းမာပျော်ရွှင်စွာ ကခုန်မြူးထူးကြ၊ အုံညြဖွယ်ကောင်းလောက်အောင် သန့်ရှင်းတောက်ပြောင်၍ လက်နက်ကိရိယာ စုံလင်သောမီးဖိုထဲတွင် တပျော်တပါးစားကြ- သောက်ကြပုံကို တွေ့မိသောအခါ ကိုယ့်ကိုယ်ကိုယ် ပိုမိုအပြစ်ရှိခဲ့ကာ စိတ်မချမ်းမသာဖြစ်ရဦးမည်။

မည်သို့ပင်ဆိုစေ ပကတိပျော်ရွှင်ချမ်းမြေ့သော မိသားစုဟူ၍ တကယ်တမ်းရှိသည် မဟုတ်ပါ။ အကယ်၍ လမ်းထိပ်တွင် တကယ့်ဖြိုသနာလုံးဝကင်းစင်သော ပျော်ရွှင်အေးချမ်းသည့် မိသားစုတစ်ခုရှိကြောင်း သင်ယုံကြည်လိုလျှင် သင်သည် သူတို့၏ စံချိန်စံညွှန်းနှင့် အံလုံမိးကွာလှသောကြောင့် သင့်စိတ်မာတ်များ ကျ

သွားမည် ဖြစ်သည်။ သို့သော် ယင်းမိသားစု၏ မျက်နှာစာ ချောက်တွယ်၍လည်း သူလိုငါလို အိမ်တွင်းရေးမပြေလည်မှုများ၊ တင်းမာမှုများ ရှိနေသည်သာဖြစ်၏။ တစ်ဖက်ခြံရှိ မြက်ခင်းသည် ပို၍စိမ်းလန်းသည်ဆိုစေကာမူ ထိုမြက်ခင်းကိုညှိရန် လိုအပ်ဦးမည်။

မိဘတို့ကြုံရသောပြဿနာအလုံးစုံကို မည်သည့်ပုံသေနည်း နှင့်မျှ ဖြေရှင်းနိုင်မည်မဟုတ်ပါ။ ကလေးတစ်ဦးအတွက် ယနေ့ အဆင်ပြေသည်များက နောက်တစ်နေ့ ၎င်းကလေးအတွက် သို့မဟုတ် အခြားကလေးအတွက် အဆင်ပြေချင်မှ ပြေမည်။ မိဘ ည်၍ အုပ်ချုပ်ရသည်မှာ ပုံသေနည်းသုံးစွဲခြင်းထက် ပိုသည်။ ထိရောက်အောင် အနုစိတ်တီထွင်ရသော ဂီတနှင့် ပို၍ဆင်သည်။ အရေးကြီး၍ ကျယ်ပြန့်သော အကြမ်းဖျင်းမူများရှိစေကာမူ ယင်းတို့ အများစုကို ကိုယ့်နည်းကိုယ့်ဟန်ဖြင့် ကြိုက်သလိုသုံးသွား ကြသည် သာဖြစ်၏။

တယောထိုးခြင်းနှင့် ပတ်သက်၍ စာအုပ်ပေါင်း မည်မျှပင် ထုတ်သည်ဖြစ်စေ၊ သွားရောက်နားထောင်သော တီးဝိုင်းများ မည်မျှပင်များသည်ဖြစ်စေ ကြောင်လည်မျိုညစ်၍ ထွက်လာသော အသံမျိုး ထွက်မလာအောင် သင်သည် တယောတစ်လက်ဖြင့် စိတ်ရှည်လက်ရှည် လနှင့်ချီ၍ ကိုယ်ရောစိတ်ပါ မြုပ်နှံကြိုးစား လေ့ကျင့်ရမည် ဖြစ်၏။ တယောသံငြိမ့်ညောင်း ချိုသာရန်မှာမူ နှစ်ရှည်လများ လေ့ကျင့်ရန်လိုဦးမည်။ သားသမီး ပြုစုသည့် အလုပ် သည်လည်း ၎င်းနည်းနှင်နှင်ပင်ဖြစ်သည်။ ကြားဖူးဖတ်ဖူးသည်များကို တင်အသုံးချစဉ်ကတည်းက အားလုံးစင်းလုံးချော အဆင်ပြေရန် မျှော်လင့်ထား၍ မဖြစ်ပါ။ ကောင်းသောဆုံးဖြတ်ချက်များ ချမှတ်နိုင်မှသာ အောင်မြင်နိုင်မည်ဖြစ်၏။ ကောင်းသောဆုံးဖြတ် ချက်များသည်လည်း အတွေ့အကြုံ၏ ရလဒ်ပင် မဟုတ်ပါလော။ အတွေ့အကြုံဆိုရာတွင်လည်း သင်ကိုယ်တိုင်ပြုခဲ့သော မှားယွင်း

ဆုံးဖြတ်မှုများမှ နာကြည်းစွာ သင်ခန်းစာရခြင်းများ ဖြစ်နေတတ်သည်။ မည်သို့ပင်ဆိုစေ သင်သည် သင်ယူသူတစ်ဦးအဖြစ် ဆက်လက်တည်ရှိနေသေးသည်။ မိဘကောင်းတစ်ဦးဖြစ်ရန် ကြိုးစားရင်း သင့်ကိုယ်သင် စိတ်တိုင်းမကျသည်များလည်း ရှိနေခဲ့ဖြစ်မည်။

မိဘဝတ္တရားကျေပွန်ရေးသည် ဘဝ၏အကြီးမားဆုံး စွန့်စားမှုကြီးတစ်ရပ်ဖြစ်သည့်အပြင် အကြီးမားဆုံး စမ်းသပ်မှုတစ်ခုလည်း ဖြစ်ပါသည်။ မိခင် သို့မဟုတ် ဖခင်ဖြစ်ခြင်းသည် စမ်းလိုက်မှားလိုက်နှင့် မတည်မငြိမ်ရှိလှသည်။ ကြိုတင်စီစဉ်၍လည်းမရ၊ ကြိုတင်မှန်းဆ၍လည်း မဖြစ်ဘဲ ပရမ်းပတာသာ ဖြစ်တတ်သည်။ သင်သည် နှစ်ရှည်လများ မိဘဖြစ်ခဲ့သည်ဆိုစေကာမူ မိဘလုပ်ရင်းနှင့် လိုအပ်သည်များကို တဖြည်းဖြည်းနှင့် ကြိမ်ဖန်များစွာ ပြုပြင်သွားရမည်သာ ဖြစ်သည်။

တကယ်တမ်းမှာ မိဘ၏ ကလေးပြုစုပျိုးထောင်ရေးလုပ်ငန်းတာဝန်သည် တယောထိုး စတင်သင်ယူသူတစ်ဦးနှင့် အသွင်တူ၏။ အကြောင်းမှာ တကယ်တတ်ကျွမ်းပြီးသူတစ်ဦး တယောထိုးဖြေဖျော်သကဲ့သို့ မဟုတ်ဘဲ မိဘဖြစ်ခြင်းတွင် သင်၏ အစမ်းလေ့ကျင့်မှုသည် တကယ့်ဇာတ်ခုံပေါ်တွင်ချည်း ဖြစ်သည်။ ဝေဖန်သူတို့၏ မြင်ကွင်းကျယ်အလယ်၌ သင်သည် အမှားအယွင်းများ ပြုမိသည်။ သူတို့သည် သင့်အမှားကို ထောက်ညွှန်ရန် အဆင်သင့်ရှိပါ၏။ အကယ်၍ ပြဿနာတက်ပြီဆိုလျှင်လည်း အစကပြန်စရန် မဖြစ်နိုင်ပါ။ တကယ်တမ်းမှာ ရင်သွေးပြုစုပျိုးထောင်ရေး ကျွမ်းကျင်အောင် သင်ယူလေ့ကျင့်ခြင်းသည်လည်း မိဘတို့ ဇာတ်ကဆဲ အလယ်တစ်ဝက်ခန့်ရောက်မှ အမှားပြင်ရန် အားထုတ်သကဲ့သို့ ဖြစ်ပါသည်။

ကလေးအများကြီးရှိတိုင်း အောင်မြင်သော မိဘဖြစ်ရေးအတွက် စမ်းသပ်ပြီးဖြစ်သော နည်းမျဉ်းစည်းကမ်းများကို အတိအကျပေးနိုင်မည်ဟု မဆိုသာ။ သင်သည် အခြားမိဘများ၏ ပွဲတွေ့

သင်ခန်းစာများနှင့် ကျွမ်းကျင်ပညာရှင်များ အကြမ်းဖျင်းဖော်ပြသော အခြေခံမှုများကို လေ့လာမှတ်သားနိုင်ပါသည်။ သို့သော် နေ့စဉ် အခြေအနေတိုင်း၌ အသုံးတည့်မည့် အောင်မြင်သော နည်းမျဉ်းစည်းကမ်းများကို မည်သူက အာမခံနှင့် ပေးနိုင်စွမ်းရှိသည်နည်း။ ကလေးတိုင်းနှင့် နောက်ဆက်တွဲ လူအချင်းချင်း ဆက်နွယ်မှုတိုင်းတွင် သီးသန့် ဝိသေသလက္ခဏာထူးများရှိသည် မဟုတ်ပါလော။

**‘ကလေးမရှိသူများအတွက် နာရီနှိုးစက်သည် အိပ်ရာမှ နှိုးသော ကိရိယာဖြစ်၏။’**

Anonymous

**သင်သည် မည်သည့်အခါမျှ စင်းလုံးချောမိဘ မဖြစ်နိုင်ပါ။ သို့သော် သင်သည် မြတ်သော မိဘတစ်ဦးတော့ ဖြစ်နိုင်ပါသည်။**

ကျွန်ုပ် ယခုပြောမည့်စကားကို ပြောရသည်မှာ နောက်ကျ ကောင်း နောက်ကျမည်။ သို့သော် သင်သည် ဘဝတွင် သက်သောင့်သက်သာနေလိုလျှင် ကလေးမယူပါနှင့်။ ကျွန်ုပ်၏ မိတ်ဆွေတစ်ဦး ပြောသကဲ့သို့ မိဘဖြစ်ခြင်းသည် စိတ်ရွှင်ပျလန်းဆန်းစေသော အပျော်ခရီး ထွက်ခြင်းနှင့် တူသည်။ တကယ်တမ်းမှာ ယင်းသည် လူ့ဘဝ၏ အမြင့်ဆုံးအချိန် ဖြစ်၏။ သို့တစေ ယင်းသည် ဝီရိယနှင့် ကျွမ်းကျင်မှု အထူးလိုအပ်သည်။ ထို့ကြောင့် သက်သက်သာသာ နေလိုလျှင် ဗီဒီယိုပြစက်ငယ်လေးဝယ်၍ ဗီဒီယိုကြည့်သည်ကမှ ဒန်တချလိမ့်ဦးမည်။ ဗီဒီယိုကို ကြည့်ချင်သည့်အချိန်တွင်ကြည့်ပြီး ပိတ်ချင်သည့်အချိန်၌ ပိတ်၍ ဘေးချိတ်ထားနိုင်သည်။ ဤသို့ မပြုချင်လျှင် ဥယျာဉ်ထဲ၌ ပန်းပင်စိုက်လိုကစိုက်၊ အထပ်ခိုးတွင် မီးရထားပုံစံငယ်တစ်ခု တည်ဆောက်လိုက တည်ဆောက်ပါ။

မည်သည်ကို ပြုသည်ဆိုစေ လက်လှမ်းမီသမျှ ပဋိသန္ဓေတားနည်းကို တော့ သုံးဖြစ်အောင် သုံးပါ။ နောက်ဆုံးတော့ ဘုရားသခင်သော်မှ ဖခင်တစ်ဦးအနေဖြင့် ပြဿနာကင်းစင်သည် မဟုတ်ကြောင်း Adam နှင့် Eve တို့က သာဓကဆောင်နေသေးသည်။

သို့တစေ အကယ်၍ သင်သည် ဖခင်တစ်ဦး ဖြစ်နေပြီဆိုလျှင်လည်း ထိတ်လန့်စရာ မလိုပါ။ ဤစာအုပ်ကို ဖတ်ခြင်းကပင် လက္ခဏာကောင်းတစ်ရပ် ဖြစ်ပါသည်။ သင်သည် အတတ်နိုင်ဆုံး အောင်မြင်သော မိဘကောင်းတစ်ဦး ဖြစ်လိုစိတ်ကတော့ ပြင်းပြနေပါသည်။ ယင်းသည် အလွန်အရေးကြီးပါသည်။ မည်သည်ကိုမျှ နားမထောင်သော မိဘ၊ ကိုယ့်ကိုယ်ကိုယ် ဟုတ်လှပြီထင်မှတ်၍ ကြိတ်မှိတ်ကြံစည်နေကြသော မိဘများသည်သာ တကယ့်ပြဿနာ ဖြစ်ပါသည်။

မည်သို့ပင်ဆိုစေ ကျွန်ုပ် ဦးစွာဖော်ပြလိုသည့်သတင်းသည် သင့်စိတ်ကြိုက် ဖြစ်ချင်မှ ဖြစ်မည်။ စင်းလုံးချော မိဘဖြစ်ရေးကိစ္စကို သင့်တစ်ဦးတည်း လက်မြှောက်ရသည် မဟုတ်ပေ။ လူတိုင်း လက်မြှောက်ရသည်သာ ဖြစ်၏။ နိုးရှုံးစွာဆိုရသော် စင်းလုံးချော မိဘဖြစ်ရန် သင်ကိုယ်တိုင်က စင်းလုံးချောပုဂ္ဂိုလ်ဖြစ်နေရဦးမည်။ ဤလောက၌ ထိုပုဂ္ဂိုလ်မျိုးကို မည်သည့်နေရာတွင်မှ ရှာဖွေတွေ့ရှိနိုင်မည် မဟုတ်ပေ။ လူဆိုသည်မှာ မှားတတ်သောအမျိုးပင် ဖြစ်သည်။ လူတိုင်းပင် ဤသို့မပြုမိ၊ မပြောမိခဲ့လျှင် ကောင်းလေစွဟု နောင်တတရားများ ရတတ်သည်။

အားတက်ဖွယ်ရာမှာ သင်သည် မည်သည့်အခါမှ စင်းလုံးချောမိဘ မဖြစ်နိုင်သော်လည်း မိဘကောင်းတစ်ဦးတော့ ဖြစ်နိုင်ပါသေးသည်။ ဤမျှမက မြတ်သောမိဘတစ်ဦးပင် ဖြစ်နိုင်ပါသေးသည်။ အမှန်မှာ အချိန်နှင့် ကြိုးပမ်းမှုကို အရင်းတည်ရန် စိတ်ထက်သန်သော မိဘအများစုသည် ရင်သွေးပြုစုပျိုးထောင်ရေးအတွက်

အခြေခံကောင်းများ ရရှိနေပြီဖြစ်၏။ သို့တစေ မိဘတို့သည် အမှားပြုမိသည် ဟူ၍ စိတ်ဆင်းရဲကြသည်မှာ ဝမ်းနည်းဖွယ် ဖြစ်၏။ ကျွန်ုပ်သည် ၁၅ နှစ် ကာလပတ်လုံး ပုဂ္ဂိုလ်ရေးအရရော၊ လုပ်ငန်းသဘောအရပါ မိမိ မိသားစုနှင့် အခြားမိသားစုပြဿနာတို့နှင့် ပတ်သက်၍ဖြေရှင်းရသည့်အခါ မိဘများသည် မိမိကိုယ်ကို ယုံကြည်စိတ်ချမှု မရှိကြောင်းတွေ့ရသည်။ လက်တွေ့အားဖြင့် အတယ်မရှိသော စံနမူနာများနှင့် နှိုင်းယှဉ်၍ စံချိန်မမီ ထင်မှတ်ကာ အားငယ်တတ်၏။ သို့သော် နှစ်ရှည်လများ မိဘဖြစ်ခဲ့ရခြင်းမှ ကျွန်ုပ်ရခဲ့သော အရေးအကြီးဆုံးသင်ခန်းစာသည် ကြိုးစားပါ မိမိကိုယ်ကို ယုံကြည်ပါ ဟူ၍ပင် ဖြစ်ပါသည်။

ဤစာအုပ်၌ အခြေအနေပေါင်း သောင်းခြောက်ထောင်နှင့် ပေါ်လျှင်း၍ မိဘ၏ ရင်သွေးပြုစုပျိုးထောင်ခြင်းကို ကမှအ အထိ အသွန်းပြည့်စုံစွာ ဖော်ပြမထားပါ။ ကျွန်ုပ်တို့သည် ယင်း ချဉ်းကပ်နည်းကို မည်မျှနှစ်သက်စေကာမူ ယင်းကို လက်တွေ့အားဖြင့် မည်သို့မျှ အသုံးချနိုင်မည် မဟုတ်ပေ။ အကြောင်းမှာ ကာယကံရှင် မိဘအသီးသီး မတူညီသကဲ့သို့ ကလေးပြုစုပျိုးထောင်မှုသည်လည်း တစ်မူကွဲမည်သာ ဖြစ်ပါသည်။ သင်အပါအဝင် သင့်မိသားစုသည် သင့်မိတ်ဆွေအပါအဝင် သူ့မိသားစုနှင့် မတူပါ။ အသက်အရွယ်၊ အားသမီး ဦးရေ၊ မွေးစဉ်၊ နေထိုင်ရာ မြို့/ရွာ/ရပ်ကွက် ဝင်ငွေ၊ ယဉ်ကျေးမှု ညှောရည်အဆင့်၊ လူနေမှုအဆင့်၊ မိတ်ဆွေများ၊ မိသားစုနှင့် ကြင်ဖော်များ ဤသည်တို့သည် တစ်မူကွဲနေမည်သာ ဖြစ်၍ ယင်း ကွဲပြားမှုအလိုက် ရင်သွေးပြုစု ပျိုးထောင်ပုံသည်လည်း ကြီးမားစွာ ခြားနားနေမည်သာ ဖြစ်၏။

ထို့ကြောင့် ကျွန်ုပ်သည် ရင်သွေးပြုစုပျိုးထောင်ရေးအခြေခံမှုများကိုသာ ဖောင်းပေးဖော်ပြလိုခြင်း ဖြစ်ပါသည်။ အခြေခံ အုတ်မြစ်မခိုင်မှာဘဲ ယင်းအပေါ်၌ တည်ဆောက်ထားသော အိမ်

သည် မည်မျှလှပဆန်းသစ်စေကာမူ မည်သို့မျှ ထူးခြားမည်မဟုတ်ပေ။ ရာသီဥတုဒဏ်မခံနိုင်ဘဲ အချိန်တန်လျှင် ပြိုကျဦးမည် ဖြစ်သည်။ သို့သော် အခြေခံအုတ်မြစ်ခိုင်ခဲ့လျှင် အပေါ်၌ သင်ဆောက်မည့် အဆောက်အအုံသည်လည်း ခိုင်ခံ့မည် ဖြစ်သည်။ မိဘကောင်းတစ်ဦးဖြစ်ရေးအတွက် သန်းနှင့်ချီသော နည်းလမ်းပေါင်းစုံ ရှိပါသည်။ မည်သည့်နည်းလမ်းပင်ဖြစ်စေ၊ သုံးသူသည် သူ့ကိုယ်ပိုင်သီးသန့်ပုံစံထွင်၍ သုံးရပေမည်။ ဤကိစ္စအတွက် ပြတ်သားခိုင်မာသော အခြေခံများ လိုဦးမည်။ ဥပမာ ဂီတပညာရှင်တစ်ဦးသည် ကိုယ်ပိုင်သံစဉ်များ မတီထွင်နိုင်မီ အခြေခံသံစဉ်များ သိနားလည်ရန် လိုအပ်သကဲ့သို့ ဖြစ်ပါသည်။

သင်သည် မိဘကောင်းတစ်ဦးအနေဖြင့် အောင်မြင်နိုင်ပါသည်။ ဤစာအုပ်တွင် ဆက်လက်ပါရှိမည့် အသုံးဝင်သည့် ကျန်တစ်ကြို ၉ ချက်သည်လည်း သင့်ကလေးက ဂုဏ်ယူနိုင်သော မိဘ၊ အောင်မြင်သော မိဘကောင်း တစ်ဦးဖြစ်မှုနှင့် ပတ်သက်သည်။ ထို့ကြောင့် ကိုယ်နှင့် မအပ်စပ်သည်ကိုပယ်၍ အပ်စပ်သည်ကို ထုတ်နုတ်သုံးစွဲနိုင်ပါသည်။ ဤစာအုပ်မှ တစ်ချက်တည်းကိုသာ လက်ခံမည်ဆိုပါက ယခုဖော်ပြမည့်အချက်ကိုယူရန် တိုက်တွန်းလိုပါ၏။ စင်းလုံးချောမိဘဟူသည် မရှိပါ။ သို့သော် သင်သည် အောင်မြင်သော မိဘကောင်းတစ်ဦးတော့ ဖြစ်နိုင်ပါသည်။ ထို့ကြောင့် အောင်မြင်အောင် ကြိုးစား၍ မိမိကိုယ်ကို ယုံကြည်အားထားပါ။

**သတိပြုရန်**

- မိဘဖြစ်ခြင်းက သင့်ဘဝတစ်ခုလုံးကို လုံးလုံးလျားလျား ပြောင်းလဲပစ်လိမ့်မည်။ သင်သည် ယင်းပြောင်းလဲမှုအတွက် မည်သည့်အခါမျှ အဆင်သင့်ရှိလိမ့်မည် မဟုတ်။
- ကလေးသူငယ် အစောပိုင်းအရွယ် ပြုစုစောင့်ရှောက်ပုံသည် သူတို့၏ ဘဝတစ်ခုလုံးကို လွှမ်းမိုးနိုင်သည်။
- မိဘ မဟုတ်သူတို့သာလျှင် ကလေးကို မည်သို့ကောင်းမွန်စွာ မွေးမြူသင့်ကြောင်း သေချာပေါက်သိသည်။
- မိဘဖြစ်လာသောအခါ သင်သည် ဇာတ်ညွှန်းလည်းမပါ။ ကြိုတင် ဇာတ်တိုက်ခြင်းလည်း မရှိဘဲ ဘဝဇာတ်စင်ပေါ်သို့ ရောက်လာသည်။
- သင်သည် အသင့်ပြင်အနေအထားတွင် ရှိစေကာမူ နေ့စဉ် အလိုက်သင့် ကြံဖန်ပြုလုပ်ရသော အလုပ်မှ ပြေး၍ လွတ်မည် မဟုတ်။
- စင်းလုံးချော မိဘဟူသည်မရှိ။ သို့တစေ သင်သည် မြတ်သောမိဘကောင်းတစ်ဦးတော့ ဖြစ်နိုင်ပါသည်။
- သင်အရေးအကြီးဆုံးလုပ်ဆောင်ရမည်မှာ အထူးကြိုးစားရန်နှင့် ကိုယ့်ကိုယ်ကိုယ် ယုံကြည်အားထားရန် ဖြစ်သည်။

**သော့ချက်မှုများ**

**သင်သည် စင်းလုံးချော မိဘတစ်ဦး မဖြစ်နိုင်ပါ။ သို့သော် သင်သည် မြတ်သော မိဘကောင်းတစ်ဦး ဖြစ်နိုင်ပါသည်။**

**ထို့ကြောင့် ဤသို့ဖြစ်ရန် ကြိုးစား၍ ကိုယ့်ကိုယ်ကိုယ် ယုံကြည်အားထားပါ။**

**ထပ်မြောက်အောင်မြင်နည်း**

- ယခင်က ပြုမိသော အမှားများအတွက် ကိုယ့်ကိုယ်ကိုယ် အပြစ်မတင်ပါနှင့်တော့။ အတိတ်ကို ပြုပြင်၍ မရသော်လည်း အနာဂတ်သည် သင့် လက်ထဲတွင်ရှိသည်။
- ဤစာအုပ်ကို ဆုံးခန်းတိုင်အောင် ဖတ်ပါ။ အချိန်ကုန်ရကျိုးနပ်ပါလိမ့်မည်။
- မိဘတစ်ဦးအနေဖြင့် မည်သည့်ရည်မှန်းချက် ရှိကြောင်း ဆုံးဖြတ်ထားပါ။
- မိဘတို့၏ လုပ်ငန်းသရုပ်ဖော်ချက် ကို ကိုယ့်ဘာသာ ခပ်တိုတိုရေးပါ။

■

## တစ်ကြိမ် - ၂
## အနီးမှာရှိနေပါ

### သင်သတိမထားမိမီ အိမ်ကြီးဟောင်းလောင်း ဖြစ်လိမ့်မည်

> **‘ဤနေ့များသည် ယခင်ကကဲ့သို့ မင်္ဂလာအပေါင်း ပြောင်းသော နေ့များ ဖြစ်ပါသည်။ သင်စောင့်ကြည့်နေ့ သာ စောင့်ကြည့်ပါ။’**
>
> Steve Turner, Wait

**ဘဝသည်တို၏၊ ချိုမြိန်၏။**
ကျွန်ုပ်သည် အတော်အတန်လေးနက်စွာ မမောနိုင် မပန်းနိုင် တစ်နေကုန် တစ်နေ့ခန်းအလုပ်လုပ်လေ့ရှိသော ဝါရင့်အမျိုးသမီး ရှေ့နေကြီးတစ်ဦးကို အစ်မကြီး သင်အခု အသက်ငယ်ငယ်ကလေး ပြန်ဖြစ်ပြီး ဘဝကို ပြန်စခွင့်ရမယ်ဆိုလျှင် ဘာတွေ လုပ်ချင်ပါ သလဲဟု မေးခဲ့ရာ သူဖြေဆိုပုံကို တအံ့တသြကြားခဲ့ရပါ၏။ သူက ကျွန်မ ဖိုက်တာရင်တွေ ပိုစားပြီး ပိုရယ်လိုက်မယ်၊ မိုးပျံရထားတွေ စီးမယ်၊ ရေချိုးခန်းထဲမှာ သီချင်းတွေအကျယ်ကြီးအော်ဆိုမယ်၊

သူငယ်ချင်းတွေနဲ့အတူ ခဏ ခဏ ရုပ်ရှင်ကြည့်ပြီး မိုးထိန်ထိန်လင်းမှ အိပ်ရာထမယ်၊ ပြီးတော့ သားသမီးတွေနဲ့အတူ ဒီထက် အချိန်တွေ အများကြီး ပိုကြာကြာနေလိုက်မယ်ဟု ဖြေခဲ့၏။

ကျွန်ုပ်တို့သည် အပတ်တကုတ် ကြိုးပမ်းရစဉ်ကာလ တစ်လျှောက် ခယောင်းတောကို ဖြတ်သန်းကျော်လွှားနေရသည်။ ထို ကာလလွန်မြောက်သော တစ်နေ့တွင် အသက်ရှုချောင်ရန် မျှော်လင့်သည့်အကြားမှ ဘဝတွင် ပိတ်လှောင်ခံရဖို့ အလွန် လွယ်ကူသည်။ ထို့ကြောင့် ထိုမျှော်မှန်းသည့်ရက်သို့လည်း မည်သည့် အခါမျှ ရောက်နိုင်မည် မထင်ပေ။

လူထုဖြေဖျော်ရေးနှင့်ပတ်သက်၍ ရေပန်းစားခဲ့သူ Roy Castle မကွယ်လွန်မီ သတင်းစာရှင်းလင်းပွဲတစ်ရပ် ပြုလုပ်ခဲ့သည်။ သူ၏ အဆုတ်ကင်ဆာမှာ ပြန့်၍ သေလုနီးပါးအချိန်ဖြစ်၏။ ထိုအခါ သတင်းစာဆရာတစ်ဦးက သူ့ကို အခုလို လောကမှာနေဖို့အချိန် သိပ်မရှိတော့တာကို သိရတဲ့အခါ ဘယ်လိုများ ခံစားရပါသလဲ ဟု မေးရာ စိတ်စနိုးစနောင့်ဖြစ်လောက်အောင် အံ့အားသင့်ဖွယ် အချိန် အတန်ကြာ တိတ်ဆိတ်သွား၏။ လူတိုင်းသည် အဖြေကို သိလိုဇော နှင့် စောင့်နေသော်လည်း အခြားသူများက ထိုမေးခွန်းမျိုးကို မေးခဲ့ သည် မဟုတ်ပေ။ Roy က အခုလို အကြာကြီး မနေရတော့ဘူးဆို တာ သိခဲ့လျှင်တော့ ကျွန်တော်ဟာ သူများနဲ့မတူအောင် ထူးထူး ခြားခြားနေပစ်လိုက်မှာပေါ့။ ဒါပေမဲ့ ခုတော့ မနက်ဖြန် ဒီအချိန်မှာ ကျွန်တော် အသက်ရှင်နေဦးမလားဆိုတာတောင် မသိတာဟု ယဲ့ယဲ့ ပြုံး၍ ဖြည်းညင်းစွာပြော၏။

ကျွန်ုပ်တို့ အများစုသည် လူ့လောက၌ နှစ်ရှည်လများနေရဦး မည် ထင်မှတ်၏။ထို့ကြောင့် ဤစိတ်ကူးအတိုင်း လုပ်ဖွယ်ကိစ္စများကို ဦးစားပေးစီစဉ် ပြုလုပ်ကြသည်။ ကျွန်ုပ်တို့သည် စုပုံနေသော ချက်ချင်းပြုလုပ်ရမည့် အလုပ်များ လုပ်ကိုင်ရင်း မအားမလပ်ရှိလွန်း

သောကြောင့် တကယ်အရေးကြီးကိစ္စများကို ရွှေ့တန်းတင်၍ မပြုလုပ်မိကြပေ။ ၎င်းကိစ္စများ ပြုလုပ်ရန်အချိန်ရလိမ့်ဦးမည် ထင်သည်။ ကျွန်ုပ်တို့ ရာထူးတက်ရန်သာ အချိန်ပြည့် အလုပ်လုပ်ပြီး ကျွန်ုပ်တို့၏သား ဘောလုံးကစားသည်ကိုကြည့်ရန် သို့မဟုတ် နောင်နှစ်တွင် သားနှင့်အတူ ထင်းရှူးသီးကောက်ရန် အချိန်ပို၍ရဦးမည် ထင်သည်။ အိမ်အလုပ်လုပ်စရာ တစ်ပုံတစ်ခေါင်း၊ ဖုန်းဆက်စရာများလည်း ခုနှင့်ဒေး ဖြစ်၍ သမီးကို အိပ်ရာဝင်ပုံပြင်ဖတ်ပြရန် သို့မဟုတ် သမီး၏ အိမ်စာအတွက်ကူညီရန် အချိန်မရှိ။ သို့တစေ အကယ်၍ ကျွန်ုပ်တို့ လူ့လောက၌ အသက်ရှင်ရန် တစ်နှစ်သာ ကျွန်တော့သည်ဆိုလျှင် ကျွန်ုပ်တို့အများစုသည် ဘဝကို တခြားရှုထောင့်တစ်သွယ်က ကြည့်မိမည်သာ ဖြစ်သည်။ တကယ်တမ်းမှာ သေလုမျောပါး ပုဂ္ဂိုလ်တစ်ဦးသည် ရုံးမှာ ကျွန်ုပ် ဒီထက် အချိန်ကြာကြာပေးနိုင်လျှင် ကောင်းမှာပဲ ဟု မည်သည့်အခါမျှ ပြောမည် မဟုတ်ပါ။ ထို့ကြောင့် ကျွန်ုပ်တို့အမျိုးသား အမျိုးသမီးပေါင်းများစွာ ရှိသည် အဘယ်ကြောင့် ကျွန်ုပ်တို့၏ မိသားစုထက် ရုံးက ပိုမို အရေးကြီးကြောင်း ထင်မှတ်နေကြသနည်း။

> **'ကျွန်ုပ်ပြုလုပ်ခဲ့သမျှအားလုံးထက် ကလေးတို့၏ ဖခင်အဖြစ်သည် ပျော်ရွှင်မှုများနှင့် ဆုလာဘ်များကို ပိုမိုပေးစွမ်းနိုင်ပါသည်။'**
>
> Bill Cosby

**အချိန်ရှိခိုက် လုံ့လစိုက်ပါ။ အခွင့်ကောင်းများ လက်မလွှတ်ပါစေနှင့်။**
မည်သည့်ကလေးကမျှ သူတို့ကို မွေးဖွားပေးရန် တောင်းဆိုခဲ့သည်မဟုတ်ပေ။ သူတို့နှင့် တိုင်ပင်ရန် သူတို့လည်း အနီးတွင်မရှိခဲ့ပါ။ ရည်ရွယ်လျက်ဖြစ်စေ၊ မရည်ရွယ်လျက်ဖြစ်စေ ကျွန်ုပ်တို့ကသာ

ကျွန်ုပ်တို့၏ ဘဝထဲသို့ ကလေးတွေကို ဖိတ်ခေါ်ထားခြင်းဖြစ်သည်။ သူတို့တစ်တွေ မွေးဖွားလာပြီဆိုသည်နှင့် တစ်ပြိုင်နက် သူတို့ ရှင်သန်ရပ်တည်ရန် အသည်းအသန်လိုအပ်သော ရုပ်ပိုင်းနှင့် စိတ်ပိုင်းလုံခြုံမှု၊ ချစ်ခြင်းမေတ္တာနှင့် ပြုစုစောင့်ရှောက်မှုတို့ကို ပေးရမည်သာဖြစ်၏။ သူတို့သည် ကျွန်ုပ်တို့၏ မြိုရှင်များ ဖြစ်တော့၏။ ထို့ထက်ပို၍ဆိုသော် သင့်ကလေးများနှင့်အတူ နေရမည့်အချိန်သည်တိုတောင်းလွန်းကာ ယင်းအချိန်ကို အစားထိုးစရာလည်း မရှိပေ။ ကျွန်ုပ်သည် အမေရိကန်လူမျိုး နာမည်ကျော် Dr. Billy Graham ကို တစ်ခါက တွေ့မေးခဲ့သည်။ သူသည် ပါကင်ဆန်ရောဂါကို စတင်ခံစားနေရသော်လည်း အတော်ဖျတ်ဖျတ်လတ်လတ် ရှိနေသေးသည်။ ကျွန်ုပ်သည် သူလိုလူမျိုးကိုတွေ့ရခိုက် အခွင့်ကောင်းယူကာ ကျွန်ုပ်၏ဘဝ အကောင်းဆုံးဖြစ်အောင် မည်သို့ပြုလုပ်သင့်ကြောင်း မေးမြန်း၏။ ကျွန်ုပ်သည် သူ့ထံမှ တကယ်လေးနက်သော စကားများ၊ လေးနက်လွန်း၍ လနှင့်ချီ အချိန်ယူပြီးမှ သဘောပေါက်မည့်စကားများကို ကြားရလိမ့်မည်ဟု မျှော်လင့်မိသည်။ ထို့ကြောင့် အစီပွာယ်ကို မလွတ်စတမ်း အမိအရနားလည်အောင် သူ့အနားသို့ တိုး၍ အထူးအာရုံစိုက် နားထောင်၏။ သူ စဉ်းစားခန်းဝင်သည်မှာ တစ်သက်လောက် ကြာအံ့ထင်သည်။ နောက်ဆုံး၌မှ သူက စကားစတင်ပြောတော့၏။ ဘဝဟာ မင်းမျှော်လင့်ထားတာထက် အများကြီးပိုမြန်တယ်။ ဒါကြောင့် နေ့ရှိသမျှ လိမ်လိမ်မာမာနေဝါ ဟူသည့် မမေ့နိုင်သော မှာတမ်းတိုလေးကို ပြောကြားခဲ့ပါသည်။

သင့်ရင်သွေးများ သင့်အနီးတွင်နေလိုသည့် နွေရာသီကျောင်းပိတ်ရက်၊ မီးပုံပွဲ၊ ခရစ်စမတ်ပွဲ စသည့် နေ့ရက်များမှာ မကျန်တော့ပါ။ ထို့ကြောင့် အမြော်အမြင်ရှိသော မိဘတိုင်းသည် ထိုတဖြုတ်ဖြုတ်ကုန်ဆုံးမည့် အချိန်များကို အမိအရဆုပ်ကိုင်တတ်ရန် လိုပါသည်။ အချိန်ရှိခိုက် လှုံ့လစိုက်ပါ။ မကြာမီ သူတို့လေးတွေ

သင့်အနားမှထွက်ခွာချိန်ကို ရောက်တော့မည်။

သင် ပုံပြင်များဖတ်ပြရန်၊ သင့်ရင်ခွင်ထဲ တိုးဝှေ့အိပ်ရန်၊ သင်နှင့် ဘောလုံးကစားရန် သို့မဟုတ် သူတို့စက်ဘီးကလေးပြင်နိုင်းရန် မပူဆာတော့သောအချိန်သို့ မကြာမီ ရောက်လာလိမ့်မည်။ ထူးဆန်းသည်မှာ ယခုအချိန် အလုပ်ရှုပ်ရသည်များကို ထိုအချိန်ကျမှ ညေ်မျှလုပ်ပေးချင်သည်ဆိုစေကာမူ လုပ်ပေးခွင့်မရ၍ စိတ်ကောင်းဖြစ်ရဦးမည်။ ပုံပြင်များ ဖတ်ပြချင်၍မှ ဖတ်မပြနိုင်သော အခြေအနေမျိုးကို ကြုံရဦးမည်။

သင့်ကလေးများနှင့် အတူနေရသောကာလသည် သင် သေိလိုက်မီ ကုန်လွန်သွားမည်။ ကျွန်ုပ်၏ သမီးကြီးကို ပထမဆုံး ဦးတ်ထွေးခဲ့သည်မှာ မနေ့တစ်နေ့ကကဲ့သို့ ထင်မှတ်ရသည်။ နောက် သုံးနှစ် (လပေါင်း ၃၆ လ) အကြာတွင် သမီးကြီး ကောလိပ်တက်တော့မည်။ ထို့ကြောင့် ကျွန်ုပ်ကို သူတစ်ခုခုနိုင်းမည်၊ စကားပြောချင်မည် သို့မဟုတ် အနည်းဆုံးအတူထိုင်၍ တီဗီကြည့်ချင်သည် ဆိုလျှင်ပင် မကြာမီခွဲခွာရမည့်အကြောင်းကို သတိရ၍ ကျေကျေနပ်နပ်လိုက်လျောမည်သာ ဖြစ်ပါသည်။

ယခုအခါ၌ ကျွန်ုပ်တို့သည် ကလေးတို့၏ ကိစ္စအဝဝအတွက် အတယ်အချိန်မပေးနိုင်ဟု ထင်ရသည်။ ကျွန်ုပ်၏ အချိန်နှင့်စွမ်းအင်တို့ကို လိုအပ်သောအခြားကိစ္စများနှင့် နှိုင်းယှဉ်လျှင် တစ်ဦးဦး၏ အိမ်စာကို ကူညီရန်သော်လည်းကောင်း၊ သူတို့ကို ရုပ်ရှင်ကြည့်ဖို့ ခေါ်သွားရန်ကိုသော်လည်းကောင်း ပထမဆုံး ဦးစားမပေးနိုင်ပေ။ သို့တစေ မကြာမီကာလ၌ ဤအပတ်အားလပ်ရက်တွင် သူတို့အား ဖုန်းဆက်ရမည်မှာ ကျွန်ုပ်၏အလှည့် ဖြစ်တော့မည်။

အချိန်သည် ငွေဖြစ်သည်ဟူ၍ Benjamin Franklin က ဆိုခဲ့သည်။ သို့သော် ယင်းအဆိုသည် မှန်ပါ၏လော။ တကယ် အရေးကြီးသည်မှာ ငွေမဟုတ်ပါ။ အချိန်သည် ငွေထက် အပြတ်

အသတ် ပို၍အရေးကြီးပါသည်။ ငွေကြေးအရ မကြွယ်ဝသော်
လည်း အချိန်လုံလောက်စွာရှိနေလျှင် အရာရာကို ကျားကွက်ဆင်၍
ကစားသွားနိုင်သည်။ ယခင်နှစ်ပေါင်းများစွာသောအခါက
စိုက်ပျိုးရေးအကြံပေးပုဂ္ဂိုလ်တစ်ဦးသည် သစ်ပင်အောက်၌ထိုင်၍
အပန်းဖြေနေသော တောင်သူလယ်သမားကြီးတစ်ဦးကို တွေ့၏
သူက လယ်သမားကြီးကို မင်းအလုပ်ပိုလုပ်ပြီး အပင်ပိုစိုက်
တောင်းတယ်။ ဒီတော့ ရောင်းချဖို့သီးနှံတွေ ပိုပြီးဖြစ်ထွန်းတဲ့အ
မင်းလည်း မင်းအတွက် လူငှားပြီး အလုပ်လုပ်ခိုင်းနိုင်တာပေါ့ ဟု
ပြော၏။ လယ်သမားကြီးသည် ဒီလိုဆို ကျုပ်က ဘာလုပ်ရမှာလဲဟု
ပြန်မေးရာ အကြံပေးပုဂ္ဂိုလ်က အေးလေ၊ အဲဒီတော့ မင်း အေးအေး
ဆေးဆေး ငိမ်နဲ့နေလို့ ရတာပေါ့ဟု ဖြေ၏။ လယ်သမားကြီးသည်
အခု ကျုပ်လုပ်နေတာ ဒါပဲလေဟု ပြန်ပြောလိုက်တော့သည်။

သင်မသိလိုက်မီ အချိန်အတော်အတွင်းပင် သင့်အိမ်သည်
ဟောင်းလောင်းဖြစ်တော့မည်။ ရွှေနှင့်မတူသည်မှာ အချိန်
သိမ်းဆည်းထား၍လည်း မရ။ နောက် တစ်ရက်၊ နောက်တစ်
အထိ သယ်ဆောင်သွား၍လည်း မရခြင်းဖြစ်သည်။ ထို့အပြ
အလုပ်ခွင်၌ အလုပ်များသည်ဖြစ်စေ၊ နေအိမ်၌ မအားလပ်သ
ဖြစ်စေ၊ သင့်မိသားစုအတွက် လုံခြုံဖို့ သက်သောင့်သက်သာရှိဖို့
အနာဂတ်တွင် အချိန်ပိုပေးနိုင်ဖို့ ရည်ရွယ်၍ ရာထူးတက်
ကြိုးပမ်းနေသော်လည်း ယင်းကိစ္စတို့အတွက် အချိန်က သင့်
စောင့်ဆိုင်းနေမည် မဟုတ်ပါ။ ထို့ကြောင့် ကိစ္စများမြောင်
လွှဲဘောင်မှ လုပ်ငန်းကိစ္စအဝဝ၊ စားဝတ်နေရေးကိစ္စအသွယ်သွ
ဘာသာရေး၊ လူမှုရေးနှင့် အပန်းဖြေကိစ္စအဖုံဖုံတို့က သင့်က
တို့အတွက် အချိန်ပိုမကျန်တော့အောင် အပိုင်စီးမထားပါစေ
နောက်မှလုပ်ပေးမည်ဟု အားခဲလျက် အချိန်ဆွဲမထားပါနှင့်။ သ
တစ်တွေ လူကြီးဖြစ်ပြီး အိမ်မှထွက်ခွာသွားသောအခါ သင်ခဲ

သူ့ သဲရေသာကျတော့မည်။ ထို့အပြင် သင်သည်လည်း အကြီး ေ
အတျယ် အနားရ တော့မည့်အချိန်ကို စောင့်ရင်း အလုပ်လုပ်နေရဦး
ည်ပင် ဖြစ်သည်။

'မိဘ ဘဝနှင့် အတန်အသတ်မဲ့လုပ်ငန်းများတို့ ပေါင်းစပ်ရန် ကြိုးပမ်းမှုၾ အပြစ်အနာအဆာတို့ကို တုံးသောသူပင် မြင်နိုင်ပါသည်။ ယင်းကြိုးပမ်းမှုသည် သင့်ကို မျှော်လင့်ဝါးမျိုကာ သင့်လုပ်ဖော်ကိုင်ဖက်များမှအစ အခြား မည်သူနှင့်မျှ အဆင်ပြေစေတော့မည် မဟုတ်ပါ။'

Libby Purves

အလုပ်ကြောင့်မဟုတ်၊သင့်ကြောင့် အချိန်မရှိခြင်းဖြစ်သည်။

င့်မိသားစုဘဝနှင့် လုပ်ငန်းဘဝအပါအဝင် အခြား စိတ်ဝင် အမှုများနှင့် တာဝန်များကို သမှုဟဖြစ်စေရန် ချိန်ဆရသည့် ကိစ္စသည် မည်သည့်အခါမျှ လွယ်ကူသည်မဟုတ်ပေ။ ဤကိစ္စ အဆင်ပြေရေးအတွက် လျှို့ဝှက်ပုံသေနည်းလည်း မရှိပါ။ ယင်း အတွက် မရပ်မနား နပန်းလုံးနေရသည်သာ ဖြစ်ပါသည်။ ကိစ္စ ခုရပ် ပြီးစီးအောင်မြင်ပြီဟု ထင်မှတ်ချိန်၌ အစစအရာရာကို ခင်တကဲ့သို့ ရှုပ်ထွေးအောင် နောက်ထပ်ကိစ္စပေါ်လာတော့ ည်။ ကောင်းကင်ကြိုးတန်းလျှောက်ရသကဲ့သို့ ဖြစ်ပါ၏။ ာင်းကင်ကြိုးတန်းလျှောက်သည့်အခါ ကိုယ်ခန္ဓာမတိမ်းမစောင်း အောင် ကနဦးထိန်းပြီးနောက် မိမိလုပ်ချင်ရာကို ဆက်လုပ်၍ မဖြစ် ကြိုးတန်းအမြင့်ကြီးပေါ်တွင် မတ်တတ်ရပ်ခြင်းသည် အသေး ခဲ့တု ထင်မှတ်ရသော်လည်း သေရေးရှင်ရေးတမျှ အရေးကြီးလှ ာ ညှိယူမှုများကို အဆက်မပြတ်ပြုလုပ်နေရခြင်း ဖြစ်ပေသည်။

ကလေးတွေနှင့် အတူနေရန် အချိန်မရခြင်းအတွက် သင့်

အလုပ်ကိုဖြစ်စေ၊ အိမ်အလုပ်ကိုဖြစ်စေ အပြစ်တင်ရန် လွယ်ပါသည်။ အထူးသဖြင့် သက်မွေးမှုအလုပ် လုပ်ရသော မိခင်တစ်ဦးဖြစ်သည်ဆိုပါက ကလေးနှင့်ဝေးရာ လုပ်ငန်းခွင်မှာ အချိန်ကုန်ရသည့်အတွက် ကိုယ့်ကိုယ်ကိုယ် အပြစ်တင်မိပြီး စိတ်စနိုးစနောင့်ဖြစ်ရသေးသည်။ သို့တစေ နေအိမ်နှင့် လုပ်ငန်းဖိအားလွန်ဆွဲမှုသည် အများယူဆသကဲ့သို့ သင်နှင့် သင့်ကြင်ဖော်တို့၏ လုပ်ငန်းတာဝန်များနှင့် မပတ်သက်ဘဲ သင်တို့နှစ်ဦး၏ ကိုယ်ရည်ကိုယ်သွေးနှင့် ပိုမိုပတ်သက်ကြောင်း သတိပြုသင့်ပါသည်။

ကျွန်ုပ်သည် ဤအချက်ကို တော်တော်နှင့်သတိမမူမိပါ။ သို့သော် အိမ်ထောင်သည် တစ်ခေါ်မိုးတွင် ၁၆ နှစ်ကျော် အတူလက်တွဲခဲ့သောခင်ပွန်းသည်ကမူ ကျွန်ုပ်၏ အကြောင်းကို အပ်ကျမပ်ကျ သိရှိလေသည်။ သူသည် ကျွန်ုပ်၏ အလုပ်စွဲညွတ်ချက်များအပါအဝင် အခြားကသိကအောက်ဖြစ်စေသော အကျင့်ဆိုးတို့နှင့် ကျွန်ုပ်၏ အသက်မွေးမှုအလုပ်တို့ မည်သို့မျှ မပတ်သက်ကြောင်း နားလည်သည်။ တကယ်တမ်းမှာ ကျွန်ုပ်တွင် ယင်းအကျင့်ဆိုးများ အမြဲစွဲနေ၏။ အကယ်၍ ကျွန်ုပ်သည် ဘဏ်မန်နေဂျာ၊ ရေပိုက်ပြင်ဆရာ၊ သတင်းစာဆရာ၊ ဥယျာဉ်မှူး၊ နွားနို့သည် သို့မဟုတ် ရှေ့နေဖြစ်ခဲ့လျှင်လည်း အလားတူ အတူနေရ ထိုင်ရ ကျပ်မည့်လူစားမျိုး ဖြစ်ပါသည်။

ကျွန်ုပ် ယခုကဲ့သို့ဝန်ခံရသည်မှာ စိတ်သက်သာလှသည်တော့မဟုတ်ပါ။ အမှန်မှာ မိသားစုကို သူတို့လိုအပ်သော အချိန်နှင့် ပံ့ပိုးမှုကို မပေးနိုင်၍ အလုပ်ကို လွှဲချသောအခါ ကျွန်ုပ်တို့သည် ကိုယ့်ကိုယ်ကိုယ် လှည့်စားနေခြင်း ဖြစ်တတ်ပါသည်။ ကျွန်ုပ်သည် အလုပ်ဖိအားများ တကယ်ရှိကြောင်းကိုလည်း ကောင်းကောင်းသိပါသည်။ သို့တစေ လုပ်ငန်းခွင်သို့ အလုပ်သွားလုပ်သည်နှင့် အိမ်အလုပ် မလုပ်ရဟူသည့် ခေါင်းရှောင်သောသဘော မသက်ရောက်စေလိုခြင်းသာ ဖြစ်ပါသည်။

မိသားစုအတွက် အချိန်ပေးရသည်မှာ မလွယ်ပါ။ အလုပ်ကို စွဲစွဲလမ်းလမ်းလုပ်လိုစိတ်နှင့် ရေကူး၊ ဘောလုံးကန်၊ ဂေါက်သီးရိုက်၊ တလပ်သွား၊ အားကစားရုံသွား၍ လေ့ကျင့်အစရှိသော အပန်းဖြေ အားကစားအလုပ်ကိုလည်း စွဲစွဲလမ်းလမ်းလုပ်လိုစိတ်၊ ယင်းဒွိ-စွဲလမ်းစိတ်များကို ရောကျိုရန် အချိန်ရှာရသည်လည်း မလွယ်ပြန်ပါ။ မည်သို့ဆိုစေ အလုပ်မအားသော ကျား-မ တို့သည် အချိန်ကို စီမံခန့်ခွဲခဲ့ရသည်မှာ နှစ်ချီ၍ ကြာမြင့်ခဲ့ပြီ။ အောင်မြင်သောစီးပွားရေး စွမ်းဆောင်ရှင် အမျိုးသားနှင့်အမျိုးသမီးတို့သည် ယင်းတို့ အောင်မြင်မှု၏ သားကောင်ဖြစ်ရန် မလိုပါ။ သူတို့သာ ဆန္ဒရှိလျှင် ကိုယ်ပိုင်ငွေကိုသော်လည်းကောင်း၊ ကိုယ်ပိုင်ဦးနှောက်ကိုသော်လည်းကောင်း သုံး၍ ဤသို့သောပြီးငွေ့ဖွယ် အကျပ်အတည်းမှ လွတ်မြောက်အောင် နည်းလမ်းများ ရှာနိုင်ပါသေးသည်။ လိုလျှင် ကြံဆ နည်းလမ်းရမည်မဟုတ်ပါလော။

တကယ်တမ်းမှာ မိသားစုကို ဂရုမစိုက်အားခြင်းသည် အလုပ်ကြောင့်ဟု ဆင်ခြေပေးစရာမလိုဟုဆိုလျှင် သင့်ကိုယ်ရည်ကိုယ်သွေး ကြောင့်ဟူ၍လည်း ဆင်ခြေ ပေးနိုင်မည်မဟုတ်ပေ။ မိမိကိုယ်ကို အလုပ်စွဲသူဟူ၍ သမုတ်လိုက်ရုံနှင့် အမှန်တရားကို ဖုံးကွယ်ထားနိုင်ပါ။ တစ်သမတ်တည်းဖြစ်စတမ်းဆိုလျှင် ဝင်ငွေရသည့် အလုပ်တွင် ကိုယ့်ကိုယ်ကိုယ် မြှုပ်နှံသကဲ့သို့ အိမ်မှုကိစ္စအဝဝတွင် သည်း အလားတူ တစ်တန်းတစ်စားတည်းထား၍ မြှုပ်နှံရမည်သာ ဖြစ်၏။ ထို့ကြောင့် ကိုယ်နှင့် မအပ်စပ်သော ကမ္ဘည်းကို ထိုးရန် ကြံစည်ပါနှင့်။

နေအိမ်ပြင်ပသို့ထွက်၍ အလုပ်လုပ်သူ ကျွန်ုပ်တို့သည် နေအိမ်သို့ပြန်ရောက်သည်နှင့် ပြင်ပလောကကြီးတစ်ခုလုံးကို ပိတ်ဆို့ပစ်လိုက်ရုံနှင့် မပြီးပါ။ မည်မျှဝင် ဆန္ဒရှိစေကာမူ တီဗီရှေ့တွင် ခြေထောက်တင်၍ တီဗီကိုပိတ်ချင်တိုင်း ပိတ်ပစ်၍လည်း မရပါ။

တစ်နေ့ကုန် အလုပ်ပင်ပန်း၍ဟု အကြောင်းပြလျက် မိသားစုနှင့် ပြောဆိုဆက်ဆံမှု၊ နီးစပ်ရင်းဝအိမ်မှုကိစ္စတာဝန်ရှယ်ယာ၊ ထို့အပြင် ကျွန်ုပ်၏မိသားစုနှင့် ပါဝင်ပတ်သက်မှုတို့မှ ကင်းလွတ်ခွင့်ယူ၍ မရပေ။ လုပ်ငန်းလောကမှ လူတို့သည်လည်း အလုပ်ခွင်မှ ခွာပြီးသို့မဟုတ် စာရွက်စာတမ်းများကို လှန်လှောဖွေရှာကြည့်ရှုပြီးပြီဆိုပါက သူတို့ အလုပ်ပြီးစီးသွားသကဲ့သို့ပြုမူလျှင် အကြီးအကျယ်မှားလိမ့်မည်။ တကယ်တမ်းမှာ ကျွန်ုပ်တို့သည် လုပ်ငန်းခွင်တွင် အဘက်ဘက်မှကြိုးပမ်းသကဲ့သို့ နေအိမ်ဘဝတွင်လည်း အစစအရာရာနှင့် ပတ်သက်၍ ကြိုးပမ်းရမည်သာဖြစ်၏။ နေအိမ်၌ ကြိုးပမ်းမှုသည် မှန်ကန်သောလုပ်ရပ်ဖြစ်ရုံသာမက တကယ်တမ်းပျော်ရွှင် ကျေနပ်စရာလည်း ကောင်းပါသည်။

**'မိသားစုမရှိလျှင် လူသည် လောကကြီးအလယ်၌ အထီးကျန်၍ အအေးဓာတ်နှင့်အတူ တုန်လှုပ်နေပါ၏။'**

**Andre Malraux**

**သင့်ကိုယ်ပိုင်ထင်ပေါ်ကျော်ကြားမှုကို အဟုတ်ကြီးမထင်ပါနှင့်။**

Big အမည်ရှိ ရုပ်ရှင်ထဲတွင် Josh သည် တစ်မှဟုတ်ချင်း ကြီးပြင်းလာပါစေဟု ဆုတောင်းသော ၁၃ နှစ်သားလေးဖြစ်၏။ ဆုတောင်းပြည့်သူ Josh သည် နောက်တစ်နေ့ နံနက်၌ အသက် ၃၀ ရွယ်အဖြစ် အိပ်ရာမှ ထတော့သည်။ ညတွင်းချင်း ကြီးပြင်းလာသည့်ဘဝကို မိခင်အား မည်သို့ပြောပြမည်နည်း။ Josh သည် အိမ်မှ ထွက်ခွာ၍ ကလေးကစားစရာအရုပ်ထုတ်လုပ်သည့် ကုမ္ပဏီတစ်ခုတွင် ဝင်ရောက် အလုပ် လုပ်တော့သည်။ ကုမ္ပဏီသူဌေးသည် Josh ကလေး မျက်စိနှင့် မြင်တတ်ပုံကို အလွန်သဘောကျသောကြောင့်

ရာထူးတိုးမြှင့်ပေးသည့်အပြင် သူ့ကို တစားစရာအရုပ်များ စစ်ဆေးရန်နှင့် တီထွင်ရန်တာဝန်ကိုပါ ပေးအပ်ခဲ့၏။ အသက် ၃၀ အသွင်သဏ္ဌာန်၏နောက်ကွယ်၌ ၁၃ နှစ်သားလေး Josh သည် ကလေးတို့အကြိုက်ကို ကောင်းကောင်းသိသူ ဖြစ်၏။ သို့တစေ အလုပ်လုပ်ရင်း သူစိတ်ဝင်စားမှုနှင့် ဦးစားပေးမှုများ တဖြည်းဖြည်း ပြောင်းလဲလာသည်။ Josh သည် သူ့အချစ်ဆုံးသူငယ်ချင်း Billy နှင့်တွေ့ရန် အချိန်မရနိုင်လောက်အောင် ဒီဇိုင်းသစ်များ တီထွင်ရင်း အလုပ်ရှုပ်နေ၏။ Billy ကမူ ရုံးခန်းထဲသို့ ဒုန်းစိုင်းဝင်ချလာပြီး ဖုန်းဆက်နေသည့် Josh ကို စကားဖြတ်ပြောလိုက်၏။ Josh သည် သူ့ကိစ္စ ငည်မျှအရေးကြီးကြောင်း အော်ပြောသော်လည်း Billy က ဟေ့ ထုတ်လား၊ ငါက မင်းရဲ့အချစ်ဆုံးသူငယ်ချင်းလေ၊ အဲဒါထက် ဘာ ထ ပိုအရေးကြီးဦးမှာလဲ ဟု ချေပလိုက်၏။

ကျွန်ုပ်တို့အများစုသည် အလုပ်ခွင်၌မိမိကိုယ်ကို VIP ပုဂ္ဂိုလ်များဟုအထင်ခံလိုကြသည်။ တကယ်တမ်းမှာ အတ္တအရေးကြီးမှုအစပြုကာ နောက်ဆုံးအောက်ခြေလွတ်သည်အထိ မှိုင်းမိမည့် အန္တရာယ် ဖြစ်လာနိုင်သည်။ သင်သည် အလုပ်တွင် မည်မျှအရေးပါ အရာရောက်သည်ဆိုစေ တစ်နေ့နေ့ တစ်ချိန်ချိန်တွင် သင့်နေရာ၌ တစ်စုံတစ်ယောက်က အစားထိုးဝင်ရောက်လာလိမ့်မည်။ ထို့ကြောင့် သင်သည် လုပ်ငန်းခွင်၌ မရှိမဖြစ်ဟု ကိုယ့်ကိုယ်ကိုယ် မလှည့်စားပါနှင့်။ ဤကိစ္စကို လက်ခံရန် မလွယ်သော်လည်း လုပ်ငန်းခွင်၌ အစ်မရှိလျှင်လည်း ဖြစ်ပါသည်။ နေအိမ်၌မူ သင့်ကလေးများအတွက် သင်သာ အဖ၊ သင်သာအမိ ဖြစ်ပါသည်။ ကလေးတို့သည် သင်နှင့် အတူတကွနေထိုင်ရန် တကယ်တမ်းလိုအပ်၍ ဆန္ဒလည်း ရှိပါသည်။ သူတို့က သင်၏ ချစ်မေတ္တာကို ခြွင်းချက်မဲ့ လိုချင်သည်။ သင်၏ တစ်ကြိမ်တစ်ခါ အမှားကိုလည်း သူတို့က ဂရုမစိုက်၊

စိတ်မဆိုးဘဲ ခွင့်လွှတ်ရန်အသင့် ဖြစ်၏။ ယနေ့သည် သူတို့အတွက် ပျော်ရွှင်ဖွယ်ဖြစ်လျှင် ယမန်နေ့က အာယာတများ မရှိတော့ပြီ။

Chris သည် သူ၏မိသားစုအတွက် ဝမ်းစာရှာဖွေရေးမှာ သူ၏ ပဓာနတာဝန်ကြီးဖြစ်ကြောင်း ခံယူထား၏။ ထို့ကြောင့်ပင် သူ့ကလေးများကို ချစ်သော်လည်း သူ့ရုံးခန်း၌သာ အချိန်ကုန်လေ့ရှိခြင်းဖြစ်သည်။ သူသည် နေအိမ်၌ရှိသည့်အခါတွင်ပင် သူ့စာရွက်စာတမ်းများနှင့်အလုပ်ရှုပ်နေတတ်သေး၏။ သူ့မိသားစုဘဝရှေ့ရေး ရတက်အေးရအောင် သူကလေးဘဝက မရရှိခဲ့သည်များကို ရရှိအောင် အလုပ်ကို ပင်ပင်ပန်းပန်း ကြိုးစားသည်။ ယခုအချိန်တွင် အားသွန်ခွန်စိုက် ကြိုးပမ်းလိုက်လျှင် အနားယူချိန်မတိုင်မီ အနားယူနိုင်ပြီး သူ့အင်အားစိုက်ထုတ်မှု ၏ အသီးအပွင့် တို့ကို ချိုမြိန်စွာ ဆွတ်ခူးနိုင်မည်ဟု တွက်ကိန်းချထား၏။ နောင်ရေးအတွက် စိတ်အေးရပြီဆိုသည့်အခါ သူ့ဇနီးမယား၊ သမီးသားနှင့် တစ်ချိန်လုံး အတူနေနိုင်မည်။

Chris သည် သူတို့နှင့်အတူနေချိန်နည်းကြောင်း မိသားစုက ညည်းညူသောအခါ Chris က ဓါမင်းတို့အတွက် လုပ်နေတာလေ ဟူ၍ ဓောဒကတက်ခဲ့သည်။ Chris ၏အမြင်တွင် သူ့ဇနီး Diane သည် လို-တ-ရ ဆိုသကဲ့သို့ အပူအပင်ကင်းမဲ့စွာ ပြည့်ပြည့်စုံစုံနေရသည်။ Diane ကမူ သူ့အရိပ်တကြည့်ကြည့်နှင့် အနီးတွင် ရှိနေစေချင်၍ လက်ထပ်ခဲ့သော သူ့ချစ်သူသည် သူ့အနီးတွင် မည်သည့်အခါမျှ မရှိ။ သူ့ချစ်လင်ကို ရင်တွင်းဖြစ်စကားများပြောပြချင်သော်လည်း ပြောခွင့်မကြုံ။ Diane ခမျာ သူ့ကို ဂရုမစိုက်၍ အထီးကျန်ခံစားနေရသည်။

ပထမတော့ Diane သည် အလုပ်ကိုချည်းဖိလုပ်နေသူ ခင်ပွန်းကို မကျေမနပ် ဖြစ်သည်။ သို့သော် သူသည် ခင်ပွန်းအတွက်

စိတ်ထိခိုက်ခံစားမှုကို လျှော့ချ၍ ခပ်ခွာခွာနေမှ ဖြစ်မည်ဟု ဖြည်းဖြည်းသဘောပေါက်လာ၏။ ထိုအခါ အချိန်ပြည့် မိခင်ဖြစ်အောင် ကိုယ်ရောစိတ်ပါ မြှုပ်နှံသည်။ ကိုယ်ပိုင်အပေါင်းအသင်းမိတ်ဆွေများ တစ်စတစ်စတိုးပွားအောင်လည်း ကြံဆောင်သည်။ Diane သည် ဤကဲ့သို့သော အစားထိုးလုပ်ငန်းများကို တရစပ်ပြုလုပ်၍ အာရုံပြောင်းသည့်အခါ အထီးကျန်မခံစားရတော့ဘဲ စိတ်သက်သာရာ ရခဲ့တော့၏။ ထိုနောက် ကလေးများ ကြီးပြင်းလာ၍ မှီခိုလက်လွတ်လာသောအခါ Diane သည် သူ့မိတ်ဆွေအပေါင်းအသင်းများနှင့် ကုသိုလ်ဖြစ်လုပ်ငန်းများတွင် ကိုယ်ဖိရင်ဖိ ဝင်ရောက်လုပ်ကိုင်တော့သည်။

Chris သည် သူ့တွက်ကိန်းအတိုင်း အသက် ၅၀ ပြည့်သည့်အခါ အလုပ်မှ အနားယူတော့သည်။ ပင်စင်လစာကောင်းစွာရသည်။ သူ့မိသားစုနှင့်အတူ ပျော်ပျော်နေနိုင်တော့မည် ထင်သည်။ သို့သော် သူ့စိတ်ကူးလေးများ လွင့်စဉ်သွားပြန်သည်။ ထိုအချိန်၌ သူ့ကလေးအားလုံး အိမ်တွင် မရှိတော့ပြီ။ တစ်နယ်ရပ်ခြားသွား၍ ကိုယ့်ဝမ်းကိုယ်ကျောင်းနေကြပြီ။ အနေစိမ်းခဲ့၍လော မပြောတတ်၊ သူတို့အလည်လာသည့်အခါ၌ပင် တစ်ယောက်နှင့်တစ်ယောက် ပြောစရာစကားမရှိသလောက်ပင် ကြောင်အမ်းအမ်း ဖြစ်နေကြသေးသည်။ ထို့အပြင် ဇနီးသည် Diane သည်ပင် ခင်ပွန်း၏နံဘေးတွင် တစ်ချိန်တုန်းက အချိန်ပြည့်ရှိခဲ့သော်လည်း ယခုအခါတွင်မူ အမြဲအစေ အပြင်ထွက်၍ သူ့အလုပ်နှင့်သူ အလုပ်ရှုပ်ကာ ခပ်စိမ်းစိမ်းဖြစ်နေပြန်သည်။ Chris ယူခဲ့သည့်မိန်းမသည် ဤအမျိုးသမီးမှ ဟုတ်ပါလေစ။ သူသည် ပကတိသူစိမ်းတစ်ဦးပမာ ဖြစ်နေ၏။ Chris ငြီးငွေ့သည်လေပြီ။ ယခုအခါ အထီးကျန်ခံစားရသူသည် Diane မဟုတ်တော့ပါ။ Chris တစ်ယောက် နှစ်ရှည်လများ အကြံအကျယ်

ကြီးပြမ်းမျှော်လင့်တောင့်တခဲ့သည်များ မည်သို့ဖြစ်ကုန်ပြီနည်း။

Beethoven အမည်ရှိ ရုပ်ရှင်ကားထဲ၌ George နှင့်သူ့ဇနီး Alice တို့သည် Geoge ၏ အလုပ်ကို နှောင့်ယှက်ဖျက်ဆီးသော အိမ်မွေးခွေးကလေးနှင့် ပတ်သက်၍ စကားများကြသည်။ George သည် ငါ့အိပ်မက်တွေ ဖျက်စီးကုန်ပြီ၊ ဒါတောင် မင်းက မင်းခွေး အတွက် စိတ်ပူတယ်လား ဟုဆို၏။ ထိုအခါ Alice က ဒါဟာ ရှင့်မိသားစု ဖျက်စီးသွားတာ၊ ရှင်က ရှင့်အိပ်မက်ကလေးအတွက် ပူတယ်လားဟု စကားနာထိုးလိုက်သည်။ တကယ်တမ်းမှာ သင်က သာ အလုပ်ကို ဤသို့ရှေ့တန်းတင် လုပ်နေခြင်းဖြစ်သည်။ သင့်ကလေးတို့၏ စိတ်ထဲ၌ ယင်းကို မည်သည့်နည်းနှင့်မျှ ဦးစားပေး နိုင်မည် မဟုတ်ပါ။ အကယ်၍ သူတို့ ၁၃ နှစ်မကျော်သေးလျှင် ကမ္ဘာလောကကြီး၌ သင်သည် အကောင်းဆုံးမိဘဟူ၍ စွဲထင်ပြီး ဖြစ်သည်။ သင့်တွင် အန္တရာယ်တစ်ခုခုကျရောက်မည်ဆိုလျှင် သူတို့၏ ကမ္ဘာလောကကြီးတစ်ခုလုံး ကြေဝဠာတံတိုင်းအပြင်ဘက် သို့ လွင့်ထွက်သွားလိမ့်မည်။ သို့သော် အကယ်၍ သူတို့ ၁၃ နှစ် ကျော်လျှင်မူ သင့်လုပ်ငန်းခွင်၌ သင် မည်သည်ကို ပြုလုပ်သည်ဖြစ် စေ သူတို့ကတော့ သင့်ကို အထင်ကြီးမည်မဟုတ်ပါ။ သင်သည် **သူတို့အတွက်** မည်သည်ကို လုပ်ပေးသည်ဆိုခြင်းက ယင်းထက် များစွာပို၍ အရေးကြီးသည်။ သင်အလုပ် လုပ်ရသည်ကို သူတို့ နားလည်ပါသည်။ သို့သော် သူတို့ တကယ်စိတ်ဝင်စားသည်မှာ သင်၏ အချိန်ပင်ဖြစ်၏။ သင်သည် ထင်ပေါ်ကျော်ကြားသူတစ်ဦး ဖြစ်နေသလား။ လူထုက သင့်ကို မည်သို့မြင်သနည်း။ သင့်ရာထူး မည်မျှကြီးသည် သို့မဟုတ်လစာ အိတ်ကြီး မည်မျှဖောင်းသည်ကို သူတို့ ဂရုမစိုက်ပေ။ သူတို့ဂရုအစိုက်ဆုံးသည် သူတို့၏ အဖေ-အမေပင်ဖြစ်၏။ ထို့ကြောင့် အချိန်မနှောင်းမီ သူတို့အတွက် အချိန်ပေးပါ။

**‘နာရီပေါင်းများစွာ အလုပ်လုပ်သည့်အကျင့်ကြီး စွဲသွားပါစေနှင့်။ ယင်းအကျင့်ပါမိလျှင် ကောင်းကျိုးထက် ဆိုးကျိုးသာ အဖတ်တင်လိမ့်မည်။’**

The Sunday Telegraph

**‘အရည်အသွေးကောင်းသော အချိန်’ဟု ဆိုရာတွင် ‘အရေအတွက်များသောအချိန်’ လည်း အကျုံးဝင်သည်။**

၁၉၈၀ ပြည့်နှစ်တစ်ဝိုက်၌ အမေရိကန်ပြည်ထောင်စုရှိ လူငယ်တစ်စုသည် သူတို့လိုက်နာသည့် လူငယ်ယဉ်ကျေးမှုစံအရ ခေတ်သုံးစကားများ တီထွင်သုံးစွဲကြရာ ဗို-တေ ယား (Yah)၊ **အရည်အသွေးကောင်းတဲ့အချိန်(Quality Time)ကို** အတူတကွ သုံးစွဲရအောင် အစရှိသည်တို့ ရေပန်းစားလာခဲ့၏။ ထိုအယူအဆ ပြန့်ပွားမှုကြောင့် ကလေးတို့နှင့်အတူ အချိန်ကြာရှည်စွာရှိနေရန် ထက်၊ ယင်းအချိန်ကာလထက် **အချိန်၏ အရည်အသွေးကောင်းမှုက** ပဓာနကျသည်ဟု ထင်စမှတ်ပြုလာကြသည်။ မြို့ကြီး ပြကြီးများရှိ အရာရှိအရာခံကြီးများသည် သူတို့၏ ကလေးများအတွက် ပေးနိုင်သည့် အချိန်တိုလေးကို မိဘတို့ဝတ္တရားအတိုင်း အကောင်းဆုံးဖြစ်အောင် အပြင်းအထန် စီမံပေးကြလေသည်။ သို့သော် အရည်အသွေးကောင်းသော အချိန်ဟု ဆိုသော်လည်း ကလေးတို့လိုအပ်သလောက် အချိန်ကြာကြာမပေးနိုင်၍ ယင်းသည် အနှစ်သာရမပါသော ထွင်လုံးမျှသာ ဖြစ်ပါသည်။

ကလေးအတွက် သင်က ပေးသော အချိန်၏ အရည်အသွေးကောင်းမှု ရှိမရှိ အပြတ်သားဆုံး တိုင်းတာနည်းတစ်ရပ်သည် ထိုအချိန်ကာလရှည်ကြာမှု ရှိ မရှိ စစ်ဆေးကြည့်ရန် ဖြစ်၏။ ယင်းသည် အမှန်တကယ် အဓိပ္ပာယ်ရှိပါသည်။ အားလုံးခြုံကြည့်လျှင် သင် တစ်စုံတစ်ယောက်ကို ချစ်ခင်သည့်အခါ သင့်ချစ်သူအနီးတွင်သာ

အချိန်ကုန်ချင်သည် မဟုတ်ပါလော။ သို့ဖြစ်ရာ ကလေးတွေအတွက်
အချိန်မပေးနိုင်သည့်အခါ သင်သည် သူတို့ကို တကယ်မချစ်၍သာ
သူတို့အနီး၌ သင်မရှိဟု ထင်မည်။ သူတို့ကို မည်သို့ပြောပြော၊ မည်မျှ
လက်ဆောင်ပေးပေး သူတို့၏စိတ်ထဲတွင် တစ်စုံတစ်ခုကို အရေး
တကြီး လိုအပ်နေသေးသည်။ သင့်သားသမီးများ အလိုရှိသည်မှာ
သင့်လက်ဆောင်များမဟုတ်။ သင့်ကို သူတို့အနီးတွင် ရှိစေလိုခြင်း
ဖြစ်ပါ၏။ သို့တစေ သတိထားစရာအချက်တစ်ချက်မှာ သူတို့၏အနီး
တွင် သင်မည်မျှကြာရှည်စွာရှိစေကာမူ သူတို့ကို တကယ်လိုလား
မရှိဟု ထင်လျှင်လည်း အကျိုးထူးမည်မဟုတ်ကြောင်း ဖြစ်ပါသည်
သူတို့ကို တကယ်ဂရုမစိုက်ဟူ၍သာ ခံစားကြလိမ့်ဦးမည်။

တစ်စုံတစ်ယောက်က သင့်ကို နေကောင်းရဲ့လားဟု
နှုတ်ခွန်းဆက်သည့်အခါ ဟုတ်ကဲ့၊ နေကောင်းပါတယ်၊ ကျေးဇူး
တင်ပါတယ် ဟူ၍ သမားရိုးကျ ပြန်ဖြေမည်ဖြစ်၏။ တကယ်ဟုတ်
သည်၊ မဟုတ်သည်ကို အပထား၍ ဤသို့အပေါ်ယံဖြေလျက် ကိုယ့်
အတွင်းရေး ပြဿနာအခက်အခဲနှင့် ခံစားမှုတွေကို အလွယ်တကူ
ထုတ်ဖော်ပြောဆိုမည် မဟုတ်ပေ။ ကလေးတို့ကမူ ဤသို့မဟုတ်
သူတို့မိဘသာ အနီးတွင်ရှိလျှင် သူတို့အတွက် အရေးအကြီးဆုံး
မေးခွန်းများနှင့် အနက်ရှိုင်းဆုံးကိစ္စတွေကို မကွယ်မဝှက် ထုတ်ဖော်
မေးမြန်းကြမည်သာ ဖြစ်၏။ တစ်ခါတစ်ရံ မအပ်မရာအချိန်တွေမှာ
ထူးထူးဆန်းဆန်းမေးတတ်ကြသေးသည်။

အရည်အသွေးကောင်းသော အချိန်အဖြစ် သတ်မှတ်ထား
သောအချိန်တိုအတွင်း ကလေးကို ကိုယ့်ရှေ့၌ ထိုင်ခိုင်းကာ အရေး
တကြီး ပြောဆိုစရာများကို ပြောခိုင်း၍ ရမည်မဟုတ်ပါ။ မီးဖိုပြင်ရင်း
ရေချိုးရင်း ဒါမှမဟုတ် တီဗီကြည့်ရင်းဆိုသကဲ့သို့ သင်မမျှော်လင့်
သော အရေးကြီးကိစ္စမျိုးစုံကို သူတို့မကြာခဏ ပြောလာလိမ့်မည်
သင်အိမ်၌ မီးဖိုပြင် သို့မဟုတ် အကျီချုပ်၍ ပြီးခါနီးအချိန်မှ သ

ကလေးသည် သူတို့ကျောင်း၌ ယခင်အပတ်က မည်သည့်ကိစ္စများ ပေါ်ပေါက်ခဲ့သည်။ သူတို့ဘဝတွင် မည်သို့ဖြစ်ချင်သည်။ ကျောင်းသားကြီးတွေ မည်သို့ဆေးလိပ်ခိုးသောက်သည် စသဖြင့် ပြောမည်။ အချိန်အတန်ကြာ အရင်းအနှီးစိုက်ထုတ်နိုင်သော မိဘတို့သည် ဤသို့သောအခါ၌ သားသမီးတို့နှင့် အရည်အသွေးကောင်းသော စကားများကို အပြန်အလှန် တရင်းတနှီးပြောဆိုခွင့်ရကြတော့သည်။

ကျွန်ုပ်သည် ကျွန်ုပ်၏ကလေးတွေနှင့် အလုပ်အကိုင်၊ နိုင်ငံ၊ လူမျိုး ဘာသာရေးကိုးကွယ်မှုများ၊ ချစ်ခြင်းမေတ္တာ၊ အောင်မြင်ခြင်း၊ ရှုံးနိမ့်ခြင်း၊ တရားမျှတမှု၊ ရိုးသားဖြောင့်မတ်မှု၊ သစ္စာရှိမှု၊ အချင်းချင်းသည့်ပတ်မှု၊ ကျေးဇူးသိမှု၊ လူအချင်းချင်းဆက်ဆံမှု၊ ငွေကြေးကိစ္စ စသဖြင့် မြောက်မြားစွာသော အကြောင်းအရာများနှင့်စပ်လျဉ်း၍ အကောင်းဆုံးစကားလက်ဆုံကျကြသည်။ ကလေးတို့အနီးတွင် သင်ရှိနေသည်ဆိုကတည်းက သင်တို့နဲ့အတူ ကျွန်ုပ် ရှိနေတာ ပျော်ပါတယ်။ သင်တို့ ဒီမှာရှိတာ ဝမ်းသာပါတယ်'ဟူ၍ မပြောရုံတမည်သာရှိမည်။ ဤသို့သောအခါတွင် သူတို့ကလည်း အတွင်းကျကျ ပြဿနာများ၊ ကိုယ်ရေးကိုယ်တာကိစ္စများကို တရင်းတနှီး ပြောရဲဆိုရဲဖြစ်မည်။

တကယ်တမ်းမှာ ဘဝ၏ မည်သည့်နယ်ပယ်တွင်မဆို အရေအတွက်အားဖြင့် ကြာမြင့်သောကာလကို အခြေခံရင်းနှီးမြှုပ်နှံပြီးမှ အရည်အသွေးကောင်းသော အချိန်ကို ရပါလိမ့်မည်။ ပန်းဥယျာဉ်စိုက်ပျိုးမှုကို ကြည့်ပါ။ လှပသော ပန်းခြံတစ်ခု ပြုစုပျိုးထောင်ရေးအတွက် အချိန်ယူသည်။ ခွန်အားစိုက်ထုတ်ရသည်။ ပျိုးခင်းကိုပြုဆွရသည်။ ပျိုးကြဲရသည်။ ပေါင်းသင်ရသည်။ မြက်ညှိရသည်။ ရေလောင်းရသည်။ ပျိုးပင်များကို နေရာတကျစိုက်၍ မြေတောင်မြှောက်ရသည်။ ခြံစည်းရိုးညှိရသည်။ အပင်များကို ဖြတ်တန်ဖြတ်ရ

သေးသည်။ ဤကိစ္စများအတွက် လူငှားရမ်းလုပ်ကိုင်၍လည်း ဖြစ်ပါသည်။ မည်သို့ပင်ရှိစေ ရက္ခဗေဒဥယျာဉ်တစ်ခု ဖြစ်ထွန်းရေးအတွက် ဖြတ်လမ်းမရှိပေ။ အချိန်ကို အရင်းအနှီးမပြုလျှင် မည်သည့်အခါမျှ အနုဆန်မြင့်ဥယျာဉ်တစ်ခု ဖြစ်ပေါ် မလာနိုင်ပါ။ သင့်အိမ်ရှေ့သို့မဟုတ် အိမ်နောက်တွင် တော ဖြစ်နေလျှင် ဂရုတစိုက်ပြုစုမထားသော ဥယျာဉ်ကိုသာ မြင်ရလိမ့်မည်။

သားသမီးပြုစုပျိုးထောင်ခြင်းသည် ဥယျာဉ်စိုက်ပျိုးခြင်းထက်ပင် လက်ဝင်၍ အချိန်ကုန်သေးသည်။ ထို့အပြင် ဥယျာဉ်နှင့် မတူသည်မှာ ကလေးတို့သည် သူတို့ကို မည်သူက ပြုစုစောင့်ရှောက်ကြောင်း ကြေးများသေးသည်။ အလုပ်လုပ်သော မိဘ၊ အထူးသဖြင့် မိခင်တစ်ဦးတည်း သို့မဟုတ် ဖခင်တစ်ဦးတည်းက ကြည့်ရှုရသော ကလေးများအတွက် နေ့ကလေးထိန်းကျောင်းများနှင့် ရင်ခွင်ပိုက်ပြုစုပျိုးထောင်မှုဌာနများသည် မရှိမဖြစ်လိုအပ်၏။ ယင်းတို့သည် မိဘတို့ မအားလပ်သောအချိန်၌ ကလေးကို ထိန်းကျောင်းပေးနိုင်သော်လည်း မိဘနှင့် ကလေးတို့ အတူနေရမည့်အချိန်များအတွက်မူ မည်သို့မျှ အစားထိုးပေးနိုင်မည်မဟုတ်ပေ။ ထို့ကြောင့် မိဘအနေဖြင့် ဤသို့ ကလေးပြုစုစောင့်ရှောက်ရေးဌာနသို့ ပို့ရုံကြီးစုံမျှဖြင့် ဝတ္တရားကျေပြီ မယူဆနိုင်ပါ။ မိဘနှင့် ထိတွေ့ချိန်ပိုအောင် ကြိုးပမ်းရပါလိမ့်ဦးမည်။

**'ကျွန်ုပ်ဇော်းစားမိသည်ကို ပြောရမည်ဆိုလျှင် ဖခင်တစ်ဦးအတွက် အရေးအကြီးဆုံးအချက်သည် 'ကလေးတို့၏ အနီးတွင်ရှိခြင်း'ပင် ဖြစ်ပါသည်။'**

Michael Rosen, Goodies & Daddies

အချိန်ရှိအောင်တဖြည်းဖြည်းစနစ်ဖြည့်ဆည်းစွာကျင့်သုံးပါ။
ကျွန်ုပ်တို့၏ ကလေးများသည် ကျွန်ုပ်တို့၏ အချိန်ပေးမှုကို လိုလားတောင့်တ၏။ ယင်းကိစ္စသည် ကျွန်ုပ်တို့အတွက် အရေးကြီးသည်ဆိုလျှင် ကျွန်ုပ်တို့သည် သူတို့အတွက် အချိန်ပေးရပေမည်။ အချိန်ပေးနိုင်၍မည်သို့အကြောင်းပြသည်ဖြစ်စေ၊ အမှန်တရားကိုဖုံးကွယ်ထား၍ မရနိုင်ပါ။ ကလေးတို့ကို ဂရုစိုက်ရန် မည်မျှအရေးကြီးကြောင်း ကျွန်ုပ်တို့ မကြာခဏသတိလစ်တတ်သည်မှာ ပြဿနာဖြစ်၏။

ကလေးတို့အတွက် အချိန်ပေးရေးကိစ္စကို ဦးစားပေးစာရင်းထဲ၌ မထည့်သွင်းမိခြင်းသည် အမိကအားဖြင့် သူတို့က ကျွန်ုပ်တို့ကိုလည်းမှုအလိုရှိကြောင်း သတိထားမိလောက်အောင် အတူနေချိန်မရှိ၍ ဖြစ်ပါသည်။ ထို့အပြင် ဤကိစ္စသည် ဦးစားပေး စာရင်းအောက်သို့ ရောက်နေ၍ ကျွန်ုပ်တို့၏ ဦးစားပေးမှုပြောင်းလဲရန် လိုအပ်ကြောင်း သိရှိဖို့အချိန်လည်း မရှိခဲ့ပေ။ သို့သော် သိသည့်အချိန်တွင်မူ အလွန် နောက်ကျမည်သာ ဖြစ်တော့၏။

ဤအရာအားလုံးကို သိနားလည်ခြင်းသည် တစ်ကိစ္စ။ သို့သော် တကယ်လက်တွေ့လိုက်နာ၍ အချိန်ရှိအောင်ရှာကြံခြင်းသည် တစ်ကိစ္စ ဖြစ်၏။ ယင်းသည် အားကစားလိုက်စားမှုကဲ့သို့ ဖြစ်ပါသည်။ ကျွန်ုပ်တို့အားလုံးသည် အားအင်ပြည့်ဖြိုး၍ ရောဂါကင်းစင်ကျန်းမာချင်သည်။ သို့တစေ ကျွန်ုပ်တို့အများစုသည် ပုံပျက်ပန်းပျက်ဖြစ်သည်အထိ နေထိုင်စားသောက်သောအကျင့်သည် အမြဲစွဲ၍ ယင်းကို ပြည်သည့်အခါမျှ မဖျောက်နိုင်ပေ။ အမှိုရှင်းဆုံး အကြောင်းရင်းတစ်ခုသည် ကျန်းမာရေးလေ့ကျင့်လိုက်စားဖို့ နေ့စဉ် နံနက်တိုင်း နာရီ အိပ်ရာမှ ထရန် မည်သည့်အခါမျှ ဝါယမစိုက်ထုတ်မှုမရှိခြင်း ဖြစ်ပါသည်။

ရောဂါကျသော နွားများမှ နွားရူးရောဂါကူးစက်မည်စိုး၍ အသားရောင်းသူ ကျွန်ုပ်တို့ဗြိတိသျှလူမျိုးတို့သည် တကယ်တမ်းမှာ

နွားရူးရောဂါ(Mad Cow Disease) ကူးစက်မည်စိုးရိမ်ရခြင်းထက် တီဗီထိုင်ကြည့်လွန်းသောရောဂါ (Mad Couch Disease) ဖြစ်မည်ကို ပို၍စိုးရိမ်ရမည်ကဲ့သို့ဖြစ်နေသည်ဟု ဆရာဝန်တစ်ဦးက သတိပေးခဲ့၏။ ထိုဆရာဝန်သည် ကျွန်ုပ်တို့ အမဲသားစား၍ ရောဂါရမည်ထက် တီဗီရှေ့၌ ထိုင်ပြီး အားကစားပြိုင်ပွဲများ ကြည့်ရလွန်း၍ ရောဂါရလမ်းက ပိုများလိမ့်မည် ဆိုသည်။ တီဗီမှ ထုတ်လွှင့်သော အားကစားပြိုင်ပွဲတို့ကို ထိုင်၍ ကြည့်ရှုခြင်းသည် အလွန်လူကြိုက်များသော သို့သော် ကျန်းမာရေးအန္တရာယ်ကြီးမားသော အားကစား အားပေးမှုဖြစ်၏။ အခြားသူတို့အားကစားသည်ကို အချိန်အတော မသတ်နိုင်အောင် ကြည့်ရှုအားပေးကြသည်မှာ ကိုယ်တိုင်လေ့ကျင့် ခန်းယူမည့်အစား အခြားသူတို့၏ လေ့ကျင့်ပုံကို စောင့်ကြည့်နေကြ ခြင်းဖြစ်၏။ အထူးသဖြင့် တီဗီဘောလုံးပွဲနှင့် ပတ်သက်၍ ပြော စမှတ်ပြုကြသည်မှာ မှန်သည်။ ကာယလှုပ်ရှားမှုပြုရန် လိုအပ် နှစ်သောင်းနှစ်ထောင်သော ပရိသတ်တို့က အနားယူရန် လိုအပ် ၂၂ ဦးကို စောင့်ကြည့်ခြင်း ဖြစ်သည်။

သို့သော် ကျွန်ုပ်တို့အများစုသည်လည်း ဖော်ပြပါအားကစား ကြည့်ပရိသတ်ကဲ့သို့ပင် ကျွန်ုပ်တို့ရင်သွေးများ၏ဘဝ၌ ပွဲကြည့် ပရိသတ်မျှသာ ဖြစ်နေ၏။ ကျွန်ုပ်တို့သည် အားကစားလေ့ကျင့် အတွက် ကိုယ်ရောစိတ်ပါ မြှုပ်နှံ၍ စည်းကမ်းရှိရှိ ကြိုးပမ်းအားထုတ် ဖို့ လိုအပ်သကဲ့သို့ မိသားစုအတွက်လည်း ကိုယ်ရောစိတ်ပါမြှုပ်နှံ အချိန်ပေးဖို့ ကြိုးပမ်းသင့်ပါသည်။ သို့တစေ ကျွန်ုပ်တို့၏ ရည် ချက်များ မိုးလောက်မြင့်မားသောကြောင့် မိသားစုအတွက် စိ တိုင်း အချိန်မပေးနိုင်ခဲ့ကြပါ။ ကျန်းမာရေးအတွက် တစ်မနက် မိုင်ဝက်ခန့် မာရသွန်ပြေးမည်ဟု မကြိမ်းဝါးသင့်သကဲ့သို့ သင့် စတိုင်ကိုလည်း ညတွင်းချင်းပြောင်းဖြစ်မည်ဟု ကြွားလုံးထုတ် မလိုပါ။ ကနဦး၌ တစ်မုဟုတ်ချင်း တက်ကြွမှုများသည် ရေရှည်

အလုပ် မဖြစ်တတ်ပါ။ မိသားစုအတွက် အချိန်ပေးရေးဖြစ်စေ၊ ကျန်းမာကြံ့ခိုင်ရေးအတွက်ဖြစ်စေ တဖြည်းဖြည်း စည်းစနစ်တကျ ကြံဆောင်မှသာ အကျိုးထူးပါလိမ့်မည်။

တကယ်မဖြစ်နိုင်သည်ကို တစ်မုဟုတ်ချင်း အကုန်လုံးပြောင်း ဖြစ်မည်ဆိုခြင်းထက် ဖြစ်နိုင်သည်ကို တဖြည်းဖြည်း စတင်နိုင်ပါသည်။ အပြေးမသင်မီ လမ်းလျှောက်တတ်ရန် ဦးစွာ သင်သင့်ပါသည်။ အောင်မြင်သောစီးပွားရေးစွမ်းဆောင်ရှင်အားလုံး သိပြီးဖြစ်သကဲ့သို့ ရည်မှန်းချက်ပန်းတိုင်များသည် အဓိပ္ပာယ်ရှိ၍ လက်လှမ်းမီ ရပေမည်။ အလုပ်ကို နေ့စဉ် နှစ်နာရီစောဆင်း၍ အိမ်ပြန်ရန် ကြံစည်ခြင်းထက် တစ်ပတ်လျှင် နှစ်ကြိမ်မျှ ကလေးတို့ကို အိပ်ရာဝင် ပုံပြင်ပြောချိန်အမီ အလုပ်မှ နာရီဝက်စောဆင်းမည်ဟု ဆုံးဖြတ်ခြင်းက ပို၍လက်တွေ့ ဆန်ပါသည်။

ညစဉ် အပြင်မထွက်ဘဲ အိမ်တွင် ကလေးတွေနှင့် အတူနေမည်၊ အပတ်စဉ် နားရက်များ၌လည်း ကလေးတွေနှင့်အတူ ရှိနေမည်ဟု ကတိပြုမည့်အစား တစ်ပတ်လျှင်တစ်ကြိမ် သို့မဟုတ် တစ်လတွင် အားလပ်ရက်တစ်ကြိမ်ဆိုသကဲ့သို့ မိသားစုအတွက် ပြင်ပအနှောင့်အယှက်လုံးဝကင်းသည့် အချိန်မျိုးကို ပေးနိုင်ပါသည်။ ဤသည်မှာ ကိုယ်နိုင်သလောက်က စတင်၍ မပျက်မကွက်ထိပ်တန်း ဦးစားပေးဆောင်ရွက်ခြင်းဖြစ်မည်။ အလုပ်ခွင်၌ ရည်မှန်းချက် ချမှတ်ထားရှိ ဆောင်ရွက်သကဲ့သို့ အိမ်၌လည်း သင့်ရည်မှန်းချက် အောင်မြင်အောင် ဆောင်ရွက်ပါလေ။

လက်တွေ့မကျသော ရည်မှန်းချက်များကို စိုးရွံ့ကာ နေ့ရွှေ့ ညရွှေ့ မလုပ်ပါနှင့်။ နက်ဖြန်ခါဟူသည် မည်သည့်အခါမျှ မရှိပါ။ ထို့ကြောင့် သင် မည်သည်ကိုပြုသည်ဖြစ်စေ၊ မည်သို့ပြုလုပ်သည် ဖြစ်စေ ကလေးတို့အတွက် ယနေ့မှစ၍ပင် အချိန်ပေးပါ။ ကျွန်ုပ်သည် မိသားစုအတွက် ကြိုတင်အချိန်သတ်မှတ်ခွဲဝေပေး၍ အခြား

လုပ်ငန်းကိစ္စအဝဝကို အလျဉ်းသင့်သကဲ့သို့ စီစဉ်သွားနိုင်ကြောင်း တဖြည်းဖြည်းသိလာသည်။ ဤသို့ဖြင့် မိသားစုနှင့်အတူ ညစာစားနိုင်ကာ ကျောင်းပိတ်ရက်နှင့် အခြားအားလပ်ရက်များစွာတို့တွင် အတူတကွ အပန်းဖြေနိုင်တော့သည်။ ကျွန်ုပ်တို့မိသားစုနှင့် မည်သည်ကိုပြုလုပ်သည်ဆိုခြင်းက ဤမျှ အရေးမကြီး။ မိသားစုနှင့် အတူတကွ ပြုလုပ်ခြင်းက ပို၍အရေးကြီးကြောင်း ကျွန်ုပ်သိပါပြီ။

မိသားတစ်စုလုံးနှင့်သာမက သားသမီးတစ်ဦးချင်းနှင့်လည်း အတူနေချိန်ပေးရဦးမည်။ ကျွန်ုပ်၏ ကလေးတွေကို အိမ်နှင့်အနီးဆုံး မက်ဒေါ်နယ်ဆိုင်သို့ခေါ်၍ စနေနေ့တိုင်း နံနက်စာကျွေးလေ့ရှိပါသည်။ ယင်းဆိုင်သည် ဈေးလည်း သက်သာသည်။ ကျွန်ုပ်တို့သည်လည်း အတူတကွ စားရင်းသောက်ရင်း လွတ်လွတ်လပ်လပ် စကားတွေပြောကြ၊ ကျီစယ်ကြ၊ ရယ်မောကြနှင့် အတော်ပျော်စရာကောင်းပါသည်။ ကျွန်ုပ်သည် တစ်ခါတလေ သမီးတစ်ယောက်ကိုချိန်း၍ နှစ်ယောက်တည်း စားသောက်ဆိုင်တစ်ဆိုင်သို့ သွားစားသည်။ သို့မဟုတ် သားတစ်ယောက်ယောက်ကိုခေါ်၍ နှစ်ဦးသားဘောလုံးပွဲ သွားကြည့်ကြသည်။ တကယ့် ပိုတယ်ကြီးတစ်ခုခုကို သွား၍ငွေကုန်ကြေးကျ ခံစရာ မလိုပါ။ အချိန်ပေးလျှင် ဖြစ်ပါသည်။ ကလေးတို့၏ စိတ်ထဲတွင် အချိန်သည် ချစ်မေတ္တာ၏သာဓကပင် ဖြစ်၏။ ရယ်စရာကောင်းသည့်အချက်မှာ သင်သည် အစပထမ၌ အချိန်ပေးရန် ဝန်လေးသော်လည်း တကယ်ကလေးတွေနှင့် အတူနေပြီးချိန်တွင် သူတို့ထက်ပင် ပျော်ရွှင်လာလိမ့်ဦးမည်။

**ကျွန်ုပ်တို့ ညီအစ်ကိုနှစ်ယောက်အတွက် ဖခင်သည် အမြဲတမ်းအနီးတွင် မားမားမတ်မတ် ရှိ၏။ ကျွန်ုပ်သည်လည်း၊ ကျွန်ုပ်၏ဖခင်ကဲ့သို့ ကျွန်ုပ်သားသမီးတွေက**

သတိရနေမည့် ဖခင်မျိုး ဖြစ်ချင်သည်။ ဖခင်ဖြစ်ရခြင်း
သည် ကျွန်ုပ်၏ဘဝတွင် အရေးကြီးဆုံးကိစ္စဖြစ်၏။'
Kevin Costner

**မိသားစုဆိုသည် တစ်အိမ်တည်းအတူနေဖော်များဖြစ်ခြင်းထက် အဆပေါင်းများစွာပိုပါသည်။**

မေး ။ မိသားစုတစ်စု ဆိုတာ တစ်အိမ်တည်း အတူနေအဖော် တစ်စု နဲ့ ဘယ်လို ခြားနားသလဲ။

ဖြေ ။ မိသားစုဆိုတာ တစ်ဦးနှင့်တစ်ဦး အမျိုးတော်စပ်ပြီး ပြုစုစောင့်ရှောက်ဖို့ တာဝန်ခံတာနဲ့ အဲဒါအတွက် ချစ်သက်သေထူဖို့ အချိန်ကုန်ခံတာ ဖြစ်တယ်။

Gregory's Girl ဟူသော ရုပ်ရှင်တွင် Gregory သည် ဂလစ်စဂိုမြို့ရှိ ဆူပေါင်းအိမ်ရာတစ်နေရာတွင် ကြီးပြင်းလာသူ ၁၇ နှစ်ရွယ် လူငယ်တစ်ဦးဖြစ်၏။ သူ တကယ်တမ်း စိတ်ဝင်စားသည်မှာ ဘောလုံးကန်ခြင်းနှင့် မိန်းကလေးမိတ်ဆွေများပင် ဖြစ်၏။ တစ်နေ့ သူ ကျောင်းသို့ အသွား ဖခင်၏ ကားနှင့်တိုက်လုနီးပါး ဖြစ်ခဲ့၏။ ယင်း တဒင်္ဂပဟာန် အချိန်လေးတွင် မိသားစုသတင်းလေးကို ကြားခွင့် ကြုံခဲ့သည်။ သူ့ဖခင်သည် မင်းမေမေကို မှတ်မိတယ်မဟုတ်လား။ သူက ကောင်းနေထိုင်ကောင်းရဲ့လား၊ ဘယ်လိုနေလဲလို့ မေးနေတယ်၊ ဒီတော့ ဖေဖေက အရင်ကြာသပတေးနေ့ကတော့ မင်းကို ခန်းမကြီးထဲမှာ မြင်သွားတာ တွေ့လိုက်သေးတယ်လို့ ပြောလိုက်ပါတယ်ဟု တောဆလိုက်သည်။ နောက်ဆုံးတော့ Gregory နှင့် သူ့ဖခင်တို့ရှေ့ အပတ်ထဲတွင် နံနက်စာအတူစားဖို့ ချိန်းဆိုချက်များ ပြုလုပ်ကြသည်။

Gregory သည် မိဘများနှင့် တစ်အိမ်တည်း အတူနေသည်။ ဖော်ပြပါဇာတ်လမ်းသည် ဟာသရုပ်ရှင်ဇာတ်လမ်းသာဖြစ်သည်။ တကယ့်ဘဝတွင် ထိုမျှ ဇာတ်မဆန်သော်လည်း

အလားတူအခြေအနေတို့ကို သန်းပေါင်းများစွာသော မိသားစုများ၌ တွေ့ရ၏။ ကွာခြားချက်တစ်ရပ်မှာ ဟာသမဖြစ်- ကြေကွဲဖွယ်ရာသာ ဖြစ်၏။

သင့်ကလေးများနှင့်အတူနေချိန် ရှိသည့်အခါ သူတို့အတွက် မိသားစုအမှတ်တရအတွေ့အကြုံများ ဖန်တီးပေးနိုင်သည်။ နောင် ကလေးများ ကြီးပြင်းလာသည့်အခါ စိတ်လုံခြုံမှုနှင့် တည်ငြိမ်မှုမှ မရှိဆိုသည်ကို ထိုအမှတ်တရလေးများက ကြီးမားစွာ လွှမ်းမိုးနေ၏။ မိသားစုက ကိုယ့်ကိုချစ်ကြောင်း သတိရစေသော ထိုအမှတ်တရ လေးများသည် သူတို့၏ အနာဂတ်ဘဝ တည်ဆောက်ရေးအတွက် အင်အားကြီးမားသော စိတ်လှုပ်ရှားမှု အခြေခံကောင်းများ ဖြစ် သည်။ ထို့ကြောင့် မည်သည့်နေရာကို သွားသည်ဖြစ်စေ၊ မည်သည် ကိုပြုလုပ်သည်ဖြစ်စေ ဤအမှတ်တရလေးများက သူတို့၏ စိတ်တွင် ခံစားရသောလုံခြုံမှုကို လွင့်စဉ်မသွားအောင် ထိန်းသိမ်းပေးတော့ သည်။

ယမန်နှစ် ခွေရာသီ အပန်းဖြေခရီး၌ ကျွန်ုပ်နှင့်ဇနီး Cornelia သည် ကလေးများနှင့် ရတနာရှာဖွေရေးခရီးထွက်တမ်း ကစားကြ၏။ ကလေးများကြိုက်မည့် တန်ဖိုးမကြီးလှသောသည့် ရတနာ ကို ကျွန်ုပ်တို့ ဝယ်လာကြ၏။ သား Joshua ကျောင်း၌ သုံးဖို့ ဖောင်တိန် တစ်ချောင်း၊ သား Daniel အတွက် သော့တွဲတစ်ခု၊ သမီး Emily အတွက် ငွေလက်စွပ်နှင့် သမီးထွေး Abigail အတွက် လည်ဆွဲ တစ်ကုံး ဖြစ်၏။ ယင်းပစ္စည်းများကို ကျွန်ုပ်တို့တည်းခိုသောအိမ်နှင့် အိမ်အနီးတစ်ဝိုက် လယ်တောများတွင် ဝှက်၍ ဆက်တွဲသဲလွန်စ တစ်ပုံတစ်ခေါင်းကြီး ပေးထားသည်။ သဲလွန်စ ၁ ကို ရှင်းနိုင်လျှင် သဲလွန်စ ၂ ကို ရ၏။ ၂ မှတစ်ဆင့် ၃ ကိုရ၏။ ဤသို့ဖြင့် အားလုံးကို ဖြေရှင်းနိုင်သည်အထိ သဲလွန်စတသီကြီးရှိ၏။ ရတနာများကို ကြိုးစားပမ်းစားရှာဖွေပြီးဆုံးချိန်တွင် အားလုံးအကြီးအကျယ်

ပျော်ကြပါ၏။ (ကလေးတို့ ရတနာရှာဖွေခနီး ထွက်နေစဉ် ကျွန်ုပ်တို့ညနီးမောင်နှံနှစ်ဦးကတော့ အေးအေး ဆေးဆေးနှစ်ဦးတည်းနေခွင့် နှစ်နာရီခန့် ရပါ၏။) သို့သော် အကောင်းဆုံးအရာသည် ယင်းနာရီများ ပျောက်ဆုံးကုန်ပြီး၍ အချိန်ကြာညောင်းသွားသည့်တိုင် သယ်စဉ်ကလေးဘဝက ပျော်ခဲ့ရသည့်နေ့တစ်နေ့ကို အမှတ်တရအဖြစ် ကျန်ရှိနေခြင်းဖြစ်၏။ အကယ်၍ နောင်အနှစ် ၃၀ ကြာချိန် ကျွန်ုပ်တို့ Chalke မျိုးဆက်သစ်ကလေးများ ဤသို့ ရတနာရှာဖွေခနီးထွက်တမ်း ကစားမည်၊ အပြန်ခရီးတွင် ယင်းတို့ ၉၆ ခုနှစ်နွေရာသီပုံပြင် ကို စားမြုံ့ပြန်မည်ဆိုလျှင်လည်း ကျွန်ုပ် အံ့ဩမည်မဟုတ်ပါ။

နှစ်စဉ် အားလပ်ရက်အနားယူပြီး ပြန်လာတိုင်း မီးဖိုခန်းရှိထမင်းစားပွဲ၌ ဝိုင်းထိုင်ကာ တစ်ယောက်တစ်ပေါက်စားမြုံ့ပြန်ရင်း ယူပြီးသားဓာတ်ပုံများကို ဖြတ်- ညှပ်- ကပ်၍ အလုပ်ရှုပ်ကြသေးသည်။ ဓာတ်ပုံပေါင်ကြီးတစ်ခုအတွင်း၌ ဓာတ်ပုံများကို ကပ်၍ နံရံ၏တစ်နေရာတွင် ချိတ်ဆွဲကြသည်။ ဓာတ်ပုံကိစ္စ အလုပ်ရှုပ်ရသည်အပင် အကြီးအကျယ်ပျော်ဖို့ ကောင်းပေသည်။ ယင်းထက်သာ၍ အဖိုးတန်သည်မှာ သွားရင်းလာရင်း နံရံပေါ်ရှိဓာတ်ပုံများကို ကြည့်ကာ ကြည်နူးစရာ၊ မမေ့နိုင်စရာများကို ပြန်လည် လွမ်းဆွတ်တသနိုင်ခြင်း ဖြစ်သည်။

မည်သို့ဆိုစေ ကျွန်ုပ်တို့ Chalke မိသားစု၏ လုပ်ရပ်များကို အတုကူးချရန် တိုက်တွန်းနေခြင်းမဟုတ်ပါ။ ဂရုမစိုက်လိုလျှင်လည်း ရပါသည်။ သိတော်မူကြသကဲ့သို့ပင် ကျွန်ုပ်တို့ စီစဉ်မျှော်လင့်သည့်အတိုင်း စင်းလုံးချောခဲ့သည်မဟုတ်ဘဲ အများနည်းတူမျှသာ ဖြစ်ပါသည်။ သင်သည် မိသားစုနှင့်အတူ မည်သည့်ကိစ္စကို ပြုလုပ်သည်ဖြစ်စေ ဤမျှအရေးမကြီး။ မိသားတစ်စုလုံး အတူတကွဆောင်ရွက်ခြင်းကသာ အရေးကြီးပါသည်။

ဘုရားကျောင်းတက်မည်လော။ အပြင်ထွက်စားမည်လော။ အိမ်နောက်ဖေး ဥယျာဉ်ကို ပြုပြင်မည်လော။ ပြုလုပ်ဖွယ်ကိစ္စတို့ မိသားစုအတူတကွ ပြုလုပ်ခြင်းအားဖြင့် အချင်းချင်းတွယ်တာမှု သံယောဇဉ်နှောင်ကြိုး ပိုမိုခိုင်မြဲလာပေမည်။ ကလေးတို့ကိုလည်း သင့်မေတ္တာသည် အပြောသက်သက်မျှမဟုတ်ကြောင်း သက်သေ ထူပြီး ဖြစ်တော့မည်။

**သတိပြုရန်**

- ဘဝသည် တိုတောင်း၏။ ထို့ကြောင့် ယင်းကို အပေါ့သဘော်မဖြစ်ပါစေနှင့်။
- သင့်ကလေးတွေနှင့် အတူနေရဲ့သောနှစ်များကို အစားမထိုးနိုင်၊ ထိုအချိန်တို့သည် ကုန်လွယ်လွန်းသည်။
- သင့်အဖို့ အခြားအရေးကြီးကိစ္စများကို သင်ကြိုးစားပြုလုပ်သကဲ့သို့ မိသားစုဆိုင်ရာကိစ္စများကိုလည်း အင်တိုက်အားတိုက် ကြိုးစားပြုလုပ်ပါ။
- သင်မရှိလျှင်မဖြစ်သော တစ်ခုတည်းသောနေရာသည် သင့်နေအိမ်ဖြစ်၏။
- အရည်အသွေးကောင်းသောအချိန်သည် ရှည်ကြာသောအချိန်ကာလ၏ ရလဒ်ဖြစ်သည်။
- သင့်ကလေးများအတွက် အချိန်စီစဉ်ခြင်း အလေ့အထကို ပျိုးထောင်ပါ။
- မိသားစုအမှတ်တရလေးများကို ယခုကတည်းက အတူတကွစတင်ဖန်တီးပါ။

**…ချက်စုများ**

**သင့်ရင်သွေးများအတွက် ယခုပင် အချိန်ပေးပါ**

**…တ်အောင်မြင်နည်း**

- သင့်ကလေးတွေနှင့် အချိန်ဖြုန်းရန် တစ်ပတ်လျှင် တစ်ညနေ သတ်မှတ်ထားပါ။
- ရက်သတ္တပတ်အဆုံး အားလပ်ရက်တွင် ကလေးကို နံနက်စာကျွေးဖို့ အပြင်ကို ခေါ်သွားပါ။

- သင့်မိသားစုနှင့် အပြင်ထွက်မည့်အကြောင်းကို ထွက်ခါနီးမှ အံ့ဩစရာ ဖြစ်အောင် ပြောပြပါ။ (သင့်ကြင်ဖော်ရှိပါက သူ့ကို အရင်ပြောပါ။)
- တီဗီကို ပိတ်၊ တယ်လီဖုန်းကြိုးကိုဖြုတ်လျက် သင့်မိသားစုနှင့် တစ်ပတ်လျှင် အနည်းဆုံးတစ်ကြိမ် ထမင်းလက်ဆုံစားဖို့ စီစဉ်ပါ။

■

စ်ကြို - ၄
ညဲသဲတွဲကွဲ ဖြစ်ပါစေ

င့်တလေးတို့ကို ခြွင်းချက်မဲ့ချစ်ပါ

'အချစ်ခံရသောအမျိုးသမီးသည် အမြဲတမ်းအောင်မြင်သည်။'

Vicki Baum

ချိန်ရွှင်မှုဆိုသည် အတတ်နည်း။
ိုင်းသည် သားသမီးတို့၏ ဘဝလမ်းခရီးကို တတ်နိုင်သမျှ ကောင်းဆုံး စတင်လျှောက်လှမ်းနိုင်အောင် ဖန်တီးပေးလိုကြ ဤကိစ္စသည် သင့်အတွက် အရေးမကြီးလျှင် သင် ဤစာအုပ် ်မည်မဟုတ်ပေ။ ဤကိစ္စသည် သင့်အတွက် အရေးကြီး သင် ဤအခန်းအထိဖတ်ခဲ့ပြီ ဆိုကတည်းက သင် ဤကိစ္စကို ်၍ဖြစ်၏။ ဤနေရာတွင် ဒေါ်လာခြောက်သောင်း ောင်တန် မေးခွန်းသည် သင့်ကလေးအတွက် မည်သည်မှာ

အကောင်းဆုံး ဖြစ်သနည်း။ ယင်းတို့ ပေးစွမ်းဖို့ သင်မည်
ဖြည့်ဆည်းဆောင်ရွက်သနည်း ဟူ၍ ဖြစ်လိမ့်မည်။

သင့်ကလေးအတွက် သင့်ရည်မှန်းချက်များသည် အဘ
နည်း။ ကျွန်ုပ်တို့သည် သားသမီးအားလုံးကို ပျော်ရွှင်စေချင်ပါသည်
သို့သော် ပျော်ရွှင်မှုဆိုသည် အဘယ်နည်း။ ယင်းသည် သူတို့ရွေးချ
သော သက်မွေးမှုလုပ်ငန်းတွင် အထွတ်အထိပ်သို့ ပို့ဆောင်ပေးမ
တန်ဖိုးကြီးအဆင့်မြင့် ပညာရေးဖြစ်သလော။ မိတ်ဆွေများ အလ
တွင် ပေါ်ပြူလာဖြစ်အောင် နောက်ဆုံးပေါ် ခေတ်မီ အဝတ်အစ
ဖြည့်ဗီရိုကြီးတစ်ခု ပိုင်ဆိုင်မှုလော သို့မဟုတ် သူတို့လုပ်ချင်
လုပ်နိုင်သည့် ကိုယ်ပိုင်လွတ်လပ်ရေးလော။ သို့တည်းမဟုတ် ယင်း
နှင့် လုံးဝခြားနားသည့် အရာလော။

သင်၏ ပျော်ရွှင်ချမ်းသာမှု အဓိပ္ပာယ်ဖွင့်ဆိုပုံသည် သ
ကလေးတို့၏ ဘဝ တစ်ခုလုံးကို စိုးမိုး၍ ဆေးရောင်ခြယ်တော့မည
ထို့ကြောင့် ဤကိစ္စတွင် အတိမ်းအစောင်းမရှိရန် သေရေးရှင်
တမျှ အရေးကြီးပါ၏။ သို့တစေ ပျော်ရွှင်မှုဆိုသည် အဘယ်နည်
သူတို့လေးတွေ တကယ်တမ်း ပျော်ရွှင်ချမ်းမြေ့အောင် သူတို့အတွ
ကျွန်ုပ်တို့က မည်သို့ဖန်တီးပေးနိုင်သနည်း။

မိဘပေါင်းများစွာတို့သည် ပျော်ရွှင်မှု ကို အောင်မြင်မှု
တစ်ထပ်တည်းတူညီသည် ထင်သည်။ ကလေးတို့ကို ဘဝ
ထိပ်တန်းအဆင့်သို့ ရောက်စေချင်၍ ထိုနေရာတွင်ပင် ရှိစေ
သည်။ သို့တစေ ဤတွင်လည်း ပြဿနာတစ်ရပ်ရှိလေသည်။ သ
ကဲ့သို့ပင် ကလေးများသည် သူတို့ဘဝတစ်လျှောက်လုံး သူ
စွမ်းဆောင်မှုပေါ် တည်၍ သူတစ်ပါး၏ လက်ခံမှုနှင့် ပစ်ပယ်မှုတို့
ခံရကြောင်း ဝမ်းနည်းဖွယ်တွေ့ ရှိလာကြမည်။ သူတို့၏ ပေး
စွမ်းအားရှိသည့်အပေါ် အခြေခံ၍ လူအများစုက သူတို့ကို အ
တယူရှိလိမ့်မည်။ ဤကိစ္စသည် မထူးဆန်းပါ။ သင့်ကျောင်းနေဖ

သူငယ်ချင်းများသည် သင်ပေးနိုင် ကျွေးနိုင်သရွေ့ သင့် အမြတ်တနိုး အချစ်ဆုံးသူငယ်ချင်း ဖြစ်ကာ သင့်အနီးတွင် ဝိုင်းဝိုင်းလည်နေမည်။ ဤသည်မှာ လောကဓမ္မတာပင် ဖြစ်ပါသည်။ ဤသင်ခန်းစာကို အလွန်ခါးသီးစွာသာ သင်ယူနိုင်ပါသည်။ အမှန်တရားကတော့ အထင်းသားပေါ်လွင်ပါ၏။ လူအများသည် သင်အောင်မြင်သည့် အခါမှ အဖက်လုပ်ချင်သည်။ ထို့ကြောင့် သင် နှစ်သက်သည်ဖြစ်စေ၊ မနှစ်သက်သည်ဖြစ်စေ သင့်ကလေးများသည် ဤအချက်ကို တဖြည်းဖြည်းသိလာမည်။ သူတို့ကို အများက အရေးတယူရှိသည်မှာ သူတို့၏ ချောမောသောရုပ်ရည်ကြောင့်၊ သူတို့ တတ်မြောက်သော ကျွမ်းကျင်မှုပညာတွေကြောင့်၊ သူတို့၌ အဆက်အသွယ်ကောင်းများ ရှိသောကြောင့် သို့မဟုတ် သူတို့၌ ခနအင်အားတောင့်တင်းသော ကြောင့် အတိုချုပ်ဆိုသော် သူတို့တွင် အများတကာ အလိုရှိသော အရည်အချင်းများရှိသောကြောင့် ဖြစ်ပါသည်။

သို့တစေ မိဘတို့၏အဖြစ်မှာ ဤသို့လားလားမျှ မဟုတ်ပါ ။ ကလေးတို့သည်/ သင်၏ သားသမီးဖြစ်သောကြောင့် ချစ် ကြောင်း၊ လက်ခံကြောင်း၊ သူတို့ စွမ်းဆောင်နိုင်၍ မဟုတ်ကြောင်း သူတို့သိစေရန်မှာ သင်၏ လုပ်ငန်းတာဝန်ဖြစ်ပါသည်။ ဤအချက်ကို ကလေးတို့ကောင်းစွာသဘောပေါက်ဖို့လည်း လိုပါသည်။ မိဘများ သည် သူတို့ကလေးများကို မင်းတို့ကို ချစ်တာက ချစ်တာပဲ၊ တခြား အကြောင်းကြောင့်မှ မဟုတ်ဘူး ဟူ၍ ပြောနိုင်သင့်ပါသည်။

ကျွန်ုပ်တို့သည် ပျော်ရွှင်နိုင်ရန်အတွက် ယခုဖော်ပြပါ ခြွင်းချက်မဲ့အချစ်မျိုးကို လိုအပ်ပါသည်။ ယင်းကို ကျွန်ုပ်တို့ မည်သည့် အခါမှမရခဲ့လျှင် ဘဝတစ်လျှောက်၌ ဟိုလူ့မျက်နှာချိုသွေးရ သည်လူ့မျက်နှာချိုသွေးရနှင့် သူတစ်ပါးက ကိုယ့်ကိုချစ်အောင် အမြဲတစေရှန်းကန်နေရမည်သာ ဖြစ်၏။ မတော်တဆ အမှား အယွင်းပြုမိသည့်အခါ ကျွန်ုပ်တို့ကို မချစ်တော့၊ လက်မခံတော့မည်

စိုး၍ အလဲထိုးခံရသကဲ့သို့ ဖြစ်သေးသည်။ တကယ်တမ်းမှာတော့
သင့်၌ ငွေကြေး၊ ဂုဏ်ရှိန်၊ ဩဇာ၊ အာဏာ၊ အရည်အဆင့်နှင့်
အောင်မြင်ကျော်ကြားမှုများရှိနိုင်သော်လည်း အကယ်၍ သူတစ်ပါး
က သင့်ကို ချစ်သည်၊ ခြွင်းချက်မဲ့လက်ခံသည်ဟု မခံစားရလျှင်
သင်ကျေနပ်မည်မဟုတ်သည့်အပြင် မည်သည့်အခါမျှလည်း
တကယ်တမ်းပျော်ရွှင်ချမ်းသာမည် မဟုတ်တော့ပေ။

ငွေကြေး၊ ဂုဏ်ရှိန်၊ ဩဇာ၊ အာဏာ၊ အရည်အဆင့်နှင့်
အောင်မြင်ကျော်ကြားမှုရှိသော ခေတ်ပေါ်တေးဂီတအဆိုတော်
ရုပ်ရှင်သရုပ်ဆောင်နှင့် အားကစားသမားတို့အနက် ဤမျှပြည့်
သော်လည်း မပျော်ပိုက်သူမည်မျှရှိကြောင်း သင် စဉ်းစားမိသနည်း
ပြဿနာမှာ ဤသို့ဖြစ်၏။ ကျွန်ုပ်တို့သည် လူသားများအနေဖြင့်
ချစ်ခြင်းမေတ္တာ၊ လုံခြုံမှုနှင့် အသိအမှတ်ပြုခံလိုမှုဟူသော အခြေခံ
လိုအင်ကြီးသုံးရပ် ရှိသည်။ ကျွန်ုပ်တို့သည် အကယ်၍ ခြွင်းချက်
အချစ်ကိုမခံစားခဲ့ရလျှင် ယင်းဖော်ပြပါ လိုအင်ကြီးများနှင့် လိင်ကို
ငွေကြေးနှင့် ဩဇာ၊ အာဏာတို့ ရောနှောရှုပ်ထွေးကုန်၍ နောက်ဆုံး
တွင် ကိုယ်ကျိုးနည်းမည်သာ ဖြစ်၏။

အစွန်းကျ ဥပမာတစ်ခုကိုဆောင်ရသော် ခြွင်းချက်မဲ့ မေတ္တာ
ဝတ်မှုကြောင့် အနော်ရက်စီးယားရောဂါ (Anorexia) နှင့် ဘူလီ
မီးယားရောဂါ (Bulimia) များဖြစ်နိုင်သည်။ အနော်ရက်စီးယား
ရောဂါသည် ကိုယ့်ကိုယ်ကိုယ် အရိုးပေါ်အရေတင်ရုံမျှသာ ကျ
တော့အောင် လုံးဝအစာမစားသောရောဂါဖြစ်၏။ ဘူလီးမီးယား
ရောဂါကမူ ပါးစပ်ထဲသို့ မဆံ့မပြဲသွတ်နိုင်သမျှ သွတ်လိုက်၊ တွေ
အံပစ်လိုက်နှင့် သံသရာမဆုံးသော ရောဂါဖြစ်၏။ ထို့အပြင်
၁၉၉၄ ခုနှစ်၌ ဖော်ပြသော Joseph Rowntree Foundation အဖွဲ့
အစည်း၏ အစီရင်ခံချက်တစ်ခုတွင် ငယ်စဉ်က မိဘ၏ ပစ်ပယ်ခြင်း
ခံရသောကလေးတို့သည် နေအိမ်၌စိတ်လုံခြုံစွာကြီးပြင်းလာခဲ့ရသော

ကလေးတို့နှင့်မတူဘဲ အရွယ်ရောက်လာသည့်အခါ လိင်မှုကိစ္စ ဆောက်ပြန်မှုပို၍ကြောင်းတွေ့ရ၏။ တစ်နည်းဆိုသော် သင့်ကလေးများ တို့ ခြွင်းချက်မဲ့မေတ္တာနှင့် လွှမ်းခြုံမှုလုံမည်။ ခြွင်းချက်ပေါင်းများစွာနှင့် နှောင်ဖွဲ့ထားသောအခါ စိတ်မလုံခြုံ၊ မလန်းဆန်းနိုင်တော့ဘဲ တိုယ်ကျိုးနည်းသည့်အဖြစ်သို့ပင် ဆိုက်ရောက်နိုင်ပါသည်။

> မိခင်ကောင်းတစ်ဦးသည် သူ့ကလေးတွေ စိတ်ချလက်ချ နိုင်အောင် စိတ်တည်ငြိမ်အောင် ပြုလုပ်နိုင်ကြောင်း လူတိုင်း သိသည်။ မိခင်၏ အငယ်နှင့် တစ်ပါးသူတို့၏ အငယ်ကို ထိတွေ့ရသည်ပင် တွေ့ည်။ စိတ်ပြဿနာရှိသော ကလေး အတွက် မိခင်၏လက်ကောင်း သို့မဟုတ် ကောင်လေးကို ထိလိုက် ကိုင်လိုက်ရမှ စိတ်သက်သာရာရသည်။'
>
> Katherine Butler Hathaway

**ခြွင်းချက်မဲ့မေတ္တာသည် ကနဦးကတည်းက ရင်မှအလိုအလျောက် ဖြစ်ပေါ်သည်။**

မိသားစုအများအတွက် သူတို့၏ ကလေးများကို ခြွင်းချက်မဲ့ ချစ်ရန် များစွာမခဲယဉ်းပါ။ တကယ်တမ်းမှာ ထိုမေတ္တာမျိုးသည် ရင်မှ အလိုအလျောက် ပေါက်ဖွားလာခြင်း ဖြစ်၏။ မွေးဖွားချိန်မတိုင်မီ အထိ မိဘဖြစ်တော့မည်ဟု မည်သို့မျှ စိတ်မလှုပ်ရှားသော ဖခင်များ ပင် သူတို့၏ရင်သွေးမွေးကင်းစကလေးကို ပထမဆုံးအကြိမ်တွေ့ ဆိုက်သည်နှင့် အရည်ပျော်တော့သည်။ ကျွန်ုပ်သည်လည်း မွေးကင်းစ သမီးဦးလေးကို မွေးချိန်မတိုင်မီအထိ မည်သို့မျှခံစား ရသည်မဟုတ်သေးပေ။ သို့သော် ထိုအချိန်မှစ၍ ကျွန်ုပ်သူ့ကို ချစ်သည့်စိတ်များ တဖွားဖွားဖြစ်ပေါ်သည်။ သမီး၏ဘဝ

တစ်လျှောက်လုံးတွင် အောင်မြင်မှုရသည်ဖြစ်စေ၊ မရသည် ဖြစ်စေ ကျွန်ုပ်သည် သမီးကို အမြဲတစေချစ်မည်သာ ဖြစ်သည်။ သူက ကျွန်ုပ်ကို တစ်စုံတစ်ရာပေးစွမ်းနိုင်ခြင်းကြောင့် သို့မဟုတ် သူ့ကိုယ်ရည် ကိုယ်သွေးကြောင့် ချစ်ခြင်းမဟုတ်ပါ။ သူ့ကို ချစ်သည်က ချစ်သည်ပင် ဖြစ်၏။ အခြား မည်သည့်အကြောင်းပြ ချက်မျှ မရှိပေ။ ယင်း သည်ပင် ခြွင်းချက်မဲ့မေတ္တာ ဖြစ်ပါသည်။

မိခင်နှင့် သူ့ရင်သွေးကလေးငယ်ကို မမြင်နိုင်သောချစ်မေတ္တာ သံယောဇဉ်က အလိုလိုချည်နှောင်ပြီး ဖြစ်၏။ ကိုးလကြာ ကိုယ်ဝန် မဆောင်ရသော ဖခင်တို့ကိုပင် ရှုန်းမထွက်နိုင်သော ဆွဲငင်ဓာတ် တစ်မျိုးက ဖမ်းစားထားသေးသည်။ မွေးစကလေး၏ မျက်လုံးရွဲရွဲ မျက်နှာသေးသေး၊ ဟိုယိမ်းသည်ယိုင် ကိုယ့်ကိုယ်ကိုယ် မဟန်နိုင် သော အမူအရာတွေအားလုံးကြောင့် မိဘဇာတိစိတ်များလည်း နိုးကြားလာရသည်။ ကျွန်ုပ်တို့သည် ဖိုးဖိုး၊ အားအား ချော့မြှု ကျီစယ်သံများ ပါးစပ်မှမထွက်ဘဲ မနေနိုင်လောက်အောင် ကလေး တို့ကို ဤသို့သော အသွင်သဏ္ဌာန်အဖြစ်တမင်ဖန်တီးခဲ့သလော။

ဖော်ပြပါခံစားမှုများသည် တစ်ဖက်သတ်မဟုတ်ပါ။ ကလေး တို့သည်လည်း မွေးရာပါဇာတိစိတ်ကြောင့် သူတို့၏ မိဘများကို ချစ်ခင်တွယ်တာ ယုံကြည်အားကိုးသည်။ ကျွန်ုပ်တို့၏ ဂရုစိုက်မှုနှင့် လက်ခံမှုကို လိုလည်း လိုချင်သည်။ မရှိမဖြစ် လိုလည်း လိုအပ်၏။ တောက်တောက် တောက်တောက် လမ်းလျှောက်သောအရွယ် သို့ရောက်သည့်တိုင် သူတို့က သင့်မေတ္တာကို မေးခွန်းမထုတ်ဘဲ လက်ခံသော်လည်း တဖြည်းဖြည်းကြီးပြင်းလာသည့်အခါ သူတို့၏ ကနဦးထင်မြင်ချက်များ မှန်၏လောဟူ၍ စောကြောတွက်ဆ လာတတ်ကြသည်။ ထို့ကြောင့် ကြေကွဲဖွယ်ကောင်းသည်မှာ ကျွန်ုပ် တို့ သတိမထားမိလျှင် မဖြစ်ချင်သော်လည်း သူတို့၏ အထင်လွဲမှုကို ခံရမည်မှာ သေချာသည်။

ကျွန်ုပ်တို့သည် ကိုယ့်ကလေးများ ကောင်းစားစေချင်လွန်း၍ သူတို့မလုပ်ချင်သည်များကို ဇွတ်အတင်းတွန်းခိုင်းတတ်သည်။ တင်းသီးဟင်းရွက်စားဖို့ကအစ စန္ဒရားတီးဖို့အထိ၊ အချိန်မှန်အိပ်ရာဝင်ဖို့ကအစ အချိန်မီကျောင်းသွားဖို့အထိ ဤကိစ္စများအတွက် မိဘသည် အနီးတွင် မရှိမဖြစ်နေရသည်သာ ဖြစ်၏။

ကလေးတို့သည် သူတို့ပြုမူလုပ်ဆောင်ချက်များ၏ ရေရှည်အကျိုးသက်ရောက်မှုများကို နားလည်ရန် ခဲယဉ်းသည်။ သူတို့၌ သူတို့အတွက် အမိကဆုံးဖြတ်ချက်များချရန် လိုအပ်သောအချက်အလက်များနှင့် အတွေ့အကြုံများ စုံလင်အောင် မရှိသေးပေ။ ကျွန်ုပ်တို့သည်လည်း တစ်ချိန်က ကိုယ်မလုပ်ချင်သည်ကို မိဘခိုင်း၍ လုပ်ခဲ့ရသည်။ သို့သော် စဉ်းစားတတ်လာသည့် နောင်တစ်ချိန်တွင် သူတို့၏ ခိုင်းစေချက်သည် အလိမ္မာဖက်၍ အမြော်အမြင်ကြီးကြောင်း၊ သူတို့ကို ကျေးဇူးတင်စရာဖြစ်ကြောင်းများ ပြန်လည်သတိရမိတော့သည်။

မည်သို့ပင်ဆိုစေ ကလေးတို့ကို ပဲ့ပြင်လမ်းညွှန်ရေးသည် မိဘတိုင်း၏ တာဝန် ဖြစ်သော်လည်း ယင်းတာဝန်ကို ကျွန်ုပ်တို့ မည်သို့မည်ပုံ ထမ်းဆောင်သည်ဆိုသည်မှာ အလွန်အရေးကြီးပါ၏။ ကျွန်ုပ်တို့သည် မှန်ချင်မှန်၊ မှားချင်လည်း မှားနိုင်ပါသည်။ ကျွန်ုပ်တို့ သတိကြီးစွာမထားမိလျှင် ကလေးတို့ကို ပြောဆိုဆက်ဆံရင်း သာန်မှုအစုစု နှင့် အဆုံးသတ်ရတတ်သည်။ ကျွန်ုပ်တို့သည် သူတို့ကို ကောင်းစေလိုသော ဆန္ဒဖြင့်၍ သူတို့၏အမှားများကို ညွှန်ပြတတ်သည်။ ယခုထက်ပိုမိုကောင်းမွန်အောင် မည်သို့ ဆောင်ရွက်နိုင်ကြောင်း ပြောမည်။ တစ်ချိန်တည်းမှာပင် ကျွန်ုပ်တို့သည် သူတို့ကိုချစ်ကြောင်း သူတို့သိပြီးဖြစ်သည်ဟု ကျိန်းသေတွက်မိသည်။ အကယ်၍ ကျွန်ုပ်တို့သည် ဤသို့မဟုတ်လျှင် အဘယ့်ကြောင့် သူတို့လုပ်ပုံကိုင်ပုံကို ဤမျှ ဂရုစိုက်မည်နည်း။ ထို့အပြင် ကလေးတို့အရွယ်ကြီးပြင်းလာ

လေလေ၊ ကျွန်ုပ်တို့၏ လမ်းညွှန်မှုသည် ဝိုဝိုတင်းကျပ်လာလေလေ ဖြစ်ပြီး ကျွန်ုပ်တို့သည် သူတို့ကိုမည်မျှချစ်ကြောင်း တကယ်တမ်း ဆက်သွယ် ဖော်ပြမှုလည်း နည်းပါးလာလေလေဖြစ်၏။ ကျွန်ုပ်တို့က တော့ ကိုယ်ချစ်တာ သူတို့သိပါတယ် ဟုထင်သည်။ သို့သော် သင့်ကို အရေးတကြီးမေးစရာရှိပါသည်။ သူတို့ မည်သို့သိသနည်း။

> **'ကျွန်ုပ်တို့သည် အရည်အချင်းများကို ချစ်ခြင်းမဟုတ်ဘဲ လူကိုချစ်ခြင်းသာ ဖြစ်သည်။'**
>
> **Jacques Maritain**

**စိတ်ရှုပ်ထွေးနေသော ထိုမုန့်ကြော်**

ကျွန်ုပ်၏ မိတ်ဆွေ Tony ၏ အလုပ်တွင် ကမ္ဘာလှည့်ခရီးစဉ် များလည်း အကျုံးဝင်သည်။ တစ်ခါက သူအိမ်ပြန်ခရီးတွင် ကျောင်း ပိတ်ရက် အိမ်ပြန်သည့် ၁၀ နှစ်သမီး ဘော်ဒါကျောင်းသူလေးတစ်ဦး *နှင့် ဆုံသည်။ သူတို့နှစ်ဦးသည် လေယာဉ်ပျံအထူးသီးသန့်တန်းဦ* မင်းလမ်းခြား၊ ဘေးချင်းယှဉ်လျက် ထိုင်မိကြသည်။ Tony သည် ထိုသူငယ်မလေး လေယာဉ်ပျံနှင့် တစ်ဦးတည်းအိမ်ပြန်မည်ကို *အစ* *အဲ့ဩသကဲ့သို့* ရှိသည်။ သို့သော် ယင်းထက်ပို၍ စိတ်ဝင်စားဖွယ် ကောင်းသည်များကို Tony တွေ့တော့သည်။ ထိုကလေးမလေးသည် ကျွေးသမျှသောစားသောက်ဖွယ်ရာများကို ကုန်စင်အောင် ပလုတ်ပလောင်းစားသည့်အပြင် လေယာဉ်မယ်တွေကို ထပ်၍ပင် မှာလိုက်သေးသည်။ Tony သည် သူလုပ်စရာရှိသည့်အလုပ်ကိုပင် အသာဘေးချိတ်၍ ကလေးမလေးကို သတင်းစာနောက်ကွယ်က တစေ့တစောင်းချောင်းမြောင်းကြည့်တော့သည်။

ထိုကျောင်းသူမလေးသည် အထူးတန်းမှ တစ်ကိုယ်တော် လေယာဉ်စီးရခိုက် တန်အောင်အဝစားပစ်ပုံရသည်။ သို့တ

ချွဲစီးနေကျ Tony ကမူ အူနိုင်းအာနေမြင် ဤမျှ မစားသင့်ကြောင်း ပြောသည်သည်။ ဤမျှ မဆုံမပြဲသွတ်ထားသည်ဖြစ်ရာ မကြာမီ ပြန်ထွက်လာမည်မှာ သေချာသလောက်ဖြစ်၏။ တကယ်မှာလည်း ဆုံးမျိုထားသည်များ ပြန်ထွက်လာပါသည်။ လေယာဉ်ထိုးဆိုက်၍ ဒီမိန်းကလေး လှေကားမှဆင်းမည်အပြုတွင် မျက်ပြူးဆန်ပျာ ဖြစ်ကာ ဂါဝန်အနှံ့ ပေကျံကုန်သည်အထိ သူ့ဝမ်းဗိုက်ထဲမှ အစာများ ပြန်ထွက်လာတော့၏။

Tony သည် မိန်းကလေးနောက်မှ လိုက်၍ဆင်းလာရာ အသွန်သေသပ် အဖိုးတန်သော ဝတ်စုံဖြူဝတ်ထားသည့်လူ တစ်ယောက်က လက်ကိုဝှေ့ယမ်းကာ ကလေးမလေးကို ကြိုဆိုနေကြောင်းတွေ့ရ၏။ ထိုလူ့မျက်နှာတွင် တက်ကြွနေသောမျက်လုံးများကို တွေ့လိုက်၍ ထိုလူသည် ကလေးမလေး၏ဖခင်ဖြစ်ကြောင်း သိသာမိလိုက်သည်။ ဖခင်သည် သူ့သမီး၏အကျီအပေါ်မှ ပေကျံနေသည်များကို မြင်နိုင်သော်လည်း သူ့သမီးဆီကို တန်းတန်းမတ်မတ် သွားကာ တစ်စက္ကန့်မျှမဆိုင်းဘဲ အားရပါးရပွေ့ဖက်လိုက်သည်ကို တွေ့ရသော Tony မှာ အကြီးအကျယ်အံ့ဩသွားပါသည်။ လေယာဉ်ဆိပ်မှ ထွက်ခွာခါနီးတွင်လည်း သူ့ဝတ်စုံဖြူပေါ်တွင် အန်ဖတ်စွန်းနေသည်ကို ဂရုမစိုက်နိုင်။ သူ့သမီးနှင့် ပြန်လည်ဆုံတွေ့ရသည်ကိုသာ ပျော်လွန်း၍ သူ့မျက်လုံးများ ဝင်းလက်တောက်ပနေခြင်သည်။ ယင်းသည် ခြွင်းချက်မဲ့အချစ်၏ သာဓကပင် မဟုတ်ပါလော။

ကျွန်ုပ်တို့သည် သားသမီးတွေကို မည်သို့သော ခြွင်းချက်မျှ မထားဘဲ ချစ်ပါသည်ဟု မကြာခဏပြောသည်ဆိုစေကာမူ တခြား ကျွန်ုပ်တို့ ပြောဆိုပြုမူသည်များက အခြားပုံစံတစ်မျိုးဆောင်လျှင်မူ အကျိုးရှိမည်မဟုတ်ပေ။ ကျွန်ုပ်တို့သည် သားသမီးတို့ကို ကောင်းစားစေချင်သည်၊ အောင်မြင်စေချင်သည်။ ထို့ကြောင့်

အောင်မြင်အောင် စေတနာနှင့် တွန်းခြင်းဖြစ်သည်။ သို့သော် ဝမ်းနည်းစရာကောင်းသည်မှာ ကျွန်ုပ်တို့က ဤသို့စေတနာနှင့်တွန်းသည်ကို အကောင်းမထင်ဘဲ ကလန်ကဆန်တုံ့ပြန်ရန် ဝန်မလေးကြခြင်းဖြစ်သည်။ အကယ်၍ ကလေးတို့သည် သူတို့မဖြစ်မြောက်သည့်အခါထက် ဖြစ်မြောက်သည့်အခါမှ မြောက်စားခံရသည်ဟု ထင်ပါက ကျွန်ုပ်တို့ သဘောကျဖို့ အောင်မြင်အောင် ကြိုးစားမည်မှာ မှန်ပါသည်။ သို့တစေ ဤသို့ပြုရင်းနှင့် သူတို့ကို ခြွင်းချက်မဲ့ချစ်သည်ဟူသော ယုံကြည်ချက်တို့သည်လည်း ပျက်ပြယ်သွားတော့မည်။ သူတို့အောင်မြင်ထမြောက်၍သာ သူတို့ကိုချစ်ကြောင်း စွဲမြဲယုံကြည်သွားလိမ့်မည်။ ကျွန်ုပ်တို့၏ စေတနာသည် ဝေဒနာသာ ဖြစ်တော့မည်။

ကလေးတို့ အောင်မြင်အောင် အတန်းထဲတွင် တစ်ချိန်လုံး ပထမစွဲဖို့ဟူသော မျှော်လင့်ချက်သည် အမြဲတစေဖြစ်နိုင်သည် မဟုတ်၍ တကယ့်အကြီးမားဆုံးပြဿနာတစ်ရပ် ဖြစ်ပါသည်။ တကယ်တမ်း အထူးချွန်ဆုံးကလေးများသည်ပင် တစ်ချိန်ချိန်၌ အရှုံးနှင့် ရင်ဆိုင်ရဦးမည်။ ထို့ကြောင့် အကယ်၍ သင့်ကလေး၏ မိမိကိုယ်ကို အလေးအမြတ်ထားမှုကို အောင်မြင်မှုနှင့် တစ်ထပ်တည်းထားလျှင် မအောင်မြင်မှုများနှင့် အပြစ်စွဲစိတ်များက သူတို့၏ ဘဝတစ်ခုလုံးကို နှိပ်စက်ကလူ ပြုနေလိမ့်ဦးမည်။ ဤသို့သောအခါ မိမိကိုတကယ်ချစ်သူမရှိကြောင်းနှင့် မိမိကိုယ်ကို အဖိုးမတန်ကြောင်း ခံစားမည်။ စိုးရိမ်မှုပြွမ်းသော သဝန်တိုမှု၊ ခံပြင်းမှု၊ သံသယဝင်မှု၊ စိတ်မလုံခြုံမှုနှင့် ဆိုးဆိုးရွားရွားဆုံးရှုံးမှုဟူသော အဖျက်သဘောခံစားမှုများ ပိုမိုပြင်းထန်မည်။

သမ္မာကျမ်းစာတွင် ပျော်ရွှင်သောသူများနှင့် ပျော်ရွှင်စွာရှိပါ။ ဝမ်းနည်းသောသူများနှင့် ဝမ်းနည်းစွာရှိပါ ဟု မိန့်ဆိုထား၏။ သို့သော် ဤအဆိုနှင့်အညီ မလိုက်နာနိုင်ဘဲ သူများရှုံးနိမ့်လျှင် ပျော်

ည်၊ သူများကောင်းစားအောင်မြင်လျှင် မိမိ၏စိတ်မလုံခြုံမှုနှင့် သာမစွာရိယကြောင့် စိတ်ချောက်ချားမည်ဟူသော ပုဂ္ဂိုလ်မပေါင်း ည်မှုရှိသနည်း။

သင်၏ သားသမီးများအတွက် မျှော်လင့်ချက်၊ မျှော်မှန်း ချက်နှင့် စံချိန်စံညွှန်းများမြင့်မားစွာ ထားရှိသည်မှာ ပကတိ သဘာဝ ပါသည်။ သို့သော် ယင်းမျှော်လင့်ချက်များနှင့် သင့်မေတ္တာကို င်ရောထွေးဆက်စပ်မိလိုက်သည်နှင့် ပြဿနာကစပြီ။ ထို့ကြောင့် င်ညည်မျှစေတနာကောင်းနှင့် ထိုမျှော်လင့်ချက်များထားရှိသည် စေကာမူ ပေါ်စေလို၍ မင်ကြောင်ထိုးသော်လည်း ဆေးကြောင့် သည် ဆိုသကဲ့သို့ ဖြစ်မည်။ အဆိုးဆုံးမှာ သင့်ကလေးသည် သည့်အောင်မြင်မှုအဆင့်ကို ရောက်ရှိနေသည် ဖြစ်စေ သည့်အခါမျှ ကျေနပ်တော့မည်မဟုတ်ခြင်း ဖြစ်ပါသည်။ သင်က ထက်ပို၍ ဖြစ်စေချင်ဦးမည်အထင်နှင့် မည်သည့်အခါမျှ စိတ် သတ်သာသာ ဖြေလျော့စွာ နေနိုင်မည်မဟုတ်တော့ပေ။ သူတို့ တွင် သူတို့အရှိန်နှင့်သူတို့ သက်သောင့်သက်သာရှိမည့်အစား ကြိုက်လိုက်၍ ကြိုးပမ်းနေရသည်နှင့် အောင်မြင်မှုရရှိလျှင်ပင် နိုင်ဖြစ်ဦးမည်။ အကယ်၍ သင်၏ သားသည် ကျောင်း လုံးအသင်းလက်ရွေးစင်ဖြစ်ခြင်းကြောင့် သင်က သူ့ကို ချစ် တုထင်လျှင် ကမ္ဘာ့ဖလားနောက်ဆုံးဗိုလ်လုပွဲ၌ အနိုင်ဂိုးသွင်း ည်ဆိုစေကာမူ သူသည် အောင်မြင်မှုအရသာကို ကောင်းစွာ နိုင်မည်မဟုတ်တော့ပေ။

ဂျွန်နိုပ်၏ မိတ်ဆွေတစ်ဦးဖြစ်သူ Peter သည် သူ့လုပ်ငန်း ဆိုင်တန်းအောင်မြင်နေသူဖြစ်၏။ ချမ်းသာသည်။ နှစ်လိုဖွယ် ထိုပြင် ရက်ရောသည်။ သို့တစေ သူသည် အလွန်စိတ်ဆင်း သူ့ခင်၏ မျှော်မှန်းချက်စံချိန်ကို မမီသေးဟု ယုံကြည်လျက် ထင်ကြီးအောင် ကြိုးပမ်းလာခဲ့သည်မှာ အနှစ် ၂၀ ကျော်ပေ

ပြီး၊ ထိုမကောင်းသည်မှာ ဖခင်ပင် တမလွန်ဘဝသို့ရောက်ခဲ့ပြီ
သူ့ဖခင်သာအသက်ရှင်မည်ဆိုလျှင် သူ့သားအတွက် ဂုဏ်အယူ
ပုဂ္ဂိုလ်ကြီး ဖြစ်လိမ့်မည်ဟု ကျွန်ုပ်ပြောခဲ့သည်။ သို့သော် ဖခင်သည
Peter ကိုယ်စဉ်တောင်ကျေးတလေးဘဝကတည်းက ထမြောက
အောင်မြင်မှုရှိမှ ချစ်မည်ဟူသော ခြွင်းချက်ကြီးနှင့်ချစ်ခဲ့ရာ Pete
ခမျာ သူ့ဘဝတစ်လျှောက်လုံး အနှစ်မဲ့ရည်မှန်းချက်၏ သားကော
သာ ဖြစ်ခဲ့ရတော့သည်။

**'ကြွားကာလတွင် ပျော်ပျော်ရွှင်ရွှင်နေတတ်ရန်မှာအ
မွေးဖွားခြင်းနှင့် သေဆုံးခြင်းအတွက် ကုစားနည်း ဆေး
ပါ။'**

George Santayan

**သင့်ကလေးတို့၏ ဘဝခရီးလမ်းတစ်လျှောက်တွင် ခြွင်းချက်မဲ့မေတ္တ
ထား စွန်အားပေး၏။**

ဘဝသည် ခရီးလမ်းတစ်ခုဖြစ်လျှင် ထမြောက်မှုရှိမှဟူသော
ခြွင်းချက်နှင့် ချစ်ခြင်းသည် နောက်ဆုံးသွားလိုရာသို့ ဆိုက်ရော
ခြင်းနှင့် လုံးလုံးလျားလျား ပတ်သက်သည်။ သင့်အနေဖြ
နောက်ဆုံးစည်းကိုဖြတ်ကျော်၍ ပန်းဝင်မှ သင့်ကို လက်ခံကြလိ
မည်။ သို့သော် ပြဿနာမှာ ဘဝ၏တစ်ခုတည်းသော တက
နောက်ဆုံးပန်းတိုင်သည် သေခြင်းတရားပင်ဖြစ်ပါ၏။ အကယ်
ထိပ်ဆုံးကို ရောက်ပြီဆိုလျှင်ပင် ယင်းထိပ်ထက်ပိုမြင့်သော
နောက်ထပ်အထွတ်အထိပ်တစ်ခုက အမြဲတစေ ရှိနေဦးမည်
ထိုအခါ တလိမ့်ခေါက်ကွေး ဖြတ်ကျမည့်အန္တရာယ်ကလည်း အ
ခြိမ်းခြောက်နေသည်။ ကလေးတို့၏ လုပ်ရပ်ပေါ် မတည်ဘဲ သူတို့
သူတို့အနေဖြင့် ချစ်ခြင်းတည်းဟူသော ခြွင်းချက်မဲ့အချစ်သည် ဘ

ခရီးတွင် ဝမ်းမြောက်ပျော်ရွှင်စွာ လျှောက်လှမ်းနိုင်အောင် ခွန်အား ပေးသောကြောင့် ပန်းတိုင်ရောက်၍ ကျေနပ်မှုပေးရုံသက်သက်ထက် ပိုပါသည်။ သင့်ကလေးတို့ကို ခြွင်းချက်မဲ့ချစ်ကြောင်း ဖော်ပြခြင်း အားဖြင့် သူတို့သည် ထူးခြားမှုကိုယ်စီရှိ၍ သူတို့စွမ်းဆောင်မှုနှင့် မဆိုင်ဘဲ သူတို့အနေဖြင့် အဖိုးတန်ကြောင်းကို သင်က သက်သေပြ နေခြင်း ဖြစ်ပါသည်။

Star Trek ဇာတ်လမ်းတွဲမှ ဇာတ်လမ်းတစ်ခုဖြစ်သော The Next Generation တွင် သိပ္ပံပညာရှင်ကြီး Maddox သည် တပ်မှူး Data ကို တစ်စစီဖြုတ်ပစ်ရန် အကြံအစည်များပြုလုပ်သည်။ Data သည် လူကဲ့သို့လျှောက်တတ်၊ ပြောတတ်၊ စဉ်းစားတတ်အောင် တည်ဆောက်ထားသော စက်ရုပ်ဖြစ်၏။ သို့တစေ သူ့ကို တီထွင်သူ သည် ယခုအခါ သေပြီဖြစ်ရာ Maddox သည် Data မည်သို့ အလုပ်လုပ်ကြောင်း သိအောင် သူ့ကိုတစ်စစီ ဖြုတ်ကြည့်ချင်သည်။ ထို့အပြင် Data ကဲ့သို့သော အလားတူစက်ရုပ်များကို တီထွင်ချင် သည်။ ဤသို့ဖြုတ်ပြီး၊ Data ကို ပကတိအကောင်းအတိုင်းဖြစ် အောင် ပြန်လည်တပ်ဆင်ပေးမည်ဟု ကတိပြုသော်လည်း Data က စိတ်မချနိုင်ပေ။ ထို့ကြောင့် Data သည် သူ့ကိုယ်ကို တစ်စစီ အဖြုတ်မခံ။ တစ်လောကလုံး၌ သူကဲ့သို့သော စက်ရုပ်နှင့်တူသည့် အရာသည် မရှိ။ အကယ်၍ Maddox က သေသေချာချာ ပြန်လည်မတပ်ဆင်နိုင်လျှင် သူကဲ့သို့ သီးသန့်ဝိသေသလက္ခဏာများ နှင့် ထူးခြားနေသည့်အရာသည် ပျောက်ဆုံးသွားလိမ့်မည်ဟု အတိုက်အခံဆွေးနွေးသည်။

ကျွန်ုပ်တို့ သားသမီးများ နားလည်စေချင်သည်မှာလည်း ဤ အဘောပင်ဖြစ်သည်။ သူတို့ကို ဘဝင်မြင့်စေလိုသော သဘော မဟုတ်ပေ။ ဆိုလိုသည်မှာ ဤလောက၌ သူတို့ရှိနေခြင်းသည် လောက ကြီး၌ သာယာစေကြောင်း။ ကျွန်ုပ်တို့ ချစ်သည်မှာလည်း သူတို့ပင်

ဖြစ်ကြောင်း၊ ကျွန်ုပ်တို့အတွက် သူတို့ဆောင်ကြဉ်းပေးသည်များနှင့် မဆိုင်ကြောင်း သူတို့သိစေချင်သည်။ ဤကဲ့သို့ ခြွင်းချက်မဲ့မေတ္တာ ပေးခြင်းမှအပ အခြား မည်သည့်အခြေခံပေါ်တည်၍မျှ သူတို့ကို ချစ်ခြင်းမဟုတ်ပေ။ ကျွန်ုပ်တို့သည် ခြွင်းချက်မဲ့မေတ္တာမပါလျှင် မည်မျှပင် စေတနာကောင်းစေကာမူ အမြော်အမြင်ကြီးရာ မရောက်ဘဲ နောက်ဆုံးတွင် ပျက်စီးရာပျက်စီးကြောင်းသာ ဖြစ်တော့မည်။

Dead Poets Society ရုပ်ရှင်ကားတွင် Neil Perry ၏ ဖခင်သည် သူ့သားကို အတန်းထဲတွင် စာတော်ပြီး ဆရာဝန်ကြီး တစ်ဦးဖြစ်အောင် အမြဲတစေတွန်း၏။ ဆရာဝန်အလုပ်သည် မွန်မြတ်သည်၊ တည်ငြိမ်သည်၊ ဂုဏ်ရှိသည်ဟု ဖခင်က ယူဆသည်။ သို့သော် Neil သည် သူတို့ကျောင်းကပွဲ၌ Shakespeare ၏ ပြဇာတ်တစ်ခုကို တင်ဆက်ရာ ခေါင်းဆောင်မင်းသားအဖြစ် ပါဝင် ကပြခဲ့၍ သူ့ဘဝတွင် သူလုပ်ချင်သည့်အရာကို ရုတ်ခြည်း သိခွင့်ရ လိုက်သည်။ သူက သရုပ်ဆောင်မင်းသား လုပ်ချင်သည်။ သူ့ဖခင် သည် ဤကိစ္စကို သိသောအခါ ယမ်းပုံမီးကျ ဒေါသပေါက်ကွဲတော့၏။ ဖခင်က သားကို အကောင်းဆုံး ဖြစ်စေချင်သည်။ ဤသို့ဆိုလျှင် ဆရာဝန် ဖြစ်မှကောင်းစားမည် မဟုတ်ပါလော။ ထို့ကြောင့် Neil ကို လက်ရှိကျောင်းမှထုတ်၍ စည်းကမ်းတင်းကျပ်သောကျောင်းသို့ ပို့လိုက်သည်။ ထိုကျောင်းသည် သူမင်းသားဖြစ်ချင်သော စိတ်ဆန္ဒ ကို ရိုက်ချိုးပစ်၍ ဘဝကောင်းစားရေးအတွက် စာပေလေ့လာမှု ဘက်သို့ အာရုံစိုက်စေမည် မဟုတ်ပါလော။ သို့တစေ Neil အတွက် မူ သူ့ဖခင်၏ အိပ်မက်များနှင့် ဘဝရည်မှန်းချက်များကို ဖြည့်ဆည်း ပေးနိုင်မှ သူ့ဖခင်က သူ့ကို ချစ်မည်ကဲ့သို့ ခံစားရသည်။ ဖခင်သည် သူ့ကို သူ့အနေဖြင့် အဘယ့်ကြောင့် လက်မခံသနည်း။ သူ့ဖခင်က သူ့ကို မည်သည့်အခါမျှ သရုပ်ဆောင်မင်းသားဖြစ်ခွင့်ပေးမည် မဟုတ်ကြောင်း သူနောက်ဆုံးသိလာသည့်အခါ အလွန့်အလွန်

ခြင်ခတ်ကျလာတော့သည်။ သူ့ဘဝသည် အဓိပ္ပာယ်မဲ့လာ၍ ထွက်ပေါက်လည်း မမြင်တော့ပေ။ နောက်ဆုံးတွင် သူ့ဖခင်၏ သေနတ်ဖြင့် သူ့ကိုယ်သူ ဝမ်းနည်းဖွယ်အဆုံးစီရင်လိုက်တော့သည်။

Neil ၏ ပြဿနာသည် ရိုးစင်းပါသည်။ သူ့ဖခင်သည် သူ့ကို အရှုပ်ဆောင်သူ တစ်ဦးအနေဖြင့် မချစ်နိုင်လျှင် သူ့ကိုလုံးဝချစ်နိုင်မည် မဟုတ်ပေ။ သူသည် သူ့ဖခင်၏ ချစ်မေတ္တာနှင့် လက်ခံမှုကို မျှော်လင့်ချက်ကင်းသော်လည်း အလွန်လိုအပ်ပါ၏။ တကယ်တမ်းမှာ ခင်ကလည်း သူ့သားကို အလွန်ချစ်ပါသည်။ သို့တစေ သူ့မျှော်မှန်းချက်ကြီးများသည် မိုးကောင်းကင်လောက် မြင့်မားလွန်းကာ သူ့ချစ်မေတ္တာ၌ ခြွင်းချက်အပြည့်ရှိနေသောကြောင့် Neil ၏ ဘဝ ဤသို့ဇာတ်သိမ်းမလှဖြစ်ရရှာသည်။

ထို့ကြောင့် ကလေးတို့၏ စွမ်းအင်ပုန်းများ ပေါ်လွင်လာစေရန် မိဘက မည်သို့စေ့ဆော်ပေးမည်နည်း။ တစ်ချိန်တည်းမှာပင် သူတို့ကို ခြွင်းချက်မဲ့ချစ်ကြောင်း သူတို့နားလည်ဖို့ မည်သို့ အချအောင် ပြုမည်နည်း။

> **'သူတို့၏ အမေနှင့်အဖေတို့ထံမှ မည်သည့်အခါမျှ မရရှိခဲ့ဖူးသော နှစ်ခြိုက်လက်ခံမှုကို လိုချင်စောနှင့် သူတို့၏ဘဝတစ်ခုလုံး ရှန်းကန်ခဲ့ရသည့် သနီးပေါင်းများစွာသော ကလေးတို့အတွက် သင် ငိုကြွေးလိုက်ပါ။'**
>
> Anonymous

**ကလေးကို ရင်ဆိုင်ငံ့သော မိမိကိုယ်ကို ယုံကြည်စိတ်ချမှု**

ဘဝသည် ယှဉ်ပြိုင်မှုပွဲမ်း၏။ သင်ကြိုက်သည်ဖြစ်စေ၊ မကြိုက်သည်ဖြစ်စေ ယှဉ်ပြိုင်ရမည်သာဖြစ်၏။ ကျောင်းပညာ သင်ကြားခြင်းမှအစ အလုပ်ခန့်ဆိုင်ရာ တွေ့မေးခြင်းများအထိ တစ်ချိန်လုံး

အပြိုင်အဆိုင် ပါဝင်ဆင်နွဲရသည် ဖြစ်၏။ ဤသည်ကို ပြောင်းလဲ ပစ်ရန် ကျွန်ုပ်တို့ မည်သို့မျှ မတတ်နိုင်ပါ။ မိမိတို့၏ ကလေးမျာ အတန်းထဲ၌ ဘိတ်ဆုံးရောက်မည်စိုးလျှင် မိဘတို့ရွေးချယ်စရာ နည်းလမ်းနှစ်သွယ် ရှိပါသည်။ တစ်နည်းမှာ သူတို့ကလေးတွေကို မည်သည့်ယှဉ်ပြိုင်မှုမျိုးတွင်မျှ မပါဝင်စေရန် ကာကွယ်တားမြစ်ထာ ခြင်းဖြစ်၏။ ဤသည်မှာ မလွဲမရှောင်သာသည်ကို ရွှေ့ဆိုင်းခြင် သာဖြစ်သည်။ ကျန်တစ်နည်းမှာ ကလေးတို့အောင်မြင်စေရန် အမြဲသွေးပေးနေခြင်း ဖြစ်သည်။ ယင်းနည်းလမ်းနှစ်သွယ်စလုံးသည် အမြင်ကျဉ်းမြောင်းသည်။ သင်သည် မည်သူပင်ဖြစ်စေ အရာ အားလုံးကို အောင်မြင်နိုင်သည် မဟုတ်ပါ။ သင့်ကလေးများသည် သူတို့၏ ဘဝတစ်လျှောက်တွင် သူတို့ထက် ပို၍ လက်သွက်သော တော်သော၊ ကြွယ်ဝသော၊ ကြင်နာသော၊ ဆွဲဆောင်မှုရှိသော ဖန်တီးနိုင်စွမ်းရှိသော သူတို့နှင့် တွေ့ကြုံနေမည်သာ ဖြစ်သည် တင်းနစ်အားကစား၊ ဘောလုံး၊ ပန်းချီ၊ ဂီတ၊ စာရေးသား ဟောပြောမှု၊ စာရင်းကိုင်လုပ်ငန်းများတွင် သင့်ကလေးတို့ မည် တော်သည်ဖြစ်စေ သူတို့ထက် သွက်လက်သူ၊ တော်သူ၊ ငယ်သ အစရှိသူတို့သည် သူတို့၏နေရာကိုယူရန် အမြဲတမ်း အဆင်သ ရှိကြ၏။

ဟောလီဝုဒ်မှ ကောင်းတို့ပြိုင်ကားများ၏ အဓိကဇာတ်ကော သည် သေနတ်ပစ် အမြန်ဆုံး ဇာတ်လိုက်ဖြစ်သည်။ သူသည် သူ အမြန်ဆုံးလက်ဖြောင့်သေနတ်သမား ဘွဲ့ကို အသက်ပေး ကာကွ ရလေ့ရှိ၏။ လူငယ်တို့သည် ထို အမြန်ဆုံးလက်ဖြောင့် သေန သမား ကို လမ်းမပေါ် အရောက် စိန်ခေါ် ကာ သေနတ်ချင်းယှဉ်ပ ရင်း စိုင်စိန်ချုပ်တော့သည်။ သေနတ်ပစ်သမားသည်လည်း သ အသက်မွေးမှုတွင် ခံခဲ့ယဉ်းယဉ်းရယူခဲ့သော ထိပ်ဆုံးနေရာ တစ်နေ့နေ့တစ်ချိန်ချိန်တွင် အပြီးအပိုင်ရွှေ့ရတော့သည်။ သ

ကလေးတို့သည်လည်း ဤသို့သောပြဿနာကို ရင်မဆိုင်ရပါစေနှင့်။

မြင်းစီးသင်တော့မည်ဆိုလျှင် မြင်းပေါ်မှ အန္တရာယ်ကင်းရှင်းစွာ ဆင်းတတ်ဖို့ ဦးစွာ သင်ရပေသည်။ အဘယ်ကြောင့်ဆိုသော် သင်မည်မျှပင် မြင်းစီးတော်သည်ဆိုစေကာမူ သင် လိမ့်ကျမည်မှာ သေချာဖြစ်၏။ ထို့ကြောင့် သင့်ကလေးကို အောင်မြင်နည်း သင်ကြား၍ ကျရှုံးမှု သို့မဟုတ် သာမန်မျှဖြစ်မှုတို့အတွက် မည်သို့အလိုက်သင့်ပြုရမည်ကို သင်ကြားမပေးမိလျှင် ရေရှည်အကျိုးကျေးဇူးအတွက် သင်ကြားပေးရာ ရောက်မည် မဟုတ်ပေ။

ကျွန်ုပ်၏ မိတ်ဆွေတစ်ဦး၌ အပြေးသန်သော သားတစ်ယောက်ရှိ၏။ ထို အပြေးတော်သူ သူငယ်သည် ဒေသဆိုင်ရာအဆင့်တွင် ကျောင်းကိုယ်စားပြုရန် ရွေးချယ်ခံရသည့်အခါ မိဘနှစ်ဦးသည် အလွန်ဝမ်းမြောက်ဂုဏ်ယူ၏။ ထိုသူငယ်သည် သူ့အသက်အရွယ်လိုက် များစွာမကြီးထွားသော်လည်း အပြေးသန်သည်။ သူအရွေးခံရဖို့ အရေးတွင် သူ့ထက်ကြီးသော၊ ပို၍အင်အားရှိသောသူတို့ကို နိုင်မှဖြစ်မည်။ ထို့ကြောင့် သူသည် အပြင်းအထန်လေ့ကျင့်သည်။ သူသည် စိတ်ဗိုင်းရော ရုပ်ပိုင်းပါ ထိပ်တန်း အခြေအနေတွင် ရှိ၏။ ပြိုင်ပွဲကြီးတွင် ပန်းဝင်မည်ဟု သူ့ကိုယ်သူ ခန့်မှန်းထား၏။ ဝင်တော့ ဝင်ပါသည်။ သို့သော် ဘိတ်ဆုံးက ဝင်သည်။ သူနှင့်ယှဉ်ပြိုင်သူများသည်လည်း သူတို့၏ သက်ဆိုင်ရာဒေသအလိုက် အတော်ဆုံးလက်ရွေးစင်များ ဖြစ်သည်။ ပို၍အသက်ကြီးသည်။ အရပ်ရှည်သည်။ သူ့ထက် ပို၍မြန်သည်။ ဤတွင် သည်ကလေး၏ အိပ်မက်ကမ္ဘာလေး ပြိုကွဲလေပြီ။ သူအိမ်ပြန်ရောက်သည့်အခါ သူ့အိပ်ခန်းဆီသို့ တန်းတန်းမတ်မတ်ဝင်၍ တံခါးကို အလုံပိတ်ထားလိုက်၏။ သူ့ရည်မှန်းချက်ရော တခြားသူတွေ၏ မျှော်လင့်ချက်တွေအားလုံးကို ဖျက်စီးအောင်လုပ်မိပြီဟု ယူကျုံးမရ ဖြစ်၏။ ထို့နောက် သူ့ဖခင်က သားနှင့်စကားပြောဖို့ ကြိုးစားသည့်အခါ

သားသည် ယခင်ကထက် စိတ်မချမ်းသာပုံ ပေါ်နေတော့သည်။ သူတို့သားအဖ ခုတင်စွန်းပေါ်၌ ထိုင်ရင်း သူသည် ခေါင်းငိုက်စိုက်နှင့် ကြမ်းပြင်ကို ငေးကြည့်နေသည်။ ဖခင်က မင်းအကောင်းဆုံး ပြေးလိုက်တယ်မဟုတ်လား ဟုမေးရာ သူက ဟုတ်ကဲ့ ဟု ဖြေသည်။ ဖခင်က ဒီလိုဆိုလျှင် အဖေ မင်းအတွက် ဂုဏ်ယူပါတယ်ကွာ ဟု သားကိုပြောပြီး ခုတင်ပေါ်က ထလိုက်သည်။ ထို့နောက် အဖေ လိုချင်တာက သားရဲ့အကောင်းဆုံးကြိုးပမ်းမှုပါပဲ။ နိုင်လျှင်တော့ ကောင်းတာပေါ့၊ ဒါပေမဲ့ ကိုယ် အကောင်းဆုံးကြိုးစားလျက်နဲ့ မနိုင်တာ ဘာမှရှက်စရာမရှိဘူး ဟု နှစ်သိမ့်ပြောဆိုလိုက်၏။

သူ့ဖခင် တံခါးဝနားသို့ ရောက်သည့်အခါ သားဖြစ်သူက ဒီလိုဆို ဖေဖေက ကျွန်တော့်ကို တကယ်ချစ်တာပေါ့နော် ဟုတ်လား ဟု လှမ်းမေးလိုက်တော့သည်။

သူ့ဖခင်က သူ့ကို တကယ်ချစ်ပါသည်။ ကျွန်ုပ်တို့သည်လည်း ကျွန်ုပ်တို့၏ ကလေးများကောင်းစွာ ကြိုးစားသည့်အခါ ဂုဏ်ယူပါသည်။ သို့သော် ကောင်းစွာ ကြိုးစားတိုင်း ပထမထွက်သည် မဟုတ်ပါ။ ကလေးတို့အနေဖြင့် ကိုယ်စွမ်းဉာဏ်စမ်း ရှိသလောက် အကောင်းဆုံး အားသွန်ခွန်စိုက် ကြိုးပမ်းကြပါသည်။ မိဘတို့သည် လည်း သားသမီးများ အောင်မြင်သည်ဖြစ်စေ၊ မအောင်မြင်သည် ဖြစ်စေ သူတို့ကို ချစ်သည်သာ ဖြစ်ကြောင်း သူတို့သေသေချာချာ သိအောင် ပြရမည်သာ ဖြစ်ပါ၏။

**'ချစ်ခြင်းမေတ္တာဟူသည် ကျွန်ုပ်တို့၏ စွမ်းပကားနှင့် မည်သို့မျှမပတ်သက်သော စိတ်အဟုန် ဖြစ်၏။'**

Paul Eldridge, House of Glass

**င်းသည် မည်သူပင်ဖြစ်စေ ခြွင်းချက်မဲ့မေတ္တာသည် သင်တတ်နိုင်သော လက်ဆောင်မွန်တစ်ရပ် ဖြစ်ပါသည်။**

Chariots of Fire ရုပ်ရှင်၌ လူစွမ်းကောင်း Eric Liddell သည် ၁၉၂၄ ခုနှစ် အိုလံပစ် ကိုက် ၄၀၀ အပြေးပြိုင်ပွဲတွင် အကြိတ်အနယ်ယှဉ်ပြိုင်ကာ ဝိုလ်စွဲ၍ လူတိုင်းကို ဖုံ့အားသင့်စေခဲ့သည်။ သို့တစေအားဆိပ်ဆုဆွတ်ခူးခြင်းထက် ငါ အကောင်းဆုံး စွမ်းဆောင်နိုင်ခဲ့သည်ဟူသော အသိစိတ်ဓာတ်က သူ့ကို ပီတိအများဆုံးဖြစ်စေသည်။ သူယှဉ်ပြိုင်ချင်သော ကိုက် ၁၀၀ ပြေးပွဲ အစမ်းပြုလုပ်စဉ်က တနင်္ဂနွေနေ့ တူရောက်သဖြင့် ပါဝင်ယှဉ်ပြိုင်ခြင်းမပြုခဲ့ရာ သူ့ကို နောက်ဆုံးပြိုင်ပွဲအတွက် အလိုလိုပယ်ပြီး ဖြစ်ခဲ့သည်။ ထိုအခါ အမျိုးသားအားကစားကောင်းကြီးအဖြစ်မှ လူထုရန်သူ နံပါတ် ၁ အဖြစ်သို့ ညတွင်းချင်းပြောင်းလဲခဲ့သည်။ ဗြိတိသျှအားကစားအာဏာပိုင်တို့က တနင်္ဂနွေနေ့ အစမ်းယှဉ်ပြိုင်မှုအတွက် အကြီးအကျယ်တွန်းအားပေးသည်။ အကယ်၍ သူသည် သူတစ်ပါးကို ကျေနပ်စေလိုသော အမိုက်စေ့စော်ကြောင့် ပါဝင်ယှဉ်ပြိုင်ခဲ့လျှင် ထိုကိုက် ၁၀၀ ပြေးပွဲကို သေချာပေါက်နိုင်မည်။ သို့သော် သူ့ခံယူချက်ကိုတော့ စတေးလိုက်ရမည်ဖြစ်၏။

ကလေးတို့သည် တစ်နေရာရာ၌ တော်သည်ဆိုခြင်းကပင် အဘယ်သို့ဖြစ်လာမည်ကြောင်း သိဖို့ လိုအပ်သည်။ တစ်နေ့တာဆောင်ကြဉ်းရမည့် အလုပ်များ ပြီးစီးသည့်အခါ ယင်းတို့ကို ပြုလုပ်ဆောင်ရွက်ခြင်း၏ အကြောင်းပြချက်သည် တကယ်တမ်းမှာ အခြားသူတို့ သင့်အတွက် ကျေနပ်တက်စေရန် မဟုတ်ဘဲ သင့်ကိုယ်ပိုင်စွမ်းအင်ပုန်းများကို ဖော်ဆောင်အထည်ဖော်ခြင်းသာဖြစ်သည်။ အဓိပ္ပာယ်မှာ တကယ့်ယှဉ်ပြိုင်ခြင်းသည် အခြားသူများနှင့်မဟုတ်ဘဲ မိမိကိုယ်ကိုယှဉ်ပြိုင်ခြင်းဖြစ်သည်။ ထို့ကြောင့်ပင် အိုလံပစ်အားကစားပြိုင်ပွဲ၏ ဆောင်ပုဒ်မှာ ယှဉ်ပြိုင်ခြင်းသည် ပဓာန၊ အောင်နိုင်ခြင်းသည် သာမည ဖြစ်ကြောင်း အလေးပေးခြင်းဖြစ်၏။

မိဘများအနေဖြင့် ကျွန်ုပ်တို့၏ ကလေးများကို အကောင်
ဆုံးဖြစ်စေချင်သည်။ ဘဝ၏ မလွဲမရှောင်သာသော အတက်အ
အခြေအနေများတွင် အလိုက်သင့်နေနိုင်သော စွမ်းရည်ရှိစေချ
သည်။ သို့သော် ဤစေတနာကို အကောင်အထည်ဖော်နိုင်ရန်မှ
သူတို့၏ ခွန်အားများကို စူးစမ်းရှာဖွေကာ ယင်းတို့အပေါ် အခြေခံ
တည်ဆောက်ရန် ကူညီရုံနှင့် ပြီးမည်မဟုတ်ပါ။ ထူးဆန်းပုံရသော
လည်း အကယ်၍ သူတို့လည်း ဤမျှသာ ပြုလုပ်နိုင်မည်ဆိုလျှ
အလွန်လုံခြုံမှုမဲ့နေဦးမည်။ ကျွန်ုပ်တို့သည် သူတို့ ပျော့ညံ့ချက်များ
ကန့်သတ်ချက်များကို သူတို့ကိုယ်တိုင် လက်ခံနိုင်ကာ စိတ်အေ
ချမ်းသာစွာ နေတတ်ထိုင်တတ်အောင် ကူညီရဦးမည်ဖြစ်သည်။

သူတို့ စကားမပြောတတ်မီကပင် စ၍ ကျွန်ုပ်၏ ကလေးမျာ
ကို ကျွန်ုပ်က မည်မျှချစ်ကြောင်း မေးလေ့ရှိ၏။ သူတို့သည
တဖြည်းဖြည်းနှင့် အဖြေကို အလွတ်ရနေတော့သည်။ သူတို့၏အဖြေ
သည် မိုးလောက်ကြီးအထိနဲ့ အမြဲတမ်းချစ်တယ် ဟူ၍ ဖြစ်ပါသည
တစ်ယောက်ချင်း ကြီးပြင်း၍ စကားပိုတတ်လာသောအခါ မေမေ
မိုးကောင်းကင်ကြီးကလည်း တကယ်မြင့်ပြီးတော့ အဆုံးမှမရှိတ
ဟုသူတို့က အေးအေးဆေးဆေး ထိုင်၍ ရှင်းပြတတ်သေးသည
ဤသို့ဖြင့် သူတို့သည် ဆိုလိုရင်းကို တဖြည်းဖြည်းသဘောပေါ
လာသည်။ သူတို့ မည်သည်ကို ပြုလုပ်သည်ဖြစ်စေ၊ မပြုလုပ်သည
ဖြစ်စေ သို့မဟုတ် မည်သူများဖြစ်၍ အောင်မြင်သည်ဖြစ်စေ
မအောင်မြင်သည်ဖြစ်စေ ကျွန်ုပ်သည် သူတို့ကိုယ်သူတို့ သိသည
ထက်ပို၍ အမြဲတစေ ချစ်နေမည်သာ ဖြစ်၏။

ကလေးတို့သည် ခြွင်းချက်မဲ့မေတ္တာ မရရှိသည့်အခါမှာထ
ရရှိသည့်အခါတွင် ပို၍ကောင်းစွာ ကစားသည်၊ သင်ယူသည
အာရုံစူးစိုက်သည်၊ သူတစ်ပါးနှင့် ဆက်ဆံသည်၊ ရယ်မောသည
ပေးကမ်းသည်၊ ချစ်သည်။ ဤသို့ဖြစ်သည်နှင့် အတန်းထဲတွင် ပထ

သို့မဟုတ် အိုလံပစ်ပွဲတွင် ဗိုလ်စွဲမည်ဟု မဆိုလိုပေ။ ဆိုလိုသည်မှာ သူတို့ကိုသူတို့အနေဖြင့်သာ ချစ်ကြောင်း သူတို့သိလျှင် သူတို့၏ဘဝ၌ မလွဲမသွေကြုံရသော လက်သီးစာမိမှုနှင့် စိတ်အနှောင့်အယှက်ဖြစ်မှု ဟူသမျှကို အလွယ်တကူကျော်လွှားနိုင်၍ ချမ်းမြေ့ပျော်ရွှင်စွာ ရှင်သန်နိုင်လိမ့်မည်။

မိဘက ကလေးကို ပေးနိုင်သော အကြီးမားဆုံးသော လက်ဆောင်မွန်သည် ခြွင်းချက်မဲ့ မေတ္တာပင် ဖြစ်သည်။ ကျွန်ုပ်တို့ မည်မျှဆင်းရဲသည် ချမ်းသာသည်ဆိုခြင်းနှင့် မဆိုင်။ ဤ လက်ဆောင်မွန်သည် မည်သည့်မိဘကမဆို ပေးနိုင်စွမ်းရှိသည်သာဖြစ်၏။ ထို့ကြောင့် ဤနေရာတွင် မိဘတိုင်းသည် တန်းတူရည်တူ အဆင့်ရှိ၏။ သင့်ကလေးများကို အမြဲတစေခြွင်းချက်မဲ့ ချစ်နေမည့်အကြောင်းကို ပြတ်ပြတ်သားသား တစ်သမတ်တည်းဖြင့် သက်သေထူမည်ဆိုလျှင် သင့်ကလေးများ ကိုယ့်ကိုယ်ကိုယ် ယုံကြည်မှု၊ စိတ်လုံခြုံမှုနှင့် မိမိကိုယ်ကို အလေးအမြတ်ထားမှုတို့ရှိအောင် ကူညီနိုင်သည်။ ဤခြင်းရာသတ္တိများသည် သူတို့ဘဝခရီးလမ်းတစ်လျှောက်၌ ချမ်းမြေ့ပျော်ရွှင်ရေးအတွက် လိုအပ်ချက်များပင် ဖြစ်ပါသည်။

**သတိပြုရန်**

- သင့်ကလေးတို့စိတ်ချမ်းသာအောင် သင်က သူတို့ကို ခြွင်းချက်မဲ့ ချစ်ကြောင်း သူတို့နားလည်အောင်ပြဖို့ လိုအပ်ပါသည်။
- ဤကိစ္စအတွက် ပြောရုံနှင့်မလုံလောက်ပါ။ အလုပ်နှင့် သက်သေပြမှ အဆပေါင်းများစွာ ပိုမိုနိုင်မာသည်။
- သင့်ကလေးတို့သည် သင်တို့ကို ချစ်သည်မှာ သူတို့ အနေဖြင့် ဖြစ်ကြောင်းနှင့် သူတို့မည်သည်ကို ပြုလုပ် သည်နှင့် မဆိုင်ကြောင်း အမြဲတစေ စိတ်ချနေချင်သည်။
- သင့်ကလေးတို့ကို ချစ်သောအချစ်နှင့် သူတို့အတွက် မျှော်မှန်းချက်များကို မည်သည့်အခါမျှ ရောထွေးမထား ပါနှင့်။
- သင့်ကလေးတို့ကို သင်ခြွင်းချက်မဲ့ချစ်ကြောင်း ဖော်ပြ ခြင်းသည် သူတို့ အဖိုးတန်ကြောင်းသိစေသည့် အပြင် မိမိကိုယ်ကို အလေးအမြတ်ထားမှုကိုလည်း တည်ဆောက်ပေးနိုင်သည်။
- သင့်ကလေးတို့ကို ချစ်ကြောင်း သက်သေထူခြင်းသည် သူတို့မလွဲမသွေ ကြုံတွေ့ရသော ကျရှုံးမှုနှင့် စိတ်ပျက် အားငယ်မှုတို့ကို အလိုက်သင့်တုံ့ပြန်တတ်ရန် ကူညီ၍ ပြန်လည်ကြိုးစားဖို့ မိမိကိုယ်ကို ယုံကြည်အားကိုးစိတ် ရှိစေသည်။

**သော့ချက်မှုများ**

**သင့်ကလေးတို့ကို သူတို့၏ ပြုမူဆောင်ရွက်မှုအပေါ်အခြေမခံဘဲ သူတို့ကို သူတို့ အနေဖြင့်သာ ချစ်ပါ။ ဤအချက်ကိုလည်း သူတို့ သေသေချာချာနားလည်ပါစေ။**

**အကျောက်အောင်မြင်နည်း**

- သင့်ကလေးများကို သင်မည်မျှချစ်ကြောင်းနှင့် သူတို့သည် သင့်အတွက် တန်ဖိုးအနဂ္ဃရှိကြောင်း ယနေ့ ဆက်ဆက်ပြောဖြစ်အောင် ပြောပါ။
- ဤစကားကိုပင် ထပ်၍ ပြောပါဦး။ သူတို့စိတ်နှလုံးထဲ စိမ့်ဝင်သွားဖို့ အချိန်ကြာကြောင်း သတိရပါ။
- သူတို့ဆုံးရှုံးမှု တစ်စုံတစ်ရာကြုံရသောအခါ သူတို့နှင့်အတူတကွ ထိုင်၍သက်သက်ကပင် သူတို့ကို ချစ်ရာရောက်မည်ဆိုလျှင် သူတို့နှင့် အတူထိုင်၍ သူတို့ကို ချစ်ကြောင်းပြလိုက်ပါ။
- သူတို့အောင်မြင်၍သာ သူတို့ကို ချစ်သည်ဟု သင့်ကို မည်သည့်အခါမျှ အထင်မလွဲအောင် သေသေချာချာ ဂရုစိုက်ပါ။

■

## တစ်ကြို - ၄
## ခိုင်မြဲပါစေ

### စည်းကမ်း၏အပြုသဘောကဏ္ဍ

**'ကလေးမွေးမြူခြင်းသည် တစ်စိတ်တစ်ဒေသအားဖြင့် ပျော်စရာဖြစ်၍ တစ်စိတ်တစ်ဒေသအားဖြင့် ပြောက်ကျား စစ်ဆင်ရေးဖြစ်၏။'**

Ed Asner

**စည်းကမ်းသည် မိဘက ရင်သွေးပြုစုပျိုးထောင်ရေးအတွက် မရှိမဖြစ် လိုအပ်သောလက်နက်ကိရိယာတန်ဆာပလာဖြစ်၏။**

တစ်ခါတုန်းက တောင်အာဖရိကတိုက် တိရစ္ဆာန်ထိန်းသိမ်း စောင့်ရှောက်ရေး ကြိုးဝိုင်းအတွင်း ပြဿနာကြီးတစ်ရပ် ပေါ်ပေါက် ခဲ့သည်။ ထိုနေရာရှိ ကျွမ်းကျင်ပညာရှင်တို့သည် တချို့သက်ငယ် ဆိုးသွမ်းဆင်ထီးတို့နှင့် ပတ်သက်၍ စိတ်ပူနေကြ၏။ ထိုဆင်ငယ် တို့သည် ခရီးသွားဧည့်သည်တွေကို တိုက်ခိုက်သည်။ အဖြူရောင် ရေကြွဲအမများနှင့်လည်း မိတ်လိုက်ဖို့ကြိုးစားသည်။ တကယ်တမ်းမှာ

ကျန်ခဲ့သော သုံးနှစ်ကျော်အတွင်း ကြံ့ ၁၉ကောင်ကို မသေမချင်း ဆင်စွယ်နှင့် ထိုးသတ်သည်။ ဆင်ဆိုးတစ်ကောင်ကလည်း သူတို့ကို ထိန်းရန်လာသော ကြေးစားမုဆိုးတစ်ဦးကိုပင် သတ်ဖြတ်လိုက်သေး၏။ ဆင်ငယ်များ ထူးထူးခြားခြား ဆိုးသွမ်းသောင်းကျန်းခြင်းမှာ ငယ်စဉ်က မိခင်နှင့် ရင်အုပ်မကွာကြီးပြင်းကာ စည်းကမ်းချမှတ်သင်ကြားပေးခြင်း မခံရသောကြောင့်ဖြစ်ကြောင်း ကျွမ်းကျင်ပညာရှင်တို့က တညီတညွတ်တည်း ကောက်ချက်ချကြ၏။ ရိုးရိုးဆိုသော် သူတို့မိခင်ကို လွမ်းသောကြောင့်ဟု ဆိုနိုင်ပါသည်။

ပြဿနာသည် မိခင် (သို့မဟုတ်) တခြားမိသားစုဝင် တစ်ယောက်တစ်ပြီးမှုမပါဘဲ ဆင်ပေါက်များကို တိရစ္ဆာန်ထိန်းသိမ်းစောင့်ရှောက်ရေး စခန်းတစ်ခုမှ အခြားစခန်းတစ်ခုသို့ ပြောင်းရွှေ့ခဲ့ခြင်းကကောင်သည်။ စခန်းအာဏာပိုင်များကမူ သူတို့ နို့ဖြတ်ပြီးဖြစ်၍ ပြောင်းရွှေ့သောနေရာသစ်တွင် ပြဿနာမရှိနိုင်ဟု ယူဆခဲ့သည်။ သို့သော် ယင်းယူဆချက်သည် ဘေးအန္တရာယ်ကြုံရသည်အထိ မှားယွင်းအောင်လွဲခဲ့၏။ ယင်းပြဿနာကို စေ့စေ့စပ်စပ်လေ့လာခဲ့သော Eddie Koch က လူသားကလေးငယ်ကဲ့သို့ပင် ဆင်ပေါက်ကလေးများသည် သူတို့ကျင်လည်ရာ အဖွဲ့အစည်း(Society)၌ တာဝန်ယူတတ်သောအဖွဲ့ဝင်များအဖြစ် ကြီးပြင်းရေးကိစ္စတွင် စည်းကမ်းရှိဖို့လိုအပ်သည်သာ ဖြစ်၏ဟူ၍ အကျဉ်းချုံးသုံးသပ်ခဲ့သည်။ သက်ကြီးရွယ်အိုသာတို့၏ ဆုံးမကွပ်ကဲမှုအောက်တွင် မကြီးပြင်းရသောကြောင့် ယင်းဆင်ငယ်များ ပေါ်တန်ဆိုးသွမ်းရသည်ဟု ဆိုခဲ့၏။

စည်းကမ်းရှိခြင်းကို အဓိပ္ပာယ်ကောက်လွဲ၍ ကြောက်စရာကောင်းမြင်ကြသည်မှာ ဝမ်းနည်းဖွယ်ဖြစ်သည်။ ကျွန်ုပ်တို့ဩတိန်နိုင်ငံတွင် လွန်ခဲ့သည့်နှစ် ၁၀၀ခန့်က မိဘများသည် မျက်နှာကြောတင်းသည်။ ထမင်းစားပွဲ၌ လိုက်နာရမည့်စည်းကမ်းသည်ပင် အတော်တင်းကျပ်

သည်။ ကလေးကို အလိမ္မာဖက်စေချင်လျှင် ကြိမ်ဒဏ်နှက်ရမည် ဟူသော အိမ်ထောင်စုဝါဒက စိုးမိုးသည်။ စည်းကမ်းဆိုသည်မှာလည်း အပြစ်ဒဏ်ပေးခြင်းအကြောင်းသာဖြစ်၍ အပြစ်ဒဏ်ပေးခြင်းဆိုသည်မှာလည်း ကြိမ်လုံး၊ ခါးပတ်စ သို့မဟုတ် အညင်သာဆုံး မိဘ၏ ဖိနပ်စာပင်ဖြစ်သလော။

ပြဿနာမှာ စည်းကမ်းနှင့် အပြစ်ဒဏ်ကို ယနေ့တိုင် တစ်သဘောတည်းတူညီသည်ဟု အရိုးစွဲနေခြင်း ဖြစ်သည်။ ယမန်နေ့ကပင် မိဘတို့ ကလေးမွေးမြူပုံအကြောင်းပြုစုထားသော စာအုပ်တစ်အုပ်ကို ကျွန်ုပ်ဖတ်မိပါသေးသည်။ ထိုစာအုပ်သည် မနှစ်ကမှ ထုတ်ဝေထားပြီး အခန်းကြီးသုံးခန်းစလုံး စည်းကမ်းနှင့် ပတ်သက်သည် ဖြစ်၏။ ဝမ်းနည်းဖွယ်ကောင်းသည်မှာ ယင်းအခန်း အားလုံးသည် ကလေးတို့၏ အမှားများအတွက် သစ်သားယောက်မ သို့မဟုတ် ဇွန်း၏ကျောဘက်ကို လက်သုံးပြု၍ မည်သို့အပြစ်ဒဏ် ပေးသင့်ကြောင်းများ ရေးထားခြင်းပင်ဖြစ်၏။

သို့သော် အပြစ်ဒဏ်ပေးခြင်းနှင့် စည်းကမ်းသတ်မှတ်ခြင်းကို မသဲကွဲသည့်အခါ ကျွန်ုပ်တို့သည် ကံဆိုးမိုးမှောင်ကျ၍ အခြား ပြဿနာတစ်ရပ်ကို ဖိတ်ခေါ်ရာ ရောက်ပြန်သည်။ ယင်းမှာ ကျွန်ုပ်တို့က ကလေးကို ချစ်လည်းချစ်မည်။ တစ်ချိန်တည်း၌ စည်းကမ်းလည်း ချမှတ်မည်ဆိုခြင်းသည် မဖြစ်နိုင်၍ တစ်ခုရှိလျှင် ကျန်တစ်ခုကို စွန့်လွှတ်ရမည်ဟူသော အယူအဆမှားယွင်းချက် ဖြစ်၏။ ဤသို့နားလည်မှုလွဲခြင်းကြောင့် စည်းကမ်းကိုတိတိကျကျ မချမှတ်နိုင်ပေ။ တချို့ကတော့ စည်းကမ်းသတ်မှတ်ခြင်းသည် ရက်စက်သည်။ အဖျက်သဘောဆောင်သည်။ ထို့အပြင် ကလေးတို့ကို ချစ်ရာလည်း ရောက်မည်မဟုတ်ဟု ခံယူသည့်အလျောက် စည်းကမ်းနှင့်လုံးဝကင်းအောင်နေတော့၏။ ထို့နောက်မှ သူတို့၏ ကလေးတွေသည် အဘယ့်ကြောင့် သူတို့ စကားကို မညီသည့်အခါမှ

နားမထောင်ဘဲ အလိုလိုက်၍ အမိုက်စော်ကားကြောင်း အချိန်နှောင်းမှ စဉ်းစားမိကြသည်။

အမှန်တကယ်မှာ စည်းကမ်းချမှတ်ခြင်းနှင့် အပြစ်ဒဏ်ပေးခြင်းသည် လုံးဝတူညီသည် မဟုတ်ပေ။ စည်းကမ်းသတ်မှတ်ခြင်းသည် အပြစ်ဒဏ်ပေးခြင်းထက်များစွာပိုပါ၏။ အပြစ်ဒဏ်ပေးခြင်းသည် စည်းကမ်းကောင်းများ ချမှတ်ခြင်း၏ သေးငယ်သော အစိတ်အပိုင်းတစ်ရပ်မျှသာဖြစ်သည်။ စည်းကမ်းသတ်မှတ်ခြင်းမှာလည်း အလွန်ကြီးကျယ်သော အပြုသဘော အတွေ့အကြုံတစ်ရပ် ဖြစ်သင့်သည်။

စည်းကမ်းဟူသည် ကလေးတို့ကိုယ်တိုင် ကိုယ့်အပြုအမူကို ကိုယ်ထိန်းချုပ်၍ ကိုယ့်ကိုယ်ကိုယ် စည်းကမ်းသတ်မှတ်ဖို့ တဖြည်းဖြည်းသင်ယူနိုင်ရန် ချစ်စွာသော မိဘက အခြေအနေဖန်တီး နှစ်သိမ့်အားပေးကူညီခြင်း ဖြစ်၏။ စည်းကမ်းသည် ကြီးကျယ်သော အားပေးမှုတစ်ရပ်ဖြစ်၏။ စည်းကမ်းရှိမှ ရင့်ကျက်မည်။ တစ်သမတ်တည်း ရှိမည်။ စည်းကမ်းဘောင်ထက်မကျော်ဘဲ လူ့အသိုက်အဝန်းထဲတွင် အံဝင်ခွင်ကျ ဖြစ်မည်။ ယင်းသည် ကလေးတို့ယခု လုပ်ဆောင်လျက်ရှိသော သို့မဟုတ် အနာဂတ်တွင် လုပ်ဆောင်မည့် လုပ်ငန်းကိစ္စအဝဝကို စီမံရန် လိုအပ်သော မိမိကိုယ်ကို ထိန်းချုပ်မှု (Self Control)ကို သင်ကြားပေးလိမ့်မည်။

**'အကယ်၍ ကျွန်ုပ်တို့က နာကျင်ထိခိုက်ခံစားရသည်အထိ ချစ်ခြင်းမေတ္တာထားခဲ့လျှင် နာကျင်ထိခိုက်ခံစားမှု ပျောက်ကွယ်၍ ချစ်ခြင်းမေတ္တာသာလျှင် ကျန်ရစ်ကြောင်း ကျွန်ုပ်တွေ့ရှိပါပြီ။'**

**Mother Teresa**

**စည်းကမ်းရှိမှုသည် လွတ်လပ်မှုကို မွန်းကျပ်အောင် ပြုလုပ်ခြင်း မဟုတ်၊ ယင်းကို ဖန်တီးခြင်းသာဖြစ်သည်။**

စည်းကမ်းသည် လွတ်လပ်မှု၏ ရန်သူမဟုတ်။ မိတ်ဆွေသာ ဖြစ်၏။ တောင်အာဖရိကတိုက်မှ ဆင်ငယ်များကို စည်းကမ်းမဲ့စွာ ထိန်းကျောင်းခြင်းအားဖြင့် ပိုမိုလွတ်လပ်ခွင့်ပေးသည်မဟုတ်ပေ။ စည်းကမ်းမဲ့ခြင်းကြောင့် ဘဝတစ်လျှောက်ဖိစီးမှု၊ စိတ်မလုံခြုံမှုနှင့် မိမိကိုယ်ကို စည်းကမ်းမထိန်းနိုင်မှုတို့ ဖြစ်ပေါ်ရသည်။ အကယ်၍ ဤဆင်ငယ်ကလေးများအနီးတွင် ထိန်းကျောင်းပေးမည့် မိခင်နှင့် ပို၍ကြီးသော ဆင်ထီးများရှိလျှင် ယင်းဆိုးသွမ်းဆင်ငယ်တို့သည် မည်သို့သော ဆင်အပြုအမူမျိုးက လက်ခံနိုင်သည့် စည်းမျဉ်း ကလနားအတွင်းတွင် ရှိကြောင်းနားလည်၍ သာမန်မိသားစုများကို တည်ဆောက်နိုင်ရုံသာမက ပျော်ပျော်ရွှင်ရွှင်ပင် ရှိလိမ့်ဦးမည်။

ကျွန်ုပ်သည် ၁၀ နှစ်သားအရွယ်က စန္ဒရားတီးသင်သည်။ တော်လှသည်ကား မဟုတ်ပါ။ အမှန်ကိုဆိုသော် ကျွန်ုပ်တီးပုံမှာ တကယ်အသုံးမကျပါ။ အကြောင်းမှာ ကျွန်ုပ်သည် စန္ဒရားတီးသင် ယူမှုကို မုန်းတီးခြင်းကြောင့် ဖြစ်ပါသည်။ ကြောက်စရာကောင်းသော စန္ဒရားသင်္ကေတများနှင့် ပျင်းစရာကောင်းသော တီးလုံးများကို မလေ့ကျင့်ရအောင် ရှောင်တိမ်းရင်း အချိန်ဖြုန်းခဲ့သည်။ ကျွန်ုပ်သည် စန္ဒရားတီးတတ်ချင်သော်လည်း လေ့ကျင့်ရသောစည်းကမ်းကို မကြိုက်ပါ။ ထို့ကြောင့် ကျွန်ုပ်ကို စန္ဒရားသင်ပေးသောဆရာသည် ကျွန်ုပ်အတွက် မျက်ရည်ပေါက်ပေါက်ကျခဲ့ရသည်။

ယနေ့ ကျွန်ုပ်စန္ဒရားတီးသံကို သင်တို့ကြားလျှင် သံစဉ်များ ငြိမ့်ညောင်းသာယာမှုကင်းမဲ့နေကြောင်း သတိထားမိပေလိမ့်မည်။ လိပ်ပြာလေးများ ခုန်ပျံကျော်လွှားနေသကဲ့သို့ စန္ဒရားခလုတ်ကလေး များတစ်လျှောက် ကျွန်ုပ်၏ လက်ချောင်းကလေးများ ရွေ့လျား ဆော့ကစားနေရမည့်အစား ဟိုရောက်သည်ရောက်ဖြင့် ပင်ပန်းကြီး

ရှာ ခလုတ်ရှာတီးရသည်။ စန္ဒရားတီးသင်ယူမှုတွင် စည်းကမ်းက ကျွန်ုပ်၏လွတ်လပ်မှုကို ချုပ်ချယ်သည် မဟုတ်ပေ။ တကယ်တမ်းမှာ လွတ်လပ်မှုကိုပင် ဖန်တီးပေးနိုင်လိမ့်ဦးမည်။ အကယ်၍ ကျွန်ုပ်သာ ကောင်းကောင်းလေ့ကျင့်ခဲ့လျှင် ယခုအခါ၌ အိမ်ရှိစန္ဒရားခုံရှေ့တွင် ကြော့ကြော့မော့မော့ထိုင်ကာ စိတ်တိုင်းကျတဝတီးနိုင်မည်သာ ဖြစ်သည်။ ကလေးဘဝက စည်းကမ်းသည် လူကြီးဘဝတွင် လွတ်လပ်မှုကို ပေးနိုင်လိမ့်မည်။ သို့သော် ကျွန်ုပ်၏အဖြစ်တွင် ကျွန်ုပ်ကိုယ်တိုင်က မခံယူနိုင်လွန်း၍ ကန့်လန့်တိုက်ခဲ့သည့် အားလျော်စွာ ကျွန်ုပ်၏မိဘစုက ကျွန်ုပ်ကို စန္ဒရားခုံအနီးသို့သီခွင့်ပင် မပြုခဲ့တော့ပေ။

ကျွန်ုပ် ၁၀ နှစ်သားအရွယ်က စည်းကမ်းသည် လွတ်လပ်မှု၏ ဆန့်ကျင်ဘက်ဟု မှတ်ထင်ခဲ့သည်။ ကျွန်ုပ်ပြုလုပ်ချင်သည်ကို မပြုလုပ်အောင် သို့မဟုတ် မပြုလုပ်ချင်သည်ကို ပြုလုပ်ချင်အောင် မိဘများက ထိန်းချုပ်သည့်အခါ ကျွန်ုပ်၏လွတ်လပ်မှုကို သူတို့ ချုပ်ချယ်သကဲ့သို့ ခံစားမိ၏။ သို့သော် ကျွန်ုပ်မှားကြောင်း ယခုသိပြီ။ ကျွန်ုပ် ငယ်ငယ်ထက်ငယ်စဉ်က မိဘများ၏ စည်းကမ်းထိန်းသိမ်းမှုသည် ယခုကျွန်ုပ်ခံစားနေသော လွတ်လပ်မှုကိုပေးကြောင်း ယခုအချိန်မှသာ သုံးသပ်နိုင်ပါသည်။ အမှန်မှာ တကယ့်လွတ်လပ်မှုသည် ကျင့်သည့်အခါမှ စည်းကမ်း၏ ရန်သူမဟုတ်ပါ။ ယင်းမှာ စည်းကမ်း၏ ရလဒ်သာ ဖြစ်ပါသည်။

ကျွန်ုပ်၏မိတ်ဆွေတစ်ဦး ညည်းညူသကဲ့သို့ ပြဿနာမှာ ဘဝဟူသည်ရှေ့သို့မျှော်၍ အနာဂတ်ကာလတွင် နေရသည်။ သို့သော် နောက်သို့ပြန်ကြည့်မှသာ နားလည်ရသည်မဟုတ်ပါလော။ ထို့ကြောင့် မည်မျှဉာဏ်ကောင်းသည့် ကလေးပင်ဖြစ်စေ စည်းကမ်း၏ တကယ့်တန်ဖိုးကို ငယ်စဉ်က အပြည့်အဝ နားမလည်နိုင်ပေ။ ကြီးသော နားလည်မည်။ ထို့ကြောင့် သင့်ကလေးများကို ငယ်စဉ်ကတည်းက နားလည်နိုင်ဖို့လည်း မျှော်လင့်နိုင်မည်မဟုတ်ပေ။

ကလေးတို့ကို အဘယ့်ကြောင့် စည်းကမ်းရှိအောင် ပျိုးထောင်ပေးသင့်သနည်း။ စည်းကမ်းအားလုံး၏ ရည်ရွယ်ချက်သည် အဘယ်နည်း။ ဤပဓာန မေးခွန်းကြီး၏အဖြေမှာ စည်းကမ်းအားလုံး၏ရည်ရွယ်ချက်သည် ကလေးက မိမိကိုယ်ကို စည်းကမ်းထိန်းသိမ်းနိုင်ဖို့နှင့် မိမိကိုယ်ကို အလေးအမြတ်ထားရှိဖို့ပင် ဖြစ်သည်။ စည်းကမ်းကောင်းလျှင် သူတို့သည် ကိုယ့်ကိုယ်ကိုယ် ယုံကြည်မှုရှိသူအဖြစ် ဖွံ့ဖြိုးလာမည်။ သူတို့၏အပြုအမူ၊ စိတ်လှုပ်ရှားမှုနှင့် နောက်ဆုံးသူတို့ဘဝကို နိုင်နိုင်နင်းနင်းထိန်းချုပ် ကိုင်တွယ်နိုင်မည်။ သူတို့ကို အနာဂတ်၏သားကောင်မဖြစ်စေဘဲ ဗိသုကာများဖြစ်အောင် ကူညီနိုင်ပါလိမ့်မည်။ သို့သော် ဝမ်းနည်းစရာကောင်းသည်မှာ မိဘကိုယ်တိုင်က စည်းကမ်းမရှိသောအခါ သို့မဟုတ် ကလေးတို့ကို စည်းကမ်းသတ်မှတ်ရာ၌ အမြဲတစေ ဘက်လိုက်တတ်သည့်အခါ လုံးဝအကျိုးထူးမည် မဟုတ်ကြောင်းပင် ဖြစ်ပါသည်။

> **'ကျွန်ုပ်၏ဖခင်သည် သူ့ဖခင်ကိုကြောက်၏။ ကျွန်ုပ်သည် ကျွန်ုပ် ဖခင်ကို ကြောက်၏။ ကျွန်ုပ်၏ကလေးများသည်လည်း ကျွန်ုပ်ကို ကြောက်ရမည်။ ဤအချက်ကို ကျွန်ုပ် ကောင်းကောင်းသေချာအောင် ပြုမည်။'**
>
> King George V

**'စည်းကမ်းမမည်သောစည်းကမ်း'သည် ဘေးဒုက္ခဖော်စပ်နည်းပင် ဖြစ်သည်။**

အကယ်၍ ကျွန်ုပ်တို့သတိမထားလျှင် ကျွန်ုပ်တို့ စည်းကမ်းဟုခေါ်သော လုပ်ရပ်သည် ကလေးတို့၏အမှားများနှင့် မလုပ်တတ်မကိုင်တတ်ရှိမှုများကို အခွင့်ကောင်းယူကာ ကျွန်ုပ်တို့ဒေါသသို့မဟုတ် လိုဘမပြည့်မှုများကို သူတို့အပေါ်ပုံချသည်အထိ ယိုယွင်း

ပျက်စီးသွားနိုင်သည်။ ယင်းထက်ပို၍ဆိုးသည်မှာ တစ်ခါတစ်ရံ မိဘတို့ချမှတ်သော စည်းကမ်းသည် ကလေး၏အပြုအမူနှင့် လားလားမျှ မသက်ဆိုင်ခြင်း ဖြစ်သည်။ တကယ်မှာ သူတို့လက်တစ်ဆောင်ကမ်းတွင်ရှိနေသော သူတို့ပြုသမျှနုရမည့် ကလေးတို့သည် သူတို့အိပ်ပျက် မောပန်းနွမ်းနယ်ခြင်းတို့အပြင် နေအိမ် သို့မဟုတ် လုပ်ငန်းဖိအားများကို အလွယ်တကူပုံချစရာ ပစ်မှတ်များ ဖြစ်လာသည်။

မိဘတစ်ဦးအနေဖြင့် တစ်နေ့လုံး ပင်ပန်းနွမ်းနယ်မှုဒဏ်ကြောင့် ကလေးတို့၏ လှုပ်ရှားပြုမှုပုံကို လုံးဝသည်းမခံနိုင်သည့်အဆင့် သို့ ရောက်တော့သည်။ ဆူညံ၍ဖြစ်စေ၊ အမှိုက်ရှုပ်၍ ဖြစ်စေ၊ အမေးအမြန်းထူ၍ဖြစ်စေ၊ အကူအညီလို၍ဖြစ်စေ မိဘကထိုဒဏ်များကို မည်သို့မျှ ခံနိုင်စွမ်းမရှိတော့ပေ။ ထို့ကြောင့် သူတို့သည် ပါးစပ်နှင့် ဖြစ်စေ၊ လက်ပါ ပါ၍ဖြစ်စေ ထိုးနှက်တုံ့ပြန်တတ်သည်။ ကလေးတို့ကတော့ မိသားစု စည်းမျဉ်းစည်းကမ်းသေးသေးငယ်ငယ်ချိုးဖောက်မိရုံနှင့် အဖော်၊ အငေါက်၊ ဆူပူကြိမ်းမောင်းခြောက်ခြိမ်း၊ နားရင်းအုပ်၊ တုတ်နှင့်ရိုက်၊ ခြေထောက်နှင့်ကန် စသည်တို့ကို မရှုမလှခံကြရသည်။ ယင်းထက်ဆိုးသည်များ ရှိသေးသည်။ တစ်ခါတစ်ရံ မည်မည်ရရအကြောင်းမရှိဘဲ စိတ်မထင်လျှင် မထင်သလိုသို့ အပြစ်ဒဏ်ပေးခြင်း ဖြစ်၏။ ဤသို့ဆိုလျှင် ကလေးတို့အပြစ်ရှိတတ်ပါ။ သူတို့သည် မဟုတ်သည့်အချိန်၊ မဟုတ်သည့်နေရာတွင် ရောက်နေသော ကံဆိုးမိုးမှောင်ကျသည့် မားစာခံများသာ ဖြစ်ပါသည်။

မကြာခဏပင် မိဘတို့စိတ်ငြိမ်သွားသည့်အခါ သူတို့မှားကြောင်း နောင်တရပြီး အပြစ်မကင်းသကဲ့သို့ ခံစားရသည်။ နောက်နောင်တစ်သက်လုံး ဤသို့မပြုတော့ဟု၍ ကျိန်ဆိုသည်။ သို့တစေ ထိုသို့သောအပြုအမူမှာ အလွန်အကျင့်ပါနိုင်သည်။ ; မိမိ

ဘာသာ အလိုမပြည့်သည့်အတွက် ဒေါသထွက်လျှင် ကလေးဘက်သို့လှည့်၍ ဒေါသအိုးပေါက်ကွဲရန် အလွန်လွယ်ကူသည်။

မည်အတွဲပင်ဆိုစေ စိတ်လိုက်မာန်ပါ ဒေါသထွက်ရိုက်နှက်ဆုံးမခြင်းသည် မည်သည့်နည်းနှင့်မျှ စည်းကမ်းသတ်မှတ်ခြင်း မဖြစ်နိုင်ပေ။ တစ်ဦးနှင့်တစ်ဦးအကြား မခံမရပ်နိုင်မှုများဖြစ်ပွား၍ မိဘသားသမီးဆက်နွယ်ရေးကို ထိခိုက်ကာ ကလေးတို့၏ စိတ်ဒဏ်ရာသည်သာ ထာဝရအဖတ်တင်မည်။

ဤသို့ မိဘများကလည်း မလျှော့၊ သားသမီးတွေကလည်း မဖြုံသောအခါ မိဘက ယင်းထက်ပိုအကြမ်းဖက်သောနည်းကို သုံးမိပြန်သည်။ ထို့ကြောင့် စည်းကမ်းထိန်းရာမရောက်ဘဲ သူဆိုး၍ ကိုယ်ဆိုးရကြောင်း အကြောင်းပြလျက် ကမ္ဘာမကြေ အာဃာတလို့ ကြီးအသွင် ပြောင်းလာသည်။ နှစ်ဦးနှစ်ဖက်စလုံး ဖိစီးမှု၏ အထု အထောင်းများ၊ ခြိမ်းခြောက်မှုများနှင့် ဒေါသမီးတောက်လောင်မှုများကို ခံကြရဦးမည်။

ယင်း စည်းကမ်းမမည်သော စည်းကမ်း သည် မထိရောက်မှုမက အခြားသော ဆိုးမွေများကိုပါ ပေးနိုင်ပါသေးသည်။ ကလေး၏သင့်အပေါ် စိတ်ချမှု၊ ရှိသေမှု နှင့် ချစ်ခြင်းမေတ္တာ၊ မိမိကိုယ်ကို ယုံကြည်အားကိုးမှုနှင့် မိမိကိုယ်ကို တန်ဖိုးထားမှုများ တည်ဆောက်ပေးနိုင်မည့်အစား ထိုအရာအားလုံးကို ကျိုးပဲ့ကြေမွစေသည်။

ပျော်ရွှင်သောကလေးတို့သည် ချစ်ခြင်းမေတ္တာ မွှမ်းထုံသော မိသားစုများမှ မွေးဖွားသည်။ ချစ်ခြင်းမေတ္တာဆိုရာတွင် ကော သော၊ ကျိန်းမာသော စည်းကမ်းထိန်းသိမ်းမှုပါ အကျုံးဝင်၍ ထ သည် နေ့စဉ်ဘဝ၏ ကျောထောက်နောက်ခံလည်း ဖြစ်နေပါသည် စည်းကမ်းကောင်းလျှင် သူတစ်ပါးကို လေးစားတတ်သည့်အ မိမိကိုယ်ကို ကိုလည်း လေးစားသည်။ စည်းကမ်းလိုက်နာရစ

ညီမျှပင်အဆင်မပြေဟု ထင်မှတ်ခဲ့သည်ဖြစ်စေ၊ စည်းကမ်းကောင်းအောင်ပြုစုပျိုးထောင်ခြင်းသည် အများ၏အကျိုးစီးပွားနှင့် မိမိ၏အကျိုးစီးပွားထိခိုက်ပျက်စီးသည်အထိ လက်ပိုက်ကြည့်မနေနိုင်ရက်လောက်အောင် ချစ်ခြင်းမေတ္တာကြီးမားကြောင်း ဖော်ညွှန်းနေပါသည်။ သင့်ဘဝကို ပြောင်းထဲမျှောပါအောင် မျှောမချရက်တဲ့အထိ အထိချစ်ပါတယ်ဆိုသည့်စကားနှင့် အလားတူပင်။ ထို့ကြောင့် သားသမီးတို့ကို စည်းကမ်းပြုလုပ်ရန် သတ္တိမွေးရေးသည် မိဘတိုင်းအတွက် စိန်ခေါ်မှုတစ်ရပ်ပင် ဖြစ်တော့သည်။

‘လျစ်လျူရှုရာတစ်ခုမျှမရှိလျှင် ကလေးတို့မပျော်ရွှင်ပါ။
ဤကိစ္စအတွက် မိဘတို့ကို ဓနဆင်းပေးခဲ့ခြင်းဖြစ်သည်။’
Ogden Nash

စည်းကမ်းမပါလျှင် ကလေးတို့အမှန်နှင့်အမှားကို ခွဲခြားသိမည်မဟုတ်။ ကြီးလေးသောအပြစ်ဒဏ်နှင့် စည်းကမ်းမမည်သော စည်းကမ်း၏ကြောက်မက်ဖွယ်အဖြစ်ဆိုးများကြောင့် တချို့မိဘများသည် စည်းကမ်းဆိုလျှင် မည်သည့်စည်းကမ်းမဆို ခေတ် နောက်ပြန်ဆွဲ၍ အန္တရာယ်ရှိကြောင်း ယုံကြည်ကြ၏။ ကျန်းမာသော မိသားစုဘဝသည် ကလေးကို လိုချင်သည်ကိုရစေ၍ သူတို့ပြောဆို ပြုမူလိုသည်ကို လွတ်လပ်စွာ ပြောဆိုပြုမူခွင့်ပေးခြင်းနှင့် ပတ်သက်သည်ဟု၍ သူတို့က ခံယူသည်။

သို့တစေ အင်္ဂလန်နိုင်ငံမှ အဆိုကျော် Beatles တို့ သီဆိုခဲ့သည့် သင်လိုအပ်တာမှန်သမျှဟာ ချစ်ခြင်းမေတ္တာဟုဆိုရာတွင် အချို့အရ ယုတ္တိတန်သကဲ့သို့ရှိသော်လည်း လက်တွေ့အားဖြင့်မူ အန္တရာယ်ကြီးပါသည်။ စည်းကမ်းကို နည်းလမ်းမှန်စွာသုံး တတ်ဖို့လိုအပ်လှပါ၏။ ယင်းကို အလွဲသုံးစားပြုခြင်း သို့မဟုတ် စည်းကမ်း

မဟုတ်သောစည်းကမ်းသည် ကြောက်ခမန်းလိလိပင် ဖြစ်၏။ ထို့အပြင် လုံးဝစည်းကမ်းမရှိခြင်းသည်လည်း အလားတူ အလွန်ဆိုးဝါးသော ဖြစ်ပုံ... ဓာတ်သိမ်းအောင်သာ ဖန်လိမ့်မည်။

မကြာသေးမီက ဆူပါမားကက်တစ်ခုသို့ ရောက်ခဲ့ရာတွင် အစွန်းကျဥပမာနှစ်ရပ်ကို သတိပြုမိသည်။ ငွေချေကောင်တာတစ်ခုတွင် မိခင်တစ်ဦးက သူ့ကလေးများကို ဆဲဆိုရိုက်နှက်ထိန်းကျောင်းနေသော်လည်း အရာမထင်။ ယှဉ်လျက်ရှိသော အခြားကောင်တာတစ်ခုအနီးမှ မိခင်တစ်ဦးသည် သူ့သမီးငယ်လေးက စင်ပေါ်မှ စည်သွတ်ပဲဘူးများကို ကြမ်းပြင်ပေါ်သို့ ဆွဲယူပစ်ချနေသည်ကို သမီးလေးCharlotte ရေ. . ကျေးဇူးပြုပြီး ဒီလိုမလုပ်နဲ့နော် ဟု အေးအေး ဆေးဆေးပြောလိုက်သည်။ သို့သော် သမီးငယ်ကလည်း သူလုပ်ချင်ရာကို လွတ်လွတ်လပ်လပ် ဆက်လုပ်သည်။ စည်သွတ်ပဲဘူးများကိုလက်နှင့်ပုတ်ချပြီးနောက် အခြားဘူးများကိုလည်း စင်ပေါ်မှ လွင့်စဉ်သွားအောင် ဆွဲချပြန်သည်။ သူ့မိခင်သည် သူ့သမီးနှင့် ညင်ညင်သာသာ ဆက်လက်ဆွေးနွေးလျက်ရှိသော်လည်း ကလေးငယ်မှာ ပြောမရ ထိန်းမနိုင်ဖြစ်နေ၏။ သူ့မိခင်၏ အကျိုးသင့် အကြောင်းသင့် ပြောဆိုတားမြစ်ချက်များသည် အပြုသဘော ဆန်သည်။ ပြောဆိုပုံ ညင်သာသည်။ ချစ်ခြင်းမေတ္တာလည်း အပြည့်ပါသည်။ သို့သော် သမီးငယ်က ယင်းတို့ကိုသိရှိလိုက်နာသည် မဟုတ်ပေ။

သည်အရွယ်ကလေးများနှင့် ကျိုးကြောင်းဆင်ခြင်၍ မဖြစ်နိုင်သော အကြောင်းမှာ ရှင်းပါသည်။ သည်အရွယ်သည် ယုတ္တိဆန်ဆန် မတွေးတတ်သေးပေ။ ကျွန်ုပ်တို့အတွက်သာ ဤကိစ္စသည် လုပ်သင့် မလုပ်သင့် ပြတ်သားသည်။ ကလေးတို့နှင့်လည်း အကျိုးအကြောင်း ရှင်းလင်းပြောပြဖို့ အရေးပါပါသည်။ တစ်စုံတစ်ရာသော အရာ ကိစ္စသည် အဘယ့်ကြောင့် မှားကြောင်း သူတို့နားလည်ရမည်ဖြစ်

၏။ သို့သော် ငါက မှားတယ်ပြောလျှင် မှားလို့ပေါ့။ ဘာမှလျှော့ရည် စရာ မလိုဘူး ဆိုရုံနှင့်မပြီးပေ။ ကလေးတို့၏အပြုအမူကို ပြုပြင်ဖို့ခိုင်မြဲ သောစည်းကမ်းချမှတ်ကိုင်တွယ်ရန်မှာ မလုပ်မဖြစ် အရေးကြီးပါ၏။

ဂျွန်နီဗ်သည် သူ့သားကို လုံးဝလက်မြှောက်ထားရသော မိဘ တစ်ဦးနှင့်မကြာသေးမီက စကားစမြည်ပြောဖြစ်ခဲ့သည်။ ကလေး၏ အပြုအမူသည် စိတ်အနှောင့်အယှက်ဖြစ်စေရုံသာမကတော့ဘဲ သခုအခါတွင် အန္တရာယ်ပေးမည့်အဆင့်သို့ပင် ရောက်နေပြီ။ ကျွန်တော်တော့ နားကိုမလည်တော့ဘူး။ ကျွန်တော်တို့က သူလိုချင် သမျှကို ပေးနေတာပဲ ဟု ဖခင်က ဆိုသည်။ ကံဆိုးသည်မှာ ယင်းသည်ပင်ပြဿနာတစ်ရပ် ဖြစ်သည်။ ကလေးသည် တောင်း ဆိုင်းရမှန်းသိလာသောအခါ သူလိုချင်သမျှ ရနိုင်သည်ဟု တလွဲ သင်ယူမိသည်။ ထိုအခါ ပို၍ကြီးပြင်းလာလေလေ ပြဿနာမှာ လည်း ပိုမိုကြီးထွားလာလေလေ ဖြစ်နိုင်သည်။ အမှန်မှာ လူဟူ၍ ဖြစ်လာကတည်းက တစ်စိတ်တစ်ဒေသအားဖြင့် ကန့်သတ်ချက် ဘောင်အတွင်းမှာ နေတတ်ထိုင်တတ်ဖို့ သင်ယူရမည်ဖြစ်သည်။ ထို့ကြောင့် သင့်ကလေးတွေကို အမှားအမှန်ခွဲခြားတတ်ရန်နှင့် ယင်း ကန့်သတ်ချက်ဘောင်အတွင်း၌ နေထိုင်တတ်ရန် သင်ကြားမပေး နိုင်လျှင် အနေးနှင့်အမြန်ဆိုသကဲ့သို့ သူတစ်ပါးက သင်ကြားပေး သည်ကို ကြုံရလိမ့်မည်။ ဤသို့ လောကကြီးက ဆုံးမလာသည့်အခါ သခုစတင်ပြုလုပ်ရမည့် သင့်အလုပ်ထက် ပို၍ နာကြည်းဖွယ် ဖြစ် လိမ့်မည်။ ကလေးတို့ကို စိတ်တိုင်းကျ လုပ်ချင်တိုင်းလုပ်နိုင်အောင် လွှတ်ပေးထားခြင်းသည် ကောင်းကျိုးပေးမည် မဟုတ်ပေ။ ထို့ထက် ပိုဆိုးသည်မှာ သူတို့ဘဝအတွက် လုံလောက်စွာ ပြင်ဆင်မပေးလိုက် သော မိဘကိုပင် ငြိုငြင်လာလိမ့်ဦးမည်။

၁၉၂၄ ခုနှစ် ချီကာဂိုမြို့၌ တက္ကသိုလ်ကျောင်းသားနှစ်ဦးဖြစ် သော **Nathan Leopold** နှင့် **Richard Loeb** တို့သည်တစ်မြို့တည်းနေ

ကျောင်းသားလေးတစ်ဦးကို သတ်ဖြတ်၏။ ယင်းအမှုကို သတင်းစာများက **ဤရာစုနှစ် ရာဇဝတ်မှုကြီး** ဟု တင်စားဖော်ပြကြသည်။ ယင်းတရားစီရင်မှု ခေါင်းစဉ်ကြီးများသည် ကမ္ဘာအနှံ့ ပျံ့လွင့်သော သတင်းဖြစ်သည်။ အဘယ့်ကြောင့် ဆိုသော် ထိုလူသတ်သမားနှစ်ဦးတွင် သတ်ရသည့်အကြောင်းရင်း မည်မည် ရရမရှိ၍ဖြစ်၏။ ထိုကောလိပ်ကျောင်းသား လူသတ်သမားနှစ်ဦးသည် ချမ်းသာသည်။ အခွင့်ထူးခံလူတန်းစား ဖြစ်သည်။ ထို့အပြင် ဉာဏ်ရည်လည်း အလွန်ထက်မြက်သည်။ သူတို့သည် အခြားသူများထက်ပို၍ ကြီးမြင့် နေသည်ဟု စွဲထင်နေ၏။ သူတို့ကိုယ်သူတို့ ဥပဒေဘောင်၏ အထက်တွင်ရှိ၍ သူတို့လုပ်ချင်ရာ လုပ်နိုင်သည်။ သူတို့က လူသတ်လိုလျှင်ပင် ဖြစ်သည်ဟု လွဲမှားစွာ ထင်မှတ်နေကြ၏။ သို့သော် တရားသူကြီးက ကျန်တစ်လောကလုံးနှင့် ထပ်တူ တရားခံနှစ်ဦးကို တစ်သက်တာ အကျဉ်းကျခံစေရန် စီရင်ချက်ချခဲ့သည်။

ယင်းမှာ အစွန်းကျ ဥပမာတစ်ရပ်ဖြစ်သော်လည်း ကလေးတို့ကို မှန်ကန်သော အပြုသဘော စည်းကမ်းဘောင် ကလနား ချမှတ်မပေးနိုင်သောအခါ သူတို့မည်သို့ ကြမ္မာဆိုးနှင့် ကြုံရတတ်ကြောင်း သင်ခန်းစာပေးသည့် ဥပမာဖြစ်၏။ ကလေးတို့သည် အမြဲတစေ သတ်မှတ်စည်းကမ်းဘောင်ထက် ကျော်ချင်သည်ချည်း ဖြစ်သည်။ သို့တစေ ဤသည်မှာလည်း ကြီးပြင်းမှု၏ အစိတ်အပိုင်း တစ်ရပ်ပင် ဖြစ်ပြန်သည်။ မည်သည်ကို ပြုလုပ်နိုင်သည်၊ မည်သည် ကို မပြုလုပ်နိုင်သည့်အကြောင်းများကို သင်ယူနေကြခြင်း ဖြစ်၏။ ထို့ကြောင့် အကယ်၍ ဤစည်းကမ်းဘောင် ကလနားကို သတ်မှတ်၍ ရှင်းရှင်းလင်းလင်းဖော်ပြထိန်းချုပ်မထားလျှင် ကလေးတို့သည် ယင်းတို့ကို ချိုးဖောက်လိုက ချိုးဖောက်နိုင်ကြောင်း တလွဲသင်ယူ မိဦးမည်။

ငယ်စဉ်ကတည်းက ကလေးကို မဖြစ်ဘူး၊ မဟုတ်ဘူးဟူသည့်အနက်ကို သေသေချာချာသင်မပေးခဲ့လျှင် သူတို့က မည်သည့်အရာကိုမဆို သူတို့စိတ်၊ သူတို့ သဘောနှင့် သူတို့လုပ်သမျှဖြစ်ရမည်သူဆ၍ မဖြစ်ဘူးဆိုသည်ကို ဖြစ်လျှင်လည်း ဖြစ်နိုင်သည် သို့မဟုတ် မဖြစ်ဘူးအစား ဖြစ်သည်ဟူ၍ပင် အဓိပ္ပာယ်ဆောင်နိုင် သေးသည်။ ဤသို့တစ်သမတ်တည်း သဘောမပေါက်သည့်အတွက် သူတို့က ဘဝင်မြင့်ကာ ဆင့်ကဲဆင့်ကဲ သွေးတိုးစမ်းလာလိမ့်မည်။ ထို့ကြောင့် မိဘတို့အနေဖြင့် မဖြစ်ဘူး၊ မဟုတ်ဘူး ပြောသောအခါ ယင်းအတိုင်း အဓိပ္ပာယ်ပေါက်ပါစေ။

**'ကိုယ့်ကလေးအကြောင်း ကိုယ်သိသောဖခင်သည် ပညာရှိဖခင်ဖြစ်၏။'**

William Shakespeare

**'အချိန်ရှိခိုက်...' အချိန်မဆွဲပါနှင့်။**

တစ်ခါက မိခင်တစ်ဦးနှင့် တယ်လီဖုန်းမှတစ်ဆင့်ဆက်သွယ် ကာ ရေးလုပ်ပုံကို တီဗီမှတစ်ဆင့်ထုတ်လွှင့်ခဲ့ရာ သူ၏ ၁၇ နှစ်သားကို ညေ်သို့မျှမနိုင်တော့၍ လက်မြှောက်ထားရကြောင်းများ ငိုယိုပြောဆိုခဲ့သည်။ အရက်သောက်၊ ဆေးစွဲ၊ အကြမ်းဖက်တိုက်ခိုက်၍ ဒိုးကုန်ယမ်းကုန်ဆိုးသွမ်းသည်။ ဆိုးဖေ့၊ ကြမ်းပေ့မှန်သမျှသော အလုပ်တို့ကို သူ မလုပ်ဖူးသည်မရှိ။ မိခင်သည် မခံမရပ်နိုင်သည့်အဆုံး၌ ရှိုက်ကြီးတငင်ငိုကြွေးကာ ကျွန်မ ဘာတတ်နိုင်မှာလဲ ဟု ပြောသည်။ ဝမ်းနည်းဖွယ်ကောင်းသည်မှာ သူပြောသကဲ့သို့ပင် သူ ဘာကယ်တမ်းလက်မြှောက်ရန်က များလာပြီ။ ငယ်စဉ်က အလိုလိုက်၍ အမိုက်စော်ကားခဲ့ပြီတကား။ စည်းကမ်းသတ်မှတ်ရန် အချိန် နှောင်းခဲ့ပါပြီ။

ထိုမိခင်၏အဖြစ်မှာ စီးကရက်အလိပ်ပေါင်း ၆၀ ခန့် နေ့တိုင်း သောက်၍ အဆုတ်ကင်ဆာအခြေအနေဆိုးနေပြီဟု ဆရာဝန်က သတ်မှတ်ထားသူတစ်ဦးသည် ဆရာဝန်ကို ကူသပေးရန် တယ်လီဖုန်း ဆက်ပြောသကဲ့သို့ ဖြစ်နေသည်။ သို့သော် ဝမ်းနည်းစရာကောင်း သည်မှာ ဤအဆင့်သို့ရောက်မှ ဆရာဝန်လည်း မည်သို့မျှမတတ် နိုင်။ နာကျင်မှုဝေဒနာသက်သာအောင်သာ အကောင်းဆုံးကူညီနိုင် တော့မည်။

ကလေးကို ငယ်စဉ်က စည်းကမ်းမလုပ်ခဲ့ဘဲ စည်းကမ်းလုပ် ရန်အချိန်ဆွဲလေလေ၊ စည်းကမ်းလုပ်ရန် ပိုမိုခဲယဉ်းလေလေ ဖြစ် သည်။ သင့် လေးနှစ်ရွယ်ကလေးကို သင်မအုပ်ထိန်းနိုင်ခဲ့လျှင် ၁၄ နှစ်အရွယ်ကလေးကို မည်သည့်အခါမျှ အုပ်ထိန်းနိုင်တော့မည် မဟုတ်ပေ။ ဆယ်ကျော်သက်အရွယ်သည် ပင်ကိုအားဖြင့် အမေး အမြန်းထူချိန်၊ လူကြီးတို့၏ဆုံးမဩဝါဒကို နားမဝင်ချိန်ဖြစ်သည်။ သင့်ကလေးငယ် စောစောပိုင်းအရွယ်က ကြုံရသည့် စိတ်ပငိုပကွ ပြဿနာများကို ပြေလည်အောင် ဖြေရှင်းမပေးနိုင်ခဲ့လျှင် အဝို ဆောင်းပြဿနာ တစ်ပုံတစ်ခေါင်းတိုး၍ ဆတက်ထမ်းပိုး ဆိုးတော့ မည်။ ကလေးတို့ကို သက်ငယ်အစောပိုင်းအရွယ်၌ ယဉ်ကျေး သိမ်မွေ့အောင် ဆုံးမရန် လွယ်ကူသည်။ ဤကိစ္စအတွက် သူတို့ ကြီးပြင်းချိန်တိုင်အောင် မစောင့်ဆိုင်းပါနှင့်။ စောင့်ဆိုင်းပါက အကြီးအကျယ်နောက်ကျသွားပါလိမ့်မည်။

ထို့ကြောင့် ယခုပင် စည်းကမ်းစတင်ချမှတ်ရန် အလွန် အရေးကြီးပါသည်။ အဘယ့်ကြောင့်ဆိုသော် စည်းကမ်းကောင်းများ ချမှတ်ရေးအတွက် အတွေ့ကြုံရှိရသည်။ သတ္တိရှိရသည်။ တစ်သမတ် တည်းရှိရသည်။ ပညာသားပါရသည်။ စိတ်ရောကိုယ်ပါ မြှုပ်နှံ ရသည်။ ထို့အပြင် စိတ်လည်း ရှည်ရသည်။ သင်သည် သင့် ကလေးကို တကယ်နားလည်ဖို့အတွက် အချိန်ယူရပါမည်။ ဤကဲ့သို့

အချိန်ယူသည့်အခါ ပြဿနာမကြီးထွားမီ ကြိုတင်မြင်နိုင်ရန် အလား အလာပိုသည်။ သင့်ကလေးတို့၏ အပြုအမူတွင် ပြောင်းလဲချက် အနည်းအကျဉ်းရှိလျှင်ပင် အနီးကပ်အာရုံစိုက်၍ တကယ့် ပြဿနာ ရှိလာသည့်အခါ မဆိုင်းမတွဖြေရှင်းနိုင်အောင် အချိန်ကို အရင်းအနှီး ပြုရပေမည်။ ဤသို့မပြုလျှင် 'ဖြစ်ကြောင်းရင်း'ကို တိုင်တွယ်ရာ ရောက်တဲ 'လက္ခဏာ' ကိုသာ အပေါ်ယံရှုပ်၍ တုံ့ပြန်သည့်ပမာ ဖြစ်တတ်သည်။

**'တစ်နေ့တစ်ရာသော အမူအကျင့်ကို ပြီးမြောက်အောင် ဆောင်ရွက် နည်း သုံးမျိုး ရှိပါသည်။ သင်ကိုယ်တိုင်ဆောင်ရွက်ပါ။ တစ်စုံတစ်ဦးကို ငှားရမ်းနိုင်ပေပါ။ သို့မဟုတ် ထိုအမှုကို မပြုလုပ်ရန် သင့်ကလေးတို့ကိုတားမြစ်ပါ။'**

**Marta Crane**

**အခြေအနေတစ်ရပ်ကိုမှန်မှန်ကန်ကန်စမ်းသပ်စစ်ဆေးခြင်းဖြစ် ကြောင်း သေချာပါစေ။**

ကလေးတို့သည် အကြောင်းအမျိုးမျိုးကြောင့် နည်းလမ်း အဖုံဖုံနှင့် ဆိုးသွမ်းကြသည်။ ထို့ကြောင့်တစ်ဦးချင်းနှင့် ဆီလျော်အောင်ဆုံးမရ ပေဖြစ်၏။ ထိုအခါ မိဘသည် မှန်မှန်ကန်ကန် တုံ့ပြန်နိုင်ရန်အတွက် အခြေအနေကို အမှန်အကန်သိဖို့ လိုသည်။

**၁။ မတော်တဆဖြစ်မှုများ။** ။ မတော်တဆဖြစ်မှုများ အမြဲတစေရှိလိမ့်မည်၊ ကျွန်ုပ်တို့အားလုံးကြောင့် မတော်တဆဖြစ်၏။ ယင်းသည်သဘာဝကျရုံသာ မဟုတ်။ မလွှဲမရှောင်သာ ဖြစ်ရခြင်းပင်။ ထို့ကြောင့် ကလေးတို့သည် မတော်တဆဖြစ်မှုကြောင့် သူတို့ ဘာသာ စိတ်မကောင်းဖြစ်ရသည့်အခါ သင်က သူတို့ကို

အပြစ်တင်လျှင် ပိုဆိုးမည်။ အကယ်၍သင့်သားငယ်သည် ဘောလုံးကန်ရင်း အိမ်နောက်ဖေးပြတင်းပေါက်ကို ဘောလုံးထိ၍ မှန်ကွဲသွားမည်ဆိုလျှင် မည်မျှပင်စိတ်ပျက်စရာကောင်းသည်ဖြစ်စေ ယင်းသည် မတော်တဆဖြစ်မှုမျှသာ ဖြစ်၏။ ထို့ကြောင့် ဆူပူကြိမ်းမောင်း သင့်၏လော စဉ်းစားစေလိုပါသည်။ သင်ကိုယ်တိုင် သင့်ကလေးတို့ကို ခြံထဲမှာကစားခိုင်းသည် မဟုတ်ပါလော။ သူတို့ဘောလုံးကို မည်မျှဝေးအောင်ကန်နိုင်သည် မည်မျှအားပြင်းသည်ဆိုခြင်းကို သင်မစဉ်းစားမိခြင်းသာဖြစ်မည်။ (အကယ်၍ခြံထဲတွင် ဘောလုံးမကစားရဟု သေသေချာချာတားမြစ်ခဲ့လျှင်မူ သင်တစ်မျိုးဆုံးမနိုင်ပါသည်။ ဤအခါအရေးကြီးသည်မှာ ပြတင်းပေါက်မှန်ကွဲသောကြောင့်မဟုတ်ဘဲ ပြောစကားနားမထောင်၍ အပြစ်ပေးနိုင်ပါသည်။ ပြတင်းပေါက်မှန်ကွဲသည်မှာ လက်ငင်း ပြဿနာတစ်ရပ်ဖြစ်ပြီး စိတ်ရှုပ်စရာ၊ စရိတ်တက်စရာဖြစ်သော်လည်း ယင်းမှာ များစွာအရေးမကြီး။ အရေးကြီးသည်မှာ အကယ်၍ သူတို့မနာခံမှုကို ယခုကတည်းက စည်းကမ်းချမှတ်မဆုံးမတတ်လျှင် နောင်အခါ ဒုက္ခပိုအောင် ဖန်တီးနိုင်သည့်ကိန်းပင်ဖြစ်သည်။)

၂။ **အမှားများ။** ။အမှားများသည် ဉာဏ်ပညာကင်းမဲ့မှုကြောင့်ဖြစ်ပေါ်သော အမြော်အမြင်နည်းသည့် အကဲဖြတ်ချက်များ သို့မဟုတ် မှားယွင်းသောဆုံးဖြတ်ချက်များဖြစ်သည်။ ကျွန်ုပ်တို့အားလုံးသည် ဤအမှားများကို ပြုလုပ်ကြ၏။ အတွေ့အကြုံရင့်ကျက်လာသည့်အခါ အမှားနည်းသည်ထက် နည်းလာမည်ဟုသာ

မျှော်လင့်ရသည်။ မတော်တဆဖြစ်မှုများကဲ့သို့ပင် အမှားများကို ဘမင်ပြုခြင်းမဟုတ်။ ဥပမာ ကျွန်ုပ်၏ သားတစ်ယောက်သည် ယခင်လက ဘတ်စ်ကားပေါ်တွင် သူ၏ကလဲရီနက် (လေမှုတ်ကိရိယာ)ကို မတော်တဆ မေ့ကျန်ခဲ့၏။ သို့သော် သူမေ့သည့်ကိစ္စကို ချက်ခြင်းမပြော၍ တစ်ပတ်ခန့်ကြာမှ ကျွန်ုပ်သိရသည်။ ဤသည်မှာ သူ၏ မဟာအမှားတစ်ရပ်ဖြစ်သည်။ မိဘဆူမည်စိုး၍ ဖွင့်မပြောကြောင်း ကျွန်ုပ်နားလည်ပါသည်။ သို့သော် ထိုမေ့ကျန်သည့်နေ့၌ ဖွင့်ပြောခဲ့လျှင် ဘတ်စကားကုမ္ပဏီကို ဖုန်းဆက်စုံစမ်းပြီး နောက်နေ့ ပစ္စည်းပြန်ရသည့်အခါ သူလည်း အပြစ်ဒဏ်ခံရမည် မဟုတ်တော့ပေ။ သို့သော် တစ်ပတ်လုံးထိမ်ချန်ထားသည့်အတွက် သူ့မုန့်ဖိုးထဲမှ စိုက်၍လျော်စေလိုက်ရသည်။ ကလေးတို့သည် အဖိုးတန်ပစ္စည်းများကို တာဝန်ယူ ထိန်းသိမ်းရမည်ဖြစ်ကြောင်း နားလည်ဖို့လိုသည်။ သားကို ဤအကြောင်း ရှင်းပြသည့်အခါ ဤသို့အပြစ် ဒဏ်ခတ်မှုကို မကြိုက်သော်လည်း တရားမျှတမှုရှိ၍ သဘောတူကြောင်းပြောသည်။ နောက်တစ်ကြိမ် အလားတူကိစ္စမျိုး ပေါ်ပေါက်လာခဲ့လျှင် ယခုကဲ့သို့ အချိန်ဆွဲ၍ ခေါင်းရှောင်မနေသင့်ကြောင်း သူသဘော ပေါက်လိမ့်မည်ဟု မျှော်လင့်ရပေသည်။

၃။ **ငိုကြွေးအကူအညီတောင်းမှုများ။** ။ တစ်ခါတစ်ရံ၌ စည်းကမ်းမရှိပုံပေါ်သည့် လုပ်ရပ်တစ်ခုသည် ငိုကြွေး၍ အကူအညီတောင်းခံမှု တစ်ရပ်သာ ဖြစ်ပါ၏။ ဥပမာ သင့် နှစ်နှစ်သားကလေးသည် ညစဉ်အိပ်ရာဝင်ချိန်၌ ငိုကြွေးသောအခါ သူစိတ်တိုင်းမကျ၍ ဂျီကျောင်

လုပ်ခြင်းလော သို့မဟုတ် အမှောင်ကို တကယ်ကြောက်၍လော။ ဒုတိယကလေးမွေးပြီးနောက် သင့်သားဦးကလေးသည် ဆိုးမည်၊ ထိန်း၍မနိုင်လောက်အောင် ဆူပူသောင်းကျန်းမည်ဆိုလျှင် သူလိုအပ်သည့် ဂရုစိုက်မှုကို မရရှိ၍ ငိုကြွေးတောင်းဆိုနေခြင်းလော သင်တို့က သူ့ကို ချစ်သေး၏လော သူသိဖို့ လိုအပ်နေပါသည်။ သင့် ၁၂ နှစ်သားအရွယ်ကလေးသည် ကျောင်းစာကို ရုတ်ခြည်း စိတ်မဝင်စားတော့ဟုဆိုလျှင် ယင်းမှာ သူတစ်ပါးက မတရားအနိုင်ကျင့်ခြင်းကို ခံရ၍လော သို့မဟုတ် အခြေအနေနှင့် အလိုက်အထိုက်မနေတတ်၍လော၊ ယင်းတို့ကိုနားလည်ရန်အချိန်ယူ၍ ဂရုတစိုက် စူးစမ်းရပေမည်။ ဆရာဝန်တစ်ဦးသည် လူနာကို တစ်ချက်မျှကြည့်၍ ရောဂါရှာဖွေခြင်း မပြုသကဲ့သို့ တော်သောမိဘသည်လည်း အလောတကြီး နိဂုံးဆွဲသည် မဟုတ်ပေ။ ယင်းတို့သည် သူတို့၏ကလေး အဘယ့်ကြောင့် ဤသို့ပြုမူကြောင်းသိရှိရန် အချိန်ယူ၍ ဂရုတစိုက်လေ့လာကြည့်သည်သာ ဖြစ်၏။

၄။ **စိန်ခေါ်မှုများ။** ။ ဤစိန်ခေါ်မှုများသည် အထက်ဖော်ပြပါ အချက်သုံးချက်ထက် ပိုမိုလေးနက်သည်။ ယင်းသည် ကလေးတို့ တမင်ရည်ရွယ်ကာ ဆန့်ကျင်ခြင်းဖြစ်၏။ ကလေးတိုင်းသည် လူကြီးတို့ကို တစ်ခါတစ်ရံ သွေးတိုးစမ်း၏။ နှစ်ဦးချင်း စိန်ခေါ်တိုက်ပွဲဝင်သည့်အခါ လက်အိတ်ကို ချွတ်၍ ချရန် အဆင့်သင့်ရှိသကဲ့သို့ပင် ဖြစ်၏။ သင်သည် ဤကဲ့သို့သော စိန်ခေါ်မှုများကို ထိပ်တိုက်ရင်ဆိုင်၍ အသာစီးရရန် တကယ်အရေးကြီးပါသည်။ ဤသို့သောပွဲတွင် သင်အရှုံးပေး၍ မဖြစ်ပေ။

အကယ်၍သင် အခွင့်ပေးခဲ့လျှင် နောင်သူတို့ကြီးပြင်းလာသည့်အချိန်၌ သူတို့ကိုထိန်းချုပ်ရန် ပို၍ အခက်တွေ့ကာ သူတို့ကသာသင့်ကို အနိုင်ယူကြလိမ့်မည်။ သင့် ၅ နှစ်သားအရွယ်ကို ကစားစရာအရုပ်များ သိမ်းခိုင်း၍မရလျှင် သူဆယ်ကျော်သက်အရွယ်သို့ရောက်လျှင် သင့်စကားကို နားထောင်အောင် မည်သို့တတ်နိုင်မည်နည်း။ အကယ်၍ သင်သည် ပျော့ညံ့လွန်း၍သော်လည်းကောင်း၊ မောလွန်း၍သော်လည်းကောင်း သို့မဟုတ် အလုပ်ရှုပ်လွန်း၍သော်လည်းကောင်း သူတို့ကိုနိုင်အောင် မကိုင်တွယ်နိုင်ခဲ့လျှင် ရှေ့ဘဝခရီးတစ်လျှောက် အကြီးအကျယ်ဒုက္ခရောက်လိမ့်မည်။ စိန်ခေါ်မှုအပေါင်းကို သွေးအေးအေးနှင့် ရင်ဆိုင်ဖြေရှင်းရမည်သာ ဖြစ်ပါသည်။ မိဘအနေဖြင့် ဩဇာညောင်းအောင် နေထိုင်ခြင်းသည် ကလေး၏ရိုသေမှုကို ရယူရေးအတွက် အဓိကအစိတ်အပိုင်းတစ်ရပ် ဖြစ်၏။ မိဘ- သားသမီးဩဇာလွန်ဆွဲပွဲပြီးပြီးချင်း သင့်ကို သူတို့ပွေ့ဖက်ချင်စိတ်မရှိတော့လောက်အောင် ငြိုငြင်ကောင်း ငြိုငြင်မည်ဖြစ်သော်လည်း မိဘ၏ အောင်နိုင်ခြင်းသည် ချစ်စွာသော မိဘတစ်ဦး၏ လုပ်ရပ်တစ်ခုဖြစ်ကြောင်း သူတို့သဘောပေါက်စေလိုပါသည်။

**'သင့်ကို ခေါသဖြစ်စေသူကို မတုံ့ပြန်မီ သင် သွေးအေးသွားအောင် တစ်နာရီခန့် အချိန်ယူလိုက်ပါ။'**

**H. Jackson Brown, Jnr**

**ပြစ်မှုနှင့်ထိုက်တန်သောအပြစ်ကိုပေးပါ။**

ဤသို့ဆိုလျှင်မိဘတစ်ဦးသည် သားသမီးတို့နှင့် ပတ်သက်၍ မည်သို့ စည်းကမ်းပြုလုပ်သင့်သနည်း။ ဒေါသထွက်ခြင်း၊ စိတ်မရှည်ခြင်း ကဲ့သို့ ခဏစိတ် တစ်မျိုးမျိုးဖြစ်ပေါ် ချိန်၌ အပြစ်ပေးခြင်း သို့မဟုတ် စည်းကမ်းသတ်မှတ်ခြင်းသည် မည်သို့မျှ အဖိုးမတန်ပေ။ ထို့ကြောင့် မည်သည့်ကိစ္စမဆို သွေးပူနေချိန်၌ မပြုလုပ်ဘဲ သွေးအေးအောင် ဆိုင်းငံ့ခြင်းမှာ အကျိုးရှိ၏။ ကလေးငယ်များနှင့်ပင် ဆိုင်းငံ့ချိန် အနည်းငယ်ရှိသင့်သေးသည်။ ဆိုင်းငံ့ရသည်မှာလည်း မိနစ်ပိုင်း မျှဖြစ်၍ ပြောပလောက်အောင် ကြာမည်မဟုတ်ပါ။ ဤသို့သော အချိန်တိုအတောအတွင်း သင့်စိတ်ကို သင်ထိန်းချုပ်နိုင်ပါလိမ့်မည်။ အခြေအနေကို အကဲခတ်ပြီး သင့်လျော်သောအပြစ်ဒဏ်ပေးဖို့ စဉ်းစားချိန်ရမည်။ ကလေးတို့သည်လည်း သွေးအေးအေးနှင့် စဉ်းစားသည့်အခါ သူတို့ပြုမိသည့် အမှားအတွက် နောင်တရ၍ သင့် ကို တောင်းပန်ချင်တောင် တောင်းပန်လိမ့်ဦးမည်။

သင်ဒေါသမွှန်ချိန်တွင် ကလေးတစ်ဦးကို ခြောက်ပြီး နောက်မှ နောင်တရရန် လွယ်ပါသည်။ နောင်တရသင့်သည့်အချိန်၌ လုံးဝ နောင်တမရလျှင်လည်း ယင်းထက်ပိုဆိုးဦးမည်။ ဤသို့ပြုမူခြင်းသည် စည်းကမ်းပြုလုပ်ခြင်းမမည်ပေ။ ယင်းက ကလေးကို သင့်အနား မကပ်အောင်သာ စွမ်းဆောင်နိုင်သည်မှအပ မည်သည့်သင်ခန်းစာမျှ ပေးနိုင်မည်မဟုတ်ပါ။ ထို့ကြောင့် ဤသို့စိတ်လိုက်မာန်ပါ အပြစ်ပေးမည့်အစား ဆိုင်းငံ့လိုက်ပါ။စိတ်အေးအေးထား၍ စဉ်းစားပါ။ စီစဉ်ပါ။ ထို့နောက် ထိုက်သင့်သော စည်းကမ်းကို သတ်မှတ်ပါလေ။

ဤကဲ့သို့ ဆိုင်းငံ့ရင်း စဉ်းစားမှ မည်သည့်အပြစ်ဒဏ်သည် ပြုသောအပြစ်နှင့် ထိုက်တန်သည်၊ မည်သည့်အပြစ်ဒဏ်မျိုးပေးမှ သင့်ကလေးနှင့်သင့်တော်မည်ဆိုသည်ကို သဲသဲကွဲကွဲ စဉ်းစားနိုင်မည်။ တူညီသောအပြစ်ပြုလုပ်သူကလေးတိုင်းကို တန်းတူ အပြစ်

ပေးရန်လည်း မလိုပါ။ အဘယ့်ကြောင့်ဆိုသော် ကလေးတို့သည် တုံ့ပြန်ပုံအမျိုးမျိုးရှိနိုင်၍ ဖြစ်ပါသည်။ အလွန်သိတတ်သော ကလေးသည် လေးလေးနက်နက်ပြောဆိုဆုံးမရုံနှင့် သဘောပေါက်နားလည်သည်။ နောက်ထပ်မည်သို့မျှ ဆက်ထိန်းရန် မလိုပေ။ ထို့ကြောင့် ဤသို့သော ကလေးများကို အပြစ်ဒဏ်ကြီးကြီး မားမား ချမှတ်ရန် လိုအပ်မည် မဟုတ်ပေ။

ကလေးတို့ကို မည်သည့်အခါမျှ ကလဲ့စားချေလိုသော သဘောနှင့် အပြစ်ဒဏ်မပေးသင့်ကြောင်း သတိရပါ။ သူတို့၏ အပြုအမူသည် လက်ခံနိုင်သည့် စည်းကမ်းဘောင်ကို ချိုးဖောက်၍သာ စည်းကမ်းသတ်မှတ်၍ အပြစ်ဒဏ်ပေးရကြောင်း သိစေသင့်သည်။ ထို့ကြောင့် ကလေးတို့ကို အပြစ်ဒဏ်ပေးခြင်း၏ အကြောင်းပြချက်သည် ယင်းတို့ကို ပျက်စီးရာပျက်စီးကြောင်း လမ်းပြခြင်းမဟုတ်ဘဲ သူတို့ဘဝတွင် ကောင်းမွန်စွာနေထိုင်တတ်ရန် ပြုစုပျိုးထောင်ပေးခြင်း ဖြစ်၏။

Ben Hur ရုပ်ရှင်ထဲ၌ ကမ္ဘာကျော် ဘီးတပ်မြင်းရထားပြိုင်ပွဲအခန်းတွင် Joshua Ben Hur သည် ရောမမြို့၏ Circus Maximus အားကစားရုံကြီး၌ ပြိုင်မြင်းလေးကောင်ဆွဲ နှစ်ဘီးတပ် ပြိုင်ရထားကို အစွမ်းကုန်အမြန်နှုန်းနှင့် မောင်းနှင်ယှဉ်ပြိုင်ရသည်။ ယင်းပြိုင်ရထားကို မတိမ်းမမှောက်ဘဲ တည့်တည့်မတ်မတ် မောင်းရန်နှင့် မြင်းလေးကောင်လုံး ဟန်ချက်ညီညီကွေ့ရန် ထိန်းချုပ် မောင်းနှင်ရသည်မှာ လွယ်ကူသောအလုပ်မဟုတ်ပါ။ တကယ့် ကျွမ်းကျင်မှုရှိမှ ဖြစ်မည်။ အကယ်၍ Ben Hur က နှေးနှေးမောင်းလျှင် ပြိုင်ပွဲရှုံးမည်။ ထို့ကြောင့်ပြိုင်ပွဲတွင် အနိုင်ရရှိဖို့အရေး၌ သူ့မြင်းများ စွမ်းအင် ပြည့်ဝနေရန် လိုအပ်သည်သာမက ယင်းစွမ်းအင်ကို ကောင်းစွာအသုံးချနိုင်လျှင် ပြိုင်ရထား၊ မြင်းများနှင့်တကွ ပဲ့ကိုင်မြင်းစီးသူပါ အားလုံး ကျွမ်းထိုး မှောက်ခုံဖြစ်ကာ ပြိုင်ပွဲမှပြုတ်သွားမည်သာဖြစ်၏။

မိဘတစ်ဦးသည် Ben Hur နှင့်အမျိုးအစားအားဖြင့် တူညီသောအလုပ်ကို လုပ်ရပါသည်။ ယေဘုယျအားဖြင့်ဆိုသော် ကောင်းသောစည်းကမ်းကဲ့သို့ပင် ကလေး၏ စိတ်ဓာတ်နှင့်စွမ်းအင်ကို ချိုးနှိမ်ရန် မည်သည့်အခါမျှ အပြစ်ဒဏ်မပေးသင့်ပေ။ ကလေးတို့ကို အဖျက်သဘောထက် အပြုသဘောဆောင်၍ အမြဲတစေ လိမ္မာပါးနပ်စွာ ပွဲကိုင်လမ်းညွှန်သင့်ပါသည်။ ထို့ကြောင့် အပြစ်ဒဏ်ပေးမှုအားလုံးသည် အောက်ပါ အတိုင်း ဖြစ်သင့်သည်။

- **တရားမျှတမှု** ။ ။ အပြစ်ဒဏ်ပေးမှုတစ်ရပ်သည် တရားမျှတမှုမရှိလျှင် သင့်ကလေးသည် မိမိကိုယ်ကို ထိန်းချုပ်ရန်နှင့် တာဝန်ယူရန် မည်သို့မျှ သင်ယူလိမ့်မည် မဟုတ်ပေ။ သူတို့ သင်ယူလိမ့်မည်မှာ သင်သည် မတရားဟူ၍သာ ဖြစ်မည်။ အကျိုးဆက်အနေဖြင့် သူတို့ စိတ်ဆိုးမည်။သင်သည် သူတို့ကို ပစ်ပယ်သည့်အပြင် သူတို့ကို နားမလည်ဟု ခံစားရမည်။ ဤသို့ စိတ်ထိခိုက်ခံစားလျှင် နောက်အခါ ပို၍ဆိုးရန် ကျိန်းသေဖြစ်တော့မည်။ အပြစ်ဒဏ်ခတ်ရာတွင် သေသေချာချာမစဉ်းစားသောကြောင့် မတရားဖြစ်သွားပါက ပြဿနာပိုမိုကြီးထွားလာ၍ နောင်အခါတွင် ယင်းထက်ကြီးသော တိုက်ပွဲဝင်ရန်သာ ရှိတော့သည်။ ထိုအချိန်တွင် သင့်အပေါ် သူတို့၏ လေးစားယုံကြည်မှုသည်လည်း လျော့နည်းသွားလိမ့်မည်။
- **နိုင်မြဲမှု** ။ ။ သင်က မဖြစ်ဘူး ဆိုလျှင် တကယ်မဖြစ်ဘူး။ ဖြစ်တယ် ဆိုလျှင်လည်း တကယ်ဖြစ်သည် ဆိုသည်ကို သေချာအောင်ပြုပါ။ အလကားနေရင်း အကျိုးမဲ့ မခြိမ်းခြောက်ပါနှင့်။ တကယ်မဖြစ်နိုင်၍ မဖြစ်ဘူး ပြောပြီးနောက် အပြောနှင့်အလုပ် ညီလျှင်

ကောင်းပါသည်။ ဤသို့မဟုတ်လျှင် ကလေးတို့က သင်မည်သို့ ပြောသည်ဖြစ်စေ သူတို့နားပူနားဆာလုပ်လျှင် ရသည်ဟု စွဲစွဲမြဲမြဲ ထင်မှတ်သွားပါလိမ့်မည်။ ထို့ကြောင့် သူတို့ကို လိုက်လျောသည်အထိ အော်ဟစ်ငိုကြွေး၍ ပြောစကား နားမထောင်ဘဲ သူတို့အလိုရှိသည်ကို ရအောင် အနည်းနည်း အဖုံဖုံဆိုးနွဲ့ပြကာ တောင်းဆိုလိမ့်ဦးမည်။ သို့ဖြစ်ရာ သင်မည်သို့ အဖြစ်ပေးမည့် အကြောင်းကို သေသေချာချာစဉ်းစား၍ ဆိုခဲစေ မြဲစေ ဆောင်ပုဒ်ကို လက်ကိုင်ထားပါ။

- **တစ်သမတ်တည်းဖြစ်မှု။** ။ အပြစ်ဒဏ်ပေးခြင်းနှင့် စပ်လျဉ်း၍ သင့် ယာယီစိတ်နေစိတ်ထားများက သင့်ဆုံးဖြတ်ချက်များကို မလွှမ်းမိုးပါစေနှင့်။ သင်သည် မည်မျှမောပန်းနေသည်ဖြစ်စေ အကယ်၍ အမှားအယွင်း တစ်စုံတစ်ရာကိုတွေ့လျှင် မှားသည်က မှားသည်ပင်။ စည်းကမ်း ကလနားကန့်သတ်ချက်ကိုတော့ ဖယ်ရှားပစ်၍မရ။ ယခုအပတ် သင် စိတ်ကောင်းဝင်နေ၍ အပြစ်တစ်ခုကို ပေါ့ပေါ့တန်တန် သဘောထားမည်။ နောက်တစ်ပတ် စိတ်အခန့်မသင့်သည့်အခါ ကလေးပြုမိသည့်အလားတူ အပြစ်မှာ ပိုမိုကြီးလေးသွားမည်ဆိုလျှင် ကလေးသည် စည်းကမ်းကို မည်သို့ လိုက်နာရမှန်း မသိလောက်အောင် ဇဝေဇဝါဖြစ်ကုန်လိမ့်မည်။

'သင့်ကိုယ်ပိုင် ကျိုးကြောင်းဆင်ခြင်မှု မပျက်စီးသေ
ကလေးနှင့် ကျိုးကြောင်း ဆင်ခြင်နိုင်ခြင်းမှာ သင့်မြ
ပါ၏။'

John Mason Brow

**ကလေးကို ရိုက်သင့်၊မရိုက်သင့်။**

စာအုပ်ကြီးလော၊ လက်ဝါးစာလော။ ကလေးကို လက်နှင့် ရိုက်သင့်
မရိုက်သင့်ဟူသော ပြဿနာသည် အလွန်ကြီးမားပါသည်။
အမေရိကန်အမျိုးသမီး ကျွမ်းကျင်ပညာရှင် တစ်ဦးသည် ဗြိတိ
ရုပ်မြင်သံကြား အစီအစဉ်တစ်ခု၌ ကလေးကိုရိုက်နှက်ခြင်းသည်
အလွန်ဆိုးရွားကြောင်း ပြောသည်။ ကလေး၌ စိတ်ဒဏ်ရာရက
နောက်ဆုံးတွင် စိတ်ရောဂါ မကုမဖြစ်သည့် အခြေအနေအထိ ဆို
ရောက်နိုင်ကြောင်းများ ပြောဆိုသည်။ သူက ရိုက်နှက်မည့်အစ
ပြဿနာကို ပြေလည်အောင် ပြောဆိုဆွေးနွေးရန် အကြံပြုသည်
သို့သော် တွေ့မေးသူသည် သူ့ဖြေကြားချက်နှင့် စပ်လျဉ်း၍ စောဒ
တက်သည့်အခါ ဖြေသူပညာရှင်အမျိုးသမီးက ကောင်းတယ်လေ
ရိုက်ပေးလိုက်တာဟာ တစ်ခါတလေကျတော့လည်း မှန်ကန်
ကုထုံး ဖြစ်ချင်ဖြစ်နေမှာပေါ့ ဟူ၍ တစ်ပတ်လျှော့ကာ အရွှန်းဖော
လိုက်သေးသည်။

ဤသို့ဆိုလျှင် မည်သူက မှန်သနည်း။ ရိုက်နှက်ဆုံးမခြ
သည် အပြစ်ဒဏ်ပေးခြင်းတစ်မျိုးဖြစ်ပြီး အတိတ်က ရိုက်ခဲ့သည်
အတိတ်တွင်သာ ပြီးဆုံးခဲ့ပြီလော။ သို့တည်းမဟုတ် ဘဝတစ်သ
တာ စိတ်ဒဏ်ရာရှုတ်ထင်စေ၍ သူတို့ပြဿနာကို အကြမ်းနည်းနှ
သာ ဖြေရှင်းရမည်ဟု သင်ကြားပေးရာ ရောက်သလော။ သို့မဟု
ကလေးတို့လိုအပ်သည့် မိမိကိုယ်ကို အလေးအမြတ်ထားမှုနှ

မိမိကိုယ်ကို စည်းကမ်းထိန်းသိမ်းမှုတို့ကို ပံ့ပိုးသောအပြုသဘော အကျိုးသက်ရောက်မှုများ ရှိသလော။

မိဘတိုင်းသည် သူတို့ကလေးကို ရိုက်သင့် မရိုက်သင့်နှင့် ချည်သည့်အခြေအနေများတွင် ရိုက်သင့်ကြောင်းတို့ကို ကိုယ်တိုင် ဆုံးဖြတ်ရမည်သာ ဖြစ်၏။ သို့သော် ဤသို့ဆုံးဖြတ်ရာတွင် သူတို့ သည် ပြဿနာအခြေအနေအရပ်ရပ်နှင့် ရိုက်နှက်ဆုံးမခြင်းအပြင် အခြားဆုံးမနည်းများကို ဂယနကာ အချိန်ယူစဉ်းစားပြီးမှ သင့်တော် ရာကို ရွေးချယ်ပြုလုပ်ရပါလိမ့်မည်။

စည်းကမ်းရှိသူ မိဘကောင်းတစ်ဦးသည် အပြစ်ဒဏ်ပေး နည်း တစ်မျိုးတည်းကိုသာ တစ်ချိန်လုံးအသုံးပြုလိုမည် မဟုတ်ပေ။ သူတို့သည် ကျူးလွန်သော ပြစ်မှုနှင့်လည်း လျော်ညီ၍ မိမိကလေး၊ အတွက်လည်း သင့်တော်သောအပြစ်ဒဏ်ကိုသာ ရွေးချယ်လိုပေ လိမ့်မည်။ ဤနေရာတွင် တစ်ကျောင်းတစ်ဂါထာ၊ တစ်ရွာတစ်ပုဒ် ဆန်း ဆိုသကဲ့သို့ ကိုယ့်နည်းကိုယ့်ဟန် စိတ်ကူးဉာဏ်ကွန့်၍ အပြစ် ပေးနိုင်ပါသေးသည်။ တကယ်တမ်းမှာ လက်ဝါးနှင့်ရိုက်ခြင်းအပြင် အခြားအပြစ်ဒဏ်ပေးနည်းများလည်း ရှိသည်ဖြစ်ရာ ယင်းတို့ကို သုံးမျိုးခွဲ၍ ဆက်လက်ဖော်ပြပါမည်။

- **လက်ဝယ်ရှိပြီးအထူးအခွင့်အရေးများရုပ်သိမ်းခြင်း။ ။** မုန့်ဖိုးဖြတ်တောက်ခြင်း သို့မဟုတ် အထူးတလည် ကျွေးမွေးမှုများ ရပ်ဆိုင်းခြင်း၊ စနေ၊ တနင်္ဂနွေ ညဥ့်နက် သန်းခေါင်အထိ နေခွင့်မပြုခြင်း၊ ကွန်ပျူတာ သို့မဟုတ် အခြားကစားစရာများ သုံးစွဲမှုကန့်သတ်ခြင်း၊ စိတ်ကြိုက် တီဗီ အစီအစဉ် ကြည့်ခွင့်ပိတ်ပင်ခြင်း၊ အပြင်ထွက်ခွင့် မပေးတော့ခြင်းနှင့် အခြားကန့်သတ်မှုများ ပြုလုပ်နိုင် ပါသည်။

- **သွေးအေးသွားမည့်နေရာသို့ပို့ခြင်း ။** ။ ဥပမာ-သူတို့၏ အိပ်ခန်း သို့မဟုတ် အခန်းတစ်ခန်း၏ထောင့်တစ်နေရာသို့ သွားစေခြင်းအားဖြင့် ဒဏ်ခတ်နိုင်ပါသည်။ (သို့တစေ ဤနည်းကိုသုံးလျှင် ယင်းမှာ တကယ့် အပြစ်ဒဏ်ပေးရာ ရောက်၏လော၊ သေချာအောင်ပြုပါ။ ကျွန်ုပ် မိတ်ဆွေတစ်ဦး၏ ကလေးသည် သူ့အခန်းထဲ၌ သူလုပ် ချင်သည်ကို မျက်ကွယ်ရာတွင် ပြုလုပ်ခွင့်ရသဖြင့် သူ့ အခန်းထဲ သူသွားနေရသည်ကို အလွန်သဘောကျသည်။) ကျွန်ုပ်သိသော စုံတွဲနှစ်ယောက်ကမူ သူတို့၏ ကလေးတွေ ဆိုးသည့်အခါ လှေကားတစ်ဝက်၌ နာရီဝက်ခန့် ထားလိုက်သည်။ ထိုနေရာတွင် ကလေးများအနေဖြင့် သူတို့အပြစ်အကြောင်း သူတို့စဉ်းစားရုံမှ အပ အခြားမည်မည်ရရ ပြုလုပ်စရာမရှိသောကြောင့် ယင်းနည်းသည် ထိရောက်သည် ဆိုသည်။
- **နှုတ်နှင့်ပြောဆိုဆုံးမခြင်း။** ။ တည်ငြိမ်သောအသံနှင့် လေးနက်စွာ ပြောဆိုဆုံးမခြင်းသည် တစ်ခါတစ်ရံ မိမိဖြစ်စေချင်သည်ကို ဖြစ်စေနိုင်ပါသည်။ သင့်ကလေးများသည် သူတို့ကို သင်နှစ်သက်သဘောကျစေချင်သည်။ ထို့ကြောင့် သူတို့က သင့်ကို စိတ်ပျက်အောင်ပြုလိုက်သည်ဟု သူတို့သိရခြင်းသည် အလွန့်အလွန် ထိရောက်နိုင်ပါသည်။

အချို့သောသူများက လက်ဝါးနှင့်ရိုက်ခြင်းသည် အခြားအပြစ်ပေးခြင်းများနှင့်မတူဘဲ ကြမ်းတမ်း၍ စော်ကားခြင်းဖြစ်သောကြောင့် မှားသည်ဟုထင်၏။ သို့သော် မိဘက စိတ်မထိန်းနိုင်ဘဲ ကလေးကို အော်ဟစ်ငေါက်ငမ်းခြင်း၊ ဒေါသထွက်စဉ် သူတို့အခန်းထဲသို့ သွတ်သွင်းခြင်း သို့မဟုတ် ကလေး၏ အမှားအယွင်းလေး

တစ်ခုကြောင့် မုန့်ဖိုးဖြတ်ခြင်းသည်လည်း မဆင်မခြင် လက်ဝါးနှင့် ပါးကိုရိုက်ခြင်း သို့မဟုတ် နားရင်းအုပ်ခြင်းကဲ့သို့ ရက်စက် ကားရာရောက်ပြီး စိတ်ဒဏ်ရာကို ရစေနိုင်ပါသည်။

ယမန်နှစ်များက မကောင်းသတင်းကြီးသည့် ကလေးသူငယ် ဂေဟာတစ်ခုမှ ဒါရိုက်တာတစ်ဦးသည် ဂေဟာရှိကလေးတို့ကို အကြမ်းဖက်ရိုက်နှက်ရုံသာမက နေ့စဉ် ရက်ဆက် တံခါးပိတ်ဝါဒ ကျင့်သုံး၍ အလုပ်ဖြုတ်ခံရ၏။

တစ်နည်းဆိုရသော် ပြဿနာသည် လက်ဝါးနှင့်ချခြင်း သက်သက်ထက် ပို၍ နက်ရှိုင်းသည်။ ယင်းမှာ မည်သည့်အပြစ်ဒဏ် ကို ပေးသည်ဖြစ်စေ အပြစ်ဒဏ်ပေးပုံပေးနည်းက ပြဿနာပင် ဖြစ်၏၊ လမ်းလျှောက်တတ်စကလေးငယ်၏ လက်ကောက်ဝတ်ကို ညင်သာစွာပုတ်လိုက်ခြင်းနှင့် ကလေးငယ်တစ်ဦးကို ဒေါသထွက်၍ လက်ဝါး သို့မဟုတ် ခါးပတ်နှင့်ရိုက်ခြင်းသည် လုံးဝခြားနားပါ၏။ ထို့ကြောင့် ယင်းနှစ်မျိုးစလုံး ကိုရိုက်နှက်ခြင်းဟု ပြီးစလွယ်ရောနှော ခေါ်လျှင်လည်း အဓိပ္ပာယ်လွဲကုန်ဦးမည်။

အမှန်မှာ မစဉ်းမစားပြီးစလွယ် ကြမ်းကြမ်းတမ်းတမ်း တုံ့ပြန် ပေးသော အပြစ်ဒဏ်ဟူသမျှသည် အခွင့်အရေးကို အလွဲသုံးစား ခြင်းသာ ဖြစ်၏။ ထို့ကြောင့် လက်ဝါးနှင့် ရိုက်ခြင်းကိုသာ ဆိုလို သည်မဟုတ်။ ကလေးကို အခန်းတံခါးပိတ်ခြင်း၊ မုန့်ဖိုးဖြတ်ခြင်း၊ အော်ငေါက်ခြင်း စသည်တို့သည်လည်း မတော်တရော် အကြမ်း တမ်း ကိုင်တွယ်အသုံးပြုခြင်းဖြစ်၏။ စည်းကမ်းမမဲ့သော ကြမ်းတမ်း နှင့် ချမှတ်သော မည်သည့်အပြစ်ဒဏ်ဖြစ်စေ၊ ဒေါသ ထွက်စဉ် ပေးသောအပြစ်ဒဏ်ဖြစ်စေ ကလေးတို့ကို ထိခိုက်ပျက်စီး စေနိုင်သည်သာ ဖြစ်သည်။ ဤသို့သော အပြစ်ဒဏ်မျိုးသည်ပင် ကလေး၏ စိတ်ကို ရှုပ်ထွေးစေပြီး အနာရွတ်ထင်စေလိမ့်မည်။ မည်သည့်နည်းနှင့်မျှလည်း ဆုံးမရာ ရောက်တော့မည်မဟုတ်ပေ။

ဤတွင် စိတ်မထိန်းချုပ်နိုင်ဘဲ ရိုက်နှက်ခြင်းကြောင့် ရုပ်ခန္ဓာပိုင်း နာကျင်မှုနှင့် ရက်စက်စော်ကားခံရမှုတို့အပေါ် စိတ်ဒဏ်ရာရွှတ် ထင်ခြင်းက ထပ်ဆင့်၍ နှစ်ထပ်ကွမ်းကြေကွဲဖွယ် ဇာတ်လမ်းသာ ဖြစ်တော့သည်။

> **'တစ်နံ့တစ်ယောက်ကို ဖျက်ဆီးရန်လွယ်ကူသကဲ့သို့ ထိုသူ တို့ စိတ်အား ရှမ်းသာအောင် ပြုရန်လည်း လွယ်ကူပါ သည်။'**
>
> Eleanore Phillips Colt

**အပြုသဘောဆောင်၍ အမြဲတမ်းအဆုံးသတ်ပါ။**

မည်သည့်အပြစ်ဒဏ်ကိုမဆို ဒဏ်ခတ်ပြီးသည့်အခါတိုင်း နောက်ဆုံး ပြောသောစကားသည် အပြုသဘောဆောင်ရမည်။ သင့် ကလေးတို့ အမှားပြုမိကြောင်း သူတို့ကိုယ်တိုင်သိစေရန် အလွန်အရေးကြီးပါ သည်။ သူတို့မည်သို့ပင်ရှိစေ သူတို့ကို သင်ချစ်ကြောင်း သိစေရန် သည်လည်း တကယ်တမ်း ထပ်တူထပ်မျှ အရေးကြီးပါ၏။ ထို့ကြောင့် သူတို့ကိုချစ်၍သာ ဤသို့အပြစ်ဒဏ်ပေးရကြောင်း သူတို့ သေသေချာချာ သိပါစေ။ ဤသို့မဟုတ်လျှင် သင်က သူတို့ကို အပြစ် ပေးရသည်ကို သဘောကျသည် သို့မဟုတ် သူတို့ကောင်းသည့် အခါ မှ သင်က ချစ်သည်ဟု ထင်နိုင်သေးသည်။ သို့တစေ သင့်အနေနှင့် သူတို့မည်သည့်အခါမျှ ဤသို့ထင်မှတ်စေချင်မည်မဟုတ်ပေ။

ကျွန်ုပ်၏ ဖခင်သည် ကျွန်ုပ်ကို အပြစ်ပေးရသည့်အခါတိုင်း သူလက်သုံးစကားကို ပြောလေ့ရှိသည်။ ယင်းမှာ မင်းကို စိတ်ထိခိုက် စေရတာထက် ဖေဖေက အများကြီး ပိုပြီး စိတ်ထိခိုက်ရပါတယ်ဟူ၍ ဖြစ်သည်။ အခြားကလေးတို့နည်းတူ ကျွန်ုပ်သည် အဖေ့စကားကို ယုံကြည်ခဲ့သည် မဟုတ်ပါ။ သို့သော် ကိုယ်တိုင်ကြီးပြင်းလာ၍

ကိုယ်ပိုင်ကလေးများရှိလာသောအခါ အဖေသည် အမှန်တွေ ပြောခဲ့ကြောင်း သဘောပေါက်လာပါသည်။ ကိုယ့်ကလေးတွေကို ကိုယ်အပြစ်ဒဏ်ပေးရသည်မှာ စိတ်ထိခိုက်စရာ ကောင်းပါသည်။ မိဘကောင်းတစ်ဦးသည် အပြစ်ဒဏ်ပေးပြီးတိုင်း စိတ်ထိခိုက်ရသော်လည်း မလွှဲမရှောင်သာ စည်းကမ်းထိန်းရသည်သာဖြစ်၏။ ဤသည်မှာ သူတို့၏ ရင်သွေးများကို ချစ်လွန်း၍ မမှားသင့်သည်ကို မမှားရအောင်၊ မှားမှန်း၊ ပျက်စီးရာပျက်စီးကြောင်းဖြစ်မှန်း စောစောစီးစီး ကြိုကြိုတင်တင် နားလည်ထားရအောင် ဆုံးမရခြင်းသာဖြစ်သည်။ ထို့ကြောင့် ကလေးတို့ကို ချစ်ပါ။ စည်းကမ်းထိန်းပါ။ ထိုစည်းကမ်းကြပ်မတ်စဉ် တဒင်္ဂအချိန်လေး၌ သူတို့မြူးထူးခုန်ပေါက်၍ သင့်ကို ကျေးဇူးတင်ရန်တော့ မမျှော်လင့်ပါနှင့်။

**သတိပြုရန်**

- စည်းကမ်းသည် အပြစ်ဒဏ်ပေးခြင်းထက် အဆမတန်
  ကျယ်ပြောပါသည်။ ယင်းသည် သင့်ကလေးကို ဘဝတွင်
  တာထွက် အကောင်းဆုံးဖြစ်အောင် သင်တတ်စွမ်းသ
  ပြင်ဆင်ပေးခြင်းနှင့် ပတ်သက်ပါသည်။
- ချစ်ခြင်းမေတ္တာသည် စည်းကမ်း၏ ဆန့်ကျင်ဘ
  မဟုတ်။ စည်းကမ်းချမှတ်ခြင်း၏ အကြောင်းပင် ဖြစ်
  သည်။
- စည်းကမ်းသည် လွတ်လပ်မှုကို ချုပ်ချယ်ခြင်းမဟုတ်
  ယင်းက ဖန်တီးပေးခြင်း ဖြစ်၏။
- အပြစ်ဒဏ်ပေးခြင်းသည် ကောင်းသောစည်းကမ်း
  သေးငယ်သော အစိတ်အပိုင်းတစ်ရပ်မျှသာ ဖြစ်၏။
- စည်းကမ်းမမည်သောစည်းကမ်း နှင့် စည်းကမ်းမရှိခြ
  နှစ်မျိုးစလုံး သည် ဘေးဒုက္ခဖော်စပ်နည်းပင် ဖြစ်သည်
- သင့်သုံးနှစ်သားအရွယ်ကလေးကို သင်မထိန်းနိုင်လျှ
  သူတို့ ၁၃ နှစ်အရွယ်ရောက်သော် သင်မည်သို့
  ထိန်းနိုင်လိမ့်မည်မဟုတ်ပါ။
- စည်းကမ်းကောင်းသည် အချိန်ကို ရင်းနှီးမြှုပ်နှံမှ
  ရလဒ်ဖြစ်သည်။
- အပြစ်ဒဏ်တစ်ရပ်သည် ပြုလုပ်သည့် ဖြစ်မှုအပြ
  ပြုလုပ်သည့်ကလေးနှင့်လည်း ဆီလျော်ရန်လိုအပ်သည်

**သော့ချက်စုများ**

**သင့်ကလေးများအတွက် စည်းကမ်းသတ်မှတ်ထားသည့်နည်း**
**သင် ကိုယ်တိုင်ကလည်း စည်းကမ်းရှိပါစေ။**

**ထရော်ထ်ဆောင်မြင်နည်း**

- စိတ်လိုက်မာန်ပါ မပြုပါနှင့်။ အပြစ်ဒဏ်မသတ်မှတ်မီ ရပ်တန့်၍ စဉ်းစားပါ။
- အပြစ်ဒဏ်ပေးသင့် မပေးသင့် စဉ်းစားရုံသာမက သင့်အပြစ်ဒဏ်ပေးမှုကြောင့် ဖြစ်ပေါ်လာနိုင်သော အကျိုးဆက်ကိုပါ စဉ်းစားပါ။
- အဘယ့်ကြောင့် အပြစ်ဒဏ်တစ်ရပ်ကိုပေးရကြောင်း အမြဲတစေရှင်းပြပါ။
- သင့်ကလေးတွေကို အပြစ်ပေးပြီးသည့်အခါတိုင်း သူတို့ကိုချစ်ကြောင်း ယုံကြည်စိတ်ချအောင် ပြောပြပါ။

■

တစ်ကြိမ် - ၅
အားပေးပါ

သင့်ကလေးတို့ အမှန်အကန်ပြုလုပ်ခြင်းအတွက် ချီးမွမ်းပါ

> 'ဖခင်ဖြစ်ခြင်းသည် မိမိကိုယ်ကိုယ် လျှောကျမသွားအော
> ထိန်းရင်း ရင်သွေးတို့ကို မြှောက်ပင့်ချီးမွမ်းခြင်းမှာ
> အကြိုက်ဆုံးလက်ဆောင်ဖြစ်ကြောင်း ဟန်ဆောင်ခြ
> ဖြစ်၏။'
>
> Bill Cos

စည်းကမ်းသည် ကလေးတို့ကို အကျင့်စာရိတ္တအတွက် ကိုးကာ
နိုင်ရေးများ သတ်မှတ်ပေးသည်။
သမ္မာကျမ်းစာအုပ်ထဲ၌ ကလေးတို့မည်သည့်လမ်းကို လျှောက်လ
သင့်ကြောင်း သင်ပေးပါ။ သူတို့ကြီးပြင်းလာသောအခါထို
ကိုသာ ဆက်လက်လျှောက်လှမ်းပါလိမ့်မည် ဟူ၍လမ်းညွှန်ထား
ကျွန်ုပ်တို့သည် ကလေးတို့ကို စည်းကမ်းပြုလုပ်ခြင်း၏ အကြော
တစ်ရပ်မှာ သူတို့ဘဝတွင် မိမိကိုယ်ကို စည်းကမ်းရှိဖို့ ဖန်

ခြင်းဖြစ်ပါသည်။ ယင်းအတွေ့စည်းကမ်းသည် လမ်း မပျောက်အောင် သူတို့ဘာသာလမ်းညွှန်ပေးနိုင်၍ သူတို့အပြုအမူနှင့် တို့ဘဝကို အကျိုးရှိရှိ ထိန်းချုပ်နိုင်အောင် ကူညီသည်။

၁၈ ရာစုနှစ်အလယ်မတိုင်မီ ကမ္ဘာပတ်၍ရွက်တိုက်ခြင်းသည် လွန်အကျွံ အန္တရာယ်ကြီးမားပါသည်။ ဉာဏ်ရှိသူသင်္ဘောသားများသည် ပင်လယ်ပြင်တစ်ဝိုက်သို့ အရမ်းမစွန့်စားဘဲ ကမ်းခိုးတန်း လျှောက်သာ ရွက်လွှင့်ကြလေသည်။ အဘယ့်ကြောင့်ဆိုသော် ခြေ၏လုံခြုံမှုမှ ခွာလိုက်သည်နှင့် သင်မည်သည့်နေရာသို့ ရောက်နေကြောင်း အပ်ကျမပ်ကျ ပြောဆိုနိုင်စရာ နည်းလမ်းမရှိ၍ ဖြစ်သည်။ သို့သော် ၁၇၅၉ ခုနှစ်၌ နာရီတီထွင်သူ John son ၏ ရေကြောင်းခရီးလမ်းပြ ခရိုနိုမီတာ တီထွင်ခြင်းနှင့် ဤသည်တို့အားလုံး ပြောင်းလဲကုန်သည်။ ယင်းခရိုနိုမီတာနှင့် တွင် ကိုးကားစရာ Greenwich မျဉ်းကြောင်းနှင့်ယှဉ်လျက် သင် ကမ္ဘာ၏မည်သည့်နေရာတွင် ရောက်ရှိနေကြောင်း ပထမဦးဆုံး ကျကျပြောနိုင်လာ၍ ဖြစ်သည်။ အဓိပ္ပာယ်မှာ သင် ပင်လယ် မည်သည့်အခါမျှ လမ်းပျောက်စရာမလိုတော့ပေ။

သူတို့၏ကလေးများကို သတိကြီးစွာ၊ ချစ်ခင်စွာနှင့် ခဏပင် အပင်ပန်းခံကာ စည်းကမ်းလုပ်သူမိဘများသည် လေးတို့ကိုယ်ပိုင် စာရိတ္တခရိုနိုမီတာ တစ်မျိုးတည်ဆောက်နိုင်ရန် ယ်တမ်း အကူအညီပေးနေပေသည်။ ထို့ကြောင့် အနာဂတ် ကလေးတို့မည်သည့်နေရာသို့ သွားသည်ဖြစ်စေ၊ မည်သည်ကို ပ်သည်ဖြစ်စေ သူတို့၏ကလေးဘဝကို စံနမူနာထား ကိုးကားခြင်း ဖြင့် သူတို့ကိုယ်သူတို့ ယုံကြည်စိတ်ချစွာ အကဲဖြတ်နိုင်၊ ဆုံးဖြတ် ကောင်းများ ချမှတ်နိုင်လိမ့်မည်။

သင့်ကလေးများကို ဘဝမုန်တိုင်းကင်းလွတ်အောင် ကွယ် ထား၍မရပါ။ သူတို့သည် အများနည်းတူ အနေ့းနှင့်

အမြန်ဆိုသကဲ့ သို့ ယင်းမုန်တိုင်းတို့ကို နဖူးတွေ့ဒူးတွေ့ ကြုံရမည်
သာဖြစ်၏။ ဤသို့သောအခါ သူတို့ အလိုက်သင့်ပြုမူနိုင်စွမ်
ရှိအောင် မည်မျှကောင်းမွန် စွာ အဆင်သင့်ဖြစ်ပြီးနည်းဆိုခြင်းသည်
အမှန်တကယ်အရေးကြီးပါသည်။ ဤသည်မှာလည်း သင့်အပေါ်
တွင် များစွာတည်နေပြန်ပါသည်။ ထို့ကြောင့် စဉ်းစဉ်းစားစာ
ချစ်ခင်ယုယစွာ ယခုစည်းကမ်း လုပ်ခြင်းအားဖြင့် နောင်အခါ
ကလေးတို့ အရေးတကြီး ကိုးကားနိုင်စရာများကို ဖန်တီးပေးနိုင်
ပေတော့မည်။

> 'ကလေးတို့ကို အကောင်းဆုံးစောင့်ရှောက်နည်းသည်
> နေအိမ်ဝန်းကျင်ကို သာယာအောင်ဖန်တီး၍ တင်းမာမှုမျ
> လျော့ပါးအောင် ပြုခြင်းဖြစ်သည်။'
>
> Dorothy Parke

**အလုပ်တစ်ခုကိုအမှန်အကန်ပြုလုပ်ဆောင်ရွက်နိုင်ရေးအတွက်**
**လိုအပ်သောလက်နက်ကိရိယာတန်ဆာပလာများ**

၁၉၁၂ ခုနှစ်တွင် ကမ္ဘာကျော် Titanic သင်္ဘောကြီးသည် လီဗာပူးမြို့
မှ နယူးယောက်မြို့သို့ ပွဲဦးထွက်ခရီး၌ နစ်မြုပ်ခဲ့သည်။ မည်သို့မှ
မနစ်မြုပ်နိုင်ဟု သမုတ်ခံရသော ယင်းရေယာဉ်မှာ ဟိုတယ်ကြီး
သည် ထုထည်ကြီးမားလှသော ရေခဲတောင်ကြီး တစ်ခုနှင့် တိုက်မိ၍
လူ့အသက်ပေါင်း တစ်ထောင့်ငါးရာမျှ ဆုံးရှုံးမှုနှင့် အတူ
အက်တလန်တစ် သမုဒ္ဒရာအောက်သို့ စုံးစုံးမြုပ်သွားခဲ့လေသည်
ဤနေရာတွင် စိတ်ဝင်စားဖွယ်ကောင်းသည်မှာ ရေခဲတောင်သည်
ရေမျက်နှာပြင်၏အောက်မှ သင်္ဘောကြီး၏နံဘေးကို အများဆုံး
ပျက်စီးစေပြီး ကြီးမားလှသော အပေါက်ကြီးဖြစ်အောင် ထိုးဖောက်
လိုက်၍ အံ့မခန်းလျှင်မြန်သောနှုန်းဖြင့် ရေများဒလဟောဝင်လာခြင်း

ခြင်း၏။ တကယ်တမ်းမှာ မည်သည့်ရေခဲတောင်မဆို ယင်း၏ ၉၀ ရာခိုင်နှုန်းသည် သမုဒ္ဒရာလှိုင်းများအောက်တွင် ပျောက်ကွယ်နေ၍ မြင်ရသည်မဟုတ်ပေ။ ယင်း၏ထိပ်ဖျားအပေါ်ပိုင်း တစ်ဆယ်ရာခိုင်နှုန်းကသာ ရေမျက်နှာပြင်ပေါ်တွင် ပေါ်လောမျောနေခြင်း ဖြစ်သည်။

အပြစ်ဒဏ်ပေးခြင်းသည် စည်းကမ်းကောင်းသတ်မှတ်ရာတွင် တစ်ထောင့်တစ်နေရာမှ ပါဝင်ရသည်သာဖြစ်သည်။ အမှန်မှာ ယင်းသည် မြင်ရလေ့ရှိသည့် အစိတ်အပိုင်းဖြစ်ပြီး ယင်းအကြောင်းကို အများဆုံးပြောဆိုလေ့ရှိကြသော်လည်း ယင်းသည် ရေခဲတောင်၏ ထိပ်ဖျားမျှသာ ဖြစ်ပါ၏။ အပြစ်ဒဏ်ပေးခြင်းသည် အသိသာဆုံး စည်းကမ်းချမှတ်သည့် ပုံစံဖြစ်သည့်အတွက် မိဘပေါင်းများစွာတို့သည် အပြစ်ဒဏ်ပေးခြင်းကိုပင် စည်းကမ်းသတ်မှတ်ခြင်းကဲ့သို့ သဘောထားကြသည်။ ထို့ကြောင့် ကလေးတို့ မှားသည့်ကိစ္စတိုင်းတွင် အပြစ်ဒဏ်ခတ်ရန် လက်မနှေးဘဲ သူတို့မှန်သည့်အခါတွင် အားပေးရန် မည်သည့်အခါမျှ စဉ်းစားကြသည်မဟုတ်ပေ။ ထို့နောက် ကျွန်ုပ်တို့ ရှိစေချင်သော မိမိကိုယ်ကို ယုံကြည်မှုသည် ကလေးတို့၌ အဘယ့်ကြောင့် မရှိကြသနည်းဟူ၍ တအံ့တသြဖြစ်ကြသေးသည်။

စည်းကမ်းသည်အပြစ်ဒဏ်ထက် အဆပေါင်းများစွာ ပိုပါသည်။ ဤအခန်းသည် ယင်းအကြောင်းကို ဖော်ပြခြင်းဖြစ်ပါသည်။ ချီးမွမ်းခြင်း၊ အားပေးခြင်း၊ ကျေးဇူးတင်ရှိခြင်း၊ နားထောင်ခြင်းနှင့် လေးစားခြင်းတို့သည် မည်သည့်အခါမျှ မမြင်ရသော ထို ၉၀ ရာခိုင်နှုန်းသော ရေခဲတောင်နှင့် အလားတူဖြစ်၏။ ဤသို့သော အပြုသဘော အားပေးပံ့ပိုးမှုသည် သင့်ကလေး၏ အတ္တအလေးအမြတ်ထားမှုနှင့် အတ္တစည်းကမ်းတည်ဆောက်မှုတို့၏ အခြေခံပင်ဖြစ်ပါသည်။ ဤအခြေခံမပါရှိဘဲ တစ်လောကလုံး၏ အပြစ်ဒဏ်ပေးမှုများသည် မည်သို့မျှအကျိုးကျေးဇူးမရှိသည့်အပြင် ကြောက်စရာကောင်း

သော ဆိုးကျိုးတစ်ပုံကြီးကိုသာ ပေးလိမ့်ဦးမည်။ ဤကိစ္စသ ကလေးတို့ကို အပြစ်ဒဏ်ပေးမည်လော သို့တည်းမဟုတ် ချီးမွမ်း လော။ **တစ်ခုမဟုတ်တစ်ခု** ဟူသည့်သဘော မသက်ရောက် အပြစ်ဒဏ်ပေးခြင်းနှင့် ချီးမွမ်းခြင်းနှစ်မျိုးစလုံးကို ပြုလုပ်ရပါမ အကျိုးအာနိသင်ကြီးမားသော စည်းကမ်းကောင်းမည်သ ကလေးတို့မှားသည့်အခါ မှားကြောင်း သင်ကြားပေးမှုအကျုံ သော သင့်လျော်သည့် အပြစ်ဒဏ်ပေးခြင်းနှင့် သူတို့၏မှန်ကန်သေ လုပ်ရပ်တို့အတွက် မှန်ကြောင်း သင်ကြားပေးသော ချီးမွမ်းခြ **နှစ်မျိုးစလုံး** ကို သုံးသည်။

ကျွန်ုပ်တို့အိမ်လှေကားအောက်ရှိ ဗီရိုထဲ၌ လက်န ကိရိယာတန်ဆာပလာ အပြည့်ထည့်ထားသော သံသေတ္တာကြီး တ လုံး ရှိသည်။ Cornelia နှင့် ကျွန်ုပ်တို့ အိမ်ထောင်ကျစက ယ သေတ္တာသည် ယခုထက်များစွာသေးငယ်၍ အထဲတွင်လည်း ပစ္စ မရှိသလောက်ဖြစ်၏။ သို့သော်အိမ်၌ ပြုလုပ်ဖွယ်ကိစ္စများကလည် တစ်ခုပြီး တစ်ခုပေါ်ပေါက်၍ ဟိုပစ္စည်းလိုအပ်၊ သည်ပစ္စည်းလိုအ ဖြစ်လာသည့်အားလျော်စွာ သေတ္တာထဲမှ လက်နက်ကိရိယ တန်ဆာပလာအရေအတွက်သည်လည်း တဖြည်းဖြည်း များပြားလ ခဲ့ခြင်းဖြစ်သည်။ ထို့ကြောင့် ကျွန်ုပ်၏ လက်နက်ကိရိယာသေတ္တာ သို့ တူ၊ ဆောက်၊ သံဖြတ်လွှ၊ ပလာယာ၊ လွှန်ပူ၊ ဝက်အူလှည့်၊ တံ ခွ၊ အတိုင်းအတာပြုရန် တိတ်ကြိုး၊ ရေချိန်စသည့်မျိုးပေါင်းစုံကို ဖြည့်စွက်ထားရသည်။ အရာရာကို တူတစ်မျိုးတည်းနှင့် ပြင်ဆင် မရကြောင်း ဗိသုကာအကျော်အမော်တစ်ဦးမဟုတ်သူ ကျွန်ုပ်သည် ပင် နားလည်ပါသည်။

စည်းကမ်းဆိုသည်မှာလည်း ဤသဘောပင်ဖြစ်သည် ကိစ္စရပ်တစ်ခုလုံးကို လက်နက်ကိရိယာတစ်မျိုးတည်းနှင့် မဆော ရွက်နိုင်ပါ။ ထို့ကြောင့် ပညာရှိမိဘသည် စည်းကမ်းသတ်မှတ်သည

လက်နက်ကိရိယာပေါင်းများစွာကိုသုံးရန် လိုအပ်ကြောင်း နားလည်သူဖြစ်သည်။ သူသည်အခြေအနေလိုက်၍ အသုံးပြုရန် လက်နက်ကိရိယာသေတ္တာထဲမှ သင့်တော်ရာကို ရွေးချယ်သုံးတတ်သည်။ သင့်တော်သော အပြစ်ဒဏ်ပေးခြင်းသည် ဤလက်နက်ကိရိယာများအနက် တစ်ခုဖြစ်သော်လည်း ယင်းတစ်ခုတည်းသာ ရှိသည်မဟုတ်ပါ။ သာမန်အားဖြင့်ဆိုလျှင် မကြာခဏအသုံးပြုနိုင်သော အခြား ကိရိယာများလည်း ရှိပါသေးသည်။

> **'ခေါင်းဆောင်မှုလုပ်နေသည့် သူတစ်ပါးတို့ကြီးမြင့်အောင် ပြုခြင်းမဟုတ် သူတို့၏ကြီးမြင့်ခြင်းကို ခေါ်ထုတ်ပေးခြင်း ဖြစ်သည်။'**
>
> John Buchan

**ဤလောက၌ ချစ်ခြင်းမေတ္တာသည် အနိုင်ဆုံး တန်ခိုးဖြစ်သည်။** ခွေးက သင့်ကို ကျိုးနွံနာခံအောင် လေ့ကျင့်ပေးရန် သီးခြားနည်းလမ်းသွယ်ရှိကြောင်း လူတိုင်းသိသည်။ ရိုက်လိုက ရိုက်နိုင်သည်။ သို့တည်းမဟုတ် နှစ်ဦးနှစ်ဖက် အပြန်အလှန်ယုံကြည်မှုနှင့် လေးစားမှုအပေါ် အခြေခံ၍ သိမ်းသွင်းယူနိုင်သည်။ ခွေးကို စည်းကမ်းလိုက်နာ၍ သင့်အမိန့်နာခံအောင်သင်ကြားပေးဖို့ အရေးကြီးသည်မှာ မှန်ပါသည်။ ဤနေရာ၌ တစ်သမတ်တည်း ခိုင်ခိုင်မြဲမြဲရှိဖို့ လိုအပ်လှပါသည်။ သို့သော်သင်သည် ချစ်စရာကောင်းလျှင် ခွေးက စိတ်ထက်သန်စွာ တုံ့ပြန်မည် မဟုတ်ပါ။ ဤသို့ဆိုလျှင် ခွေးသည် **လူ၏အကောင်းဆုံးမိတ်ဆွေ** ဟု ခေါ်ကြသည့် အရသာကို သင်မည်သည့်အခါမျှ နားလည်မည်မဟုတ်တော့ပေ။

ရင်သွေးတို့ကို ပြုစုပျိုးထောင်ရာတွင် အချို့သောသူတို့၏ အချက်တစ်ရပ်မှာ သူတို့မိဘစကားနားထောင်ရန် စိတ်အချရ

ဆုံးနည်းလမ်းသည် မိဘကို ကြောက်တတ်အောင် သင်ကြားပေးခြ
ဖြစ်သည်ဟု ဆိုသည်။ အခြားဆန့်ကျင်ဘက် အယူအဆတစ်ရပ်
မှု ချစ်ခြင်းမေတ္တာသည် ကြောက်ရွံ့မှုထက်ပို၍ အစွမ်းထက်သည်
ဆိုသည်။ ဤကမ္ဘာလောကကြီး၌ ချစ်ခြင်းမေတ္တာသည် အခိုင်အ
ဆုံးသော စွမ်းအားဖြစ်သည်ဟု တင်စားကြသည်။ ထိုကြော
နောက်ဆုံးစိစစ်ကြည့်သော် မိဘတို့သည် ရင်သွေးပြုစု ပျိုးထော
ရေးအတွက် မည်သည့်နည်းလမ်းကို ရွေးချယ်မည်ဖြစ်ကြော
ဆုံးဖြတ်ရလိမ့်မည်။

သင့်ကလေး၏ ရေရှည်စိတ်လှုပ်ရှားမှု တည်ငြိမ်မှုသည် အ
သူတို့ကို ချစ်သည်၊ တန်ဖိုးထားသည်ဟု ခံစားရခြင်းရှိ-မရှိပေါ် တွ
အခြေခံသည်။ လူကြီးတစ်ဦး၏ အတွေ့အလေးအမြတ်ထားမှုသ
သူကိုယ်ပိုင် ဝိသေသလက္ခဏာများနှင့် ထူးခြား၍ အဖိုးတန်သ
ဟူသောအသိမှ ပေါက်ဖွားသည်။ သင့်ကလေးများသည် ဘဝ
သက်တာ၌ ဖိအားပေါင်းစုံနှင့် မလွဲမသွေကြုံရပေမည်။ သို့တ
အကယ်၍ သူတို့ သက်ငယ်ဘဝ စောစောပိုင်းအရွယ်တုန်း
သူတို့ကိုချစ်သည်၊ တန်ဖိုးထားသည်ဟု ယုံကြည်စိတ်ချခဲ့လျှင် သူ
ရှင်သန်ရပ်တည်နိုင်ရုံသာမက ကြီးပွားတိုးတက်အောင်လည်
ကြံဆောင်နိုင်လိမ့်ဦးမည်။

ကလေးတို့မည်သို့ပင်ရှိစေ သူတို့ကို သူတို့အနေဖြင့် ချ
ပါ။ ဤသည်မှာလည်း သဘာဝအလျောက်ဖြစ်တတ်သည့် အ
လျော်စွာ မိဘအများစုအတွက် ခဲယဉ်းစရာမလိုပေ။ ကိုယ့်ရင်သွေ
ကို ချစ်ခြင်းသည် မွေးရာပါဇာတိစိတ်ပင် ဖြစ်၏။ မည်သို့ပင်ဆို
ကလေးတို့၏ အပြုအမူများကို ချီးမွမ်းရန် အလွန်အရေးကြီးပါသည်
အဘယ့်ကြောင့်ဆိုသော် ချီးမွမ်းခြင်းသည် ချစ်ခြင်းမေတ္တာ
အားဖြည့်ပေးသည်။ ချီးမွမ်းလျှင် ကလေးတို့သည် သူတို့မည်သ
နေရာတွင် တော်ကြောင်းနှင့် သူတို့၏ ကိုယ်ပိုင်ထူးခြားချက်

အကြောင်းကို သိနားလည်လာလိမ့်မည်။ ဤသို့ မိမိကိုယ်ကို နားလည်မှုကြောင့် မိဘက သူတို့ကိုချစ်ကြောင်း ပိုမိုယုံကြည်လွယ်ပါသည်။

မိမိကိုယ်ကို မည်သို့မျှအသုံးမကျဟုထင်လျှင် တစ်စုံတစ်ယောက်က သင့်ကို ချစ်ကြောင်းပြောသည့်အခါ၌ ယုံကြည်ရန်ခဲယဉ်းသည်။ သင့်ကိုယ်သင်လည်း တန်ဖိုးထားစရာ မတွေ့သည့်အလျောက် သူတို့က သင့်ကို အဘယ့်ကြောင့် ချစ်သင့်ကြောင်းသည်း သင်နားလည်မည်မဟုတ်ပါ။ ထို့ကြောင့် သင့်ကလေးတွေကိုချီးမွမ်းရန် အလွန်ပမာနကျနေခြင်း ဖြစ်၏။ ဤသို့ ချီးမွမ်းမှ သူတို့မြင့်သည်များနှင့် မပြုသင့် သည်များသဲသဲကွဲကွဲရှိမည်။ ထို့ကြောင့်ချီးမွမ်းခြင်းသည် ကလေးတို့ အတ္တအလေးအမြတ်ထားမှုကိုကူညီတည်ဆောက်ပေးရန် မရှိမဖြစ်လိုအပ်သော လက်နက်ကိရိယာဖြစ်သည်။ သူတို့ပျော်ရွှင်ချမ်းသာဖို့အရေးတွင် အတ္တအလေးအမြတ်ထားမှုသည် အဓိက အခန်းကဏ္ဍက ပါဝင်နေသည်သာဖြစ်သည်။ မိမိကိုယ်ကို အဖိုးတန်ကြောင်း သိနားလည်သောကလေးသည် ဘဝ၏အတက်အကျများကိုလည်း ခံနိုင်ရည်ရှိကာရှင်သန်ရပ်တည်နိုင်ပါသည်။ ဤသို့မဟုတ်လျှင် ဘဝ၏လက်သီးစာကြီးများ အလူးအလဲပိ၍ အနေးနှင့်အမြန်ဆိုသကဲ့သို့ ဖူးရောင် ကုန်သိမ့်မည်။

**'သင်သည်ယော်ရွယ်သူဖြစ်သည့်အခါ အမှုတိစွယ်လေးတိုင်းသည် ဖြစ်လျှင်ဖြစ်၊ မဖြစ်လျှင် ကျိုးပဲ့ပျက်စီးသွားမည်။'**

Mary Quant

**နားမှုနားဆောတိုက်တွန်း၊ အောင်ဝေါကိစိမ်စန်ခွဲမှုနည်း၊ထူး**
အကောင်းမြင်ဝါဒ လက်ကိုင်ထားသူတစ်ဦးသည် တစ်စုံတစ်ယောက် က စိတ်ကူးအကြံဉာဏ်ကောင်းတစ်ခုပေးသည့်အခါ ထို အကြံဉာဏ်သည် အဘယ့်ကြောင့် ကောင်းကြောင်း အကြောင်းပြချက်များဖော်ပြကာ လက်ခံလိမ့်မည်။ အမြင်မတူသူ ကျန်တစ်ဦးကမူ ထိုစိတ်ကူးကို အဘယ့်ကြောင့် အကောင်အထည်မဖော်နိုင်ကြောင်းကိုသာ တွင်တွင်အကြောင်းပြ ကန့်ကွက်လိမ့်မည်။ ဤသည်တို့မှာ ကျွန်ုပ်တို့မည်သူမည်ဝါဖြစ်သည်ဆိုခြင်းနှင့် များစွာပတ်သက်ပါသည်။ ကျွန်ုပ်တို့သည် ချီးမွမ်းရမည်ဆိုလျှင် အလွန်တွန့်တိုတတ်ကြသည်။ ထို့အပြင် ကျွန်ုပ်တို့ကိုယ်တိုင်လည်း လက်ခံရယူလေ့ မရှိပေ။ ထို့ကြောင့်ပင် ကျွန်ုပ်တို့သည် မည်သည့်အခါကမျှ ထုတ်ဖော်မပြောဆိုသော်လည်း ကျွန်ုပ်တို့၏ ကလေးများကို ကျွန်ုပ်တို့ကချစ်ကြောင်း သူတို့သိပြီးဖြစ်သည့်အပြင် သူတို့ကိုယ်ပိုင် အရည်အချင်းများကိုလည်း သူတို့ဘာသာသိပြီးဖြစ်သည်ဟု ယူဆထားလိုက်သည်။

**ကျွန်တော့်အလုပ်ရှင်က ကျွန်တော့်ကိုဘယ်လိုမှ တန်ဖိုးထားရမှန်းမသိပါဘူး** ဟူသော စကားမျိုးကို သင်ဘယ်နှကြိမ်ကြားဖူးသနည်း။ ကျွန်ုပ်ကတော့ တစ်ချိန်လုံး ကြားဖူးနေပါသည်။ သို့သော် ထိုစကားသည် ၉၉ ရာခိုင်နှုန်း မမှန်ကန်ကြောင်း ကျွန်ုပ်သိသည်။ အကြောင်းမှာ သူတို့၏ အထက်အရာရှိများက သူတို့ကွယ်ရာ၌ သူတို့မည်မျှအဖိုးတန်ကြောင်း ပြောသည်ကို ကျွန်ုပ်နားနှင့် ဆတ်ဆတ်ကြားဖူး၍ ဖြစ်ပါသည်။ ကာယကံရှင်ရှေ့တွင် တိုက်ရိုက်ထုတ်ဖော်ပြောပြဖို့ မစဉ်းစားမိခြင်းသာ ဖြစ်၏။ ကျွန်ုပ်တို့အားလုံးကလည်း ဤသို့ ထုတ်ဖော်မပြောပြခြင်းမှာ သူတို့က ကျွန်ုပ်တို့ကို သဘောမကျ၍ဟု ယူဆကြသည်ချည်း ဖြစ်၏။ သင့်ကလေးတို့သည်လည်း အလားတူထင်မြင်ထတ်ကြ၏။

ထို့ကြောင့် ကျွန်ုပ်တို့သည် ချီးမွမ်းခြင်းနှင့် အားပေးခြင်းတို့ကို အဘယ့်ကြောင့် ရိုးရိုးသားသားနှင့် ပိုမိုပွင့်လင်းစွာ ထုတ်ဖော် မပြောကြသနည်း။ အကြောင်းကြီး သုံးရပ်ရှိပါသည်။

- ကျွန်ုပ်တို့အကျင့်မရှိ၍
- ကျွန်ုပ်တို့ကို တုံးသည်၊ အပိုအလုပ်တွေ လုပ်သည်ဟု အထင်ခံရမည်စိုး၍
- ကျွန်ုပ်တို့က ထုတ်ဖော်ပြောပြလိုက်လျှင် ကလေးတို့ ဘဝင်လူးသရဲတွေဖြစ် ကုန်မည်စိုး၍ ဖြစ်ပါသည်။

ချီးမွမ်းခြင်းသည် တကယ်တမ်းအကျိုးကျေးဇူး ကြီးမားသော်လည်း ဖော်ပြပါ အကြောင်းပြချက်များကြောင့် တွင်တွင်ကျယ်ကျယ် ချီးမွမ်းကြသည်မှာ အသည်းနာစရာကောင်းပါသည်။ ကျွန်ုပ်၏ မိတ်ဆွေတစ်ဦးသည် နားဗူးနာဆာတိုက်တွန်း ဖော်ဝေါက် စီမံခန့်ခွဲမှုနည်းထူး အကြောင်းကို ပြောပြပါသည်။ စီးပွားရေးမျက်စိရှိသူ ညီသူမဆိုသည် တချို့လူများ မိသားစုကို စီမံသကဲ့သို့ စီးပွားရေးကို စီမံလုပ်ကိုင်မည် မဟုတ်ကြောင်း ပြောသည်။ သူတို့သည် ဤသို့ပြုလျှင် စီမံလုပ်ကိုင်စရာလုပ်ငန်းပင် ကျန်တော့မည်မဟုတ်ပေ။ လွန်ခဲ့သော ၁၅ နှစ်ကျော်ကာလအတွင်း တိုး၍တိုး၍ များပြားလာသော စီးပွားရေးခေါင်းဆောင်များက ချီးမွမ်းခြင်း၏ အကျိုးအမြတ်ကို အလေးအနက် အသိအမှတ်ပြုလာကြလေပြီ။

လူတွေကို အလုပ်ပြီးစီးအောင် ဖော်ဝေါက်၍ ဖွတ်အတင်းခိုင်းသည့်အခါ သူတို့အလုပ်လုပ်ရာတွင် စိတ်ထက်သန်မှု တဖြည်းဖြည်း လျော့လာမည်။ ရေရှည်တွင် သူတို့သည် အလုပ်ကိုငြီးငြွေ့လာဘာ စေတနာမပါ ဝတ်ကျေတမ်းကျေသာ လုပ်တော့မည်။ သို့သော် သူတို့အလုပ်ကို ကောင်းစွာလုပ်သည့်အတွက် ချီးမွမ်းလျှင် စိတ်ပါလက်ပါ ပျော်ရွှင်စွာနှင့် မိမိကိုယ်ကို ယုံကြည်စိတ်ချမှုလည်းတိုးဘာ အလုပ်ကို ပိုမိုကောင်းမွန်စွာ လုပ်ပြပါလိမ့်ဦးမည်။

ကျွန်ုပ် လူမှုရေးအသင်းတစ်သင်း၏ ဒါရိုက်တာလုပ်စဉ်က အလုပ်မပြီး၍ မပြီးရကောင်းလားဟူ၍ အော်ငေါက်ခြင်း၊ ဆူပူကြိမ်း မောင်းခြင်းတို့ကြောင့် သူတို့ကို အလုပ်ကြိုးစားချင်အောင် မဖျော ဆော်နိုင်ကြောင်း သိရှိခဲ့ရသည်။ ထိုအခါ လုပ်ငန်းတိုးတက်မှုကို လည်း မျှော်မှန်းရန်မလွယ်တော့ပေ။ သူတို့ကောင်းစွာ ဆောင်ရွက်မှု အတွက် ချီးမွမ်းခြင်းနှင့် အားပေးခြင်းကို ဖောင်းပေးခြင်းအားဖြင့် သူတို့တတ်နိုင်သည်များအပေါ် အခြေခံ၍ သူတို့၏အားနည်းချက် များကို ပြုပြင်သွားနိုင်သည်။ ဝေဖန်ခြင်းသည် သူတို့မတတ်စွမ်းနိုင် သည်ကို မီးမောင်းထိုးပြရာရောက်၍ လက်မြှောက်လိုစိတ်ကိုသာ အားပေးအားမြှောက်ပြုရာ ရောက်လိမ့်မည်။

လုပ်ငန်းခွင်တွင် ချီးမွမ်းခြင်း၏ အကျိုးအာနိသင်ထင်ရှား သကဲ့သို့ နေ့အိမ်အတွက်လည်း အစွမ်းထက်လှပါသည်။ ၎င်း အကြောင်းကို ရှည်ရှည်ဝေးဝေး စဉ်းစားရန်ပင် မလိုအပ်ပေ။

သင်သည် ကလေးတို့လိမ္မာသည့်အခါ ချီးမွမ်းမည်ဆိုလျှင် သူတို့ စိတ်ချမ်းသာရုံမက သူတို့၏စွမ်းပကားများကို နားလည်၍ ယင်းတို့ကိုမကျွံကြိုးပြုကာ တစ်ဆင့်တက် ကြိုးစားပမ်းစား ပျိုးထောင်ဦး မည်သာ ဖြစ်ပါသည်။

ကျွန်ုပ်တို့နေထိုင်ရာ လန်ဒန်မြို့၏ ဒေသန္တရအုပ်ချုပ်ခွင့် ရထားသောရပ်ကွက် တစ်ခုတွင် ယှဉ်ပြိုင်ခြင်းသည် ရန်များ၍ မသင့်ဟု ယုံကြည်ကြသည်။ ကျွန်ုပ်သားငယ်၏ ကျောင်းသည်လည်း ယှဉ်ပြိုင်ရသော အားကစားမှန်သမျှကို ခွင့်မပြုတော့ပေ။ ၈ နှစ်သား အရွယ်သားငယ်နှင့် ကျွန်ုပ်တို့သည် စနေနေ့တစ်နေ့တွင် ပန်းခြံဆီသို့ လမ်းလျှောက်ထွက်ခဲ့ကြရာ ပန်းခြံအတွင်း၌ ဘောလုံးပွဲတစ်ခုကို တွေ့ခဲ့၏။ သားငယ်သည် ဒိုင်လူကြီးတစ်ဦး၏ ကြပ်မတ်မှုအောက် တွင် သူ့ရွယ်တူကလေးများ အားကစားဝတ်စုံဖြင့် တစ်သင်းနှင့် တစ်သင်း ယှဉ်ပြိုင်ကစားနေကြသည်ကို တအံ့တဩတွေ့ရသည်။

သူသည် ဘောလုံးပွဲကို မေတ္တာရပ်တန့်ပေးမောကာ တိဗီကြောင့်မရာများ မပါဘူးလားဟူ၍ မေးတော့သည်။ သူမေးခွန်းကြောင့် ကျွန်တော် ရယ်မိသည်။ သူက အပျော်တမ်းမဟုတ်သည့် ဘောလုံးပွဲကြီးများ တီဗီမှထုတ်လွှင့် သည်ကိုသာ မြင်ဖူးခဲ့၍ ဤသို့ မေးခြင်းဖြစ်ကြောင်း ကျွန်ုပ်နောက်မှ သဘောပေါက်လာ၏။ သူသည် အခြား ကျောင်းသားများနှင့် အရပ်သား သို့မဟုတ် အခြားမည်သူမဆို အားကစားဝတ်စုံဖြင့် တကယ်ပြိုင်ပွဲများပြုလုပ်၍ အပန်းဖြေ အားကစားကြကြောင်း နားမလည်ခဲ့ခြင်းဖြစ်သည်။

ကလေးတို့ကို ယှဉ်ပြိုင်မှုမပြုရအောင် ကာကွယ်ထားဖို့ ကြိုးစားခြင်းသည် အမြော်အမြင်နည်းခြင်းထက်ပင် ပိုမိုဆိုးရွားသည်။ ယင်းမှာ ဉာဏ်မဲ့ရာကျ၍ နောက်ဆုံးတွင် ပျက်စီးဆုံးရှုံးရန် မြေကြီး သက်ခတ်မလွဲ ကြုံတော့မည်။ ကလေးတိုင်းသည် ယှဉ်ပြိုင်ခြင်းအပြင် အောင်မြင်မှုကို အမြဲတမ်းမရနိုင်ခြင်းများနှင့်လည်း အနေးနှင့်အမြန် ဆိုသကဲ့သို့ ရင်ဆိုင်ရမည်မှာ သေချာသည်။ ကမ္ဘာလောကကြီးသည် ဘာကယ်တမ်းမှာ ဤသို့ မဟုတ်ဟု ကလေးတို့ကို လှည့်စားနေမည့် အစား သူတို့ မအောင်မြင်သည့်အခါ လောကဓံကို အလိုက်သင့်ခံယူ နေထိုင်တတ်အောင် ကူညီသင်ကြားပေးရန်မှာ မိဘတို့၏ ဝတ္တရား တစ်ခုပင် မဟုတ်ပါလော။ ထို့ကြောင့် သင့်သား သို့မဟုတ် သမီးတို့ ၏ ကောင်းသော စွမ်းဆောင်မှုများအတွက် ပုံမှန်ချီးမွမ်းခြင်းအားဖြင့် နောက်ခံအခြေအနေတစ်ရပ်နှင့် တကွ သူတို့၏ကျဆုံးမှုများနှင့် အားနည်းချက်များကိုပါ မြင်အောင် ကူညီနိုင်သည်။ ဤသည်တို့က သူတို့၏စွမ်းပကားများအပေါ် အာရုံစူးစိုက်လျက် သူတို့၏ အားနည်းချက်များကို ရင်ဆိုင်ကာ အလိုက်သင့်ပြုမှုရန် ကူညီနိုင်လိမ့် မည်။ အကယ်၍ သင်ပြုမိသမျှ အမှားချည်းဖြစ်နေပုံရလျှင် ဆုံးရှုံးခြင်းသည် တကယ်ယူကျုံးမရဖြစ်လောက်အောင် ဆိုးရွား၍ အသိနာမည်။ သို့တစေ သင်အခြားတစ်နေရာတွင် တော်ကြောင်း

သိရသည့်အခါ ဆုံးရှုံးခြင်းနှင့် နပန်းလုံးရသည်မှာ ပိုမိုလွယ်ကူသည်

ကျွန်ုပ်၏ သမီးကြီးသည် သူ့ဘဝတွင် အထူးချွန်ဆုံးသော အရာမှာ မည်သည့်နည်းနှင့်မျှ အားကစားနယ်ပယ်၌ မဖြစ်နိုင် ကြောင်း ကောင်းကောင်းသိသည်။ သို့သော် ဤကိစ္စအတွက် မည်သို့မျှစိတ်ထိခိုက်စရာမလိုကြောင်း သူနားလည်သည်။ အမှန် သူသည် ဘာသာစကားများနှင့်စပ်လျဉ်း၍ အလွန်ထူးချွန်ကြောင် သူကိုယ်သူသိသည်။ ကျွန်ုပ်သိသမျှ ၁၅ နှစ်ရွယ်များအန သမီးတစ်ယောက်သာလျှင် Shakespeare ကို နားလည်ရုံ သာမ တကယ်တမ်း သဘောကျကြောင်း ကျွန်ုပ်သိရှိပါ၏။ ကျွန်ုပ်ကိုယ် က Shakespeare ကို မုန်းပါသည်။ သို့တစေ ဇနီးဖြစ်သူ Corne နှင့် ကျွန်ုပ်တို့သည် သူနှစ်သက်သည်၊ တော်သည်များနှင့်ပတ်သ ၍ အားပေးရန် အလွန်ကြိုးစားကြရပါသည်။ သူ၏စွမ်းပကားများ ကိုယ်တိုင်သိခြင်း၏ အကျိုး ကျေးဇူးကြောင့် သူ့အားနည်းချက်မျာ လက်ခံနိုင်ရန် ပိုမိုလွယ်ကူစွာ သင်ယူ နိုင်လိမ့်မည်ဟု မျှော်လင့် ပေသည်။

**'ကျွန်ုပ်တို့ ပျော်ရွှင်သောနေ့များသည် ကျွန်ုပ်တို့ ဉာဏ်ပေးသော နေ့များပင်ဖြစ်၏။'**

John Masefiel

**ချီးမွမ်းခြင်းသည် အုံ့ဖွယ်သူ့ရဲ့ လက်နက်ကိရိယာ ဖြစ်သည်။** ကလေးတို့သည် လူကြီးတို့ကဲ့သို့ပင် စိတ်ကောင်းဝင်သည့်အခါ အကောင်းဆုံးအလုပ် လုပ်ကြသည်။ သူတို့ကို လိမ္မာကြောင်း တော်ကြောင်း **အပြောခံ** ရသည့်အခါ သူတို့ စိတ်ကောင်းဝင်ပါသည် ဤသို့ချီးမွမ်းခြင်းနှင့် စိတ်ကောင်းဝင်ခြင်းတို့သည် အလိုအလျော ဆက်စပ်လုနီးပါးဖြစ်၏။ ၁၉၀၄ ခုနှစ်တွင် Ivan Pavlov သည်

အကြောင်းဆက်တုံ့ပြန်မှုများ ဟု ယနေ့ ကျွန်ုပ်တို့ခေါ်သော ဖြစ်အင်ကို လေ့လာမှုအတွက် ဆေးပညာ နိုဘယ်ဆုကို ဆွတ်ခူးခဲ့၏။ သူသည်အကယ်၍ သူ့ခွေးကို အစာကျွေးသည့်အခါ ခေါင်းလောင်းသံပေးမည်ဆိုလျှင် ခွေးသည် ခေါင်းလောင်းသံနှင့် အစာကို ဆက်စပ်သင်ယူသည်။ ဤသို့ နှစ်မျိုးတွဲပေးမှု အတန်ကြာလာသည့်အခါ ခေါင်းလောင်းသံပေးတိုင်း ခွေးသည်အစာကို မျှော်လင့် တတ်လာသည်။ ကျွန်ုပ်တို့ လူသားများသည်လည်း အလားတူ မျှော်လင့်ချက်နှင့် တုံ့ပြန်ပြုမူတတ်ကြပါသည်။ (ခွေးနှင့်နှိုင်း၍ ရိုင်းသည်ဟု ထွေမယူစေလိုပါ။ ဆက်စပ်သင်ယူမှုဖြစ်စဉ်ချင်း ဆင်တူပုံကိုသာ ဓိးမောင်းထိုးပြလိုခြင်း ဖြစ်ပါသည်။) ကျွန်ုပ်တို့သည် ရွေးချယ်မှုပေါင်းများစွာကို ပြုလုပ်သည်မှာ မှန်ပါ၏။ သို့သော်ကျွန်ုပ်တို့သည် စိတ်ပိုင်းဆက်စပ်မှုများ ကိုပါ လိုက်နာ ပြုလုပ်တတ်ကြပါသေးသည်။

နှစ်ပေါင်းအတန်ငယ်ကြာစဉ်က လန်ဒန်မြို့တွင် အဆိုကျော် **Luciano Pavarotti** သီဆိုဖြေဖျော်သောအခါ ပရိသတ်က သူ့ကို အံ့အားသင့်စေခဲ့သည်။ အဘယ့်ကြောင့် ဆိုသော် **Pavarotti** က **"O Sole Mio"** သီချင်းကို သီဆိုနေစဉ် ပရိသတ်က တီဗီမှ နားရည်ဝပြီးဖြစ်သော သီချင်းတစ်ပုဒ်ကို ယင်းတေးသွားအတိုင်းလိုက်၍ သီဆိုကြသည်။ **"O Sole Mio"** သီချင်းတစ်ပုဒ်တည်းသာ ယင်းတေးသွား ဖြစ်သည်မဟုတ်ပေ။ တီဗီမှ ယင်းတေးသွားအလိုက် သီဆိုသော ရေခဲမုန့်ကြော်ငြာ သီချင်းကိုလည်း ပရိသတ်က ဆက်စပ်မှတ်မိနေလေပြီ။

ကျွန်ုပ်တို့အားလုံးသည် ဆန့်ကျင်စိတ်ပိုင်း ဆက်စပ်မှု၏ အင်အားကို နားလည်ကြ၏။ ထို့ကြောင့် ကလေးတို့ကို မကောင်းမှုတစ်စုံတစ်ရာပြုလုပ်ခြင်းအတွက် အပြစ်ဒဏ်ပေးခြင်း ဖြစ်သည်။ ကျွန်ုပ်တို့သည် သူတို့ပြုမိသည့် အမှားနှင့်အပြစ်ဒဏ်တို့ကို သူတို့ ဆက်စပ်မိလိမ့်မည်ဟု တွက်ဆထားသည်။ နောက်တစ်ကြိမ်

အမှားမပြုမိပီ နှစ်ကြိမ်ခန့် ပြန်လည်စဉ်းစားရန်လည်း မျှော်လင့်ထား
ပါ၏။ သို့သော် အပြုသဘောဆက်စပ်မှုများသည်လည်း အလားတူ
အရေးကြီးပါသည်။ သင့်ရင်သွေးများသည် သူတို့ကို တန်ဖိုးထား၍
နှစ်မြို့က်လက်ခံကြောင်း ခံစားလိုသည်။ ထို့ကြောင့် သူတို့ကောင်း
သည့်အခါ ချီးမွမ်းလျှင် သူတို့နောက်ထပ်ဆက်လက်ကောင်းရန်
အလားအလာပိုသည်။ ထို့အပြင် သူတို့ ကြိုးစားခြင်းကို ချီးမွမ်းမည်
ဆိုပါက အနာဂတ်တွင် ယခုထက်ပို၍ မကြိုးစားလျှင်ပင် အနည်းဆုံး
ယခုကဲ့သို့ ကြိုးစားပါလိမ့်ဦးမည်။

ပန်းပင်တစ်ပင်ကို ရေလုံလောက်စွာလောင်းလျှင် ဖူးပွင့်
ဝေဆာလာ၍ ဂရုမစိုက်လျှင် ညှိုးနွမ်းခြောက်သွေ့သွားမည်ဖြစ်သကဲ့
သို့ သင့်ကလေးတို့ကို ချီးမွမ်းသည့်အခါ မိမိကိုယ်ကို ယုံကြည်မှု
ပွင့်လန်းလာ၍ မချီးမွမ်းသည့်အခါ ညှိုးရော်ခြောက်သွေ့သွားမည်။
ကျွမ်းကျင်ပညာရှင်များကတော့ ဤကိစ္စကို အားဖြည့်ခြင်းနိယာမ
ဟု ခေါ်သည်။ နှစ်လိုဖွယ်အကျိုးဆက်များကို ရရှိစေသည့် အပြုအမူ
တစ်ရပ်သည် ထပ်မံဖြစ်ပေါ်လိမ့်မည် ဟု အနက်ရ၏။ နိုးရိုးဆိုသော်
အပြုအမူတစ်ရပ်သည် ကျေနပ်ဖွယ်ရာ အကျိုးရှိလျှင် ထိုအပြုအမူကို
အကြိမ်ကြိမ်ထပ်မံပြုလုပ်ချင်သည်မှာ သဘာဝကျသည့် ဖြစ်ရိုးဖြစ်စဉ်
တုပင် ဆိုနိုင်ပါသည်။

လူသားတို့၏ အပြုအမူအများစုသည် သင်ယူခဲ့ရသည် ဖြစ်
၏။ ကျွန်ုပ်တို့သည် ရန်ဖြစ်တိုက်ခိုက်ရန်၊ အနိုင်ကျင့်ရန်၊ ညည်းညူ
ရန်၊ ဒေါသအိုးပေါက်ကွဲရန် သင်ယူခဲ့သည့်နည်းတူ စနှရားတီးရန်
သို့မဟုတ် တင်းနစ်ကစားရန်လည်း သင်ယူရပါသည်။ ကျွန်ုပ်တို့
သည် မကောင်းကျိုးပေးသောအပြုအမူတို့ကို ရှောင်ရှား၍
အောင်မြင်ပုံရသော အပြုအမူတို့ကို ထပ်တလဲလဲပြုလုပ်ကြသည်။
ယခင်က ငိုယိုဆန္ဒပြ၍ သူလိုချင်သည်ကို အရယူနိုင်ခဲ့သော လမ်း
လျှောက်တတ်စကလေးငယ်သည် ယခုပစ္စက္ခ လူထူထပ်သော

ဆုပါမားကက်ဈေးကြီးတစ်ခု၌လည်း ငိုယိုဆန္ဒပြဖို့ နောက်ကျမည် မဟုတ်ပေ။ ကျွန်ုပ်တို့သည် ဤအကြောင်းများကို သိလျက်နှင့်ပင် အိမ်မှ Friday အမည်ရှိ ကြောင်၏အကျင့်ဆိုးကို ပျောက်အောင် ပြုပြင်နိုင်သည့်အပြင် အားပေးသကဲ့သို့ပင် ရှိခဲ့သည်။ မိုးလင်းသည် နှင့်တစ်ပြိုင်နက် အိပ်ခန်းတံခါးကို Friday ၏ကုတ်ခြစ်သံသည် အော့နှလုံးနာလောက်အောင် စိတ်ပျက်ဖွယ်ကောင်းသည်။ ကျွန်ုပ်သည် နားမခံသာသည့်အဆုံး သူ့ကိုတံခါးထဖွင့်ပေးသည်မှာ အကျင့်ကြီးတစ်ခုဖြစ်လာသည်။

အပြုသဘောအပြုအမူများတွင်လည်း အလားတူဆပ်စပ်သင်ယူခြင်းများ ဖြစ်ပေါ်သည်။ ထို့ကြောင့် သင့်ကလေးတို့ကို သူတို့ဘာသာသူတို့ အိမ်သာတက်တတ်အောင်၊ သွားတိုက်တတ်အောင်၊ အဝတ်အထည်သိမ်းဆည်းတတ်အောင်၊ အိမ်စာပြီးအောင်၊ အခန်းသန့်ရှင်းရေးလုပ်တတ်အောင်၊ အမှန်ကိုပြောတတ်အောင်၊ ရက်ရောအောင်၊ ယဉ်ကျေးသိမ်မွေ့အောင် သို့မဟုတ် သူတစ်ပါးအတွက် ငဲ့စားတတ်အောင် ချီးမွမ်းခြင်းသည် အစွမ်းအထက်ဆုံးနည်းဖြစ်ကြောင်း သတိချပ်ပါလေ။ အဘယ့်ကြောင့်ဆိုသော် သူတို့တစ်စုံတစ်ခုကို ပြုလုပ်သည့်အခါ ရရှိသည့်အကျိုးဆက်ကို သူတို့ကြိုက်လျှင် ယင်းကိုနောက်တစ်ကြိမ် ထပ်မံပြုလုပ်ဦးမည်သာ ဖြစ်၏။

**ရှေ့သော့ချက်မှာ... သင့်ကလေးတို့ ကောင်းမှုတစ်ခုခုပြုလုပ်နေစဉ် ပူပူနွေးနွေးအမိအရဖမ်း၍ ယင်းကောင်းမှုတို့အတွက် သူတို့ကို ချီးမွမ်းလိုက်ပါ။**

> 'ထဝတွင်စာရိုက်ခွဲ့စည်းတည်ဆောက်မှုကို ထိန်းချုပ်မှုဖြစ်စေပါစေသော အရာများအနက် ကျွန်ုပ်တို့ထိုအကောင်းဆုံးသိသော အချစ်ဆုံးသော သူတို့ထံမှ ချီးမွမ်းမှုကိုရရန် အခက်ဆုံးဖြစ်မှုသည်လည်း တစ်ခုအပါအဝင် ဖြစ်သည်။'
>
> Craig Brown

**သင့်ကလေးများကို မည်သို့ချီးမွမ်းသင့်ကြောင်း**

သင့်ကလေးများကို မကြာခဏ ချီးမွမ်းရပါမည်။ သို့တစေ ချီးမွမ်းသည့်အခါ ဖြစ်လေ့ဖြစ်ထရှိသော အမှားများကို သတိပြုရှောင်ကြဉ်နိုင်ရန် ယခုဆက်လက်ဖော်ပြပါမည်။

၁။ **ဟန်ပြချီးမွမ်းမှုကို ရှောင်ကြဉ်ပါ။** ။ သင့်ကလေးတို့ကို ချီးမွမ်းလိုဇောနှင့် ရွတ်မိုက်၍ လိမ်ညာမချီးမွမ်းပါနှင့်။ သဘောမိုးနှင့် ချီးမွမ်းခြင်း မဟုတ်လျှင် မည်သို့မျှအကျိုးရှိမည်မဟုတ်ပေ။ ကိုယ်တကယ်ချီးမွမ်းသည့်အခါကျလျှင်ပင် သူတို့အယုံအကြည်ကင်းမဲ့၍ လုံးဝတန်ဖိုး ကျသွားလိမ့်ဦးမည်။

၂။ **နိုင်ခစ်ခံမင်းချီးမွမ်းမှုကိုရှောင်ကြဉ်ပါ။** ။ ချီးမွမ်းသည့်အခါတိုင်း သဲသဲကွဲကွဲချီးမွမ်းပါ။ သို့မှသာ သင့်ကလေးတို့သည် အဘယ့်ကြောင့် ချီးမွမ်းခံရကြောင်း အတိအကျသိ၍ သူတို့၏စွမ်းပကားများကို စတင်သတိထားမိလိမ့်မည်။ ထို့ကြောင့် တော်လိုက်တာလိမ္မာလိုက်တာဆိုရုံနှင့်မပြီးပါနှင့်။ အဘယ့်ကြောင့် တော်သည် ပြောရကြောင်း ခွဲခွဲခြားခြားရှင်းပြပါ။ သားလုပ်ပုံက အတော်သတ္တိရှိတာပဲ၊ သမီးက သူများအတွက် ကိုယ်ချင်းစာတတ်လိုက်တာ၊ သမီးက သိပ်ပြီးစိတ်ကူးကောင်းတာပဲဖော

သို့မဟုတ် ဇော်တယ်ကွာ၊ မင်းက သိပ်တို ကြိုးစားခဲ့တာပဲ စသဖြင့် ပြောပြနိုင်ပါသည်။

၃။ ထမြောက်အောင်မြင်မှုနှင့်ဆက်စပ်ချီးမွမ်းမှုကို ရှောင်ကြဉ်ပါ။ ။ ကလေးတွေကို ထမြောက်အောင်မြင်သောကြောင့် ချီးမွမ်းခြင်းမျိုးမဟုတ်ဘဲ ယင်းထမြောက်အောင်မြင်မှုအတွက် လိုအပ်သောကျွမ်းကျင်မှုနှင့် အင်အား စိုက်ထုတ်ကြိုးပမ်းမှုအတွက် ချီးမွမ်းလိုက်ပါ။ သူတို့၏အောင်မြင်မှုကို သင်ချီးမွမ်းလိုက်လျှင် သူတို့က သင်နှစ်သက်သဘောကျချစ်ခင်မှုသည် သူတို့၏ ကြိုးပမ်းမှုနှင့်မပတ်သက်ဘဲ သူတို့၏အောင်မြင်မှုနှင့်သာဆက်စပ်မြင်သွားလိမ့်မည်။ ရလဒ်အနေဖြင့် သူတို့၌ရှိစေချင်သော မိမိကိုယ်ကို အလေးအမြတ်ထားမှုကို သင်ကိုယ်တိုင်ဖျက်ဆီးပစ်သကဲ့သို့ ရှိဦးမည်။ ထို့ကြောင့် လူပုဂ္ဂိုလ်ထက် လုပ်ဆောင်ချက်၊ ရလဒ်ထက်ဖြစ်စဉ်ကို ချီးမွမ်းရမည် ဖြစ်ပါသည်။ သူတို့၏ကြိုးပမ်းမှု၊ ရွေးချယ်မှု၊ စဉ်းစားချင့်ချိန်မှု၊ လွတ်လပ်မှု၊ ကျွမ်းကျင်မှု၊ ကူညီရိုင်းပင်းမှု သို့မဟုတ် သူတို့၏ စိတ်ကူးစိတ်သန်းများကိုသာ ချီးမွမ်းရပါမည်။ သူတို့အောင်မြင်မှုအတွက် ချီးမွမ်းခြင်းမဖြစ်ပါစေနှင့်။

၄။ အရှည်အရှင်းစစ်ချီးမွမ်းမှုကို ရှောင်ကြဉ်ပါ။ ။ ကလေးတို့၏ အားသွန်ခွန်စိုက် ကြိုးပမ်းမှုအတွက် ချီးမွမ်းပြီး ဤနေရာတွင်ရပ်ပါ။ ယခုထက်ကောင်းအောင် နောက်ထပ်မည်သို့ ဆက်လက်ကြိုးပမ်းနိုင်သေး ကြောင်း အကြောကြီးပေဟာပြောမနေပါနှင့်။ ဤသို့ပြုမည် အစားသူ၏ ထမြောက်အောင်မြင်မှုအတွက် ပီတိဖြစ် ပါစေ။

သင်သည် ကိုယ်တတ်တိုင်းဆက်၍ ကွန့်နေမည် ဆိုလျှင် ကလေး၏ မူလတီထွင်ဖန်တီးမှု သို့မဟုတ် ကြိုးပမ်းမှု လေးများနှင့်ပတ်သက်၍ ဂုဏ်ယူစရာများစွာ ကျန်ရှိ တော့မည်မဟုတ်ပေ။ ထို့အပြင် သူတို့မည်မျှ ကြိုးစား ထားသည်ဖြစ်စေ၊ သင့်အတွက်က မည်သည့်အခါမျှ ကောင်းနိုင်မည်မဟုတ်ဟု စွဲထင်သွားဦးမည်။ သူတို့ မှတ်မိသည်မှာလည်း သင့်ချီးမွမ်းခြင်းမဟုတ်၊ ဝေဖန်မှု သာ ဖြစ်လိမ့်မည်။ တကယ်တမ်းမှာ အနုတ်လက္ခဏာဖြ ဝေဖန်မှုတစ်ရပ်ကို ချေဖျက်ရန်အတွက် ချီးမွမ်းချက် ၁၀ ခုမျှ လိုအပ်လိမ့်မည်ထင်သည်။ ထို့ကြောင့် ကလေးတို့၏ အားသွန်ခွန်စိုက်ကြိုးပမ်းမှု အတွက်သာ မိုးမိုးချီးမွမ်းခြင်း အားဖြင့် အကျိုးရှိနိုင်ပါသည်။ ဤနည်းအားဖြင့် သူတို့သည် မည်သည့် စွမ်းပကားများပေါ်တွင် အခြေခံ တည်ဆောက်ရန် လိုအပ်ကြောင်း နားလည်ကာ ကိုယ်ရောစိတ်ပါ ကြိုးစား တည်ဆောက်ပါလိမ့်မည်။

၅။ **နှိုင်းယှဉ်ချီးမွမ်းမှုကိုရှောင်ကြဉ်ပါ။** ။ သင့်ကလေးကို သား/သမီးက တော်လိုက်တာ ဟု၍ အတောသေ ပြောပါ။ သား/သမီးက မောင်/မ ဘယ်သူထက် တော် တယ် ဟု၍ မည်သည့်အခါမျှ မပြောပါနှင့်။ အထူးသဖြင့် ငါ့သားသမီးက အတော်ဆုံးပဲဟေ့ ဟု၍ မချီးမွမ်းသင့် ပေ။ တကယ်အရေးကြီးသော နှိုင်းယှဉ်ချက်သည် သူတို့ ၏ ယခင်ဆောင်ရွက်မှုနှင့် နှိုင်းယှဉ်ခြင်းပင် ဖြစ်၏။ သူတို့ အကောင်းဆုံးကြိုးစားဆောင်ရွက်သည်ဆိုလျှင် လုံလောက်ပြီ။ မည်သူထက်သာသည် သို့မဟုတ် ညံ့သည်ဆိုခြင်းမှာ ဤနေရာတွင်အကြောင်းမဟုတ်။

ကလေးတွေကို သူတစ်ပါး၏ စံချိန်စံညွှန်းနှင့်မဟုတ်ဘဲ သူတို့၏ စံချိန်စံညွှန်းများနှင့် တိုင်းတာစေခြင်းအားဖြင့် များစွာကူညီရာရောက်ပါသည်။

၆။ **တစ်နေ့တစ်ခုကိုမျှော်ကိုး၍ အမြတ်ထုတ်ချီးမွမ်းမှုကို ရှောင်ကြဉ်ပါ။** ။ ယုံချင်ယုံ၊ မယုံချင်နေပါ။ ချီးမွမ်းခြင်း မှန်သမျှ ကောင်းသည်ဟုမဆိုသာ။ တစ်ခါတစ်ရံ အမြတ်ထုတ်လိုသောဆန္ဒနှင့် မြှောက်ပင့်ပြောဆိုတတ်ကြသေးသည်။ ဥပမာ- သမီးဖျော်တဲ့ကော်ဖီကမှ သောက်လို့ကောင်းတာ၊ ဒါကြောင့် သမီးပဲအမြဲဖျော်ပေးနော် ဟူ၍ မြှောက်ပင့်ခိုင်းစေသည်။ တကယ်မှာ ချီးမွမ်းခြင်းနှင့် တစ်စုံတစ်ခုကို ပြုလုပ်ရန်တောင်းပန်ခြင်းတို့ကို မရောနှောသင့်ပေ။ ကလေးတို့နှင့်ပတ်သက်၍ တစ်ကြိမ်မျှ ဖြောင့်ဖြောင့်မတ်မတ် မပြုမိလျှင် နောင်အကြိမ် ကိုယ်ဖြောင့်မတ်သည့်အခါ ကလေးက မည်သို့ယုံကြည်တော့မည်နည်း။

၇။ **ရှုပ်ထွေးမက်လုံးပေး၍ချီးမွမ်းမှုကိုရှောင်ကြဉ်ပါ။** ။သား/သမီး ခု ၁၀ တန်းစာမေးပွဲမှာ D သုံးလုံးပါရင် လိုချင်တဲ့ စက်ဘီးဝယ်ပေးမယ် ဟူသော မက်လုံးမျိုးကို မပေးချင်ပါနှင့်။ အကယ်၍ သူတို့ D သုံးလုံးမပါလျှင် သင့်မေတ္တာနှင့်လက်ခံမှုကို အများဆုံးလိုအပ်သည့်အချိန်တွင် ကိုယ့်စကားတည်အောင် လက်ဆောင်ဝယ်ပေးရန်လည်း မဖြစ်နိုင်တော့ပေ။ သူတို့ D ရသွားလည်း ယခုထက်အခြေအနေ တိုးတက်လာဖွယ်မရှိ။ ကျွန်ုပ်မိတ်ဆွေ၏ သမီးကလေးတစ်ဦးကမူ သူ့ဖခင်က သူ့ကို ချွင်းချက်နှင့် မက်လုံးလက်ဆောင်ပေး၍ ခိုင်းစေခြင်းကို အလွန်မုန်းသည်။ လက်ဆောင်ကို ပေးချင်၍ပေးသည်

အလွန်မုန်းသည်။ လက်ဆောင်ကို ပေးချင်၍ပေးသည်ဆိုခြင်းက အဓိပ္ပာယ်ရှိသေး၏။ ထိုမိန်းကလေးက သူတစ်စုံတစ်ခုပြုလုပ်ခြင်းသည် ရုပ်ဝတ္ထုဆုလာဘ်မက်လုံးကြောင့်မဟုတ်။ ပြုလုပ်ရခြင်းက ကျေနပ်စရာကောင်း၍ ပိုမိုအရသာရှိသည်ဟု ဆိုသည်။

**သတိပြုရန်**

- စည်းကမ်းကောင်းတို့မည်သည် မိမိကိုယ်ကို စည်းကမ်းရှိ၍ အလေးအမြတ်ထားအောင် ဖန်တီးပေးသည်။
- စည်းကမ်းကောင်းတို့မည်သည် အနာဂတ်တွင် သင့်ကလေးတို့ ကိုးကားလိုက်နာရမည့် စည်းကမ်းကလနား သတ်မှတ်ပေးခြင်း ဖြစ်သည်။
- ချီးမွမ်းခြင်းနှင့် အားပေးခြင်းသည် ကောင်းသော စည်းကမ်းအတွက် မရှိမဖြစ်လိုအပ်သည့် လက်နက်ကိရိယာများ ဖြစ်သည်။
- ချီးမွမ်းခြင်းသည် ကလေးတို့ကို သူတို့အဖိုးတန်ကြောင်း ပြောသည့်အပြင် သူတို့ကိုချစ်ကြောင်း ခံစားရစေသည်။
- ကလေးတို့၏ ကောင်းသောအပြုအမူအတွက် ချီးမွမ်းခြင်းသည် သူတို့၏ စွမ်းပကားများအပေါ်၌ အခြေခံ၍ တိုးတက်အောင် စေ့ဆော်တိုက်တွန်းနိုင်သည်အပြင် သူတို့၏ပျော့ညံ့ချက်များနှင့် စပ်လျဉ်း၍လည်း အလိုက်သင့်ပြုနိုင်အောင် ယုံကြည်စိတ်ချမှုကို ပေးသည်။
- ကလေးတို့သည် ချီးမွမ်းခံလိုကြသည်။ ထို့ကြောင့် သင် ချီးမွမ်းသည်များကို ဆက်လက်လုပ်ကိုင်ကြလိမ့်မည်။
- ချီးမွမ်းခြင်းသည်လည်း အမြဲတစေ နှိုးသားဖြူစင်ပါစေ။ ဤသို့မဟုတ်လျှင် ကောင်းကျိုးထက် ဆိုးကျိုးသာ အဖတ်တင်လိမ့်မည်။

**သော့ချက်စုများ**

**ကလေးတို့ ကောင်းမွတ်စွပြုလုပ်နေချိန်တွင်ချက်ချင်းလက်ငင်း ထစ်ထိုင်တည်းချီးမွမ်းလိုက်ပါ။**

**ထပ်ပြောထားချင်တာတွေ**

- ကလေးတို့ကို အကောင်းဆုံးဖြစ်မြောက်သည့်အတွက် မဟုတ်ဘဲ အကောင်းဆုံးကြိုးစားသည့်အတွက် ချီးမွမ်းပါ။
- စိတ်အားထက်သန်စွာ ချီးမွမ်းပါ။ စိတ်မပါတပါ မချီးမွမ်းပါနှင့်။
- ချီးမွမ်းသည့်အခါ ယေဘုယျသဘောဆောင်၍ မချီးမွမ်းပါနှင့်။ သီးသီးသန့်သန့်ဖော်ပြချီးမွမ်းပါ။
- သင့်ကလေးတို့နှင့် ဆက်ဆံပြောဆိုရာတွင် အဖျက်သဘောထက် ပိုမိုအပြုသဘောဆောင်ကာ ဆက်ဆံပြောဆိုပါ။

■

တစ်ကြို - ၆
သတိရှိပါ

## သင်သည်အခန်းကဏ္ဍစံပြဖြစ်ကြောင်းသတိရပါ

> **"အမေ၊ အမေဟာ ကျွန်တော့်အတွက် စံပြမယ်ခယ် တစ်ဦးပါပဲ။"**
>
> Alan Coren

**မိဘသည် ရင်သွေးတို့၏ဘဝအတွက် အခြေခံအုတ်မြစ်ချပေးသည်။** ၁၉၉၄ ခုနှစ်၌ ရစရာမရှိအောင် ထိခိုက်ပျက်စီးသော မီးတောင်ပေါက်ကွဲမှုကြီး တစ်ရပ်ဖြစ်ပေါ်ပြီးနောက် ၆ လအကြာတွင် ကျွန်ုပ်သည် အိန္ဒိယပြည်၊ မဟာရပ်(စ်)ထြာ ပြည်နယ်သို့ ရောက်ခဲ့သည်။ ထိုမီးတောင်ပေါက်ကွဲသည့် စက္ကန့် ၄၀ မျှသောအချိန်တို အတွင်း၌ လူပေါင်းနှစ်သောင်းငါးထောင်ကျော် အသက်ဆုံးရှုံးခဲ့ရ၏။ ထိခိုက်ပျက်စီးမှုသည်လည်း ယုံကြည်နိုင်ဖွယ်မရှိပေ။ ရွာတစ်ရွာတွင်မူ အိမ်တစ်အိမ်တည်းသာ အက်ကြောင်းရာ တစ်ကြောင်းမျှ မထင်ဘဲ အကောင်းပကတိ ကျန်ရှိ၏။ ကျန်အိမ်ခြေအားလုံး ပြိုကျ

ပျက်စီးကုန်၏။ ပြိုကျကုန်သောအိမ်များသည် အခြေခံအားဖြ
ကျောက်တုံး၊ ရွံ့နှင့်သစ်သားများဖြင့်သာ တည်ဆောက်ထားခြ
ဖြစ်ပြီး အကောင်းပကတိကျန်ရှိသည့် ထိုအိမ်တစ်အိမ်သည်သာလျှ
သူဌေးတစ်ဦး၏ နေအိမ်ဖြစ်လျက် ခိုင်ခံ့သော အခြေခံအုတ်မြ
ပေါ်တွင် အုတ်တိုက်ဆောက်ထားခြင်းဖြစ်၏။ ထိုမီးတော
ပေါက်ကွဲမှုကြောင့် ပျက်စီးသွားခဲ့သော ၆၆ မြို့နှင့် ရွာများရှိ အိမ်ခြေ
များကိုလည်း ထိုသူဌေးအိမ်ကဲ့သို့ အခြေခံခိုင်မာစွာ တည်ဆော
ခဲ့မည်ဆိုလျှင် မည်သူမျှအသက်ဆုံးရှုံးစရာအကြောင်း ရှိမည်မဟုတ်
ပေ။

အခြေခံအုတ်မြစ်များသည် အသက်တမျှအရေးပါလှသည်
ယင်းတို့သာမရှိလျှင် သင်အကြီးအကျယ်ဒုက္ခတွေ့လိမ့်မည်။ ကလေး
ဘဝသည် ကျန်ဘဝသက်တမ်း တစ်လျှောက်အတွက် အခြေခံ
အုတ်မြစ်ဖြစ်သည်။ မည်သည့်အဆောက်အအုံကို တည်ဆော
သည်ဖြစ်စေ အခြေခံအုတ်မြစ်သည် ယင်းအဆောက်အအုံကို ပံ့ပို
နိုင်လောက်အောင် ခိုင်ခံ့အားကောင်းမှ ပြိုမကျအောင် ထိန်းနိုင်မည်
ဖြစ်သည်။ လူ့အဖွဲ့အစည်းတစ်ခုတွင် ရင့်ကျက်သော၊ စေ့ဆော်
ကောင်းသော၊ လွတ်လပ်သော၊ ဖန်တီးတီထွင်ဉာဏ်ရှိသော အဖွဲ့ဝ
လူကြီးများပေါ်ပေါက်ရေးအတွက် မြေတောင်မြှောက်ပေးရန် အဓိ
တာဝန်သည် မိဘတာဝန်သာဖြစ်ကြောင်း ယုံမှားသံသယဖြစ်ဖွယ်
မရှိပေ။ စာသင်ကျောင်း၊ ရုပ်မြင်သံကြား၊ ရေဒီယို၊ စာနယ်ဇ
သို့မဟုတ် ပိုမိုကျယ်ပြန့်သော လူမှုအဖွဲ့အစည်းတွင်လည်း တာဝန်
ပါသည်။ သို့သော် အဓိကအကျဆုံးမှာ မိဘပင်ဖြစ်ပါ၏။

မိဘတို့သည် သူတို့၏ ယင်းမဟာတာဝန်ကြီးကို ပ
လွှဲပြောင်း၍ မရပေ။ ကလေးပြုစုပျိုးထောင်ရေးတွင် စာသင်ကျော
နှင့် အခြားလူမှုအဖွဲ့အစည်း စသည်တို့မှာ အလွန်အရေးပါသည်
မှန်သော်လည်း မိဘအလုပ်ကို မည်သူကမျှ အစားထိုးဝင်ရော

သုပ်ကိုင်ပေးနိုင်သည်မဟုတ်ပါ။ သို့သော် ယင်းအဖွဲ့အစည်းတို့သည် မိသားစုနှင့်အတူ ပူးပေါင်း၍ အရေးကြီးသော အခန်းကဏ္ဍက ပါဝင်ဆောင်ရွက်နိုင်ပေသည်။

ငါးများပုပ်သိုးသည် အခါဦးခေါင်းကစ၍ပုပ်သည် **အားသမီးမကောင်း မိဘခေါင်း** ဟူသောဆိုရိုးစကားများအတိုင်းပင် ဖြစ်ပါ၏။ ကျွန်ုပ်သည် အသံလွှင့်ဌာနအမှတ် ၄ က ထုတ်လွှင့်သော သနေ့နံနက်အစီအစဉ်ကို နားထောင်သည်။ မိခင်တစ်ဦးသည် မိဘတို့ ရင်သွေးပြုစုပျိုးထောင်နည်းသင်တန်း က သူသင်ယူခဲ့ရသည်ကို ရှင်းပြနေပါသည်။ **ကျွန်မဟာ ကျွန်မသားလေး Philip အနားက တစ်ဖဝါးမခွာဘဲ ကျောင်းအထိလိုက်ပြီး တွယ်တာပ်နေခဲ့တယ်၊ ဆရာတွေက Philip ဟာ စာသင်ပေးလို့ မရဘူး၊ ပြဿနာရှာတဲ့ ကလေးလို့ ပြောတယ်၊ ဒါပေမဲ့ ကျွန်မက ဒါကို လုံးဝလက်မခံဘူး၊ အဲဒီတုန်းက ကျွန်မသိပ်စိတ်ဆိုးပါတယ်၊ အဲဒါ Philip ရဲ့ အပြစ် မဟုတ်ဘူး၊ သူများက မတရားစော်ကားလို့ ဖြစ်တယ်ပေါ့၊ ဒါပေမဲ့ အခုဆိုလျှင် သူက အရမ်းပြောင်းလဲလာပါပြီ၊ အဲဒီသင်တန်းကို ကျွန်မ သွားတက်ကတည်းက ကျွန်မအတော်ထိန်းနိုင်လာတယ်၊ Philip ရဲ့ပြဿနာတွေဟာ တကယ်တမ်း သူ့ပြဿနာတွေ မဟုတ်ဘဲ ကျွန်မရဲ့ပြဿနာတွေ ဖြစ်နေတာကို အခုမှ ရေရေ လည်လည် သဘောပေါက်တော့တယ်၊**

**'လူကြီးမင်းများခင်ဗျား– ဤသည်တို့မှာ ကျွန်ုပ်၏မူများ ဖြစ်ပါသည်။ သို့သော်အကယ်၍ သင်ယင်းတို့ကို သဘော မကျလျှင်ကျွန်ုပ်တွင် အခြားမူများ ရှိပါသေးသည်။'**

**Cecil B:de Mille**

**သူငို့သားသမီးတို့သည်တစ်ရံတစ်ဦး၏ လွှမ်းမိုးမှုအောက်တွင် တစ်ချိန်လုံးရှိနေပါသည်။**

ကျွန်ုပ်တို့အားလုံးသည် ထပ်တူအမြွှာပူးများ တစ်နေရာစီတွင် ကြီးပြင်းလာချိန်ဝယ် အစားအစာ၊ အဝတ်အစား၊ တေးဂီတ၊ လိင်တွေ့ စသည်တို့နှင့်ပတ်သက်၍ အကြိုက်ချင်းတူကြကြောင်း ကြားဖူးကြပေသည်။ ကျွန်ုပ်တို့၏ မျိုးရိုးဗီဇသည် ကျွန်ုပ်တို့ မည်သို့မည်ပုံ ဖြစ်လာမည်ကို ပြဋ္ဌာန်းရာတွင် အရေးကြီးသောအစိတ်အပိုင်း တစ်ရပ် ဖြစ်၏။ သို့တစေ ကျွန်ုပ်တို့၏ စရိုက်လက္ခဏာကို ကျွန်ုပ်တို့ ကြီးပြင်းလာသည့် ပတ်ဝန်းကျင်၏ မွေးမြူစောင့်ရှောက်ပုံ၊ ကျွန်ုပ်တို့ ၏ ရွေးချယ်မှုများနှင့် အခြားလွှမ်းမိုးမှုများကလည်း ပုံဖော်ပေးနေ သည်မှာ အမှန်ပင်။ ထို့ကြောင့်ပင် ထပ်တူအမြွှာများ တော်စပ်ကြ သော်လည်း တကွဲတပြားစီကြီးပြင်းရင်း အဝတ်အစားဖက်ရှင်၊ မိတ်ဆွေအပေါင်းအသင်း၊ အခြားကိစ္စသည်တို့နှင့် ပတ်သက်၍ အကြိုက်ချင်းမတူကြသည်လည်း ရှိပါသည်။

တစ်နည်းဆိုသော် ပင်ကိုသဘာဝနှင့် မြူစုယုယမှု နှစ်မျိုး စလုံးသည်ပင် ကျွန်ုပ်တို့ မည်သူမည်ဝါများဖြစ်သည်ကို လွှမ်းမိုး ပြဋ္ဌာန်းလျက် ရှိပါသည်။ လူအများစုအတွက် ကလေးတို့၏ မျိုးရိုးဗီဇ နှင့်ပတ်သက်၍ သင် မည်သို့မျှ ပြောင်းလဲပစ်နိုင်သည် မဟုတ်ပေ။ သင့်ထံမှရရှိသည့် မျိုးရိုးဗီဇအမွေနှင့်သာ အကောင်အထည်ပေါ် လာခြင်းဖြစ်ရာ ဤအချက်သည်ပင် သူတို့၏ အားနည်းချက်များကို သင် သည်းခံနိုင်စရာ အကြောင်းတစ်ရပ် ဖြစ်စေနိုင်သင့်သည်။ သူတို့ကိုဂရုတစိုက်ပျိုးထောင်ခြင်းအားဖြင့် သူတို့၏ ကိုယ်ရည် ကိုယ်သွေးကို များစွာပုံဖော်ပေးနိုင်ပါသေးသည်။ မည်သည့်မိဘမဆို သူတို့ကလေးများအတွက် တန်ဖိုးထားမှုစနစ်တစ်ခု တည်ဆောက် ပေးနိုင်သည်။ ယင်းသည် ကလေးတို့ဘဝတွင် အတောင်အလက် စုံလင်အောင် ကူညီနိုင်မည့် အကြီးမားဆုံးလက်ဆောင်ပင် ဖြစ်၏။

ဘချို့မိဘများသည် ကလေးတို့အတွက် စာရိတ္တမဏ္ဍိုင် တည်ဆောက်ပေးရန် စိတ်ပူပန်ကြသည်။ သူတို့ကို လွှမ်းမိုးလွှမ်းရာ ကျနေမည်လော၊ ဦးနှောက်ဆေးကြောရာ ရောက်နိုင်သလော စိုးရိမ်ကြသည်။ သို့သော် သင့်ကလေးကို သင်က လွှမ်းမိုးဖို့ စိတ်မဝင်စားလျှင် အခြားသူတို့က လွှမ်းမိုးရန် စိတ်ဝင်စားလိမ့်မည်။ အခြားသောလွှမ်းမိုးမှုအစ်ပြုတစ်ခေါင်းကြီးက တိုက်ခိုက်နေမည်သာဖြစ်သည်။ ရှေးကျစိတ်ကူးတစ်ခုဖြစ်သော စာသင်ကျောင်းများ၌ တန်ဖိုး-ကင်းလွတ်ပညာရေး (value - free education) ပေးနိုင်ရမည်ဟူသောစိတ်ကူးသည်လည်း ယခုအခါ ပျောက်ကွယ်သွားချေပြီ။ ဆရာ၏ကိုယ်ပိုင်တန်ဖိုးများက ခြောင်းမြောင်းအစားထိုး ဝင်ရောက်နေရာယူသည်။ ကျွန်ုပ်သည် တီဗီအစီအစဉ်တစ်ခုရိုက်ကူးရန် ယခင်နှစ်နှစ်ခန့်က တောင်အာဖရိကတိုက်သို့ သွားရောက်ခဲ့၏။ ယင်းအစီအစဉ်အတွက် ကျွန်ုပ် တွေ့မေးရမည့် ပုဂ္ဂိုလ်တစ်ဦးသည် Dr. Bayers Naude ဖြစ်၏။ ထိုပုဂ္ဂိုလ်သည် နိုဘယ်ဆုရှင်ဖြစ်ပြီး အသားရောင်ခွဲခြားမှုကို အပြင်းအထန်ကန့်ကွက်ခဲ့သည်မှာ နှစ်ပေါင်းနှစ်ဆယ်ကျော်ပြီဖြစ်သည်။ သို့သော် နှစ်ပေါင်းများစွာသော အတိတ်ကာလ၏ အချိန်တစ်ချိန် ဘုန်းကြီးမဖြစ်မီအစမ်းလေ့ကျင့်မှုခံယူဆဲကာလ၌ ထိုလူငယ်က အသားရောင်ခွဲခြားမှုသည် တောင်အာဖရိကအတွက် ဘုရားသခင်၏ အလိုတော်ဖြစ်သည်ဟု မိုးမိုးသားသား ယုံကြည်ခဲ့သေးသည်။ ထိုယုံကြည်မှုသည်လည်း သူ့မိတ်ဆွေအပေါင်းအသင်းရောင်းရင်းတို့၏ ယုံကြည်မှုနှင့် တစ်ထပ်တည်းပင်ဖြစ်၏။ သူသည် အလွန်တော်သော ပုဂ္ဂိုလ်ဖြစ်သော်လည်း ဤကိစ္စကို မည်သည့်အခါမျှ မေးခွန်း မထုတ်ခဲ့ပေ။ **အသားရောင်ခွဲခြားမှုသည် သဘာဝတရားပင်ဖြစ်၏** ဟူ၍ပင် ပြောခဲ့သေးသည်။

ထို့ကြောင့်ပြဿနာသည် သင့်ကလေးတို့ ဦးနှောက်ဆေးကြောခြင်းခံရသလော ဟူသည့် မေးခွန်းမဟုတ်ပါ။ ယင်းသည်

——

သင့်ကလေးတို့ကို မည်သည်နှင့် ဦးနှောက်ဆေးကြောသနည်း ဟူ၍ ဖြစ်သည်။ ကလေးများသည် ရေမြှုပ်ကဲ့သို့ဖြစ်ရာ သူတို့၏ တန်ဖိုးထားရှိမှုများကို တစ်နေရာရာမှ စုပ်ယူမည်သာဖြစ်သည်။ ထို့ကြောင့် သင်က သူတို့ကို မလွှမ်းမိုးလျှင် အခြားသူက လွှမ်းမိုးသွားမည်မှာ သေချာသည်။ တကယ်မှာ သင့်ကလေးတွေကို သင်မလွှမ်းမိုးလျှင် သူတို့ဘဝတွင် မလွှမ်းမိုးသူသည် သင် တစ်ဦးတည်းသာရှိမည်။ တစ်စုံတစ်ယောက်က သင့်ကိုယ်စား လွှမ်းမိုးပေးနေသည်သာ ဖြစ်သည်။ လွှမ်းမိုးပုံမှာလည်း သင့်တန်ဖိုးနှင့်မဟုတ်။ သူတို့ ကိုယ်ပိုင် တန်ဖိုးများ။ သူတို့ကိုယ်ပိုင်စံချိန်စံညွှန်းများနှင့်သာ ဖြစ်မည်။ ထို့ကြောင့် အကယ်၍ ကလေးများကို တစ်စုံတစ်ယောက်က လွှမ်းမိုးမည်ဆိုလျှင် ထိုသူသည် သင်သာ ဖြစ်သင့်သည်။ အကယ်၍ သင့် တန်ဖိုးထားရှိမှုများသည်လည်း ကလေးကို အမွေပေးထိုက်လောက်အောင် မကောင်းဟုဆိုလျှင် ယခုပင် ပြောင်းပစ်လိုက်ပါ။ အဘယ့်ကြောင့်ဆိုသော် ရှင်းပါသည်။ ယင်းတို့သည် သင်ကိုယ်တိုင်လည်း ယက်ကိုင်မထားသင့်သော တန်ဖိုးများ ဖြစ်နေသောကြောင့် ဖြစ်ပါသည်။

သင့်ကလေးတို့ကို အကြောင်းအရာပေါင်းစုံနှင့် ပတ်သက်သော ထင်မြင်ယူဆချက်အမျိုးမျိုးတို့က တရစပ်ထိပါးတိုက်ခိုက်၏။ ယင်းအကြောင်းအရာများသည် ငွေကြေး၊ ရုပ်ရှင်၊ ဗီဒီယို၊ ဂီတ၊ မူးယစ်ဆေးဝါး၊ လိင်ကိစ္စ၊ ဖက်ရှင်၊ ဘာသာရေး၊ စစ်ဖြစ်ခြင်း၊ ကျား/မ ဖြစ်ခြင်း၊ လိင်တူကြိုက်ခြင်း၊ သက်မွေးမှုအလုပ်၊ အပန်းဖြေလုပ်ငန်း၊ အားကစားစသည်ဖြင့် စာရင်းပြုစုက ဆုံးအံ့မထင်ပါ။ အချို့သောထင်မြင်ချက်များသည် အခြားသူများ၏ ထင်မြင်ချက်သာ ဖြစ်၏။ သို့သော် အချို့သော အယူအဆတို့သည် ဥပမာအားဖြင့် ဆိုးသွမ်းလူငယ်တို့၏ အတွေးအမြင် အယူအဆများသည် သင့်ကလေးတို့ကို သေသေချာချာ သွတ်သွင်းထားခြင်းဖြစ်၏။ ဤသို့ဆို

လျှင် ကလေးတို့၏ စိတ်တွင် တိုက်ပွဲဝင်နေရသကဲ့သို့ ဖြစ်တော့မည်။

သာမန်ဖခင်တစ်ဦးသည် သူတို့ကလေးများနှင့် တန်ဖိုးရှိသော စကားပြောခြင်းမှာ တစ်နေ့လျှင်သုံးမိနစ်သာရှိကြောင်း ကျွမ်းကျင်ပညာရှင်များက ဖော်ပြသည်။ သာမန်မိခင်တစ်ဦးသည် ယင်းထက် အနည်းငယ်ပို၍ ကြာသည်။ ငါးမိနစ်ခွဲခန့်ရှိသည်။ ဤသည်တို့နှင့် ယှဉ်လိုက်သော် သာမန်ကလေးသည် တစ်နေ့လျှင် သုံးနာရီကြာတီဗီ ကြည့်သည်။ တချို့ကလေးတွေဆိုလျှင် သူတို့အိပ်ခန်းထဲ၌ တီဗီရှိသည်။ ဧည့်ခန်းများတွင်လည်း ထိုင်ခုံများစီထားသည်မှာ ရုပ်ရှင်ရုံငယ်တစ်ခုကဲ့သို့ပင် ဖြစ်၏။ မိသားစုဝင်များ အတူတကွ လုပ်ဆောင်ကြသည်မှာ အစားစားခြင်းနှင့် တီဗီကြည့်ခြင်းသာဖြစ်၍ တီဗီရှေ့၌ပင် မကြာခဏအစားစားကြသေးသည်။

ထို့ကြောင့် ကလေးတို့၏ဘဝတွင် မည်သူက အလွှမ်းမိုးဆုံးဖြစ်ကြောင်း ပညာရှင်ကြီးများ တွက်ဆကြည့်ရန်ပင်မလိုပေ။ သူတို့၏ တန်ဖိုးထားရှိမှုများ၊ အကျင့် စာရိတ္တနှင့်ယုံကြည်မှုအားလုံးကို တီဗီမှာ ကြည့်ရသည်များက ပုံဖော်ပေးလျက်ရှိသည်။ ထို့အပြင် သူတို့ကို စာသင်ကျောင်း၊ တေးဂီတ၊ မဂ္ဂဇင်းများ၊ ကွန်ပျူတာများ၊ ရေဒီယိုကြော်ငြာ၊ စာအုပ်များ၊ ဗီဒီယိုများ၊ အခြားလူကြီးများ၊ မိအားပေးသော အုပ်စုများ၊ မိတ်ဆွေများနှင့် မိတ်ဆွေတို့၏ မိဘများသည်ပင် အတော်မသတ် လွှမ်းမိုးနေသေး၏။ တကယ်တမ်းမှာ သင့်ကလေးတို့၏ နေ့စဉ်ဘဝကို အများတကာ၏ အယူအဆအတွေးအမြင်နှင့် တန်ဖိုးထားရှိမှု တစ်ပြုံတစ်ခေါင်းက တွင်တွင်လွှမ်းမိုးလျက်ရှိသည်။

သင့်အနေဖြင့် ယင်းလွှမ်းမိုးချက်များကို ကန့်သတ်သင့်ပါသည်။ တကယ်လည်း ကန့်သတ်ပေးနိုင်ပါသည်။ မိဘတို့သည် ကလေးတို့ ကြည့်ရှုသော တီဗီ၊ ရုပ်ရှင်၊ ဖတ်ရှုသော စာအုပ်နှင့် မဂ္ဂဇင်း၊ သူတို့အပေါင်းအသင်းနှင့် သွားရောက်လေ့ရှိသော နေရာစသည်တို့နှင့်စပ်လျဉ်း၍ သတိကပ်စောင့်ကြပ်ကြည့်ရှုရမည်သာ

ဖြစ်ပါသည်။ သို့သော်မည်မျှကြိုးပမ်းသော်လည်း ကလေးတို့အတွက် ဆိုးသွမ်းသော လွှမ်းမိုးမှုအန္တရာယ်ကို လုံးဝကာင်းရှင်းအောင် ဆောင်ရွက်နိုင်မည် မဟုတ်ပေ။ ထို့ကြောင့် သင့်အတွက် တကယ့် လုပ်ငန်းတာဝန်မှာ သင့်ကလေးကို ယင်းပဋိပက္ခဆန်သော ထင်မြင်ယူဆချက်များ နားလည်ချင့်ချိန်၍ အလိုက်သင့်နေထိုင်သွားနိုင်ဖို့ ကူညီရန်သာဖြစ်ပါ၏။ အကောင်းဆုံးနည်းမှာ တီဗီတွင်တွေ့ရသည့် ပြဿနာများကို သူတို့နှင့်အတူ ပွင့်ပွင့်လင်းလင်း ဆွေးနွေးဖို့ဖြစ်ပါသည်။

ယခင်တစ်နှစ်၊ နှစ်နှစ်ခန့်က ကျွန်ုပ်၏မိတ်ဆွေ Claire သည် တီဗီဇာတ်လမ်းများ၏ တန်ဖိုးထားရှိမှုများကို ဘဝင်မကျ၍ သူ့ကလေးတွေကို တီဗီမကြည့်ရန် တားမြစ်ထားသည်။ သို့သော် ဤအစီအစဉ်မှာ မအောင်မြင်ပါ။ သူ့ကလေးများသည် ကျောင်း၌ တီဗီဇာတ်လမ်းများအကြောင်းကို စီစီညံညံပြောဆိုနေကြသော သူငယ်ချင်းများအလယ်တွင် ပါးစပ်အပေါင်းသားနှင့် အပယ်ခံဖြစ်နေရ၏။ ယင်းထက်ပိုဆိုးသည်မှာ ဇာတ်လမ်းထဲတွင် မည်သည့်တန်ဖိုးထားရှိမှုတွေကို မလိုက်နာသင့်ကြောင်း ပညာမရလိုက်ခြင်းပင် ဖြစ်၏။ သူတို့၏ပြောသမျှကိုသာ ကြားရသည်ဖြစ်ရာ တစ်ခါတစ်ရံ ပုံကြီးချဲ့ပြောသည်ကိုလည်း နားထောင်ရသေးသည်။ ထို့ကြောင့် Claire သည်လည်း ကလေးတို့နှင့် တီဗီအစီအစဉ်အကြောင်း၊ ဇာတ်ကောင်များနှင့် သူတို့အပြုအမူအကြောင်း စသည်တို့ကို ရံဖန်ရံခါ ဆွေးနွေးပြောဆိုနိုင်အောင် သူတို့နှင့်အတူ တီဗီကြည့်သည့်အလုပ်ကို စတင်ပြုလုပ်တော့သည်။ ထိုအခါမှပင် ပြဿနာအားလုံး အစစ်အဆေးမဲ့ ခေါင်းထဲဝင်သွားသည့် အဖြစ်မျိုး လုံးဝကင်းစင်သွားတော့သည်။

သင့်ကလေးတို့သည် သူတို့၏ဘဝကို စလုံးရေစချိန် ဖြစ်ပါသည်။ သူတို့သည် ဘဝတစ်သက်တာ ဝင်လယ်ပြင်၌ စတင်ရွက်လွှင့်သကဲ့သို့ ဖြစ်သည်။ သို့တစေ ပဲ့ကိုကောင်းစွာ နိုင်နိုင်နင်းနင်း

ကိုင်နိုင်ဦးမည် မဟုတ်သေးပါ။ သူတို့၏ရင့်ကျက်သော၊ အဓိပ္ပာယ်ရှိသော ဆုံးဖြတ်ချက်များ မည်သို့ချမှတ်ရမည့်အကြောင်း သို့မဟုတ် သူတို့ကိုတိုက်ရိုက်လွှမ်းမိုးလာမည့် ထင်မြင်ချက် တစ်ပြုတစ်ခေါင်းကို နားလည်အောင် မည်သို့ကြိုးစားရမည်ဖြစ်ကြောင်း သိမည်လည်း မဟုတ်သေးပေ။ ထို့ကြောင့် သူတို့ကို လမ်းကြောင်းဖြောင့်မတ်အောင် ပဲ့ကိုင်ပေးခြင်းမှာ သင့်တာဝန်ပင် ဖြစ်ပါ၏။ ယင်းသည် တာဝန်တစ်ရပ်ဖြစ်သည်သာမက အလွန်ပျော်ရွှင်တက်ကြွဖွယ်ကောင်းသော အခွင့်ထူးတစ်ရပ်လည်း ဖြစ်ပါသည်။ ထိုအခွင့်ထူးကို သင်မည်သည့်နည်းနှင့်မျှ လက်လွှတ်မခံပါနှင့်။

**'သင်တစ်နေ့မှတ်ဆိတ်ရိတ်ရင်း၊ မှန်ထဲ၌မြင်ရသောမျက်နှာသည် သင့်ဖခင်၏မျက်နှာပင်ဖြစ်ကြောင်း၊ သဘောပေါက်လာပါလိမ့်မည်။'**

Robert Harris

**သင်နှစ်သက်သည်ဖြစ်စေ၊ မနှစ်သက်သည်ဖြစ်စေ ကလေးတို့သည် တမျိုးတိုးတူဖြစ်သည်။**

အချို့သောမိဘများသည် သားသမီးဆိုးသည့်အခါ **မအေ. . . မင်းတို့အလှည့်ကျမှ မင်းတို့ ကောင်းကောင်း** ဝဋ်လည်မယ် ဟူ၍ ဝဋ်လည်စေလိုသော ဆန္ဒကိုပင် ထုတ်ဖော်ပြောသယောင်ရှိ၏။ သို့သော် ဤနေရာတွင် ဆုတောင်းတိုင်း ပြည့်တတ်မြဲပါသည်။ သင်နှစ်သက်သည်ဖြစ်စေ၊ မနှစ်သက်သည်ဖြစ်စေ ကလေး အားလုံးသည် တစ်စိတ်တစ်ဒေသအားဖြင့် မိဘတို့၏ ပုံတူလေးများ ဖြစ်လာကြသည်။ အဘယ့်ကြောင့်ဆိုသော် မိဘအားလုံးသည် ရည်ရွယ်ချက်ပါသည်ဖြစ်စေ၊ မပါသည်ဖြစ်စေ ကလေးတို့ကို လွှမ်းမိုးနေသည့်အတွက် ဖြစ်ပါ၏။

မျိုးဆက်ပေါင်းများကိုကြည့်လျှင် နေအိမ်အများစုမှ သမီးအကြီးများသည် မိခင်၏လက်ထောက်များဖြစ်၏။ မောင်ငယ်ညီမငယ်လေးများကို ထိန်းကျောင်းရသောတာဝန်များ ယူရသည်။ ထို့ကြောင့်သူတို့ကို မိခင်၏ကူဖော်လောင်ဖက်လေးများ ဟူ၍ခေါ်တွင်လာသည်။ တစ်ချိန်တည်းမှာပင် သူတို့၏အစ်ကိုများကဖခင်၏စီးပွားရေးလုပ်ငန်းတွင် ပါဝင်ကူညီကြရသည်။ ဖခင်သည်လက်သမား သို့မဟုတ် ပန်းပဲသမားဆိုလျှင် သူတို့လည်း ဖခင်ခြေရာကိုနင်းကာ သူတို့ကိုယ်တိုင် လက်သမား သို့မဟုတ် ပန်းပဲသမားများဖြစ်လာမည်။ သို့တစေ မိဘကသားသမီးကို သူတို့ကျွမ်းကျင်သောသက်မွေးမှုအလုပ်ကိုသာ အမွေပေးသည်မဟုတ်ပေ။ ကလေးတို့နှင့်အတူ နေရင်းထိုင်ရင်းဆိုသကဲ့သို့ သူတို့၏တန်ဖိုးထားရှိမှုများကိုတဖြည်းဖြည်းနှင့် အသေအချာ လက်ဆင့်ကမ်းသေးသည်။ ကလေးတို့သည် အမိ သို့မဟုတ် အဖ၏အနီးတွင် အလုပ်လုပ်ရင်း သူတို့ဘဝတစ်ခုလုံးအကြောင်းနှင့် မိဘတာဝန်အကြောင်းကိုပါ သင်ယူရပေသည်။ အများအားဖြင့် ဟောပြောပို့ချမှု သို့မဟုတ် ဖိအားပေးမှုမှတစ်ဆင့် သင်ယူတတ်မြောက်ခြင်း မဟုတ်ပါ။ ဤသင်ခန်းစာများကိုအတူတကွနေထိုင်ရင်း အတုမြင် အတတ်သင်ခဲ့ရခြင်း ဖြစ်ပါသည်။

ကျွန်ုပ်သည် တစ်ခါက ယခုခေတ်လူငယ်တွေကို ကျွန်ုပ်နားကို မလည်နိုင်ဘူး ဟု ညည်းညူသော အသက် ၈၀ ခန့်ရှိ အဘိုးကြီးတစ်ဦးကို တွေ့ဖူးသည်။ သူက ကျုပ် ၁၄ နှစ်သားအရွယ်တုန်းကကျုပ်အဖေနဲ့ တူချင်တာ၊ ပြီးတော့ သူလို ဝတ်စုံတစ်ခုရချင်တာပဲသိတယ် ဟု ဆိုခဲ့သည်။ သူ့ဖခင်ကိုလည်း အထင်ကြီး၍ အကြီးအကျယ်လေးစားသည်။ သူ့ဖခင်ထက် ပိုမိုကြီးကျယ်ကောင်းစားဖို့ဆိုသည်မှာ စိတ်ကူး၍ပင်မရ။ သူ့အဝတ်အစားကို သဘောကျသည်မှာလည်း ဤအတိုင်းပင်။ သူ့အဝတ်အစားထက် မည်သည့်အဝတ်အစားကမျှ ပိုမိုထူးခြားကောင်းမွန်နိုင်ဖွယ် မရှိပေ။

ယနေ့ခေတ်ကတော့ ပြောင်းလဲလျက်ရှိသည်။ သင့်ကလေးများသည် မွေးပြီး လေးငါးနှစ်ခန့်အထိ သင် ပြောဆိုပြုမူသမျှကို ပုံတူကူး၍ လိုက်နာလုပ်ကိုင်လိုစိတ် ရှိသည်မှာ အမှန်ပင် ဖြစ်သည်။ သင်သာလျှင် သူတို့၏သူရဲကောင်း ဖြစ်၏။ သူတို့သည် သင်ကဲ့သို့သာ ဖြစ်ချင်သည်။ သင့် ထင်မြင်ချက်ထက် မည်သည်ကမျှ ပိုမို အရေးကြီးစရာ အကြောင်းမရှိ။ အနာဂတ်တွင် ဤကဲ့သို့သော အချိန်သည် လွန်မြောက်ခဲ့ပြီဖြစ်သော်လည်း ထိုကာလအတော အတွင်း သင့်ထံမှသင်ယူခဲ့ရသည်များမှာ သူတို့၏ကိုယ်ရည်ကိုယ်သွေးနှင့် ဘဝချဉ်းကပ်နည်း တစ်ခုလုံးအတွက် အခြေခံများ တည်ဆောက်ရေးတွင် အဆက်သွယ်ကြောတမျှ အရေးပါလှ၏။ အကယ်၍ သင်သည် ဖြောင့်မတ်၍ ကြင်နာတတ်လျှင် သူတို့လည်း ဖြောင့်မတ်၍ ကြင်နာမည်။ အကယ်၍ သင်သည် ရိုင်းပျမောက်မာလျှင် သူတို့လည်း ရိုင်းပျမောက်မာလိမ့်မည်။ သင်က အပျင်းကျတတ်သူဆိုလျှင်လည်း သူတို့လည်း အလားတူအပျူထင်းပြပါလိမ့်မည်။ အကယ်၍ သင်သည် အကြမ်းဖက်နည်းနှင့် ကိုယ်လိုရာကိုယ်ရအောင် ယူတတ်သူဆိုလျှင်လည်း သူတို့က သင့်လမ်းစဉ်ကို လိုက်ဖို့ ဝန်လေးတော့မည်မဟုတ်။ ထို့ကြောင့် သင်သည် ပဓာနကျလွန်းသောကြောင့် ဤ မဟာတာဝန်ကြီးအတွက် သင်နည်းလမ်းမှန်ကန်ရန်မှာ အရေးကြီးလှပါ၏။

> 'စေခင်းပေးသောအကြံဉာဏ်ကိုသားတို့လက်မခံလျှင် အလွန်အကျွံစိတ်မပျက်ပါနှင့်။ ယင်းအကြံဉာဏ်သည် အလေ့သိကဲ့ဖြစ်လိမ့်မည်မဟုတ်။ နောင်နှစ်များ အတန်ကြာလာ ချိန်၌ ထိုသားများက သူတို့ကိုယ်ပိုင် သားသမီးများကို ယင်းအကြံဉာဏ်ကိုပင်လက်ဆင့်ကမ်းပါလိမ့်ဦးမည်။'
>
> Anonymous

**'ငါပြောသလိုလုပ်၊ ငါလုပ်သလိုမလုပ်ပါနှင့်'**

သင်သည် မှန်ကန်သောတန်ဖိုးများကို ကလေးတို့ထံသို့ ရောက်အောင်မည်သို့ လက်ဆင့်ကမ်းမည်နည်း။ ယင်းကိစ္စသည် နေ့ချင်းညချင်းမဖြစ်ပေါ်နိုင်ကြောင်း ဦးစွာ ပြောလိုပါသည်။ ကလေးများကို ၆ နာရီခန့် တစ်ဝကြီးထိုင်ခိုင်းထား၍ မဟာတန်ဖိုးထားရှိမှုများအကြောင်းကို သူတို့နားထဲ စိမ့်ဝင်သွားအောင် ပြောနိုင်လိမ့်မည်ဟု မည်သို့မျှမျှော်လင့်နိုင်မည် မဟုတ်ပေ။ ဤကိစ္စသည် အချိန်အတန်ကြာယူပေမည်။ အနည်းဆုံး ၁၄ နှစ်ခန့် ကြာမည်။ တကယ်မှာ ရေမလုံသောရေပိုက်ခေါင်းမှ ရေ တစ်စက် တစ်စက်စိမ့်ကျကာ ရေချိုးကန်တစ်ခုကို ဖြည့်ရသကဲ့သို့ ဤကိစ္စသည် နှေးကွေးသောဖြစ်စဉ်တစ်ရပ် ဖြစ်ပါသည်။

ထို့ကြောင့် ယခုပင် စတင်ပြုလုပ်ပါ။ ကလေးတို့သည် တန်ဖိုးထားရှိမှုများကို မိအောင်လည်း ဖမ်းယူ သည်။ သင်လည်း သင်ယူ ကြသည်။

**၁။ တန်ဖိုးများကိုအမိအရဖမ်းယူရရှိသည်။** ။ သင်ထားရှိသော တန်ဖိုးပေါင်းများစွာတို့သည် အမှတ်မထင် လက်ဆင့်ကမ်း ရရှိထားခြင်းဖြစ်သည်။ သင့်ကလေးများသည် ရည်ရွယ်လျက်ဖြစ်စေ၊ မရည်ရွယ်ဘဲလျက်ဖြစ်စေ သူတို့မဝေဖန်တတ်မီအချိန်ကတည်းက သင်ပြောဆိုပြုမူသမျှကို အတုယူကြသည်။ သင် တန်ဖိုးထားရှိမှုများကိုလည်း ရင်ဝယ်သိမ်းဆည်းထားမည်ဖြစ်၏။ ထို့ကြောင့် ကလေးတို့ မလုပ်စေချင်သည်မှန်သမျှကို ကိုယ်က စတင်မပြုလုပ်မိအောင် ဆင်ခြင်ပါ။ ငါပြောသလိုလုပ်၊ ငါလုပ်သလို မလုပ်နှင့် ဟူသည်မှာ လက်တွေ့အားဖြင့် အသုံးမကျပါ။ သူတို့ ကြီးပြင်းလာသည့်အခါ သင်အပြောနှင့် အလုပ်ညီညွတ်မှု ရှိ၊ မရှိ သူတို့က

စောင့်ကြည့်လိမ့်ဦးမည်။ သင် တန်ဖိုးထားမှုများက လည်း လက်တွေ့ဘဝတွင် မည်မျှအသုံးဝင်ကြောင်း စစ်ဆေးကြည့်လိမ့်ဦးမည်။ ဥပမာ- တယ်လီဖုန်း လာခိုက် သင်ရှိလျက်နှင့် မရှိကြောင်း သင့်ကလေးကို လိမ်ညာ ပြောခိုင်းနေစဉ် ရိုးသားမှုအကြောင်း သင်ပေး၍ အကျိုးမရှိနိုင်ပေ။ သင်ကိုယ်တိုင် ညနေတိုင်း တီဗီရှေ့မှာ အခွံသားဇိမ်ယူ၍ ကလေးတွေကို ညတိုင်း အိမ်စာလုပ် နိုင်းမည်ဆိုလျှင်လည်း ဟန်ကျဦးမည် မဟုတ်သေး။ (အဆိုးဆုံးမှာ ကျန်သောအိမ်သူ၊ အိမ်သားများ အောက်ထပ်၌ မည်သည့်အလုပ်မျှမရှိဘဲ အားလပ် နေသည်ကိုသိလျက် အပေါ်ထပ်တွင် အာရုံစိုက်၍ စာကျက်ရခြင်း ဖြစ်ပါသည်။) သင်သည် အပြောသမား သက်သက်ဖြစ်ကြောင်း သူတို့သိလျှင် သင့်ကိုရော သင်တန်ဖိုးထားရှိမှုများကိုပါ သူတို့လက်မခံနိုင် ဖြစ်လာနိုင်သည်။ ထို့ကြောင့် အလုပ်နှင့်သာ သက်သေပြ ရန်ဖြစ်ပါသည်။ ထိုအခါ သင် ဖမ်းယူရရှိခဲ့သော ထို တန်ဖိုးထားရှိမှုများကို သူတို့၏သားသမီးများကလည်း သူတို့ထံမှ အမိအရဖမ်းယူကာ သားစဉ်မြေးဆက် လက်ဆင့်ကမ်းလိမ့်မည်။ ဤလက်ဆင့်ကမ်းမှုကိစ္စကို သင်က စတင်ပြုလုပ်ရမည်သာ ဖြစ်ပါသည်။

**၂။ တန်ဖိုးများကို သင်ကြားပေးသောကြောင့်ရရှိသည်။ ။** သင့်ကလေးများသည် အတုမြင်အတတ်သင်၍ တန်ဖိုး များဖမ်းယူရရှိသည်ဆိုရုံနှင့် မပြီးသေးပါ။ အကယ်၍ သူတို့နားမလည်သော တန်ဖိုးဖြစ်နေလျှင် သူတို့လိုက် နာရန်လည်း ခဲယဉ်းကာ လက်မခံဘဲ ရှိနိုင်သေးသည်။ သူတို့သည် သင်၏ အကဲဖြတ်ချက်များကို ငယ်စဉ်ဘဝ

က အပြည့်အဝယုံကြည်၍ အစစအရာရာနှင့်ပတ်သက်သော သင့်ထင်မြင်ချက်ကို သူတို့က သိလိုနေကြသည်။ ထို့ကြောင့် သင်အခွင့်အရေးရှိစဉ် သူတို့ကို သင့်တန်ဖိုးများအကြောင်း ပြောဖြစ်အောင်ပြောပြဖို့ မမေ့ပါနှင့်။ သင့်အတွေ့အကြုံ၊ ဉာဏ်ပညာအမြော်အမြင်၊ ယုံကြည်မှု၊ အတွေးအမြင်စသည်တို့နှင့် ပတ်သက်၍ သူတို့ကို တမင်လက်ဆင့်ကမ်းနိုင်မည့် အခွင့်အရေးများ ရရှိရန်ကိုလည်း ကြိုးစားဖန်တီးပါ။ အကယ်၍ သင့်ကလေးများသည် ဘဝတွင် အရေးကြီးကိစ္စများနှင့် စပ်လျဉ်း၍ သင်တန်ဖိုးထားရှိမှုများကို မည်သို့မျှ မသိရှိလိုက်ရဘဲ ကြီးပြင်းလာသည်ဆိုလျှင် ဝမ်းနည်းဖွယ်ဖြစ်လိမ့်မည်။ သင့်တန်ဖိုးများကို သင် အဘယ့်ကြောင့် လက်ခံထားကြောင်းကိုလည်း သေသေချာချာ ပြောဖြစ်အောင် ပြောပါ။ နေအိမ်သို့မဟုတ် စားသောက်ဆိုင်၌ အတူတကွစားသောက်ရင်း အေးအေးဆေးဆေး စကားစမည်ပြောဖြစ်အောင် ပြောပါ။ သူတို့ကို ရုပ်ရှင်ရုံသို့ ခေါ်သွားပါ။ ရုပ်ရှင်ထဲမှ အကြောင်းကိစ္စများနှင့်စပ်လျဉ်း၍ ဆွေးနွေး ပြောဆိုပါ။ သို့မဟုတ် တစ်စုံတစ်ခုပြုလုပ်ရန် သင့်ကလေးနှင့် အတူတကွ ရှိနေစဉ်၌ စကားစတင်ပြောလိုက်ပါ။ သင်မည်သည့်ကို ပြုလုပ်သည် ဖြစ်စေ အချိန်မဆွဲပါနှင့်။ ယနေ့ပင် စတင်ပြုလုပ်လိုက်ပါ။ သို့မဟုတ် သင် သတိရ၍ လှည့်ကြည့်လိုက်သည့်အခါ သူတို့တစ်တွေ ကြီးပြင်းလာပြီ ဖြစ်၍ ဤကိစ္စများ နောက်ကျသွားလိမ့်မည်။

**'ဖခင်တစ်ဦးက သူ့ကလေးများအတွက် အရေးအကြီးဆုံး လုပ်ပေးနိုင်သော အရာသည် သူတို့မိခင်ကို ချစ်ခြင်းပင် ဖြစ်၏။'**

Theodore Hesberg

**မိဘသည် မိသားစု၏ အချက်အချာဖြစ်သည်။**

စိတ်လုံခြုံသော မိသားစုတို့သည် စိတ်လုံခြုံသောကလေး တို့ကို မွေးဖွားပေးသည်။ မိသားစုဟူသည် အသွင်သဏ္ဍာန်အမျိုးမျိုး နှင့် အရွယ်အစားအမျိုးမျိုးရှိ၍ အများစုမှာ တစ်ကြောင်းမဟုတ် တစ်ကြောင်းဆိုသကဲ့သို့ တစ်စုံတစ်ရာသော အကြောင်းကြောင့် မိဘတစ်ဦးတည်းသာ ရှိလေသည်။ သို့တစေ အကယ်၍ သင့် မိသားစုသည် မိစုံဖစုံ ဖြစ်သည်ဆိုလျှင် သင်တို့ဇနီးမောင်နှံ၏ ဆက်နွယ်မှု (relationship) အရည်အသွေးသည် သင့်ကလေးတို့ အပေါ်တွင် ကြီးမားစွာ ဩဇာသက်ရောက်လိမ့်မည်။ သင်တို့၏ ဆက်နွယ်မှုသည် မိသားစုအတွက် ပဓာနအကျဆုံး သို့မဟုတ် အချက်အချာဖြစ်သည်။ ထို့ကြောင့် ယင်းသည် အတောမသတ်နိုင်သော တိုက်ပွဲနယ်မြေဖြစ်နေလျှင် သင့်ကလေးတွေကို ဆိုးဆိုးရွားရွား ထိခိုက်နိုင်သည်သာ ဖြစ်၏။

Back To The Future ရုပ်ရှင်ဇာတ်ကားတွင် Marty ၏မိဘ များသည် မည်သည့်မျှော်လင့်ချက်မျှထားတတ်သော ရှေးရိုးမိဘ များဖြစ်သည်။ သူ့ဖခင်သည် လောဘ၊ ဒေါသ၊ မောဟကင်းငြိမ်း သည်။ သူ့ဘဝတစ်လျှောက်တွင် မည်သူကအနိုင်ကျင့်သည်ဖြစ်စေ ခေါင်းငုံ့ခံသူသာဖြစ်သည်။ သူ့မိခင်မှာ အသက်အရွယ်လည်းကြီး ဝလည်းဝသည့်အပြင် ဘဝကို ငြီးငွေ့နေသည်။ မိဘနှစ်ပါးစလုံးသည် တစ်ယောက်ကို တစ်ယောက် စိတ်မဝင်စားသည်သာမက ကလေး တွေကိုလည်း စိတ်မဝင်စားတော့ပေ။ ယင်းအခြေအနေ၏ရလဒ်

အဖြစ် Marty ၏ဖခင်ကိုသည် တက်လမ်းမရှိသောအလုပ်တွင် ပိတ်မိနေ၍ သူ့အစ်မကတော့ ယောကျ်ားလေးမိတ်ဆွေ မရနိုင်ဖြစ်ရသည်။ Marty တစ်ယောက်သာလျှင် ယင်းပုံသွင်းထားသောပုံစံကို တစ်မျိုးတစ်ဖုံ ပြောင်းလဲပစ်လိုက်သည်။ သို့သော် ဤသည်မှာလည်း Marty က သူ့စက်ခလုတ်ကို မတော်တဆထိမိ၍ အချိန်အားဖြင့် ၁၉၅၅ ခုနှစ်သို့ နောက်ပြန်ဆုတ် သွားသောကြောင့် ဖြစ်သည်။ ထိုစဉ်က ၁၇ နှစ်သားအရွယ် သူ့ဖခင်ကို အနိုင်မခံ အရှုံးမပေးစိတ်ဓာတ်နှင့် ကိုယ့်ဘဝကိုယ်ရပ်တည်နိုင်အောင် Marty က အားပေးအားမြှောက်ပြုလုပ်ခဲ့သည်။ ထိုအခါ အစစအရာရာ ပြောင်းလဲကုန်သည်။ ၁၉၈၅ ခုနှစ် Marty အိမ်ပြန်ရောက်သည့်အခါ သူ့ဖခင်သည် အောင်မြင်သူတစ်ဦး ဖြစ်နေလေသည်။ သူ့မိခင်ကလည်း နုပျို၍ တက်ကြွသည်။ သူတို့နှစ်ဦးသည်လည်း တစ်ဦးနှင့် တစ်ဦး နှစ်နှစ်ကာကာ ချစ်ကြသည်။ ယင်းအခြေအနေ၏ရလဒ်သည် သူ့အစ်ကိုမှာ စီးပွားရေးလုပ်ငန်းရှင် တစ်ဦးဖြစ်ပြီး သူ့အစ်မကိုလည်း တစ်ဦးချင်း ခြေရာကောက်၍ မရနိုင်လောက်အောင် များပြားသော အမျိုးသားများက ဝိုင်းဝိုင်းလည်လျက်ရှိကြောင်း တွေ့ရလေသည်။ မိမိကိုယ်ကို ယုံကြည်စိတ်ချမှု ချစ်ခြင်းမေတ္တာနှင့် မိဘနှစ်ဦး၏ ဆက်နွယ်မှုတို့သည် Marty တို့တစ်မိသားစုလုံး၏ အနာဂတ်ဘဝကို စိုးမိုးပုံဖော်ပေးလျက် ရှိတော့သည်။

ကိုယ့်လင်ကိုယ့်မယားချည်းပင်ဖြစ်စေ၊ အခြားပထွေးသို့မဟုတ် မိထွေးတို့နှင့်ပင်ဖြစ်စေ သင်တို့၏အတူတကွ နေထိုင်ပုံဘဝသည် ကလေးများအပေါ် လေးနက်စွာ လွှမ်းမိုးသည်။ သင်တို့နှစ်ဦး အမြဲစကားများ၍ မကျေမနပ်ဖြစ်နေမည်ဆိုလျှင် ကလေး၏ ကျောင်းပညာရေးကို ထိခိုက်မည်မှာ သေချာသလောက်ဖြစ်၏။ နေအိမ်မိသားစုပြဿနာက အရိပ်သဖွယ် နှိပ်စက်ကလူပြုနေသည့်အတွက် ကလေးတို့သည် ကျောင်းစာကို လုံးဝအာရုံမစူးစိုက်နိုင်

ဖြစ်တတ်သည်။ ထို့ထက်ဆိုးသည်မှာ သူတို့ကိုယ်တိုင်ပင် အပြစ်မကင်းသကဲ့သို့ ခံစားရတတ်သေးသည်။ စိုးရိမ်မှုနှင့် အပြစ်စွဲမှုသည် ကလေးတို့ကို ကျောင်းတွင် ထမြောက်အောင်မြင်ရန် စေ့ဆော်ပေးနိုင်သည် မဟုတ်ပါ။ ကလေးတို့ သိဖို့လိုအပ်သည်မှာ ကမ္ဘာလောကကြီးက မည်မျှကြမ်းတမ်းသည်ဖြစ်စေ နေအိမ်သည် သူတို့အတွက် ပျော်စရာအကောင်းဆုံးနှင့် စိတ်အလုံခြုံဆုံးနေရာဖြစ်ကြောင်းပင်။

မိဘများ တစ်ဦးနှင့်တစ်ဦး မေတ္တာပျက်လာသည့်အခါ ကလေးတို့သည်လည်း သူတို့ကိုပါချစ်မှချစ်သေး၏လောဟု သံသယဝင်လာသည်မှာ သဘာဝကျပါသည်။ တကယ်တမ်းမှာ မိဘများသည် ကွာရှင်းပြတ်စဲ အိမ်ထောင်ရေးပြိုကွဲသွားသည့်အခါပင် ကလေးတို့ကို ချစ်မေတ္တာမပြယ်ပါ။ သို့သော် ဤကိစ္စကို သက်ဆိုင်ရာကလေးတို့က ရေရေလည်လည် သဘောပေါက်မည်မဟုတ်ပေ။

ထို့ကြောင့် ဈေးသွား၊ အဝတ်လျှော် (ကလေးတို့၏ညစ်ပေအနီးနှင့် အဝတ်များအပါအဝင်) ကြမ်းတိုက်၊ ကလေးကျောင်းဖယ်ရီပို့၊ အိမ်သော့အဖွင့်အပိတ်၊ မီးဖိုပြင် ချက်ပြုတ်စသည့် နိစ္စဓူဝများပြောင်းလှသော အိမ်မှုကိစ္စများအကြားမှ သင်တို့၏ချစ်မေတ္တာခိုင်မြဲလျက် လက်တွဲမဖြုတ်ဖို့အရေးသည် သေရေးရှင်ရေးတမျှအရေးကြီးပါသည်။ အကယ်၍ အိမ်ထောင်ရေးအက်ကြောင်းများကြီးမားလာသည့်အခါ၌ပင် အတိုက်အခံငြင်းခုံကြသည့်အကြားမှ ချစ်မေတ္တာများ လုံးဝလွင့်စင်သွားသည့် အဖြစ်မျိုး မကြုံရလေအောင်ကြိုးပမ်းသင့်ပါသေးသည်။

ကလေးတို့သည် သူတို့၏မိဘများ ချစ်ချစ်ခင်ခင်ရှိရန် များစွာလိုလားကြပါသည်။ သို့သော် အကယ်၍ မိဘတို့တစ်ဦးနှင့်တစ်ဦး ဆက်လက်ပေါင်းသင်းကာ အတူတကွ နေထိုင်ရန် လုံးဝမဖြစ်တော့သည့် အခြေအနေသို့ရောက်လျှင် ကလေးအနေဖြင့် လူကြီးတစ်ဦးကဲ့သို့ ရင့်ကျက်စွာ နားလည်သည်းခံနိုင်မည် မဟုတ်ပေ။ တကယ်

တမ်းမှာ အေးဆေးတည်ငြိမ်သော၊ အတည်တကျရှိသော၊ စိတ်လုံခြုံသည့် ပတ်ဝန်းကျင်တွင်သာ ကလေးအားလုံး ရှင်သန်လန်းဆန်းကြသည်။ ကျောင်းစာတွင်လည်း ပိုတော်သည်။ သူတို့အပြုအမူသည်လည်း ပိုကောင်းသည်။ ထို့အပြင် နေအိမ်မှ ထွက်ပြေးခြင်း၊ လိင်မှုပွေလီခြင်းအစရှိသော ကိစ္စမျိုးလည်း ဖြစ်လေ့မရှိပါ။ ကလေးတို့သည် နေအိမ်တွင် ရိုက်နှက်နှိပ်စက်မှုမခံရလျှင်၊ ဟိုဘက်မိဘအကြိုက်လိုက်ရနိုး၊ သည်ဘက်မိဘအကြိုက်လိုက်ရနိုး စိတ်မရှုပ်ရလျှင် မိစုံဖစုံနေရသည်ကို ပို၍ပျော်ပါသည်။ မိဘတို့ တကွဲစီနေ၍ ဟိုပြေးတွေ့ရသည်ပြေးတွေ့ရသော ဒုက္ခမရှိလျှင်လည်း ကလေးတို့ ပိုမိုစိတ်လုံခြုံပါသည်။ ထို့ကြောင့် ကလေးတို့၏မျက်နှာကိုထောက်၍ ဖြစ်နိုင်ပါက မိနှင့်ဘတို့ မခွဲမခွာအတူနေကြရန်သာ ဖြစ်ပါသည်။ ကလေးတို့သည် သူတို့ကို မွေးဖွားဖို့ တောင်းဆိုခဲ့ကြသည် မဟုတ်ပေ။ ထို့ကြောင့် သူတို့ကို ပထမတန်း ဦးစားပေးရမည်သာဖြစ်ပါ၏။

အကယ်၍ သင်သည် အိမ်ထောင်ရေးပြဿနာဖြေရှင်းရာတွင် အခက်အခဲများရှိပါလျှင် အကြံပေးဌာနများမှ အကူအညီတောင်းခံနိုင်ပါသည်။ ထိုဌာနများရှိ ကျွမ်းကျင်သူအကြံပေးပညာရှင်တို့သည် သင်နှင့်သင့်ကြင်ဖော်တို့၏ ပြဿနာများနှင့်စပ်လျဉ်း၍ စဉ်းစားအဖြေရှာနိုင်အောင် အကူအညီပေးနိုင်ပါလိမ့်မည်။ ပြဿနာကြီးထွားလျှင် ယင်းကိုတိုက်ရိုက်မဖြေရှင်းဘဲ သူ့ဘာသာပြီးသွားလိမ့်မည်ဟူ၍ ဘေးချိတ်မထားပါနှင့်။ ရိုးရိုးတန်းတန်းအလွယ်တကူလက်မြှောက်လိုက်၍လည်း ပြေလည်မည်မဟုတ်ပါ။ ထို့ကြောင့် ယခုပင် လုပ်သင့်လုပ်ထိုက်သည်ကိုလုပ်၍ လက်တွေ့ဖြေရှင်းလိုက်ပါ။

တစ်ခါတစ်ရံတွင်မူ အတူတူနေရုံနှင့် ပြဿနာက ပြေလည်သွားမည်မဟုတ်ပါ။ အကယ်၍ ကျွမ်းကျင်ပညာရှင်များထံမှ အကူအညီလည်း ရယူပြီးသည့်အပြင် တတ်သမျှမှတ်သမျှ အစွမ်းကုန်ကြိုးပမ်းခဲ့ပြီး အကြောင်းမထူးလျှင် အခြားရွေးချယ်စရာလမ်း

မရှိတော့ပေ။ မလွှဲမသွေ သူ့လမ်းသူလျှောက်၊ ကိုယ့်လမ်းကိုယ်လျှောက်ကြရတော့မည်။ ပူပန်သောကဖြစ်မှုများအနက် ကလေးတို့မည်သို့ ထိခိုက်ခံစားတုံ့ပြန်ကြရမည်နည်းဟူသော ပူပန်မှုက အကြီးမားဆုံးပင် ဖြစ်၏။

အကယ်၍ သင်တို့ ကွာရှင်းပြတ်စဲမည် သို့မဟုတ် သင့်ကို ထားပစ်ခဲ့ပြီဆိုလျှင် အခြေအနေသစ်ကို ကလေးတို့ ပိုမိုကောင်းမွန်စွာ ညှိယူနေထိုင်တတ်အောင် သင်မည်သို့ ကူညီနိုင်သနည်း။

- သင်တို့၏ ကွာရှင်းမှုအတွက် ကလေးတို့ကို မည်သည့်အခါမျှ အပြစ် မတင်ပါနှင့်။ သင့်ကြင်ဖော် နှင့် သင်ဆက်လက်လက်မတွဲခြင်းသည် သူတို့၏ အပြစ် မဟုတ်ပါ။ ဤအချက်သည် သင့်အတွက် သိသာထင်ရှားသော်လည်း ကလေးတို့အတွက် ဤသို့မဖြစ်ပါ။ ကလေးအများစုသည် မိဘများကွဲသည်မှာ သူတို့တာဝန်မကင်းဟု ယူဆကြသည်။ ထို့ကြောင့် သူတို့ကြောက်ရွံ့ပြီး သူတို့ကိုယ်သူတို့ လေးနက်စွာ အပြစ်မဖို့မိအောင် သင်တတ်နိုင်သမျှ ကူညီရမည်သာ ဖြစ်သည်။ ဤကိစ္စနှင့် စပ်လျဉ်း၍ ကလေးတို့တွင် ပြဿနာကြီး ဖြစ်မနေပါစေနှင့်။ ထို့ကြောင့် သူတို့၏အပြစ် တစ်စုံတစ်ရာမပါကြောင်းနှင့် သူတို့၏စိတ်တွင် အပြစ်ရှိသည်ဟု ခံစားစရာမလိုကြောင်းများကို စိတ်ချလက်ချယုံကြည်အောင် ပြောပြပါလေ။
- ကလေးတို့ကို ပြောမည့်စကားနှင့်စပ်လျဉ်း၍ သင့်ယခင်ကြင်ဖော်၏ သဘောတူညီချက်ကို ဦးစွာရယူထားပါ။ ထို့နောက် အတူတကွ ထိုင်၍ ကလေးတို့ကို ပြောပါ။ အခြေအနေကို အတတ်နိုင်ဆုံး ရိုးရိုးရှင်းပြပါ။ အကယ်၍ ကလေးတို့ရှေ့၌ မိဘနှစ်ဦးစလုံး မျက်နှာစုံညီ ဖြေရှင်းရန် မဖြစ်နိုင်ခဲ့လျှင် ပြောမည့်ကိစ္စနှင့်ပတ်သက်၍

ကြိုတင်သဘောတူညီချက်ရဖို့ ကြိုးစားလိုက်ပါ။ တစ်ယောက်တစ်ပေါက်ဆိုလျှင် ကလေးတို့က မည်သူ့ကို ယုံရမှန်းမသိသည့်အခါ အဖြစ်အပျက်အမှန်ကိုလည်း မသိနိုင်ဘဲ သူတို့နားလည်သလို အဓိပ္ပာယ်ကောက်လွဲမည် စိုးရသေးသည်။

- သူတို့ကို တစ်ဝက်တစ်ပျက် အမှန်အကန်သာမဟုတ်ဘဲ အပြည့်အဝအမှန်အကန်များကို ပြောပြပါ။ နားမလည်လိုက် မသိလိုက်ရသည့် ကြားလပ်ဟာကွက်များကို သူတို့ စိတ်ကူးများ သို့မဟုတ် ကစားကွင်းကောလာဟလများနှင့် ဖာထေးပစ်လိုက်ဦးမည်။
- လင်မယားကွာရှင်းပြတ်စဲခြင်းသည် ပူဆွေးသောကရောက်ခြင်းတစ်မျိုး ဖြစ်၏။ ထို့ကြောင့် သင်ပြောသမျှကို ကလေးတို့ တဖြည်းဖြည်း နားလည် လက်ခံလာနိုင်သည့် အချိန်မတိုင်မီ သူတို့သည် စိုးရိမ်ထိတ်လန့်မည်၊ ငြင်းကွယ်မည်၊ လက်မခံနိုင်ဖြစ်မည်၊ ဒေါသထွက်မည်၊ စိတ်ရှုပ်ထွေးမည် ဝမ်းနည်းကြေကွဲမည်ဆိုလျှင် သင်သည်းခံရန် အသင့်ပြင်ထားစေချင်ပါသည်။
- တကယ့်လက်တွေ့ ပြဿနာအလုံးစုံကို ပြောပြပါ။ သူတို့ မေးမြန်းချက်များကိုလည်း သင်အတတ်နိုင်ဆုံး မှန်မှန်ကန်ကန် ဖြေလိုက်ပါ။ သူတို့က မည်သည့်နေရာတွင် နေရမည်၊ သင်တို့နှင့် မည်မျှကြာအောင် အတူနေရမည် စသည်တို့ကို သိလိုပါလိမ့်မည်။ သူတို့ကျောင်း၊ သူငယ်ချင်း အပေါင်းအသင်းစသည်တို့ကို ထားခဲ့ရမည် ကဲ့သို့ ကြီးမားသော အပြောင်းအလဲများအတွက် အလွန် စိတ်မလုံမခြုံခံစား၍ ပူပန်နေတတ်သည်။

အရေးအကြီးဆုံးမှာ သင်တို့နှစ်ဦး အာဏာလုပွဲတွင် ကလေး

တို့ကို ခုတုံးအဖြစ် အသုံးမချမိရန်ပင် ဖြစ်ပါသည်။ သင်တို့၏နိုး မောင်နှံချင်း ကွဲမည့်ကိစ္စ ဖြစ်သည်။ သူတို့နှင့်ကွဲခြင်း မဟုတ်ပါ။ ထို့ကြောင့် သင့်ကလေးများကို ခုတုံးလုပ်၍ သင့်ကြင်ဖော်ကို အကျပ်ကိုင်ရန် မကြိုးစားပါနှင့်။ ကလေးများသည် သင်တို့နှစ်ဦးစလုံးထံမှ ချစ်ခြင်းမေတ္တာနှင့် ပံ့ပိုးမှုကို လိုအပ်ပါသည်။ ထို့ကြောင့် သူတို့ရှေ့၌ တစ်ဦး၏ အကြောင်းကိုတစ်ဦးက မည်သည့်အခါမျှ ညည်းတွားမပြပါနှင့်။ သင်၏ ယခင်ကြင်ဖော်ကို သင်မည်ကဲ့သို့ သဘောထားသည် ဖြစ်စေ၊ သင့်ကလေးများ ရှေ့၌ သူ့ကို နှိမ်ချမပစ်ပါနှင့်။ ကလေးတို့က မိဘနှစ်ပါးစလုံးကို အလိုအလျောက် ချစ်ခင်ရှိသေပြီး ဖြစ်ပါ၏။

> **'ကလေးတို့သည် လူကြီးသူမတို့၏ စကားကို မည်သည့်အခါမျှကောင်းစွာနားထောင်ခဲ့သည်မရှိ။သို့သော် သူတို့ကို အတုမိုးရန် မည်သည့်အခါမျှ ပျက်ကွက်ခဲ့သည် မဟုတ်ပေ။'**
>
> **James Baldwin**

**တစ်ကိုယ်တော်မိဘများ**

ကလေးတစ်ဦးကို မွေးမြူရာတွင် မိဘနှစ်ပါးစလုံး ပါဝင်ပတ်သက်နေသည်ဆိုလျှင် ဤပွဲ၌မိမိတစ်ဦးတည်းမဟုတ်ဘဲ အဖော်ရှိသေးသည်ဟူ၍ အားတက်ဖွယ်ရာဖြစ်သည်။ သို့သော် တစ်ဦးတည်းကသာ တာဝန်ယူ မွေးမြူရမည်ဆိုလျှင် ဤကဲ့သို့ ဖြစ်မည် မဟုတ်တော့ပေ။ မိမိ၏ဆွေမျိုးသားချင်းထဲမှ မွေးစားမိဘသဖွယ် ဝိုင်းဝန်းထိန်းကျောင်းပေးမည့်သူမရှိပါက မိမိတစ်ဦးတည်း အပေါ်မှာသာ တာဝန်ပိုကျမည် ဖြစ်သည်။ တစ်နေ့လျှင် ၂၄ နာရီ ဇာတ်ကရမည်ဖြစ်ပြီး ဤကိစ္စနှင့်ပတ်သက်၍ စကားပြောဖော် ကူဖော်လောင်ဖက်ရှိမည်ပင် မဟုတ်ပါ။ တကယ်တမ်းမှာ သင်သာ

လျှင် အမြဲတစေ **တာဝန်ကျ** နေမည်ဖြစ်၍ ယင်းသည် အလွန် တောင်းဆိုမှုများသော အလုပ်တာဝန်ကြီး ဖြစ်နေပါသည်။ သင် ဖျားနာ၊စိတ်ကျ သို့မဟုတ် စိတ်မကောင်းဖြစ်သည့်အခါ၌ပင် အိမ်မှု ကိစ္စ၊ စည်းကမ်းထိန်းသိမ်းမှုနှင့် သင့်ကလေးတို့ကိုချစ်ကြောင်း ဖော်ပြ ရန် တာဝန်အသီးသီးတို့ကို ရပ်နားထား၍ ဖြစ်မည် မဟုတ်ပေ။ ယင်း နိစ္စဓူဝတာဝန်ဝတ္တရားများအလယ်တွင် ဒေါင်ချာစိုင်းနေသော ကြောင့် သူတို့နှင့်အတူ ပျော်ပျော်ပါးပါး နေထိုင်ရန် မဆိုထားဘိ၊ အဓိပ္ပာယ်ရှိရှိ စကားပြောချိန်ပင် မရနိုင်အောင် ဖြစ်ဦးမည်။

မိစုံဖစုံမရှိဘဲ မိဘတစ်ဦးတည်းက ကလေးမွေးမြူရသည်မှာ အကြောင်းကြောင်းကြောင့် ဖြစ်ပါသည်။ မည်သူကမျှ ယင်း တစ်ကိုယ်တော်မိဘများ ကလေးမွေးမြူမှုပုံစံကို စံနမူနာတင်၍ အတု ယူမည်မဟုတ်ပါ။ ပတ်ဝန်းကျင်ကလည်း ဤသို့သော အိမ်ထောင်စု ကို မျက်မှောင်ကုတ်၍ ကြည့်လိမ့်မည်။ သို့တစေ အချို့သော တစ်ကိုယ်တော် မိဘ၏မွေးမြူမှုပုံစံသည် အချို့သောမိစုံဖစုံ မွေးမြူပုံ ထက်ပင် သာလွန်ကောင်းမွန်အောင် အကြီးအကျယ်ကြိုးပမ်းထား သည်ကို ကျွန်ုပ်တွေ့ဖူးသေးသည်။

အကယ်၍ သင်သည် တစ်ကိုယ်တော်မိဘတစ်ဦးဖြစ်၍ တစ်စုံတစ်ယောက်ကို မွေးစားမိဘအဖြစ် လက်ခံမည်စိတ်ကူးလျှင် ထိုအစားထိုးဝင်ခွင့်ပြုမည့်သူကို သေသေချာချာစဉ်းစားလက်ခံပါ။ သင်မည်သူကို ရွေးချယ်သည်ဖြစ်စေ ထိုသူသည်ကလေးတို့ အတွက် အခန်းကဏ္ဍစံပြပုဂ္ဂိုလ်ဖြစ်လိမ့်မည်။ ထိုသူတို့ကို ကလေးတို့က များစွာ အတုယူနိုင်ပါသေးသည်။ ထို့ကြောင့် သင်မည်မျှမနိုင်မနင်း ဖြစ်၍ ဖိအားများစေကာမူ ဤကိစ္စကို စဉ်းစဉ်းစားစား ဆုံးဖြတ် ရွေးချယ်ရမည်သာ ဖြစ်ပါသည်။

**'ကျွန်ုပ် ၁၄ နှစ်သားအရွယ်က မသိနားမလည်မှု ဆိုးရွားလွန်းသူ ကျွန်ုပ်၏ဖခင်အနီး၌ရှိသည်ကို ကျွန်ုပ် သည်းညည်းမခံနိုင်ဖြစ်ခဲ့ရ၏။ သို့သော်ကျွန်ုပ်အသက် ၂၁ နှစ်အရွယ်ရောက်သည့်တွင်ထို ၇နှစ်ကာလအတွင်း သူ၏ကြွယ်ဝလာသော အသိပညာများကြောင့်ကျွန်ုပ် တအံ့တသြဖြစ်ခဲ့ရသည်။'**

**Mark Twain**

**သင်သည် သင့်ကလေး၏ဘဝအတွက်အခြေခံဖြစ်သည်။**
မိဘတိုင်းမဖြစ်မနေ ထမ်းဆောင်ရမည့် ရောမတာဝန်ကြီး တစ်ရပ်သည် **အခန်းကဏ္ဍစံပြ** အဖြစ် ရပ်တည်ရခြင်းဖြစ်သည်။ ယင်းမှာ ထူးကဲသော အခွင့်အရေးလည်းဖြစ်၊ ပျော်ရွှင်ဖွယ်လည်း ဖြစ်ပါသည်။ တစ်နေ့တွင် ကိုယ်တိုင်မိဘတစ်ဦးဖြစ်လာနိုင်စရာ အကြောင်းရှိသူတစ်ဦး၏ ဘဝကို ပုံဖော်ပေးရခြင်း ဖြစ်ပါသည်။ ကလေးတို့ မည်သူ မည်ဝါဖြစ်လာမည်နည်းဆိုသည်ကို လွှမ်းမိုးပြဋ္ဌာန်းသော တစ်ခုတည်းသော အရေးအကြီးဆုံးအကြောင်းရပ်မှာ ကျွန်ုပ်တို့ရင်သွေးပြုစုပျိုးထောင်နည်းဖြစ်ကြောင်း ယုံမှားသံသယဖြစ်စရာမလိုပေ။ နောင်တစ်နေ့တွင် သင့်ကလေးများသည် မှန်ထဲတွင်ကြည့်၍ သူတို့ သင်နှင့်မည်မျှ တစ်ထပ်တည်းတူလာကြောင်း သတိထားမိမည်။

မိဘအားလုံးသည် **အခန်းကဏ္ဍစံပြ** ဖြစ်သည်။ ကျွန်ုပ်တို့သည် မည်ကဲ့သို့သော **အခန်းကဏ္ဍစံပြ** ဖြစ်ကြောင်း မေးစရာရှိပါသည်။ ယင်းတာဝန်ကို ကျွန်ုပ်တို့ မည်မျှကောင်းမွန်စွာ ထမ်းရွက်နေသနည်း။

**သတိပြုရန်**

- မိဘများသည် သားသမီးတို့၏ဘဝများအတွက် အခြေခံအုတ်မြစ်များ ချမှတ်ပေးသည်။
- သင့်ကလေးများသည် တစ်စုံတစ်ယောက် သို့မဟုတ် တစ်စုံတစ်ခုက နေ့စဉ်နေ့တိုင်း တစ်ချိန်လုံး လွှမ်းမိုးခြင်းကို ခံကြရသည်။
- 'ငါပြောသလိုလုပ်၊ ငါလုပ်သလိုမလုပ်နှင့်' ဆိုရိုးစကားသည် အရာမထင်ပါ။ သင်သည် သင့်ကလေးများအတွက် 'အခန်းကဏ္ဍစံပြ'ပင် ဖြစ်သည်။
- ကလေးအားလုံးသည် သူတို့မိဘများနှင့် တဖြည်းဖြည်း ပို၍ပို၍ တူလာသည်။
- သင့်ကလေး၏တန်ဖိုးထားရှိမှုများသည် 'သင်ကြားပေး' ရသည်လည်း ရှိသည်။ 'ဖမ်းယူရရှိ'ထားသည်လည်း ရှိသည်။
- ကလေးတို့၏အကျိုးစီးပွားအတွက် ဖြစ်နိုင်လျှင် အတူနေပါ။
- တစ်ကိုယ်တော်မိဘများသည် မည်သူ့ထံမှ အကူအညီ တောင်းခံမည်ဖြစ်ကြောင်း သေသေချာချာ စဉ်းစားသင့်သည်။

**အဓိကသော့ချက်**

**မိမိကိုယ်တိုင်မိမိကလေးကို ဖြစ်စေချင်သောလူပုဂ္ဂိုလ်မျိုးဖြစ်ပါစေ။**

**ထပ်မံဖြည့်စွက်ရန်အချက်များ**

- ယခုတစ်ပတ်၊ ထို့နောက် နောက်တစ်ပတ်တွင် ကလေးတွေနှင့် အဓိပ္ပာယ်ရှိသော စကားပြောချိန်ကာလကို နှစ်ဆတိုးမြှင့်လိုက်ပါ။
- သင့်ကလေးများနှင့်အတူ တီဗီဇာတ်လမ်းတွဲများကို ကြည့်ရင်းတွေ့သော ဆွေးနွေးစရာအကြောင်းများနှင့် ပတ်သက်ပြီး စကားပြောပါ။
- အပြောနှင့်မဟုတ် အလုပ်နှင့်သာ ပိုမိုပြနိုင်ကြောင်း သတိရပါ။ ဤ အပတ်တွင် သင့်ကလေးများ သင့်ထံက မည်သည့်သင်ခန်းစာများကို အတုယူရရှိကြောင်း စဉ်းစားပါ။
- သင်၏တန်ဖိုးထားရှိမှု တစ်ခုခုကို သင့်ကလေးတို့အား လက်ဆင့်ကမ်းနိုင်မည့် အခွင့်အရေးရအောင် တမင်တကာစဉ်းစားရှာဖွေပါ။

■

## တစ်ကြို - ၇
## ပြတ်ပြတ်သားသားရှိပါစေ

**မိသားစုစည်းမျဉ်းစည်းကမ်းများကိုချမှတ်၍ယင်းတို့ကို တိတိကျကျလိုက်နာပါ**

> **'နေ့စဉ်လုပ်ငန်းဆောင်တာများသည် ပျော်ရွှင်ချမ်းသာမှု အပေါင်း၏ စာမ်မြစ်ဖြစ်သည်။'**
>
> Barbara Toner

**နေအိမ်စည်းမျဉ်းစည်းကမ်းများသည် ကလေးကစားမြန်နှင့်တူ၍ ယင်းတို့က လုံခြုံသော ကန့်သတ်စည်းမျဉ်းဘောင်အတွင်း လွတ်လပ်မှုကို ပေးသည်။**

Who Framed Roger Rabbit? အမည်ရှိရုပ်ရှင်၌ သားငယ် Herman ၏မိခင်အပြင်ထွက်ခိုက် အိမ်တွင် သားငယ်ကို ကြည့်ရှုစောင့်ရှောက်ရန် Roger ကျန်ခဲ့သည်။ Herman သည် ကလေးကစားခြံထဲတွင် ဘေးကင်းလုံခြုံစွာ ကစားနေသည့်အတွက် ကာတွန်းဇာတ်ကောင် Roger အမည်ရှိ ယုန်ကလေးတစ်ကောင်

အတွက်ပင် Herman သည် အိမ်မက်လှလှလေး ဖြစ်နေ၏။ သို့တစေ ထိုအချိန်၌ ကံဆိုးမိုးမှောင်ကျတော့သည်။ Roger ၏မိုက်မဲမှုကြောင့် Herman လေး ကစားခြံထဲမှ လွတ်ထွက်သွားပြီး ကွတ်ကီမုန့်ရှာရင်း မီးဖိုချောင်ခန်းသို့ လေးဖက်တွားဝင်သွားသည်။ နောက်ထပ်ဆက်လက် ဖြစ်ပျက်သည်များကတော့ မိခင်တစ်ဦးအဖို့ ထမင်းလုံးတစ္ဆေအခြောက်ခံရသကဲ့သို့ ခံစားရတော့မည်။ Herman လေးသည် ဇွန်း၊ ခက်ရင်း၊ ဓားစသည်တို့ထားရာ အံဆွဲထဲ၌ တံစို့ထိုးခံရလုနီး၊ မီးဖိုပေါ်တွင် အရှင်လတ်လတ် မီးမြိုက်ခံရလုနီး၊ ရေချိုးခန်းထဲတွင် ရေနစ်လုနီး သို့မဟုတ် မီးဖိုချောင်သုံးဓားများနှင့် အစိတ်စိတ်အမြွှာမြွှာပိုင်းပြီးသားဖြစ်လုနီး အခြေအနေတို့မှ သီသီကလေးလွတ်၍ နောက်ဆုံး၌ ရေခဲသေတ္တာကြီးထဲမှ ထွက်ကျလာသောအခါ ကြမ်းပြင်တစ်ပြင်လုံး ဗရုပ္စပေကျံကုန်တော့သည်။

ကလေးငယ် Herman သည် သူ့ကစားခြံအတွင်း၌ရှိစဉ်က သူ့မှာ လွတ်လပ်မှု ရှိသည်။ သို့သော် ထိုလွတ်လပ်မှုသည် ဘေးကင်းရန်ကွာအရံအတားအတွင်း၌ စိတ်ချ လက်ချလွတ်လပ်ခြင်း ဖြစ်၏။ သူလုပ်ချင်ရာလုပ်၊ ကစားချင်သည့်အရုပ်နှင့် ကစား သော်လည်း အန္တရာယ်မရှိ။ သို့သော် အပြင်သို့ရောက်သည်နှင့် တစ်ပြိုင်နက် အန္တရာယ်ပြွမ်းတော့၏။ အဘယ့်ကြောင့်ဆိုသော် ကလေးငယ်သည် ပြင်ပလောကတွင် ဘေးကင်းရန်ကွာ အလိုက်သင့်နေတတ်ထိုင်တတ်ရန် အသိပညာနှင့် အတွေ့အကြုံမရှိသေး၍ ဖြစ်သည်။

ကလေးငယ် Herman လေး ဘေးအန္တရာယ်ကင်းရှင်းရေး အတွက် သူ့ကို ကစားခြံအတွင်း၌ ထားရှိရန်လိုအပ်သကဲ့သို့ ကလေးအားလုံးသည်လည်း ပြတ်သားသောစည်းမျဉ်းစည်းကမ်း အရံအတားများ၏ အကာအကွယ်ကို လိုအပ်ပါသည်။ မိသားစု စည်းမျဉ်းစည်းကမ်းများက ကလေးတို့စည်းကမ်းကလနားဘောင် အတွင်း လွတ်လပ်လုံခြုံစွာနေနိုင်အောင် အကာအကွယ်ပေးထား

ခြင်း ဖြစ်ပါသည်။ ယင်းကို မိဘတို့၏ ဩဇာသုံး၍ ထိန်းသိမ်းရလေ့ရှိပါသည်။

နိုင်ငံတစ်နိုင်ငံ၏ ဥပဒေပြဋ္ဌာန်းချက်များကဲ့သို့ပင် မိသားစုစည်းမျဉ်းစည်းကမ်းများသည် ဘေးကင်းသောအတိုင်းအတာနှင့် ကန့်သတ်ချက်များအတွင်း လွတ်လပ်မှုကို ပေးရန်ဖြစ်ပါသည်။ ကလေးတို့ ပြဿနာကြုံလာသည့်အခါ သူတို့ကို ကိုယ့်အရွယ်နှင့် ကိုယ်ကြည့်နေကြ ဟု ပြောဆိုရုံနှင့်ပြီးမည် မဟုတ်ပေ။ ဤသို့ဖြစ်ရသည်မှာလည်း သူတို့သည် အချိန်တော်တော်များများ၌ ကိုယ့်အရွယ်နှင့်ကိုယ် ကြည့်နေကြခြင်းကြောင့် ပင် ဖြစ်ပါသည်။ ထို့ကြောင့် သူတို့အရွယ်ရောက်၍ သူတို့ဘာသာ ဆုံးဖြတ်ချက်များ ကောင်းစွာ ချမှတ်လာနိုင်သည်အထိ သူတို့ကိုကာကွယ်စောင့်ရှောက်ရန် စည်းမျဉ်းစည်းကမ်းများလိုအပ်ခြင်း ဖြစ်ပါသည်။ မိသားစုစည်းမျဉ်းစည်းကမ်းများက ချမှတ်ပေးသော ကန့်သတ်ချက်အရံအတားများသည် ဇရွတ်သုတ်ခမဖြစ်အောင် ကောင်းစွာ ကာကွယ်ပေးသည့်အပြင် ကလေးတို့အန္တရာယ်ကင်းဖို့နှင့် အမှားအမှန်ခွဲခြား သင်ကြားပေးဖို့တည်းဟူသော မိဘ၏အရေးကြီးတာဝန်များကိုလည်း တစ်စိတ်တစ်ဒေသအားဖြင့် ကူညီထမ်းရွက်ပေးသည်။

အခြားကလေးများနည်းတူ သင့်ကလေးတို့သည်လည်း သင်ချမှတ်ထားသော စည်းကမ်းကလနားသတ်မှတ်မှုကို မည်မျှဝေးဝေး ဆန့်တန်းနိုင်ကြောင်း မလွဲမသွေ သွေးတိုးစမ်းကြည့်ကြလိမ့်ဦးမည်။ သို့သော် တစ်ချိန်တည်းမှာပင် သူတို့ကိုအကာကွယ်ပေးမည့် ယင်းမိသားစု စည်းမျဉ်းစည်းကမ်းများကိုလည်း တကယ်တမ်းအားထားကြပါသေးသည်။ ထို့ကြောင့် ကလေးကစားခြင်း၏ စည်းရိုးကဲ့သို့ပင် သင့်စည်းကမ်းဘောင်ခတ်မှုသည် ကလေးတို့အတွက် လွတ်လပ်မှုနှင့်လုံခြုံမှုနှစ်ခုစလုံးကို ပေးနိုင်စွမ်း ရှိရပေမည်။ တကယ်တမ်းမှာ ကလေးတို့ကို လူမှုအဖွဲ့အစည်းတစ်ခု၏ အကျိုးပြု

တာဝန်ရှိပုဂ္ဂိုလ်များဖြစ်အောင် မြေတောင်မြှောက်ပေးရေး အတွက် ယင်း **နှစ်မျိုးစလုံး** ကို လိုအပ်သည်မဟုတ်ပါလော။

မိဘသားစုစည်းမျဉ်းစည်းကမ်းများ ချမှတ်ရာတွင် မိဘတိုင်း ကိုယ်လွတ်ရှောင်ရမည့် ထောင်ချောက်နှစ်ခုရှိသည်။

- **အလိုလိုက်လွန်းခြင်း။** ။ ကလေးတို့ကို သူတို့ကြိုက်သည့်အချိန်တွင် သူတို့လုပ်ချင်ရာကို လုပ်ခွင့်ပြုခြင်းသည် ချစ်သောမိဘ၏ စရိုက်လက္ခဏာကောင်း တစ်ရပ် မဟုတ်ပါ။ ယင်းကဲ့သို့ အလိုလိုက်လွန်းခြင်းသည် မိဘစရိုက်လက္ခဏာကောင်း၏ အတိအကျဆန့်ကျင်ဘက် ဖြစ်သည်။ အပြုအမူစည်းကမ်းကလနားကို ကောင်းမွန်စွာ သတ်မှတ်ဖော်ပြမထားသည့်အခါ ကလေးသည် စိတ်ရှုပ်ထွေး၍ စိတ်မလုံမခြုံ ကြီးပြင်းလာလိမ့်မည်။ သူတို့မှန်သလော၊ မှားသလော မည်သို့ သေသေချာချာ သိရှိမည်နည်း။ သို့တစေ တကယ်တမ်းမှာ မည်သည့်အိမ်မှု စည်းမျဉ်းစည်းကမ်း ကန့်သတ်ချက်များ ရှိသည်မဟုတ်ပေ။ နေအိမ် စည်းမျဉ်းစည်းကမ်းများသည် အများအားဖြင့် မိဘ၏ ယာယီစိတ်နေ စိတ်ထားပေါ် တည်သည်။ ယင်းတို့နှင့်ပတ်သက်၍ ကြိုတင်ဟောကိန်းလည်း ထုတ်နိုင်သည်မဟုတ်ပေ။ ထို့အပြင် မိဘတို့သည် သည်းမခံနိုင်သည့် အခြေအနေသို့ရောက်မှ ထိုစည်းမျဉ်းစည်းကမ်းကို ကြပ်မတ်ခြင်း ဖြစ်၏။ ထို့ကြောင့်ပင် ကလေးအနေဖြင့် မည်သည်ကိုပြုလုပ်သင့်ကြောင်း နားမလည်နိုင်ပေ၊ ပို၍ဆိုးသည်မှာ ကလေးတို့ကို ပြတ်သားသော လမ်းညွှန်ချက်များ မပေးခြင်းအားဖြင့် သူတို့အတွက် နောင်ရင်ဆိုင်ရမည့်ပြဿနာတစ်ပုံတစ်ခေါင်းကြီးကို စုဆောင်းပေးထားရာ ရောက်နေ

ပြန်သည်။ သူတို့သည် ပတ်ဝန်းကျင်က လက်ခံနိုင်အောင် မည်သို့ပြုမူရမည်ဖြစ်ကြောင်း မည်သည့်အခါကမျှ မသင်ယူခဲ့ရသည့်အလျောက် ကျောင်း၊ အလုပ်ဌာနသို့မဟုတ် တစ်နေရာရာမှ တစ်စုံတစ်ယောက်နှင့် ထိပ်တိုက်တွေ့တော့မည်။ ယင်းအချိန်ကျမှ ထိုသူက ရှေ့တန်းသို့ တက်လာကာ သင့်ကလေးကို တစ်သက်တာ မမေ့သာသော သင်ခန်းစာကို ပေးလိမ့်မည်။ ထိုအခါ **ဘဝ၏လက်သီးစာ** ကို မိကောင်း မိလိမ့်မည်။

**စည်းကမ်းတင်းကျပ်လွန်းခြင်း။** ။ စည်းကမ်း တင်းကျပ်လွန်းသောနေအိမ်တွင် ဆွေးနွေးမှု သို့မဟုတ် နားလည်မှု မပါဘဲ စည်းကမ်းများ သတ်မှတ်ထားသည်။ ထို့အပြင် သတိပေးခြင်း၊ ရှင်းပြခြင်းများမပြုဘဲ စည်းမျဉ်းစည်းကမ်းသစ်များ မကြာခဏဆက်တိုက်ထုတ်သည်။ မိဘတို့၏ လက်သုံးစကားသည် ငါက ထိုင်ဆိုထိုင်၊ ထဆိုထ ဖြစ်သည်။ ကလေးတို့၏ အမှားများကိုလည်း လက်ခံသည်မဟုတ်ပေ။ သူတို့အတွက် ရွေးချယ်စရာ သို့မဟုတ် ကြီးထွားဖွံ့ဖြိုးစရာအခြေအနေများလည်း ရှိလှသည်မဆိုသာပါ။ မည်သို့ဆိုစေ ကလေးတို့ကို ထိုက်သင့်သရွေ့ လွတ်လပ်ခွင့်မပေးသောအခါနောက်ဆုံးတွင် သင့်ထံမှ အရယူသွား မည်သာ ဖြစ်၏။ တစ်နေ့တွင် သူတို့ လုပ်ချင်ရာလုပ်မည်။ သွားလိုရာ သွားမည်။ ဝတ်လိုရာဝတ်မည်။ ပြော လိုရာ ပြောမည်။ သူတို့ တွေ့လိုသူကို တွေ့မည်။ ပြဿနာကြီး တစ်ရပ်မှာ သူတို့၌ လွတ်လပ်ခွင့် အတွေ့အကြုံ လုံလုံ လောက်လောက် မရှိသည့်အတွက် မည်သို့ပါးနပ်လိမ္မာစွာ ကိုင်တွယ်ဖြေရှင်းရမှန်း မသိဖြစ်လိမ့်မည်။

ထို့ကြောင့်ပင် ဉာဏ်အမြော်အမြင်ရှိသော မိဘတိုင်းသည် မရှိမပငိုပဒါတည်းဟူသော အလယ်လမ်းကိုသာ လိုက်သင့်ပါသည်။ ကလေးတို့ နောင်အနာဂတ်တွင် အလိမ္မာဖက်သော ဆုံးဖြတ်ချက်များ ချမှတ်နိုင်ရန် ပြင်ဆင်ပေးနိုင်မည့် စည်းမျဉ်းစည်းကမ်းများ ချမှတ်၍ သင့်လျော်သော လွတ်လပ်မှုကို ပေးရမည်သာ ဖြစ်သည်။ ပန်းတိုင်သည် ကလေးတို့၏ ကစားမြေကို ကျယ်သည်ထက် ကျယ်ပြန့်လာအောင် တဖြည်းဖြည်းချဲ့ထွင်ပေးရန် ဖြစ်၏။ ငယ်စဉ်က စည်းကမ်းဘောင်အတွင်း နေသားကျပြီးသော ကလေးသည် ကြီးပြင်းဖွံ့ဖြိုးလာသည့်အခါ လူကြီးအဆင့် လွတ်လပ်ခွင့်နှင့် ရွေးချယ်ခွင့်များကို ကောင်းမွန်လိမ္မာစွာ အသုံးချနိုင်တော့မည်။ ဆိုလိုသည်မှာ ဤသို့သော အခြေအနေများတွင် လွတ်လပ်ခွင့် ပို၍ ရသော်လည်း မည်သည်ကိုမျှ ဥပဒေစည်းကမ်း ကာလနားဘောင်ကို ကျော်၍ ပြုလုပ်တော့မည် မဟုတ်ပေ။ ဤအချိန်တွင် သူတစ်ပါးကိုလည်းကောင်း၊ မိမိကိုယ်ကို သည်းကောင်း လေးစားမှုနှင့် ကာကွယ်စောင့်ရှောက်မှုကို ပေးစွမ်းမည့်ဘဝဟန် သို့မဟုတ် နေမှုပုံစံကို ယူလျက် ပျော်ရွှင်ချမ်းမြေ့စွာ နေထိုင်ကြလိမ့်မည်။

**'လှောင်အိမ်ထဲမှငှက်သည် အစာကောင်းစွာစားရ၍ ဘေးအိမ်မှကြောင်၏ရန်ကိုလည်း ကြောက်ရသည် မဟုတ်ပေ။ သို့သော် ငှက်သည်တန်းကလေးပေါ်တွင် တစ်သက်လုံးထိုင်၍နားနေရန်မဟုတ်ဘဲ ပျံသန်းရန် လည်းမွေးဖွားလာခြင်းဖြစ်သည်။'**

Anonymous

**ကြိုတင်စီစဉ်ပါ။မလိုအပ်သေးမီအချိန်ကတည်းကစည်းမျဉ်းစည်းကမ်းချမှတ်ထားပါ။**

မိဘပေါင်းများစွာတို့သည် ထိပ်တိုက်ရင်ဆိုင်လာရသော အရေးကြီးပြဿနာများကို တစ်ချိန်လုံး ဖြေရှင်းနေရတတ်သည်။ အိမ်တွင်းရေးပြဿနာတစ်ခု ဖြေလည်ခါနီး နောက်တစ်ခုက ပေါ်လာပြန်သည်။ သင့်နေအိမ်တွင် စည်းကမ်းပြဿနာပေါ်ပေါက်တိုင်း ကြိုတင်သိရန်လည်း မလွယ်ပါ။ ထို့ကြောင့် အခြားမိသားစုများနည်းတူ အရေးကြီးပြဿနာများကို ရင်ဆိုင်ရဦးမည်ဖြစ်သည်။ သို့တစေ အချို့မိသားစုများသည် အရေးကြုံ သက်လုံကောင်းစေဖို့ ကြိုတင်စီစဉ်မှုမရှိခြင်းကြောင့် ပြဿနာပိုမိုကြီးမား နိုင်ပါသည်။ အနည်းအကျဉ်းမျှ ကြိုတင်စီစဉ်ရုံနှင့် ဒုက္ခတစ်ပြုတ်စခေါင်း သက်သာနိုင်ပါလိမ့်ဦးမည်။

ထို့ကြောင့် လက်ကိုင်ထားရမည့် သော့ချက်သည် **မလိုအပ်သေးမီ** အချိန်ကတည်းက မိသားစုစည်းမျဉ်းစည်းကမ်းများအကြောင်း စဉ်းစားသတ်မှတ်ထားရန်ဖြစ်၏။ အဘယ့်ကြောင့် ဆိုသော်-

- သင်သည် ယင်းစည်းမျဉ်းစည်းကမ်းများကို အနေးနှင့်အမြန်ဆိုသကဲ့သို့ လိုအပ်လာမည်။ ယင်းတို့ကို လိုမည်မဟုတ်ဟု မိမိကိုယ်ကို မလှည့်စားပါနှင့်။ သင်လေးစားသော အတွေ့အကြုံဗဟုသုတကြွယ်ဝသည့် အခြားမိဘများနှင့် ဆွေးနွေးတိုင်ပင်ကြည့်ပါ။ သင့်စိတ်ထဲတွင် သင့်ကလေးတို့ကို ဝန်းရံလျက်ရှိသော အကြောင်းကိစ္စကြီးငယ်တို့နှင့် စပ်လျဉ်း၍ မိသားစုစည်းမျဉ်းစည်းကမ်းတို့ကို ပြတ်ပြတ်သားသား ချမှတ်ထားပြီးလျှင် ကလေးတို့ကို ပြောပြနိုင်ပါသည်။ ဤသို့ကြိုတင်စီစဉ်မှုမပြုလျှင် အရေးပေါ်ကိစ္စကြုံလာသည့် သွေးပူချိန်၌ ရုတ်ခြည်းစဉ်းစား

ဆုံးဖြတ်ရ၍ နောင်အခါနောင်တတစ်ရားဖြင့် ဖိစီးမှုကိုခံရ
တတ်ပါသေးသည်။

- သင့်ကလေးတို့ကို ကြိုတင်၍ ကျိုးကြောင်းဆင်ခြင် ပြောဆိုမထားလျှင် သင့်ဆုံးမပြောဆိုမှုကိုနာခံရန် သင်မျှော်လင့်နိုင်မည်မဟုတ်ပေ။ သူတို့သည် အကြားအမြင်ရ သူများလည်းမဟုတ်။ မှန်းလည်း မှန်းဆတတ်မည်မထင်ပါ။ ထို့ကြောင့် ကနဦးကတည်းက စည်းမျဉ်းစည်းကမ်းများအကြောင်းနှင့် ယင်းတို့ကို ချိုးဖောက်က မည်သို့မည်ပုံဖြစ်မည့်အကြောင်းများကို ပြတ်ပြတ်သားသား ကြိုတင်ပြောပြထားပါလေ။
- သေသေချာချာ စဉ်းစားဆုံးဖြတ်ထား၍ ပြတ်သားသည့် စည်းမျဉ်းစည်းကမ်းများကို ကြိုတင်သတ်မှတ်ထားခြင်းသည် ယင်းတို့ကို အဘယ့်ကြောင့် ကနဦးကတည်းက သတ်မှတ်ရကြောင်း ကလေးတို့ကို နားလည်အောင် ကူညီလိမ့်မည်။ တစ်နည်းဆိုသော် စည်းမျဉ်းစည်းကမ်းကို ချမှတ်ရုံမျှနှင့် မပြီးသေးပေ။ ငါပြောသလိုလုပ်၊ ဘာမျှပြန်ပြောစရာမလို ဟူသည်မှာလည်း နည်းလမ်းကျသည် မဟုတ်ပါ။ စည်းမျဉ်းစည်းကမ်းများ ချမှတ်သည့်အခါ အဘယ့်ကြောင့်ချမှတ်ရကြောင်း ပွင့်ပွင့်လင်းလင်း ဆွေးနွေးကျားကန်ထားဖို့ လိုအပ်သည်။ ကလေးသည် ယင်းမိသားစု စည်းမျဉ်းစည်းကမ်းများ အဘယ့်ကြောင့် တည်ရှိရကြောင်း ပိုမိုနားလည်လေလေ၊ သူတို့အပြုအမူအတွက် သူတို့ပိုမိုတာဝန်ယူလေလေ (သူတို့သည် ကလေးမျှသာ ဖြစ်ကြောင်းကိုတော့ သတိရဖို့ လိုပါမည်) ဖြစ်၍ သင်ချမှတ်ရန် လိုအပ်မည့်စည်းမျဉ်း စည်းကမ်းအရေအတွက်သည်လည်း ပိုမိုနည်းပါးလာလေလေ ဖြစ်သည်။

မိဘပေါင်းများစွာတို့သည် သူတို့၏ဖျံ့ဖော်ဝင်ရွယ် သားသမီးတို့နှင့် ပြေပြေလည်လည် ဆက်ဆံနိုင်ပါမည်လော စိုးရိမ်သောကရောက်တတ်ကြသည်။ အမှန်မှာ ဆယ်ကျော်သက်တို့သည် အခါမလပ် စိန်ခေါ်မှုတစ်ရပ်ဖြစ်သော်လည်း သူတို့နှင့်ဆက်ဆံရသည်မှာ ပျော်စရာပင် ဖြစ်နိုင်သေးသည်။ လျှို့ဝှက်ချက်မှာ ဤသို့ဖြစ်ပါသည်။ **ဆယ်ကျော်သက်ချိန်ကိုက်ဗုံး** ကို ပျက်ပြယ်သွားအောင် ပြုလုပ်ရမည့် အချိန်သည် ယင်းပေါက်ကွဲမည့်အချိန်မတိုင်မီ ၁၀ နှစ်စောရမည်ဖြစ်သည်။ အကယ်၍ဒေါသအိုးပေါက်ကွဲခြင်းကြောင့် လိုချင်သမျှရကြောင်း သိနေသည့်သင်၏ ၃ နှစ်သားကလေးငယ်သည် ၁၃ နှစ်အရွယ်တွင် ဤကဲ့သို့ ဆက်လက်ပြုကျင့်နေမည်ဆိုလျှင် ကလေးကိုအပြစ်မတင်ပါနှင့်တော့။ ၁၃ နှစ်၊ ၁၄ နှစ် သို့မဟုတ် ၁၅ နှစ်တွင် ပေါ်ပေါက်မည့် အကျပ်အတည်းပြဿနာကို ရှောင်တိမ်းနိုင်ရန် သင့်ကလေး ၃ နှစ်သား၊ ၄ နှစ်သား သို့မဟုတ် ၅ နှစ်သားအရွယ်ကတည်းက စည်းမျဉ်းစည်းကမ်း စတင်သတ်မှတ်၍ မြေတောင်မြှောက်ပေးရမည် ဖြစ်ပါသည်။

> **'ကလေးတို့သည် သင်အိုမင်းရင့်ရော်ချိန်၌ အကြီးမားဆုံးသော စိတ်ချမ်းမြေ့ဖွယ်ရာများဖြစ်သည့်အပြင် ယင်း၊ အခြေအနေသို့ တွန်းပို့သူများလည်း ဖြစ်သည်။'**
>
> Lionel Kaufman

**သင့်မိသားစုတိုက်ပွဲများကို သေသေချာချာရွေးချယ်ပါ။**

မိသားစုဘဝတွင် အချင်းချင်းရင်းနှီးမှုကြောင့် ထစ်ခနဲဆို သတိလက်လွတ်ဖြစ်၍ စိတ်မထိန်းနိုင်ဘဲ ပေါက်ကွဲလွယ်တတ်၏။ ထို့ကြောင့် အသေးအဖွဲကိစ္စတစ်ရပ်သည်ပင် ဇာတ်လမ်းကြီးတစ်ပုဒ်

ဖြစ်လာနိုင်သည်။ ဥပမာ လမ်းလျှောက်တတ်စ ကလေးပေါက်စသည် သင်ဝတ်ပေးသောတီရှပ်အပြာကို မဝတ်ချင်ဘဲသူ့အကြိုက်ဆုံးတီရှပ်အနီကိုသာ ဝတ်ချင်သည်။ ပွဲတိုင်တစ်ခုသို့သွားရာတွင် သင့်သား၊ သမီးက သင်ဝတ်စေချင်သည်ကို မဝတ်၊ သူဝတ်ချင်သည်ကို ဝတ်မည်။ ထိုအခါ သင်သည် ဒေါသမထိန်းနိုင်ဖြစ်ကာ သူတို့နှင့်တိုက်ပွဲ ဝင်လိမ့်ဦးမည်။ ထို့ကြောင့် တကယ် အရေးမကြီးသင့်သောကိစ္စများနှင့်ပတ်သက်၍ အကြီးအကျယ်စိတ်တိုတတ်ကြသေးသည်။

ကျွန်ုပ်တို့စိတ်တို၍ တိုက်ပွဲဝင်ရသော ကိစ္စပေါင်းမြောက်မြားစွာတို့သည် တကယ်တမ်း စိတ်တိုစရာပင် မဟုတ်ပါ။ သင့်သမီးသည် သူငယ်ချင်းများနှင့် အပြင်ထွက်၍ ပြန်ရောက်ချိန်တန်သည်ထက် ၁၅ မိနစ်နောက်ကျမည်။ သို့မဟုတ် သူ့ထဘီသည် ခြေမျက်စိမဖုံးတဲ့တစ်မိုက်ခန့်တိုနေမည်ဆိုရုံနှင့် ကမ္ဘာကြီး ပျက်စီး မသွားသေးပေ။ အကယ်၍ တစ်နေ့တွင် သူဆယ်လူလာဖုန်း ပျောက်သွားသော်မှ ကမ္ဘာကြီးပျက်စီးသွားလိမ့်ဦးမည် မဟုတ်သေးပါ။ ဤကိစ္စများသည် ပေါ် ပေါက်ချိန်၌ အလွန်လေးနက်ပုံရသော်လည်း သင်ဒေါသထွက်မှုအတွက် လုံလောက်သော အကြောင်းတရားများ မဟုတ်ပေ။ မိဘအများစုသည် သားသမီးတို့နှင့် တိုက်ပွဲဝင်သည့်အခါ အသာစီးရလိုသော ဆန္ဒစောသောကြောင့် အများအားဖြင့် အရှုံးနှင့်သာ ရင်ဆိုင်ရတတ်၏။ မိဘတို့သည် ဆင်ခြင်တုံတရားများ မှေးမှိန်ပျောက်ကွယ်ကာ နောက်ဆုံးတွင် ကလေးတို့နှင့်ဆက်နွယ်မှုကိုပင် ဂရုမစိုက်နိုင်လောက်သည်အထိ အရေးမကြီးသည့် ကိစ္စများကိုသာ ရှေ့တန်းတင်နေတတ်ကြသည်။ မည်မည်ရရ မဟုတ်သော အကြောင်းအရာများအတွက် ယုံကြည်မှုများ ပျက်စီးကုန်သည်။ အကျိုးဆက်အနေဖြင့် ကလေးတို့သည် မည်မျှပင်လိုအပ်စေကာမူ မိဘတို့၏အကူအညီ၊ ပံ့ပိုးမှုနှင့် လမ်းညွှန်မှုတို့ကို ခါးခါးသီးသီး ငြင်းဆန်လာလိမ့်မည်။

ထို့ကြောင့် အရာရာကိုချိန်ဆ၍ အမြော်အမြင်ကြီးစွာ ချင့်ချိန်

ပါ။ မည်မည်ရရ အရေးမကြီးသော ကိစ္စရပ်များနှင့် စပ်လျဉ်း၍ သင့်ကလေးတို့နှင့် သဘောမကွဲလွဲပါနှင့်။ ငြင်းခုံမှုများလည်း မပြုလုပ်ပါနှင့်။ သင့်စိတ်ထဲတွင် တကယ်တမ်း စည်းကမ်းသတ်မှတ်လိုကြောင်း သေချာပြီဆိုလျှင် သဲထဲတွင် မျဉ်းကြောင်းတစ်ကြောင်း ရေးခြစ် လိုက်ပါ။ ထို့နောက် မိသားစုစည်းမျဉ်းစည်းကမ်းများချမှတ်သည့်အခါ အောက်ပါတို့ကိုသတိရပါလေ။

- စည်းမျဉ်းစည်းကမ်းများသည် သင့်ကလေးများ အန္တရာယ်ကင်းသည့်သတ်မှတ်စည်းမျဉ်းအတွင်းမှ လွတ်လပ်မှုကို သင်ကြားပေးရန် တည်ရှိနေခြင်း ဖြစ်သည်။ အကယ်၍ ယင်းစည်းကမ်းဘောင်အတွင်း၌ သူတို့ကိုယ်ပိုင် ဆုံးဖြတ်ချက်များချမှတ်ခွင့်နှင့် အမှားများ ပြုလုပ်ခွင့်မပေးလျှင် သူတို့သည် လွတ်လပ်မှုကို ကောင်းစွာကိုင်တွယ်အသုံးချရန် မည်သည့်အခါမျှ သင်ယူနိုင်မည်မဟုတ်ပေ။ ထို့ကြောင့် သင့်ကိုယ်သင် အခါမလပ် မေးပါ။ **၎င်းကိစ္စဟာ တကယ်အရေးကြီးသလား။** စည်းမျဉ်းစည်းကမ်းများသည် ကာကွယ်စောင့်ရှောက်မှုအတွက်သာ ဖြစ်ပါသည်။ ထို့ကြောင့် ဘေးအန္တရာယ်နီးလွန်း၍ ခြိမ်းခြောက်မှုမခံရသမျှ သူတို့ဘာသာ သူတို့ရွေးချယ်ဆုံးဖြတ်ပါစေ။ သင့်ကလေးငယ်က တီရှပ်အပြာကို မဝတ်ဘဲအနီကိုသာ ဝတ်မည်ဆိုလျှင်လည်း ဝတ်ပါစေ။ သို့သော် ကမ္ဘာကျော်မျက်လှည့်ဆရာကြီး David Copper field ကဲ့သို့ တကယ့်လွှ ကိုကိုင် ၍ သူ့အစ်မနှင့် ခါးဖြတ်တမ်းကစားမည်ဆိုလျှင်မူ အချိန်မီတင်းတင်းကျပ်ကျပ် တားမြစ်ရပါလိမ့်မည်။
- အသေးအဖွဲ့ကိစ္စများနှင့် စပ်လျဉ်း၍ ကလေးတို့နှင့် တိုက်ပွဲ ကြေညာခြင်းသည် တစ်ဆိတ်တစ်အိတ်လုပ်ခြင်း

နှင့် တူ၏။ တကယ်အရေးမကြီးသည့် ကိစ္စရပ်များ အတွက် ရေးကြီးခွင့်ကျယ်လုပ်လျှင် တကယ်အရေးကြီး သည့်အခါ ကလေးများက မည်သို့နားလည်မည်နည်း။ ထို့ကြောင့် ပြဿနာအတိမ်အနက်အလိုက် တကယ် အရေးကြီးသည့်အခါမှ တိုက်ပွဲ ဝင်လျှင် ကလေးတို့ သည်လည်း တကယ်အရေးကြီးကြောင်း နားလည်တုံ့ ပြန် နိုင်ပါလိမ့်မည်။

တိုက်ပွဲ စတင်ပြီဆိုသည်နှင့် တစ်ပြိုင်နက် ကိုယ့်ဘက်က စကားတည်ဖို့ အရေးကြီးပါသည်။ အကယ်၍ မတည်နိုင် ပါက အနာဂတ်တွင် သင့်ကလေးများက သင့်ကို ကရော်ကမည်သာ ဆက်ဆံလိမ့်မည်။ ထို့ကြောင့် တကယ် စဉ်းစားချင့်ချိန်ကာ ထိပ်တိုက်ရင်ဆိုင်သင့်သည့် နေရာတွင်မှ ရင်ဆိုင်ခြင်းအားဖြင့် သင့်စကားတည် ကြောင်း ဖော်ပြနိုင်ပါသည်။ ဤသို့မဟုတ်လျှင် စစ် မရောက်ခင်မြားကုန်သကဲ့သို့ အစကတည်းက မဝင် သင့်သော တိုက်ပွဲ တွင် လက်မြှောက်အရှုံးပေးရန်သာ ရှိတော့သည်။

ကြီးမားလွန်းသော ပဋိပက္ခသည် လူတိုင်းကိုတိုက်ပွဲဝင် ရန် ငြီးငွေ့စေပါသည်။ သင့်ကလေးများနှင့် ဆွေးနွေးရ သည့်အခါများလည်း ရှိနိုင်ပါသည်။ သင်သည် သူတို့ အတွက် အကောင်းဆုံးဖြစ်စေချင်သည် မဟုတ်ပါလော။ သင်သည် သူတို့ကို ကိုယ်ပိုင်ဆုံးဖြတ်ချက်များ ချမှတ်စေ ချင်သည်။ မည်သည့်မိသားစုတွင်မဆို မိဘ - သားသမီး ပဋိပက္ခသည် ရှိစမြဲပင်ဖြစ်ပါ၏။ သို့တစေ အခါမလပ် တိုက်ပွဲဝင်ခြင်းသည် သင်တို့၏ ဆက်နွယ်မှုကို ပျက်စီး စေမည်မှာ အမှန်ဖြစ်တော့သည်။

**'မေမေ၊ မေမေ ကျွန်တော်တို့ကို တထယုံ့ရက္ခအနည်းငယ်ပေးသည့်အခါကျွန်တော်တို့အတွက်သောက်ရေတစ်ခွက်လောက်ပါလာစေချင်ပါသည်။'**

**Michael Rosen**

**စည်းမျဉ်းစည်းကမ်းအများကြီးမလိုပါ။အနည်းအကျဉ်းမျှနှင့်လုံလောက်ပါသည်။**

စည်းမျဉ်းစည်းကမ်း တစ်ပုံတစ်ခေါင်းရှိခြင်းထက် အနည်းအကျဉ်းမျှရှိခြင်းက ပို၍ကောင်းပါသည်။ ဘုရားသခင်သည်ပင် ပညတ်တော်ပေါင်း ၂၅၀ သတ်မှတ်ပေးသည် မဟုတ်ပါ။ ပညတ်တော် ၁၀ ပါးမျှသာ ချမှတ်ခဲ့ပါသည်။ ထို့ကြောင့် များတိုင်းကောင်းသည် မထင်ပါနှင့်။ စည်းမျဉ်းစည်းကမ်းများများသတ်မှတ်လေလေ ပို၍မှတ်စရာ ကြပ်မတ်စရာများလေလေ ဖြစ်မည်။ ထို့အပြင် စည်းမျဉ်းစည်းကမ်းများသည် ကျိုး ကြောင်းခိုင်လုံ၍ လိုအပ်ရပေမည်။ ကိုယ့်ဘက်ကမှားလျှင် ပြုမိသောအမှားမှ သင်ခန်းစာယူပါ။ ကိုယ်မကြပ်မတ်နိုင်သော စည်းမျဉ်းစည်းကမ်းများကို ချမှတ်ဖို့ မကြိုးစားပါနှင့်။ ထို့ကြောင့် တကယ်အရေးကြီးသည်ကိုရှာ၍ ယင်းတို့အတွက်သာ စည်းကမ်းချမှတ်ပါ။ နည်းနိုင်သမျှလည်း နည်းပါစေ။

ဥပမာ- ကျွန်ုပ်တို့အိမ်တွင် အဓိကအားဖြင့် စည်းမျဉ်းစည်းကမ်း ၄ ချက်ရှိပါ၏။ ကျန်သည်များမှာ ယင်း ၄ ချက်အောက်တွင် ရှိသည်။ ယင်းတို့ကို အနုတ်သဘော မဟုတ်ဘဲ အပြုသဘော ဖော်ပြထားပါသည်။ ယင်းတို့မှာ. . .

၁။ အမှန်ကိုအမြဲတမ်းပြောပါ။

၂။ အခြားသူတို့ကို အမြဲတမ်း တရိုတသေ၊ ဂရုတစိုက်နှင့် ယဉ်ယဉ်ကျေးကျေး ဆက်ဆံပါ။

၃။ မိသားစုတစ်စုအနေဖြင့် အမြဲတမ်းအတူတကွ ပူးပေါင်းဆောင်ရွက်ပြီး ပြဿနာရှိပါက ပွင့်ပွင့်လင်းလင်းပြောဆိုပါ။

၄။ မိမိကို သူတစ်ပါးက ယုံကြည်လာအောင် ကြိုးစားပြရမည် ဖြစ်ကြောင်း အမြဲတမ်းသတိရပါ။

ဤဖော်ပြပါအခြေခံ ၄ ချက်ပေါ်တည်၍ အခြားသီးသန့်စည်းမျဉ်းစည်းကမ်းများ ရှိပေသည်။ သို့သော် ယင်းတို့ကို တရားသေစွဲမှတ်ထားရန်မဟုတ်ဘဲ အခါအားလျော်စွာ ပြောင်းတန်သရွေ့ပြောင်းရမည်ဖြစ်ကြောင်း နားလည်ထားရပေမည်။ ချမှတ်ပြီးသည်တို့ကိုမူ လူတိုင်းပြတ်ပြတ်သားသားနားလည်အောင် ပြုရပါမည်။ ထို့အပြင် ဒါမလုပ်ရ စာရင်းတစ်ခုဖော်ပြခြင်းထက် အပြုသဘောပန်းတိုင်များဖော်ပြခြင်းက ပိုမိုသင့်မြတ်ပါသည်။ ထို့ကြောင့် ဖြစ်နိုင်သည့်အခါတိုင်း အပြုသဘောလုပ်ရပ်တို့ကို အလေးပေးသည့်စည်းမျဉ်းစည်းကမ်းများကို ချမှတ်ပါလေ။

ကျွန်ုပ်၏သားတစ်ယောက်သည် သူ့လောက်လေးခွကြောင့် ထမင်းစားခန်း ပြတင်းပေါက်မှန်၌ အပေါက်ကလေးတစ်ပေါက်ဖြစ်သွားသည်ကို အကြီးအကျယ်ထိတ်လန့်နေခဲ့၏။ သို့သော် နောက်ဆုံးတွင် မိဘကိုအကျိုးအကြောင်းပြောရန် သတ္တိမွေးလိုက်သည်။ သူသည် ခြံထဲ၌ လောက်လေးခွသုံးရန် မဆိုထားဘိ ဘိုးရိုးခဲလုံးကိုပင်ပစ်ရန်ခွင့်မပြုကြောင်း နားလည်ထားသည်။ သို့တစေ သူ့အပြစ်ကိုသူသိ၍ အမှန်အတာန် ထုတ်ဖော်ပြောဆိုရဲသောသတ္တိကြောင့်သူစည်းမျဉ်းစည်းကမ်း အနည်းငယ်ချိုးဖောက်သည်ကို ကျွန်ုပ်များစွာဒေါသမထွက်တော့ပါ။ သူ့အပြစ်ကို သူ့ဘာသာသိသည်။ ဤနေရာတွင်သူ့ ဖြစ်မှုသည် အရေးမကြီးဟု မခံစားစေဘဲ ကျွန်ုပ်က သူ့အမှန်ကို ဝန်ခံပြောဆိုရဲသည့်အတွက် ဂုဏ်ယူကြောင်းပြောဆိုခြင်းအားဖြင့် အမှန်ကိုအမြဲတမ်းပြော ဟူသော မိသားစု၏ ပထမစည်းမျဉ်း

စည်းကမ်းကို အသက် သွင်းလိုက်သည်။ ထို့နောက် သင့်ခန်းစာသုံးရပ်ကို အားဖြည့်ပေးလိုက်သည်။ ယင်းတို့မှာ. . .

၁။ အမှန်တရားသည် ပြတင်းပေါက်များထက် ပိုမို အဖိုးတန်သည်။

၂။ မည်မျှပင် ခဲယဉ်းပုံပေါ်သော်လည်း အမှန်ကိုပြောခြင်းအားဖြင့် အမြဲတမ်း အောင်မြင်ရသည်။

၃။ တစ်စုံတစ်ခုကိုမပြုလုပ်မီကဖြစ်ပေါ်လာနိုင်သောရလဒ်ကို စဉ်းစားရမည်။

အကယ်၍ ကျွန်ုပ်သည် ပြတင်းပေါက်ကွဲသည်နှင့် ဆူဆူညံညံဒေါသပေါက်ကွဲပြလိုက်မည်ဆိုလျှင် (ဒေါသထွက်ချင်စရာဖြစ်ကြောင်းတော့ ဝန်ခံပါ၏) ထိုအခိုက်အတန့်၌ စိတ်ပေါ့ပါးသွားနိုင်သော်လည်း ရေရှည်တွင် ကလေးတို့ကို သူ့အပြစ်ကို သူလျှို့ဝှက်တတ်အောင်နှင့် ပို၍ပိပိရိရိ လိမ်ညာတတ်အောင်သာ သင်ပေးနိုင်လိမ့်မည်။

သင်သည် ရိုးသားဖြောင့်မတ်မှုကို တန်ဖိုးထားကြောင်းနှင့် သင့်ကလေးတို့ကိုလည်း မည်သို့ပင်ရှိရှိ ချစ်ကြောင်းများ သူတို့သိလျှင် သူတို့အမှားတစ်ခုခုပြုမိသည့် အခါ ဝန်ခံရဲလာမည်။ ထို့အပြင် သင့်အနားသို့ တဖြည်းဖြည်း ချဉ်းကပ်၍ အခြားကိစ္စများအကြောင်းကိုပါ ကရားရေလွှတ်တတွတ်တွတ် ပြောပြလာလိမ့်ဦးမည်။ သို့သော် မိသားစုစည်းမျဉ်းစည်းကမ်းသည် ဒါတွေမလုပ်နှင့် စာရင်းရှည်ကြီးတစ်ခုမျှ ဖြစ်သည်ဆိုလျှင် မိဘများသည် မိတ်ဆွေများအသွင်ထက် တရားသူကြီးများအသွင်ကို ပို၍ဆောင်လိမ့်မည်။

ဒါတွေမလုပ်နှင့် စာရင်းသည်အမြဲတစေလိုအပ်သော်လည်း ဒါတွေလုပ် စာရင်းကိုတော့ မေ့မှိန်အောင်မပြုပါနှင့်။ သင့်မိသားစုစည်းမျဉ်းစည်းကမ်းများကို ပို၍အပြုသဘော ပြုလုပ်လေလေ၊ ပို၍အကျိုးရှိလေလေ ဖြစ်သည်။ ကလေးတို့သည်လည်း စိတ်ထဲရှိသမျှ

ကို ပို၍ပွင့်ပွင့်လင်းလင်း ပြောဆိုနိုင်လေလေ ဖြစ်ပါသည်။ တကယ်တမ်းမှာပင် ယင်းတို့သည် အန္တရာယ်ကင်းသည့် စည်းကမ်းဘောင်အတွင်းမှ ကလေးတို့ကို လွတ်လပ်ခွင့်အကောင်းဆုံးပေးသော နည်းများဖြစ်သည်။ အဘယ့်ကြောင့်ဆိုသော် ကလေးတို့နှင့် ဤသို့ပွင့်ပွင့်လင်းလင်းပြောဆိုခြင်းအားဖြင့် သူတို့ အန္တရာယ်ကင်း၍ ဉာဏ်ပညာအမြော်အမြင်ရှိသော ရွေးချယ်မှုများပြုလုပ်ဖို့ သင်ယူရန် သင်က စတင် ကူညီနိုင်မည့်အတွက် ဖြစ်ပါသည်။ တစ်ချိန်တည်းမှာပင် သင့်ကလေးများ ကြီးပြင်းလာချိန်၌ အပြုသဘောမဆန်သောစည်းမျဉ်းစည်းကမ်းပေါင်းများစွာတို့ကိုလည်း လိုအပ်တော့မည်မဟုတ်ပေ။

> **'တရားမျှတမှုနှင့် တော်တည့်ဖြောင့်မတ်မှုအကြောင်း ကလေးတို့စဉ်းစားသောအခါ သင့်ကိုသတိရအောင် နေထိုင်လိုက်ပါ။'**
>
> Anonymous

**သင်၏စည်းမျဉ်းစည်းကမ်းများသည်အကျိုးသင့်အကြောင်းသင့်ဖြစ်ကြောင်းသေချာအောင်ပြုပါ။**

သင့်နေအိမ်စည်းမျဉ်းစည်းကမ်းများနှင့် ယင်းတို့ကို ချိုးဖောက်လျှင် ပေးမည့် အပြစ်ဒဏ်တည်းဟူသော ထိုနှစ်မျိုးစလုံးသည် အကျိုးသင့်အကြောင်းသင့်ဖြစ်ကြောင်း သေချာအောင်ပြုပါ။ ဥပမာ- သင်၏သားသည် နံနက်နှစ်ချက်တီး၌ အသံချဲ့စက် တပ်ဆင်လျက် ဂစ်တာကို သုံးမိုင်ပတ်လည်အတွင်း နားကွဲလုမတတ် မြည်ဟည်းအောင် တီးခတ်သည်ဆိုလျှင် သင်သည်သူ့အနာဂတ်တွင် ဂစ်တာတီးလေ့ကျင့်ရန် အချိန်ကို တိတိကျကျသတ်မှတ်၍ အသံကိုလည်း မည်မျှအတိုင်းအတာတစ်ခုအထိသာ ကျယ်သင့်ကြောင်း ကန့်သတ်ပေးရမည် ဖြစ်ပါသည်။

စည်းမျဉ်းစည်းကမ်းကို အတိုးသင့်အကြောင်းသင့်မဟုတ်ဘဲ သတ်မှတ်ခြင်း သည် ကလေးတို့ကို ချိုးနှိမ်ရာရောက်သကဲ့သို့ အလိုလိုက်ခွင့်ပြုလွန်းသော နေအိမ် မိသားစုသည်လည်း ယင်းတို့ကို ဖျက်ဆီးရာရောက်နိုင်သည်။ သင်တို့သည် မိသားစုဖြစ်၍ တရားရုံး မဟုတ်ကြောင်း သတိရပါ။ သင့်စည်းမျဉ်းစည်းကမ်းများသည် သင့်ကလေးနှင့် အခြားသူများ ဘေးအန္တရာယ်မှ ကာကွယ်ရန်နှင့် ကလေးတို့၏ ဘဝရှေ့ရေး တိုးတက်ပျော်ရွှင်ချမ်းသာရန် ထားရှိခြင်း ဖြစ်ပါသည်။ ကလေးတို့၏ လွတ်လပ်မှုကို ချုပ်ချယ်ရန်ဟူသော တစ်ခုတည်းသော ရည်ရွယ်ချက်သာရှိလျှင် သင့်ကလေးတို့ တော်လာသည့်အခါ သို့မဟုတ် သတ္တိရှိလာသည့်အခါ ယင်းတို့ကို နာခံမည် မဟုတ်တော့ပေ။ သင့်ကလေးတွေ ကြီးပြင်းလာလေလေ၊ မိသားစုစည်းမျဉ်း စည်းကမ်းချမှတ်ရေးမှာ ပါဝင်ဆောင်ရွက်နိုင် လေလေဖြစ်သကဲ့သို့ ပါလည်း ပါဝင်ဆောင်ရွက်သင့်လေလေ ဖြစ်ပါသည်။ ယင်းစည်းမျဉ်းစည်းကမ်းချိုးဖောက်လျှင် မည်သို့ သောအပြစ်ဒဏ်များခံသင့်ကြောင်း သဘောတူညီချက်ပင် ပေးနိုင် သည်။ ဤသို့ဖြင့် သူတို့ကိုယ်ပိုင်ကလေးများရှိလာသောအခါ သူတို့ ကိုယ်တိုင်ပင် ထိုကလေးများကို နည်းလမ်းကောင်းများ ညွှန်ပြ လေ့ကျင့်ပေးနိုင်လိမ့်မည်။ မည်သူမဆို ကိုယ်တိုင်ချမှတ်သည့် စည်းမျဉ်းစည်းကမ်းများကို ကိုယ်တိုင်ချိုးဖောက်ရန် ဝန်လေးမည်သာ ဖြစ်ပါသည်။ အကယ်၍ ချိုးဖောက်မိသည့်အခါ၌လည်း အပြစ်ဒဏ် ကို အလွယ်တကူ ခံယူနိုင်ပါလိမ့်မည်။

သို့သော် ကလေးတို့ကိုယ်တိုင်က အယုံအကြည်မရှိသည့် စည်းမျဉ်းစည်းကမ်းများကို လိုက်နာရန် ခဲယဉ်းမည်ဖြစ်ကြောင်း သင် မမေ့သင့်ပါ။ အကယ်၍ သူတို့က သဘောတူသည်ဆိုစေကာမူ ယင်း စည်းမျဉ်းစည်းကမ်းများနှင့် ယင်းတို့ကို ပြုလုပ်သော သင့်ကိုပါ ငြိုငြင်နိုင်ပါသေးသည်။ ထို့ကြောင့် သင့်စည်းမျဉ်းစည်းကမ်းများနှင့်

ပတ်သက်၍ ကလေးတို့အတွက် အဓိပ္ပာယ်ရှိအောင် မည်သို့ရှင်းပြသင့်ကြောင်း သေသေချာချာစဉ်းစားရန် လိုပါလိမ့်မည်။ ယင်းတို့သည် သင့်ကလေးတို့အတွက် ပို၍အဓိပ္ပာယ်ရှိလေလေ၊ ပို၍လက်ခံဖွယ်ရှိလေလေဖြစ်ပါ၏။

မည်သို့ပင်ဆိုစေ သင်ချမှတ်သည့် စည်းမျဉ်းစည်းကမ်းများသည် သင့်အပြုအမူကို စစ်ဆေးချက်များပါ အကျုံးဝင်နေနိုင်သည်။ သင်နှစ်သက်သည်ဖြစ်စေ၊ မနှစ်သက်သည်ဖြစ်စေ ယင်းတို့ကို သင်ချိုးဖောက်သည့်အခါတိုင်း သင့်ကိုယ်ပိုင်စည်းကမ်းများကို တန်ဖိုးချရာရောက်သည်။ ယင်းတို့သည် သင်နှင့်မဆိုင်ဟု ပြောလျှင်လည်း ယုတ္တိတန်မည်မဟုတ်ပေ။ စည်းမျဉ်းစည်းကမ်းများသည် ကလေးအတွက် တစ်မျိုး၊ လူကြီးအတွက် တစ်ဖုံဖြစ်နေလျှင် ကလေးတို့စိတ်ရှုပ်ထွေးရဦးမည်။ အကယ်၍ ဤသို့ဖြစ်နေလျှင် အဘယ်ကြောင့်ဖြစ်ရကြောင်းကို ကလေးတို့ယုံကြည်လက်ခံနိုင်အောင် ပြတ်သားစွာရှင်းလင်းပြရမည်ဖြစ်သည်။ ထို့ကြောင့် သင့်စည်းမျဉ်း စည်းကမ်းသည် မျှတ၍ အကျိုးသင့်အကြောင်းသင့်ရှိလေလေ၊ ယင်းကိုလိုက်နာရန် လွယ်ကူလေလေဖြစ်သည်။

စည်းမျဉ်းစည်းကမ်းတစ်ခုကို တရားသည် မထင်သောကြောင့် စိန်ခေါ်ခြင်း နှင့် ရိုးရိုးချိုးဖောက်ခြင်းမှာ အကြီးအကျယ်ခြားနား၏။ သင့်ကလေးများငယ်စဉ်တုန်းက သူတို့သည် စည်းမျဉ်းစည်းကမ်းတစ်ခုကို မည်မျှကျွေးညွတ်သွားအောင် ပြုလုပ်နိုင်ကြောင်းသိရန်ရည်ရွယ်၍ သွေးတိုးစမ်းကြည့်လို၏။ ယင်းမှာ သင်၏ဩဇာတိက္ကမကို တိုက်ရိုက်စိန်ခေါ်ခြင်းဖြစ်၏။ အကယ်၍ သင့်စည်းကမ်းကို တည်တံ့အောင် မထိန်းနိုင်လျှင် သင်လည်း ဩဇာမရှိဖြစ်တော့မည်။ ဥပမာ သင့်သုံးနှစ်သားအရွယ်ကလေး အိပ်ချိန်တန်သောကြောင့် သူ့ကစားစရာများကို သင်သိမ်းဆည်းပြီး၍ သူကတစ်ဖန် ပြန်ဖွမည်ဆိုလျှင် သင့်ကို သွေးတိုးစမ်းနေခြင်းသာ ဖြစ်

သည်။ ထိုအခါ သင်မည်သို့ ပြုမည်နည်း။ ဆိုးလိုက်တဲ့သားလေး နော် ဟု ရေရွတ်ပြီး ကလေးက နောက်တစ်ခါ ထပ်လွှင့်ပစ်အောင် ကစားစရာတွေကိုကောက်၍ ပြန်ထည့်ပေးမည်လော။ သို့မဟုတ် စိတ်တိုသောကြောင့် အမျိုးမျိုးကြိမ်းမောင်းပြီး ဆူဆူပူပူ လုပ်ရသည် သာ အဖတ်တင်၍ ကလေးကိုနောက်တစ်ခါ ကစားစရာများ လွှင့်မပစ်အောင်လည်း သင်ကြားမပေးနိုင် ဖြစ်နေပြီလော။ အခြောက်တိုက် အော်ဟစ်ကြိမ်းမောင်းခြင်းသည် အကျိုးမထူးပါ။ ကလေးကိုချစ်ခင်ကြောင်းပြ၍ စည်းကမ်းကို ခိုင်ခိုင်မြဲမြဲ ထိန်းနိုင် ပါသည်။ ထို့ကြောင့် ကလေး၏လက်ကို ဆုပ်ကိုင်ကာ သင်ပြဇာပေး ထားသည့်အတိုင်း သူနှင့်အတူ ကစားစရာများသိမ်းဆည်းရန် ညင်ညင်သာသာ နမူနာပြပါလေ။ ထို့နောက်မှ အိပ်ရာပေါ်သို့ ပွေ့ချီ ခေါ်ယူနိုင်ပါသည်။ မည်သည့်ကိစ္စတွင်ဖြစ်စေ ကလေးအနေဖြင့် မည်သူက boss လဲ ဟု စိတ်ထဲက မေးနေလိမ့်ဦးမည်။ သူသည် သူ့စိတ်လုံခြုံမှုအတွက် ရှင်းလင်းပြတ်သားသောအဖြေကို ရရှိဖို့ လိုအပ်သည်။ သို့သော် သင့်ကလေးများ ကြီးပြင်း၍ စဉ်းစားတတ် လာသည့်အခါ သင့်စည်းမျဉ်းစည်းကမ်းသည် အဓိပ္ပာယ်မရှိ ဟုဆင်လျှင် ယင်းတို့ကို ဗိုမိုချိုးဖောက်လွယ်ဦးမည်။ အကယ်၍ သူတို့က မှန်ပြီး သင့်စည်းမျဉ်းစည်းကမ်းက အကျိုးသင့်အကြောင်း သင့်မရှိလျှင် သင်သည် ဩဇာညောင်းတော့မည် မဟုတ်သည့်အပြင် သင့်ကို အရိုသေတန်လာလိမ့်ဦးမည်။ သူတို့မှားသည့်အခါ၌လည်း အကယ်၍ သင်က စည်းမျဉ်းစည်းကမ်းများထားရှိရသည့် အကြောင်းကို အကျိုးသင့်အကြောင်းသင့် အေးဆေးပြတ်သားစွာ ရှင်းမပြနိုင်လျှင် အလားတူအကျိုးဆက်များ ပေါ်ပေါက်ဦးမည်။

တကယ်တမ်းမှာ ကလေးတို့ကြီးပြင်းလာသည့်အခါ သင်၏ စည်းမျဉ်းစည်းကမ်းများနေရာတွင် သူတို့၏ဆုံးဖြတ်ချက်များ တဖြည်းဖြည်းအစားထိုးနေရာယူခွင့် ပြုရေးသည် မိဘတို့ရင်ဆိုင်ရ

သော အခက်အခဲဆုံးစိန်ခေါ်မှုကြီးတစ်ရပ်ပင် ဖြစ်ပါ၏။ အချို့သော စည်းမျဉ်းစည်းကမ်းများ ဥပမာ- လမ်းဖြတ်ကူးလျှင် တစ်ယောက်တည်း ဖြတ်မကူးရ ရေချိုးခန်းထဲမှာတစ်ယောက်တည်းရှိနေလျှင် တံခါးချက်မထိုးထားရ တို့ကို တစ်သက်တာပုံသေ သတ်မှတ်ထား၍ မဖြစ်ပေ။ တစ်ချိန်ချိန်တွင် ဖျက်ပြယ်သွားရမည်သာဖြစ်သည်။ မည်သည့်အချိန်တွင် သူတို့ကို ယုံကြည်စွာ စည်းမျဉ်းစည်းကမ်းများ လျှော့ပေါ့ကာလွှတ်ခွင့်ပေးရမည်ကို အတိအကျသတ်မှတ်ထားခြင်း မရှိပါ။ သတ်မှတ်၍လည်း ရနိုင်မည်မဟုတ်။ ကလေးတစ်ဦးနှင့် တစ်ဦး မတူညီလောက်အောင် သီးသန့်ဝိသေသလက္ခဏာများ ရှိသောကြောင့် ကိုယ့်နည်းကိုယ့်ဟန်နှင့်သာ ယင်းတာဝန်ကို ယူတတ်ကြပါသည်။ ဤနေရာတွင်လည်း အချိန်ကို ရင်းနှီးမြှုပ်နှံ၍ သင့်ကလေးတို့အကြောင်းကိုသိရန် ကြိုးစားပါလေ။ ဤသည်သာ သင့်အတွက် အကောင်းဆုံးလမ်းညွှန် ဖြစ်ပါလိမ့်မည်။

> **'အမေရိကန်မိဘများက သူတို့ကလေးများ၏ စကားကို နာခံပုံမှာ ကျွန်ုပ်အအံ့ဩဆုံး အကြောင်းတစ်ရပ်ဖြစ်ပါ၏။'**
>
> Edward VIII, Duke of Windsor

**ရှိသင့်ရှိထိုက်သည်ဆိုလျှင် ယင်းစည်းမျဉ်းစည်းကမ်းကို ကြပ်လည်း ကြပ်မတ်ထိုက်ပါသည်။**

မကောင်းသောစည်းမျဉ်းစည်းကမ်းတစ်ခုကို ပြဋ္ဌာန်းခြင်းနှင့် ကောင်းသောစည်းမျဉ်း စည်းကမ်းကို မပြဋ္ဌာန်းခြင်း နှစ်မျိုးစလုံးပင် သင့်ဩဇာကို ဝါးမျိုချေဖျက်သွားနိုင်သည်။ ထို့ကြောင့် ယင်းစည်းမျဉ်းစည်းကမ်းတို့ကို မပြဋ္ဌာန်းမီ သေသေချာချာစဉ်းစားရန် သေရေးရှင်ရေးတမျှ အရေးကြီးခြင်းဖြစ်၏။ ထိုအခါ ယင်းတို့

တကယ်တမ်းနှင့်အဘယ့်ကြောင့်အရေးကြီးကြောင်း သင်သိလာမည်။ အကယ်၍ စည်းမျဉ်းစည်းကမ်း တစ်ခု အကောင်အထည်ဖော်ရန် စိတ်ကူးမရှိလျှင် ကလေးကလည်း တကယ်မလုပ်မှန်း သိနေသောကြောင့် အစကတည်းက ယင်းကို ပြဋ္ဌာန်းမနေပါနှင့်။ အသားလွတ်ခြိမ်းခြောက်မှုများနှင့် အတောမသတ်သော အပြစ်တင်ပြောဆိုမှုများသည် မည်သို့မျှ အသုံးကျမည်မဟုတ်ပေ။ တစ်စုံတစ်ခုကို ပြုလုပ်ရန် ပြတ်ပြတ်သားသားတားမြစ်သော်လည်း ကလေးတို့ဖွတ်တိုး၍ သင်မည်သို့မျှအရေးမယူသည့်အခါ သူတို့မည်သည့်သင်ခန်းစာရမည်နည်း။ သူတို့အပြုအမူ၏ ရလဒ်အတွက် မည်သည့်တာဝန်မျှမရှိ သူတို့ကြိုက်သည်ကို သူတို့လုပ်နိုင်သည်ဟုသာ ထင်မှတ်ကုန်လိမ့်မည်။

Jenny သည် ဧည့်ခန်းတွင် တီဗီထိုင်ကြည့်နေသည်။ သူ့သား Tim က သူ့အမေခြေရင်းကြမ်းပြင်ပေါ်၌ အရုပ်ကလေးများဆက်တမ်း ကစားနေသည်။ Jenny က သားအိပ်ရာဝင်ချိန်ရောက်ပြီနော်ဟု ခပ်တည်တည်ပြော၏။ သို့သော် နှစ်ယောက်စလုံး ကိုယ့်စိတ်ဝင်စားမှုနှင့်ကိုယ် နောက် ၁၀ မိနစ်ခန့်ကြာသည်အထိ တုတ်တုတ်မျှမလှုပ်။ ထို့နောက် Jenny က ခပ်တည်တည်နှင့်ပင် ပို၍ကျယ်လောင်စွာ အော်ပြန်သည်။ Tim ကတော့ မိုးပြိုတော့မည့်အချိန်သို့တဖြည်းဖြည်းချဉ်းကပ်လာပြီ ဖြစ်ကြောင်းရိပ်စားမိ၍ **အိုကေ. . . တစ်မိနစ်တည်းပါမာမီ** ဟု ပြောလိုက်သည်။ ထို့နောက် နှစ်ယောက်စလုံး ဒုတိယအကြိမ် ငြိမ်နေကြပြန်သည်။ နောက်တစ်ချိန် တီဗီကြော်ငြာကြားဖြတ်ချိန်တွင်မှ Jenny က စည်းကမ်းချမှတ်၍ **ငါ တကယ် ပြောနေတာနော်၊ အခုချက်ချင်းထပြီး အိမ်ပေါ်တက်ပါ** ဟုပြောတော့သည်။ ထိုအချိန်တွင် Tim သည် လက်ဟန်ခြေဟန်တစ်ခုခုနှင့် တုံ့ပြန်ရတော့မည့်အချိန်ဖြစ်ကြောင်း နားလည်၍ သူ့ကစားစရာများကို ဖြည်းညင်းစွာ စတင်သိမ်းဆည်းတော့၏။ ယခင်

ကလည်း ဤအတိုင်းပင်။ သူ့အမေ မည်သည်ကိုပြောဆိုနေသည် ဖြစ်စေ သူ့တီဗီဇာတ်လမ်းမပြီးမချင်း သူ့အပြောထက် ရှေ့တစ်လှမ်း တက်မည် မဟုတ်ကြောင်း Tim က သိပြီးသား ဖြစ်ပါသည်။

Tim သည် ဖော်ပြပါ အခြေအနေအလုံးစုံမှ မည်သည်ကို သင်ယူမိသနည်း။ အခြေအနေတစ်ရပ်ကို ကိုယ့်စိတ်တိုင်းကျ ကိုယ်လုပ်ချင်ရာလုပ်နိုင်အောင် မည်သို့ကိုင်တွယ်နိုင်ကြောင်း သူ့မိခင် က အလွန်ထိရောက်စွာ နည်းလမ်းပြခဲ့လေသည်။

- Tim မိခင်၏ ပထမအမှားသည် အကျိုးသင့်အကြောင်း သင့်မဖြစ်သော အမိန့်ပေးမှုတစ်ရပ်နှင့် စတင်ခြင်း ဖြစ်သည်။ ဤသို့မစဘဲ အကယ်၍ နောက် ၁၅ မိနစ်ကြာလျှင် အိပ်ရာဝင်ရမည်ဟု ကြေညာလျှင် မည်သို့မျှ အုံ့ဩစရာလိုမည် မဟုတ်ပေ။ ထိုအချိန်တွင် အိပ်ရာဝင် ရမည်ဖြစ်ကြောင်း ခေါင်းထဲစွဲသွားလိမ့်မည်။ ထို့အပြင် Tim စိတ်ဝင်တစားကစားနေသော အလုပ်ကို လေးစားရာရောက်၍ သူပျော်ရွှင်စွာကစားနေသည်ကိုလည်း တမင်ကဖျက်ယဖျက်လုပ်ခြင်း မဟုတ်ကြောင်း ဖော်ပြရာရောက်ပေမည်။ ဤသည်မှာလည်း စည်းကမ်းချမှတ်ခြင်းကဲ့သို့ အလားတူအရေးကြီးပါသည်။
- အဆိုးရွားဆုံးမဟာအမှားသည် သားကို အိမ်ပေါ်တက်ရန် ပြောကတည်းက ကိုယ်တိုင် မရွေ့ရှားခြင်း ဖြစ်သည်။ ယင်းသည် ပဋိပက္ခဆန်သော အချက်ပြများ ထုတ်လွှင့်ပေးသည်။ မိခင်သည် ပါးစပ်ကသာ အပေါ်တက်ဖို့ ပြောနေသည်။ ခန္ဓာကိုယ်ဘာသာစကား အရ ကလေးအပေါ်သို့မတက်လည်း တကယ်တမ်း အရေးမကြီးဟု ပြောနေသကဲ့သို့ ဖြစ်သည်။ ကျွမ်းကျင် ပညာရှင်များသည် ကျွန်ုပ်တို့၏ ဆက်သွယ်မှုများအနက်

၁၀ ရာခိုင်နှုန်းမျှသာ နှုတ်နှင့် ဆက်သွယ်မှုဖြစ်ကြောင်း ဖော်ပြကြသည်။ ကွန်နိုဝ်တို့ ပြောသောစကားများထက် ကွန်နိုဝ်၏ပြောပုံဆိုပုံနှင့် လှုပ်ရှားပုံတို့က ပို၍ ကြီးမားစွာ အကျိုးသက်ရောက်မှုရှိသည်။ Jenny တီဗီဇာတ်လမ်းပြီး ဆုံးအောင်ကြည့်လိုခြင်းသည် Tim ကို အိပ်ရာဝင်စေချင် သည်ထက် ပိုမိုပေါ်လွင်နေသည်။ ယင်းကို သူ့အသံနေ အသံထား သူ့ခန္ဓာကိုယ်ဘာသာစကားနှင့် သူ့လှုပ်ရှားပုံ များက ဘက်လိုက်ဖော်ပြနေသည်။ အကယ်၍ မိခင်က ပါ Tim နှင့်အတူထလိုက်မည်ဆိုလျှင် တကယ်အိပ်ရာ ဝင်စေလိုကြောင်း ထင်ရှားသွားမည်။ သို့သော် ဤသို့ မဟုတ်၍ Tim လုပ်ချင်ရာဆက်လုပ်ဖို့ သင်ကြားပေး ရုံသာ ဖြစ်သည်။ ထို့ကြောင့် မိခင်ပြဿနာမပြောင်းသည် မှာ အံ့ဖွယ်ရာမရှိပေ။

အလားတူပင် အကယ်၍ စည်းမျဉ်းစည်းကမ်းတစ်ခုသည် လိုချင်သည့်အကျိုးသက်ရောက်မှုကို မရနိုင်ကြောင်း ပြတ်ပြတ် သားသားသိရလျှင် ယင်းကို ဖွတ်မပြဋ္ဌာန်းဘဲ ဖယ်ရှားလိုက်သည်ကမှ ကောင်းဦးမည်။ ဤသို့ အကျိုးမထူးသည်ကို ဆက်လက် ပြဋ္ဌာန်း နေလျှင် သင့်ကလေးတို့သည် သူတို့ကောင်းကျိုးထက် သူတို့၏နာခံမှု ကိုသာ ဇောင်းပေးသည်ဟု ထင်မည်။ ထိုအခါ သင့်၏ပြဿနာတိက္ကမ သည်လည်း မြောင်းထဲသို့ ထိုးဆင်းသွားမည်သာ ဖြစ်တော့သည်။

**'မျိုးဆက်တိုင်းသည် ယင်း၏ဖခင်များကို ကလန်ကဆန် လုပ်တတ်ကြ၍ သူတို့အဖိုးများနှင့် မိတ်ဖွေ့ဖွဲ့တတ်ကြ လေသည်။'**

**Lewis Mumford**

**သင့်စည်းချဉ်းစည်းကမ်းများနှင့်စပ်လျဉ်း၍သင့်ကြင်ဖော်၏ သဘောတူညီချက်များကိုစောစောကြိုတင်ရယူထားပါ။**

ကလေးတို့သည် မိဘတစ်ဦးဦးကို ကပ်ချွဲ၍ လိုရာတောင်းဆိုရာတွင် အလွန်တော်၏။ မိဘတစ်ဦးက ခွင့်မပြုနိုင်ကြောင်းပြောပြီး သော်လည်း ကျန်တစ်ဦးကို ချဉ်းကပ်ရယူသည်ကို သင်ကြုံဖူးပါ သလော။ ထို့ကြောင့် သင်က ကောင်းပြီဟူ၍ အကြောင်းမသိဘဲ ခွင့်ပြုလိုက်သည့်အခါ သင့်ကြင်ဖော်က သူ့ကိုဆိတ်ကွာချသည်ဟု ထင်တတ်သည်။ ထို့ကြောင့် ဤအခြေအနေမျိုးကို ရင်မဆိုင်ရလေ အောင် ဒီကိစ္စကို မင်းတို့မေမေ၊ ဖေဖေက ဘာပြောလဲဟူ၍ မေးမိ သည့်အကြိမ်ပေါင်း မည်မျှရှိသနည်း။ ဤသို့မမေးမိသောအခါ ကလေးတို့ကို အမှန်တရားမှ လက်တစ်လုံးခြားမျှ လိုးလွှဲပြောဆိုရန် ဖိတ်ခေါ်ရာ ရောက်သည်။ တကယ်မှာ သင့်ကလေးတို့အနေဖြင့် **ဟုတ်ပါတယ်၊ ဖေဖေက မလုပ်နဲ့လို့တော့ ပြောပါတယ်။ ဒါပေမဲ့ ကျွန်တော် အခုမေးရတာက အဲဒါထက်ကောင်းတဲ့ အဖြေများရ မလားလို့ပါ ဟူ၍ ဝန်ခံမည်မဟုတ်ပေ။**

သင့်ကလေးကို သင့်ကြင်ဖော်မည်သို့တွေးသည့်အကြောင်း မေးနေမည့်အစား ကိုယ်တိုင်ပင် တိုက်ရိုက်မေးလိုက်ပါ။ ယင်းထက်ပို ကောင်းသည်မှာ ဖြစ်နိုင်သည့် အခါတိုင်းတွင် သင့်ကြင်ဖော်နှင့်အတူ ညှိနှိုင်းကာ စည်းမျဉ်းစည်းကမ်းသတ်မှတ်၍ သဘောတူညီချက်ရယူ ထားခြင်း ဖြစ်သည်။ ထိုအခါ ကလေးတို့နှင့် ကျားကွက်ဆင်ရာတွင် လက်ဦးမှုကို ရယူနိုင်ပါသည်။ စည်းလုံးမှုသည် အင်အားဖြစ်၏။ စည်းလုံးမှုမရှိလျှင် ပြိုကွဲမည်သာ။

သို့သော် သင်တို့မည်မျှစည်းလုံးစေကာမူ သင်တို့ အငိုက်မိ သည့် အကြိမ်ပေါင်းလည်း ဗုနှင့်ဗေးရှိနိုင်ပါသေးသည်။ သင့်ကလေး က တစ်စုံတစ်ရာကို ပြုလုပ်ခွင့် တောင်းရာတွင် လတ်ငင်း ဆုံးဖြတ် ပေးရန်လိုမည်။ ဤအချိန်တွင် သင့်ကြင်ဖော်ကိုလည်း မည်သည့်

နေရာတွင်မှ ရှာ၍ မတွေ့။ ဒီချောကလက်လေး စားလိုက်ရမလား နေ့လယ်စာ စားရင် ကိုကာလေးတစ်ဘူး သောက်ရမလား ဒီည ရုပ်ရှင်သွားကြည့်ရမလား။ Heather က တယ်လီဖုန်းနဲ့မေးတာ သူ အခု စောင့်နေတယ်။ သူက လက်မှတ်ကို ကြိုတင်ဝယ်ရဦးမှာ ဤသို့ သောအခြေအနေများတွင် တစ်နည်းမဟုတ်တစ်နည်း လက်ငင်း ဆုံးဖြတ်ဖို့ လိုပေမည်။ သင့်ကြင်ဖော်က သဘောမတူလျှင် နောက်မှ ရှင်းပြရဦးမည်။ ဤသည်မှာ လူတိုင်းကြုံရသည့် ကိစ္စဖြစ်၍ သဘာဝ ကျပါသည်။ သို့သော် အတူတကွမှားသည့်အကြိမ်ထက်မှန်သည့် အကြိမ်က မကြာခဏပိုနေမည်ဆိုလျှင် သင့်အတွက် အဆင်ပြေပါပြီ။

အကယ်၍သင်သည် တစ်ကိုယ်တော်မိဘဖြစ်၍မိဘ၊ မိတ်ဆွေ၊ အိမ်နီးချင်း သို့မဟုတ် ကလေးထိန်းတစ်ဦးဦးထံမှ အကူ အညီတစ်စုံတစ်ရာယူခဲ့လျှင်လည်း ဖော်ပြပါပြဿနာမျိုးကို ရင်ဆိုင်ရ သေးသည်။ သင့်မိသားစုစည်းမျဉ်းစည်းကမ်းများကို ကလေးထိန်း သူတို့က ကောင်းစွာနားလည်၊ လိုက်နာ၊ ထိန်းသိမ်းရန် သေချာ အောင် ပြုလုပ်ရေးသည် သင့်ကိစ္စသာ ဖြစ်ပါ၏။ ဤသို့မပြုလျှင် သူတို့ဘိုးဘိုး သို့မဟုတ် ဘွားဘွားကလာ၍ ကလေးထိန်းသည့် အခါတိုင်း သင် ချမှတ်ထားသော စည်းမျဉ်း စည်းကမ်းများ ပျက်ပြယ် ကုန်မည်သာ ဖြစ်သည်။ သင့်နေအိမ်တွင်း၌ ဖြစ်ပျက်သမျှအတွက် သင့်တွင် တာဝန်ရှိသည်ဖြစ်ရာ သင့်ကို ကူညီသူများကိုလည်း သင့် နေအိမ် စည်းကမ်းထိန်းသိမ်းမှုအကြောင်းများ ပြောပြထားသင့်ပါ သည်။

အကယ်၍ သင့်အိမ်ထောင်သည် တကွဲတပြားစီဖြစ်ပြီး ကလေးတို့ကလည်း ဟိုအိမ်သည်အိမ် ကူးလူးဆက်ဆံနေရသည် ဆိုလျှင်လည်း သင်တို့မိဘနှစ်ဦးစလုံးက သူတို့လိုက်နာရမည့် စည်းကမ်းကို သတ်မှတ်ဖို့ လိုအပ်သေးသည်။ ဥပမာ- စနေ၊ တနင်္ဂနွေနှင့် အခြားအားလပ်ရက်များ၌သာ ကိုယ့်သားသမီးကို

တွေ့ရသော ဖခင်သည် သူတို့ကို အလွယ်တကူ အလိုလိုက်လွှန်းမည်။ တစ်ခါတစ်ရံလက်ဆောင်ပစ္စည်းများ ဝယ်ပေးခြင်း သို့မဟုတ် မပေးဖူးသောအခွင့်အရေးမျိုးကိုပေးခြင်း စသည်တို့သည် စိတ်လှုပ်ရှားမှုဆိုင်ရာ လာဘ်ထိုးခြင်းဖြစ်၏။ သို့သော် ဤသည်မှာ ကလေးတို့၏ ချစ်ခြင်းမေတ္တာကို ဝယ်ယူခြင်း ဖြစ်သည်။ တစ်ခါတစ်ရံ မိမိက တစ်ပန်းသာကြောင်း ယခင်က ကြင်ဖော်ကို ပြလို၍ တမင် ပြုလုပ်ခြင်းလည်း ဖြစ်နိုင်ပါသည်။ မည်သို့ဆိုစေ ဖြစ်ပေါ်လာမည့် အကျိုးဆက်များကို သေသေချာချာမစဉ်းစား၍သာ ဤသို့ပြုမူကြခြင်းဖြစ်၏။ ကလေးများအတွက် တည်ငြိမ်မှုနှင့် သမားရိုးကျလုပ်ရိုးလုပ်စဉ်များရှိရန်လိုအပ်ပါသည်။ မည်သည့်အရာမဆို ဤသို့ပြုလုပ်လျှင် ဤသို့ ဖြစ်မည်ဟု ကြိုတင်ခန့်မှန်းနိုင်မှ ဟန်ကျမည်။ သူတို့သည် ပုံမှန်ဖြစ်ပေါ်သော သို့မဟုတ် တစ်ခါတစ်ရံ သဘာဝဆန်စွာ ဖြစ်ပေါ်သော အပြောင်းအလဲများနှင့် အလိုက်သင့် နေထိုင်တတ်ရန် စိတ်ပိုင်းဆိုင်ရာနှင့် စိတ်လှုပ်ရှားမှုဆိုင်ရာ စွမ်းအား အရင်းအမြစ်များ ရှိဦးမည်မဟုတ်ပေ။ တကယ်တမ်းမှာ မိသားစု စည်းမျဉ်းစည်းကမ်းချမှတ်ခြင်း၏ အကြောင်းရင်း တစ်စိတ်တစ်ဒေသသည် ယင်းတည်ငြိမ်မှုကို ပေးနိုင်ရန်ဖြစ်သည်။ ထို့ကြောင့် အမေ့အိမ်နှင့်အဖေ့အိမ်တွင် စည်းမျဉ်းစည်းကမ်းအမျိုးမျိုးကျင့်သုံးလျှင် ထိုအိမ်နှစ်အိမ်မှ အကောင်းဆုံးစည်းမျဉ်းစည်းကမ်းများကို လိုက်နာမည့်အစား ကလေးတို့က မည်သည်ကိုမျှ မလိုက်နာနိုင်ဘဲ ရှိနိုင်သေးသည်။

အခြိပ္ပာယ်မှာ အကယ်၍ သင့်ကလေးများသည် သင်နှင့် မနေဘဲ သင့်ယခင် ကြင်ဖော်နှင့်အတူနေလျှင် သူတို့၏စည်းမျဉ်းစည်းကမ်းကို သင်က လိုက်လိုက်လျောလျောလက်ခံရန် လိုဦးမည်။ အကယ်၍ မလိုက်လျောနိုင်လျှင် နောက်ဆုံး၌ သင့်ယခင် ကြင်ဖော်ကို ထိခိုက်မည်မဟုတ်ဘဲ သင့်ကလေးများကိုသာ ထိခိုက်ပါလိမ့်မည်။

**သတိပြုရန်**

- မိသားစုစည်းမျဉ်းစည်းကမ်းများသည် သင့်ကလေးကို ဘေးရန်ကင်းရှင်းသော ကန့်သတ်စည်းမျဉ်းအတွင်း လွတ်လပ်မှုကို ပေးသည်။
- ဖြစ်နိုင်သည့်အခါတိုင်း သင်တကယ်လိုအပ်မည့် အချိန် မတိုင်မီကတည်းက စည်းမျဉ်းစည်းကမ်းများ လက်ဝယ်ရှိ နေရန် အရေးကြီးသည်။
- များပြားသော စည်းမျဉ်းစည်းကမ်းများရှိခြင်းထက် အနည်းအကျဉ်းမျှရှိခြင်းက ပိုမိုကောင်းမွန်ပါသည်။ သို့သော် ယင်းတို့ကို ကြပ်မတ်နိုင်သည့် အနေအထားရှိဖို့ သေချာအောင်ပြုပါ။
- အရေးကြီးသည့်ကိစ္စဟုတ်မဟုတ် သေသေချာချာ စဉ်းစားပါ။ အရေးမကြီးသင့်သော ကိစ္စများနှင့်စပ်လျဉ်း၍ သင့်ကလေးများနှင့် တိုက်ပွဲ မဝင်ပါနှင့်။
- စည်းမျဉ်းစည်းကမ်းများကို သင်အပါအဝင်လူတိုင်းက သဘောလည်းတူရမည်။ တစ်သဝေမသိမ်း လိုက်လည်း လိုက်နာရမည်။
- တကယ်တမ်းလိုက်နာအောင် ကောင်းမွန်စွာကြပ်မတ်ဖို့ မရည်ရွယ်လျှင် စည်းမျဉ်းစည်းကမ်းတစ်ရပ်ကို ချမှတ် ခြင်းသည် အဓိပ္ပာယ်မရှိပါ။
- တင်းကျပ်သော စည်းမျဉ်းစည်းကမ်းနှင့် စတင်သော်လည်း ယင်းကို တဖြည်းဖြည်း လျှော့တန်သရွေ့ လျှော့ကာ ယုံကြည်မှုဒီဂရီကို တိုးမြှင့်သင့်ပါသည်။

- စည်းလုံးညီညွတ်ပါ။ သင့်တွင် ကြင်ဖော်တစ်ဦးရှိလျှင် ယင်းစည်းမျဉ်း စည်းကမ်းများနှင့် စပ်လျဉ်း၍ နှစ်ဦး သဘောတူညီချက်များ ရှိပါစေ။

**လေ့ကျင့်မှုများ**

**သင့်နေအိမ် စိတ်ချင်းချိတ်ဆက်မှုအတွက် သင်လိုအပ်သောအပြုသဘောဆောင်သော မိသားစုစည်းမျဉ်း၊ စည်းကမ်း ၄ ခုကို ရေးသားချမှတ်ပါ။**

**ထမြောက်အောင်မြင်နည်း**

- သင့်ကလေးတို့ဖွံ့ဖြိုးစေချင်သော အရည်အချင်းများကို စဉ်းစား၍ ယင်းတို့ နှင့်သက်ဆိုင်ရာ စည်းမျဉ်းစည်းကမ်း များ ချမှတ်ပါ။
- သင့်စည်းမျဉ်းစည်းကမ်းများသည် အပြုသဘောဆောင် ၍ အဖျက်သဘော ရှောင်ပါစေ။
- သင့်စည်းမျဉ်းစည်းကမ်းများသည် ရှင်းလင်းပြတ်သား၍ လက်တွေ့ဆန်ကြောင်း သေချာအောင်ပြုပါ။
- စည်းမျဉ်းစည်းကမ်းတစ်ခုကို ကြပ်မတ်လိုက ကြပ်မတ်၍ မကြပ်မတ်လိုက ပယ်ဖျက်ပစ်လိုက်ပါ။ ဤအတိုင်း လက်ကိုင်ထား၍ လျစ်လျူရှုမထားပါနှင့်။

■

## တစ်ကြို - ၈
## အသင့်ဖြစ်ပါစေ

**ယခုလည်း မှားမည်။ နောင်လည်း အခါမလပ် မှားနေလိမ့်ဦးမည်**

> **"မျိုးရိုးဇီဇဟူသည် ပုဂ္ဂိုလ်တစ်ဦးက သူ၏ သားဖြစ်သူ ဆိုးသွမ်းလူငယ် တစ်ဦးကဲ့သို့ စောင်ပြုမှုရှိန်မတိုင်မီအထိ ယုံကြည်ခဲ့သည့်အရာ ဖြစ်၏။"**
>
> Presbyterian Life

**အရာဝတ်သိမ်းသည် အခါမလပ် မှားနေလိမ့်ဦးမည်။**

ကျွန်ုပ်တို့အားလုံးသည် ဤမြင်ကွင်းမျိုးကို တီဗီ၌ မကြာခဏ မြင်ဖူးကြပါသည်။ တကယ် ကျယ်ပြောခံ့ညားရှိ လှပတောက်ပြောင်အောင် ပြင်ဆင်ထားသော တိုက်ကြီးတာကြီးထဲမှာ မိသားစုတစ်တွေ စားဖွယ်သောက်ဖွယ် စုံလင်စွာနှင့် စားလိုက်၊ သောက်လိုက်၊ ရယ်လိုက်၊ မောလိုက်နှင့် မြူးထူးပျော်ရွှင်နေကြသည်။ သာယာသောနေ၌ ငှက်ကလေးများကလည်း တီတီတာတာ သံသာချိုတေးဖွဲ့လျက်

လတ်လတ်ဆတ်ဆတ်ညှစ်ထားသော လိမ္မော်ရည်ကလည်း အလျှံ ပယ် လူတိုင်းကလည်း အောင်မြင်ပျော်ရွှင်ဖွယ် နောက်ထစ်နေ့ကို စောင့်ကြိုလျက်ရှိသည့်နှယ်။ ဤကဲ့သို့သော မြင်ကွင်းများကြောင့် ကျွန်ုပ်တို့ကိုယ်ကို ကျွန်ုပ်တို့ အော့နှလုံးနာမိပါသည်။

ကျွန်ုပ်တို့ အိမ်နှင့်တော့ တခြားစီ။ အိမ်သားတိုင်း အိမ်ပြန် နောက်ကျသည်။ မည်သည့်အလုပ်ကိုမဆို သုတ်သီးသုတ်ပျာ လုပ် ဆောင်ရသည်။ ကျွန်ုပ်သည် ဖိနပ်ရှာမတွေ့။ သားငယ်က လုပ်ပြီး သား အိမ်စာရှာမရ။ မီးဖိုချောင် စားပွဲပေါ်မှ နွားနို့ခွက်သည်လည်း ဖိတ်စဉ်လျက်။ ပြောင်းဖူးပေါက်ပေါက်ကြော်ထုပ်ထဲမှ ဗိုင်နီဆော အရုပ်ကို သူယူမည်၊ ငါယူမည်၊ သူ့အလှည့်၊ ငါ့အလှည့်နှင့် အကြီး အကျယ် ငြင်းခုန်ကြရင်း ကြောင်ပေါ်တက်နင်းမိသူကလည်း တက် နင်း၊ Cornelia နှင့် ကျွန်ုပ်တို့သည်လည်း ကားသော့ နောက်ဆုံး ကိုင်သူမှာ သူဖြစ်သည်၊ ငါဖြစ်သည် သဘောကွဲလွဲကြ၏။ ကျွန်ုပ်က လည်း သူ့ထံ၌ သော့ရှိသည်မှာသေချာကြောင်း၊ သူက ဟိုပစ္စည်း ပျောက်၊ သည်ပစ္စည်းပျောက်နှင့် ကိုယ့်ကိုယ်ကိုယ် သတိမကပ် ကြောင်းများ ပြော၍ စကားမဆုံးမီ ကျွန်ုပ်၏ အိတ်ကပ်ထဲ၌ တွေ့ရ ၍ ကလေးတစ်ယောက်ယောက်လာထည့်ထားဟန်တူကြောင်း ဖွတ်ငြင်းလိုက်ရသေးသည်။

သင်သည် အကောင်းဆုံးဖြစ်အောင် မည်မျှပင် စိတ်ကူး ကြံစည်သည် ဖြစ်စေ၊ မည်မျှပင် အစီအစဉ်တကျ ပြုလုပ်ဆောင်ရွက် သည် ဖြစ်စေ အရာခပ်သိမ်းသည် ယခုလည်း မှားမည်။ နောင်လည်း အခါမလပ် မှားနေလိမ့်ဦးမည်။ အကြောင်းကတော့ ရှင်းပါသည်။ သင်သည် စင်းလုံးချောမိဘ မဟုတ်သကဲ့သို့ သင့်ကလေးတို့သည် လည်း စင်းလုံးချောကလေးများ မဟုတ်ပေ။ ထို့ကြောင့် သင့်မိသားစု သည်လည်း ထိုစင်းလုံးချော ပဟာလီဝုဒ်မိသားစု တစ်စု မဟုတ်နိုင် ပါ။

ထို့ကြောင့် အစစအရာရာ အကြီးအကျယ် ဆိုးဆိုးရွားရွား ကြောက်စရာ ကောင်းလောက်အောင် မှားယွင်းကုန်သည့်အခါ သင် မည်သည်ကို ပြုလုပ်သနည်း။ သင် လိုအပ်သည်မှာ စည်းကမ်း ထိန်းသိမ်းမှုအတွက် အိတ်ဆောင်လက်နက်ကိရိယာ သေတ္တာငယ် မဟုတ်ဘဲ ပြင်ဆင်ဖွယ် လက်နက်ကိရိယာ အပြည့်အစုံပါရမည့် သေတ္တာကြီးဖြစ်နေလျှင် သင် မည်သို့ ပြုမည်နည်း။ ဤစာအုပ်၌ ဖော်ပြသော ချစ်ခြင်းမေတ္တာ၊ စည်းကမ်း၊ နှိမ့်မွမ်းခြင်းနှင့် တစ်သမတ် တည်းဖြစ်မှုအကြောင်းများ ဖတ်၍ ဟာ. . သိပ်ကောင်းတာတွေ ပေါ့ကွာ။ ဒါပေမဲ့ ငါ့အတွက်တော့ ဒါတွေဟာ နောက်ကျခဲ့ပြီပဲ။ တကယ်တော့ ငါဟာ မအောင်မြင်ခဲ့ပါတလား ဟု စဉ်းစားမိသည့် အခါ မည်သို့ဖြစ်မည်နည်း။ ယင်းသည် မြင်းဇောင်းမှ လွတ်ပြေးသွား သော မြင်းက သုံးမိုင်ခရီးခန့် ရောက်သွားတော့မှ မြင်းဇောင်းတံခါး ကို ပိတ်ရန် ကြိုးပမ်းခြင်းနှင့် အနည်းငယ်ဆင်နေသည်။ ယခု တစ်ဖန် သင်စိတ်တိုပြန်ပြီ။ သင်သည် လုံးဝတစ်သမတ်တည်း မရှိပါ။ သင့် ကလေးများက သင်သည် သူတို့ကို ချစ်သည် မထင်၍ သင်နှင့် ဆက်နွှယ်မှုကလည်း ညင်ညင်သာသာဆိုရလျှင် အေးစက်စက် ရှိနေ ပြီ။ သူတို့နှင့် ပြေလည်အောင် မည်သို့ ပြုမည်နည်း။ ရှေ့ခြေလှမ်းသစ် ကို မည်သို့ တစ်ဖန် စတင်မည်နည်း။

ပထမဦးစွာ နားလည်ရမည်မှာ ဖျက်အစဉ် မြင်ခဏ ဖြစ်၍ အခြေအနေသည် မည်မျှဆိုးပုံရသော်လည်း သင်က ဆယ်တင်နိုင် သေးကြောင်းပင် ဖြစ်ပါ၏။ သင်သာ ဆန္ဒရှိမည်ဆိုလျှင် သင့်ကလေး များနှင့် အလွယ်တကူအဆင်ပြေနိုင်ပါသည်။ အကြောင်းမှာ မှီစင်း ပါသည်။ သူတို့က သင့်ကို ခွင့်လွှတ်လိုကြပါသည်။ သူတို့၌ သင့်ကို ချစ်ဖို့လိုအပ်ချက် ရှိနေပါသည်။ သူတို့အနေဖြင့် သင့်ကို ယုံကြည်ရန် ကြီးမားသောဆန္ဒ ရှိသည်။ သင်နှင့် အဆင်ပြေမည်ဆိုလျှင် သူတို့ လည်း စိတ်လက်ချမ်းသာမည် ဖြစ်သည်။ သူတို့ဘဝရှင်သန်

လန်းဆန်းနိုင်ရန်အတွက် သင်၏ ချစ်ခြင်းမေတ္တာနှင့်လေးစားမှုကို သင် ထင်မှတ်သည်ထက်ပို၍ လိုအပ်လျက်ရှိပါသည်။ ဤသည်တို့ ကြောင့် သူတို့နှင့် ပြေလည်အောင် ကြိုးပမ်းရာတွင် သင်ကအကြီး အကျယ် အသာစီးရနေပါ၏။ ထို့ကြောင့် သင်ရင်ဆိုင်နေရမည့် အလုပ်သည် ကနဦးက ထင်မှတ်သကဲ့သို့ မျှော်လင့်ချက် ကင်းမဲ့ဖွယ် မဟုတ်ပါ။ သူတို့က သင်နှင့် ပြေလည်ပြီး စိတ်ဒဏ်ရာဒဏ်ချက်များ တကယ်ပျောက်ကင်းလိုကြခြင်းသာ ဖြစ်ပါ၏။

အချိန်တော့ ယူသည်။ ကြာချင်လည်းကြာမည်။ သို့သော် စိတ်ဒဏ်ရာဒဏ်ချက်များကိုတော့ ပျောက်ကင်းအောင် ကုသနိုင်ပါ သည်။ ကောက်ကာငင်ကာ ဒေါသပေါက်ကွဲ လိုက်ရခြင်းသည် တစ်စုံတစ်ရာနှင့်ပတ်သက်၍ ဖြစ်တတ်သောကြောင့် ပြေလွယ်သည် မှန်သော်လည်း နှစ်ရှည်လများ တအုံနွေးနွေး ခါးသီးသော အတွေ့ အကြုံများနှင့် စိတ်မကျေနပ်မှုများမှတစ်ဆင့် ဖြစ်ပေါ်သော ဆက်ဆံ ရေးအဆင်မပြေမှုများကတော့ ဤမျှ အလွယ်တကူ စိတ်အေးချမ်း ရန် မဖြစ်နိုင်ပေ။ သို့သော် ထူးဆန်းသည်မှာ မော်ပြပါ ပြဿနာနှစ် မျိုး၌ပင် အတိအကျ တူညီသော ဖြေဆေးရှိပါ၏။ တစ်ခုတည်းသော ခြားနားချက်မှာ ဖြေဆေးအာနိသင် ထိရောက်ရန်အတွက် လိုအပ် သည့် အချိန်ကာလ အတိုအရှည်ပင်ဖြစ်ပါသည်။

**'လောကတွင်ကြုံတွေ့ရသမျှသောတိစ္ဆာများအနက် အတူတကွနေထိုင်ခြင်းက အစက်ခဲဆုံးဖြစ်သည်မှာ တောက်လျှောက် သည်းခံ၍ စွင့်လွှတ်နေရသောကြောင့် ဖြစ်သည်။'**

Arthur Miller

**ချစ်ခြင်းမေတ္တာဟူသည် သင့်ကိုခွင့်လွှတ်ပါရန် သင်ကအမြဲတစေ တောင်းပန်နေရခြင်းဖြစ်သည်။**

Love Story ရုပ်ရှင်ထဲမှ ချစ်ခြင်းမေတ္တာဟူသည် မည်သည့် အခါမျှ ခွင့်လွှတ်ရန် တောင်းပန်မနေရခြင်းဖြစ်သည် ဟူသော စာတစ်ကြောင်းကို လူတိုင်းမှတ်မိကြပါသည်။ အမှန်မှာ ချစ်ခြင်းမေတ္တာသည် သင်စိတ်မကောင်းပါဟု အမြဲမပြတ် တောင်းပန်ရန် လိုအပ်နေခြင်းဖြစ်သည်။ မည်သူမျှ စင်းလုံးချောမဖြစ်၍ မိဘအားလုံးသည်လည်း သင့်ကဲ့သို့ အမှားတောင်ပုံရာပုံ ပြုလုပ်ကြသည်သာ ဖြစ်၏။ သို့သော် အားတက်ဖွယ်ရာကောင်းသည်မှာ အနုတ်လက္ခဏာတစ်ရပ်ကို အပေါင်းလက္ခဏာ အသွင်ပြောင်းနိုင်ခြင်းပင် ဖြစ်သည်။ ကျွန်ုပ်တို့သည် စွန့်ပစ်ပစ္စည်းများမှပင် အပြုသဘော အမြတ်ထုတ် နိုင်သေးသည် မဟုတ်ပါလော။

ဤသို့ဆိုလျှင် ကျွန်ုပ်တို့ မည်သို့ ပြုမည်နည်း။ ကျွန်ုပ်တို့အားလုံးသည် ကလေးအမှားပြုမိသောအခါ ဝန်ခံနိုင်လောက်အောင် ဖြောင့်မတ်စေချင်သည်။ သတ္တိရှိစေချင်သည်။ အကယ်၍ ကလေးတို့သည် ကျွန်ုပ်တို့ သို့မဟုတ် အခြားသူ တစ်ဦးတစ်ယောက်ကို စိတ်ထိခိုက်အောင်ပြုမိသည်ဆိုလျှင် သူတို့ပြုမိသည့် အမှားအတွက် ဝန်ခံ၍ ခွင့်လွှတ်ရန် တောင်းပန်စေချင်သည်။ သို့သော် ကျွန်ုပ်တို့ကိုယ်တိုင်က ကျွန်ုပ်တို့၏ အမှားများကို မည်သည့်အခါမျှ ဝန်မခံသို့မဟုတ် မတောင်းပန်ဘဲနေခဲ့သော် သူတို့တစ်တွေ ဤကိစ္စကို မည်သို့ သင်ယူနိုင်မည်နည်း။

ကျွန်ုပ်တို့သည် ကလေးများကို ရောထွေးနေသောအမှာစကားများ တစ်ချိန်လုံးပေးတတ်၏။ အချို့သော အမှာစကားများသည် ကောင်းမွန်၍ အချို့ကမူ ဆိုးရွားပါသည်။ ကျွန်ုပ်တို့ ထုတ်လွှင့်ပေးလိုက်သော အချက်ပြများကို ကျွန်ုပ်တို့ အပြည့်အဝ ထိန်းချုပ်နိုင်ကြောင်း စိတ်ချရလျှင် အလွန်ကောင်းမည်။ သို့သော် တကယ်မှာ

ဤသို့မဟုတ်သည့် အကြိမ်ကများသည်။ ကျွန်ုပ်တို့က စကားလုံး အလုံးစုံကို အမှန်အကန်သုံးစွဲနိုင်သည်ဆိုလျှင်ပင် ကျွန်ုပ်တို့၏ ပြောဆိုပြုမူပုံဟန်ပန်အမူအရာ တို့ကြောင့် တစ်ဖက်သားကို စိတ်တိုအောင် ဖန်နိုင်သေးသည်။ ကျွန်ုပ်တို့ ခြေကုန်လက်ပန်းကျ၍ စိတ်တိုင်းမကျသော နေ့တစ်နေ့တွင် ကျွန်ုပ်တို့၏ လေယူလေသိမ်းက အစ အလိုမကျမှုများ ပေါ်လာလိမ့်မည်။

ဤနေရာတွင် ကျွန်ုပ်တို့ မည်သို့မည်ပုံ ပြောဆိုသည်ဆိုခြင်း သာမက အခြားသူ၏ ပြောဆိုပုံကို ကျွန်ုပ်တို့ မည်သို့မည်ပုံ ပြန်လည် တုံ့ပြန်သည်ဆိုခြင်းကလည်း အကျုံးဝင်သည်။ ကျွန်ုပ်တို့သည် အရာရာတွင် တစ်သမတ်တည်းရှိသည်မဟုတ်၍ စိတ်ရှုပ်နေသည့် အခါ တခြားသူများပြောသမျှကို ပြန်ပက်ချင်သည်။ ဤသည်မှာ တစ်ဖက်သားက အချိန်လွဲ၊ နေရာမှား၍ ကျွန်ုပ်တို့နှင့် မျက်နှာချင်း လာဆိုင်ရသော ကံဆိုးမိုးမှောင်ကျမှု တစ်ရပ်သာ ဖြစ်သည်။ တစ်ခါ တစ်ရံ အမောဆို့ စိတ်ကုန်နေသော မိဘတစ်ဦးသည် သူတို့ကလေး တွေကို ပိုပိုသာသာတုံ့ပြန်ရင်း နောက်တစ်ခါ ခုလို ဆက်လုပ်လျှင် ဒီအိမ်ကို ဘယ်တော့မှ ပြန်မလာခဲ့နဲ့ ဟူ၍ပင် အဆုံးစွန် ကြိမ်းဝါး လိုက်သေးသည်။ ထိုနောက် စကားပြန်ပြင်ရန်လည်း သတ္တိမရှိတော့ ပေ။ ကျွန်ုပ်တို့အားလုံးသည် ပုထုဇဉ်မျှသာဖြစ်၍ တစ်ခါတစ်ရံ နှုတ်ဖျားမှ ပွင့်အန်ထွက်ကျလာခြင်းသာ ဖြစ်ပါသည်။

ကျွန်ုပ်၏မိတ်ဆွေ Andrew သည် လုပ်ငန်းခွင်၌ တကယ့် သံတမန် တစ်ယောက် ဖြစ်ပါသည်။ သူ့၌ အင်အားကောင်းသော ကိုယ်ပိုင်အတွေးအခေါ်နှင့် ထင်မြင်ချက်များရှိသော်လည်း ကမ္ဘာ တစ်ဝန်းရှိ ယဉ်ကျေးမှုအသီးသီးက လူမျိုးစုံနှင့် ဆက်ဆံရသောအခါ အကင်းပါးစွာ နှစ်လိုဖွယ်ရာ ဆက်ဆံတတ်လေသည်။ သို့သော် သူအိမ်ပြန်ရောက်သည့်အခါ ပုံစံတစ်မျိုးပြောင်းတော့သည်။ သူသည် ဖခင်ကောင်းတစ်ဦးဖြစ်၍ သားသမီးများကိုလည်း အလွန်ချစ်သည်။

သို့သော် ကလေးတို့နှင့်ဆိုလျှင် သူတစ်ပါးနှင့် ဆက်ဆံရင်းဖော်ပြသော ပါးနပ်လိမ္မာမှုနှင့် ယဉ်ကျေးမှုကို မည်သည့်အခါမျှ ဖော်ပြသည်မဟုတ်။ သူတို့နှင့်ဆိုလျှင် မည်သည့်အခါမျှ စိတ်မရှည်သည့်အပြင် အဆပေါင်းများစွာ ပို၍ခေါင်းမာသေးသည်။ အလုပ်ခွင်မှာကဲ့သို့ စိတ်ရှည်လက်ရှည် အင်အားစိုက်ထုတ်မှုလည်း မပြုပေ။ အကယ်၍ Andrew သည် သူ့မိသားစုနှင့်မှ သူစိတ် စနိုးစနောင့်မဖြစ်ဘဲ စိတ်အေးချမ်းသာစွာ မနေနိုင်လျှင် မည်သူနှင့် သွားရောက်နေနိုင်မည်နည်း။

လူတို့သည် သူတို့၏ အညံ့ဆုံးအပြုအမူကို နေအိမ်အတွက် အမြဲတစေ သိမ်းဆည်းထားပါသည် ဟူသော ဆိုရိုးစကားကဲ့သို့ ဖြစ်၏။ ကမ္ဘာပေါ်၌ အတော်ဆုံး မိဘများသည်ပင် အားနည်းချက်များရှိ၍ တစ်ခါတစ်ရံမှားတတ်ကြသေးသည်။ တကယ်တမ်းမှာ ကျွန်ုပ်တို့သည် ဖျက်နှာစိမ်းနှင့် ကောင်းမွန်စွာဆက်ဆံသလောက် မိသားစုအပေါ်တွင် ကောင်းသည်မဟုတ်ပေ။ နေအိမ်ပြင်ပရှိ လူအပေါင်းနှင့် ကောင်း ပြနေလိုက်ရသည့်အတွက် တစ်နေကုန် အိမ်ပြန်အရောက်၌ ခြေကုန်လက်ပန်းကျနေပြီ ဖြစ်၏။ သည်းခံစိတ်များလည်း ကြက်ပျောက်ငှက်ပျောက် ပျောက်ကုန်ပြီ။ ထို့ကြောင့် ကလေးတို့က ကျွန်ုပ်တို့ကို စိတ်အနှောင့်အယှက်ပေးသည့်အခါ ကျွန်ုပ်တို့ စိတ်မထိန်းနိုင်ဘဲ ဒေါသအိုးပေါက်ကွဲ၍ လိုဘမပြည့်မှုများကို ကလေးတို့အပေါ် ပုံချမိလျက်သား ဖြစ်ရသည်။ ကျွန်ုပ်တို့သည် သူတို့ကိုသည်းခံ၍ ယဉ်ကျေးစွာ ဆက်ဆံရန် မစွမ်းနိုင်လောက်အောင် ပင်ပန်းခဲ့ပြီဟု ထင်သည်။

သို့သော် မည်သို့ပင် ဆင်ခြေပေးသည်ဖြစ်စေ မိသားစုအရေးကို အလေးမမူဘဲ ယင်းကဲ့သို့သော ဆက်ဆံမည်ဆိုလျှင် မိသားစုဝင်အချင်းချင်း စိတ်တင်းအားများကာ စိတ်ဝမ်းကွဲကြတော့မည်။ ကျွန်ုပ်တို့၏ အညံ့ဆုံးအပြုအမူကို နေအိမ်အတွက် ချန်ထားခြင်းအားဖြင့်

ကလေးတွေက သူတို့သည် ဂရုစိုက်စရာ ဖြစ်လောက်အောင် အရေးမကြီး ဟု၍သာ နားလည်တော့မည်။ တကယ်တမ်းမှာ ကျွန်ုပ်တို့ တစ်ဦးတလေမျှ ဤကဲ့သို့ သဘောမထားသော်လည်း ယင်းမှာ တကယ်တမ်းဖော်ပြလိုက်သည့် အမှာစကားဖြစ်နေတတ်၏။ ဝမ်းနည်းဖွယ်ကောင်းသည်မှာ ကျွန်ုပ်တို့၏ကလေးများသည် ကျွန်ုပ်တို့၏ သဘောထားနှင့် ခံစားမှုများကို မသိနိုင်ခြင်းဖြစ်ပါ၏။ သူတို့မြင်သမျှအားလုံးသည် ကျွန်ုပ်တို့၏ အပြုအမူသာဖြစ်သည်။ ယင်းအတွက် စိတ်မကောင်းပါဟု ပြောတတ်ရန်လိုအပ်ခြင်း ဖြစ်ပါသည်။

> **'မိဘဖြစ်ခြင်းမှာ သင့်ကို ကိုက်သောပါးစပ်ကို ကျွေးမွေးခြင်းမှအပမည်သည့်အစီအစဉ်ကိုမျှဆောင်ပုံမရသော အချိန်ကာလများရှိနေတတ်ပါသည်။'**
>
> Peter de Vries

**တောင်းပန်ခြင်းသည် အင်အားကြီးမားခြင်း လက္ခဏာတစ်ရပ်ဖြစ်၍ ပျော့ညံ့ခြင်း လက္ခဏာတစ်ရပ်မဟုတ်ပါ။**

တချို့မိဘများက သူတို့ကလေးများကို တောင်းပန်ခြင်းသည် ပျော့ညံ့ခြင်း လက္ခဏာတစ်ရပ်ဖြစ်မည်ကို စိုးရိမ်ကြသည်။ ကလေးတို့က သူတို့ ပျော့ညံ့သည် ဟု မြင်လျှင် သူတို့ကိုရော သူတို့ ချမှတ်သည့် စည်းကမ်းကိုပါ အရိုအသေတန်မည်ဟု ယူဆသည်။ သို့တည်း မဟုတ် သူတို့ပြောဆိုပြုလုပ်ခဲ့သည့်အတွက် တောင်းပန်ခြင်းသည် ကလေးတို့ ပြောဆိုပြုမူမိခဲ့သည့်အမှားကိုပင် လက်ခံလိုက်လျှောမိသယောင်ဖြစ်မည်ကို စိုးရိမ်သည်။ သို့သော် တကယ်တမ်းမှာ မိမိအမှားကို မိမိဝန်မခံနိုင်သော မိဘများသည်သာ နောက်ဆုံး၌ ကလေးတို့၏ လေးစားမှုကို ဆုံးရှုံးခြင်းဖြစ်၏။

တစ်စုံတစ်ယောက်ကို စိတ်ထိခိုက်အောင်ပြုမိ၍ တောင်းပန်

ခြင်းသည် ပျော့ညံ့ခြင်းလက္ခဏာတစ်ရပ် မဟုတ်ပါ။ တကယ်တမ်းမှာ ယင်းသည် အင်အားကောင်းခြင်း လက္ခဏာပင် ဖြစ်ပါ၏။ သင့်ကို သြဇာမညောင်းအောင် ဖန်တီးနိုင်သည်လည်း မဟုတ်ပါ။ သင်က တောင်းပန်ခြင်းအားဖြင့် စံနမူနာပင်ပြနိုင်သည်။ အမှားအယွင်း တစ်စုံတစ်ရာပြုမိသည့်အခါ သင့်ကလေးများကိုယ်တိုင် တောင်းပန်တတ်ရန် သင်က အားပေးရာ ရောက်ပါသည်။ ယုံကြည်မှုများကို လည်း တည်ဆောက်ပေးနိုင်၍ စိတ်ပိုင်းရာသီဥတုကိုလည်း သာယာ စိုပြည်အောင်ဖန်တီးပေးပါလိမ့်မည်။

တောင်းပန်ရန် သင်ယူခြင်းသည် အလွန်ခက်ခဲပါသည်။ အထူးသဖြင့် သင့်စိတ်လုံခြုံမှုနှင့် မိမိကိုယ်ကို ယုံကြည်မှုကင်းမဲ့ သောအခါ ပို၍ခက်ပါသည်။ သင်ဒေါသ ထွက်သောအခါ သို့မဟုတ် သူတို့ခံစားမှုလေးများကို ဂရုမစိုက်မိသောအခါ သင့်ကလေးတို့သည် လည်း အလားတူ တစ်ထပ်တည်း ခံစားရပါသည်။ တကယ်မှာ သူတို့ စိတ်လုံခြုံ၍ ငြိမ်းချောက်မှုကိုလည်း မခံစားရသောအခါတွင်မှ သူတို့ အမှားများအတွက် ဝန်ခံရန်နှင့် ခွင့်လွှတ်ဖို့ တောင်းပန်ရန်သတ္တိကို စတင်တွေ့ရှိပါလိမ့်မည်။ ထို့ကြောင့် အကယ်၍ သင့်ကလေးက လုံးဝမှားကြောင်း သင်ထင်သည့်အခါ၌ပင် သင့်အနေဖြင့် ရင့်ရင့် သီးသီး တုံ့ပြန်ပြောဆိုမိသည့်အတွက် တောင်းပန်လိုက်ခြင်းအားဖြင့် သင့်ကိုရော၊ အခြားသူများကိုပါ တောင်းပန်တတ်ရန် သင်ခန်းစာ ပေးလိုက် နိုင်ပါသေးသည်။

မိဘများက ကလေးတို့ကို မတောင်းပန်နိုင်သည့် ပို၍မှိုစင်း သော အခြားအကြောင်းတစ်ရပ် ရှိသေးသည်။ ယင်းသည် ကလေး တို့ကိုကောင်းစွာ မချီးမွမ်းသည့် အကြောင်းနှင့် အတူတူပင်ဖြစ်၏။ ယင်းမှာ ချီးမွမ်းသည့်အကျင့်မရှိသည့်နည်းတူ တောင်းပန်သည့် အကျင့်မရှိ၍ ဖြစ်သည်။ ဝမ်းနည်းပါတယ် ဟု ပြောရန်ခဲယဉ်းသည်။ ကိုယ့်အမှားများက ကိုယ့်ကိုအကောင်းဆုံးသိဖို့တင်ပေးနိုင်သည်

မဟုတ်ပေ။ ထို့ကြောင့် ယင်းတို့ကို အသိအမှတ်မပြုချင် သို့မဟုတ် မေ့ချင်သောကြောင့် ရှေ့တန်းမတင်ခြင်း ဖြစ်ပါသည်။ တောင်းပန်ခြင်းအားဖြင့် ကျွန်ုပ်တို့သည် ရက်စက်၍သော်လည်းကောင်း၊ သတိလစ်၍သော်လည်းကောင်း သူတစ်ပါးကို စိတ်ထိခိုက်အောင် လုပ်နိုင်စွမ်းရှိကြောင်းကို တည့်တည့်ရင်ဆိုင်ရတော့မည်။ ထို့အပြင် ကျွန်ုပ်တို့ကိုယ်တိုင် စိတ်မကောင်းဖြစ်၍ ပြေရာပြေကြောင်းပြုလိုသည်အထိ ကျွန်ုပ်တို့သည် ကျွန်ုပ်တို့ စိတ်ထိခိုက်အောင်ပြုမိသူတို့ကို ဂရုစိုက်ပါသည်ဟု ဝန်ခံရာလည်းရောက်ပါသည်။ ဤကဲ့သို့သော စိတ်လှုပ်ရှားမှုဆိုင်ရာ ဖြောင့်မတ်မှုကို ဖော်ပြကျင့်မရှိသောအခါ အလွန့်အလွန် စိတ်စနိုးစနောင့် ဖြစ်တတ်ပါသည်။ ပြဿနာမှာ ကျွန်ုပ်တို့အများစုသည် ဤသို့သော တောင်းပန်ခြင်းနှင့် ချီးမွမ်းခြင်း အကျင့်များ မရှိကြခြင်းသာ ဖြစ်ပါ၏။

သို့တစေ သင့်ကလေးကို မတရားပြုမိသည့်အခါ ခွင့်လွှတ်ဖို့ မည်သို့မည်ပုံ တောင်းပန်ရမည်ဖြစ်ကြောင်း သင်ယူခြင်းသည် မြေတောင်မြှောက်ပေးသင့်သောအလေ့ အထတစ်ခု ဖြစ်ပါသည်။ အဘယ်ကြောင့်ဆိုသော်-

- တောင်းပန်မှုတစ်ရပ်သည် စိတ်မကျေနပ်မှုကို ကျေအေးစေနိုင်၍ လေးစားမှုကို ဖန်တီးနိုင်သည်။ ယင်းသည် နှစ်ဦးနှစ်ဖက် ခွင့်လွှတ်ခြင်းနှင့် ပြန်လည်သင့်မြတ်ခြင်းအတွက် လမ်းခင်းပေးရာရောက်သည်။
- တောင်းပန်မှုတစ်ရပ်သည် စံနမူနာကောင်းတခု ဖြစ်၏။ ယင်းသည် သင့်ကလေးက အမှားပြုမိသည့်အခါ သို့မဟုတ် တစ်စုံတစ်ယောက်ကို စိတ်ထိခိုက်အောင်ပြုမိသည့်အခါ ဝန်ခံရန်လိုအပ်သော မိမိကိုယ်ကို ယုံကြည်မှုကို ကူညီတည်ဆောက်ပေးသည်။

- တောင်းပန်မှုတစ်ရပ်သည် ကလေးတို့မျက်နှာမပျက်ရဘဲ သူတို့အမှားကို သူတို့ဝန်ခံနိုင်ကြောင်း ညွှန်ပြသည်။
- တောင်းပန်မှုတစ်ရပ်သည် အဆင်မပြေကျရှုံးမှုမှာ ခွင့်မလွှတ်နိုင်သော အပြစ်မဟုတ်သည့်အပြင် အမှား ပြုမိလျှင်လည်း ကိစ္စမရှိကြောင်းနှင့် သင်အပါအဝင် လူတိုင်းမှားတတ်ကြောင်းကို ဖော်ပြသည်။
- တောင်းပန်မှုတစ်ရပ်သည် လေးစားမှုကို ဖော်ပြသည့် အပြင် သင့်ကလေးတို့သည် သင့်အတွက် အဖိုးတန် ကြောင်းနှင့် ယင်းတို့ ခံစား၊ စဉ်းစားပုံကို သင်က ဂရုစိုက် ကြောင်းများဖော်ပြသည်။

**'သူ တောင်ပေါ်မှဆင်းလာသောအခါသူပျော့ညံ့ချက်များ နှင့်အတူသင်တွေ့ရှိခဲ့ရသောသင့်ဖခင်သည် နတ် တစ်ပါးဖြစ်မလာဘဲသင့်အတွက်လူသားတစ်ဦးဖြစ်လာ သည်မှာ ပျော်ရာကောင်းသည်။ သင်သည် သူ့ကို ရုပ်ပြခေါင်းဆောင်တစ်ဦးအနေဖြင့်မဟုတ်ဘဲ ပကတိ လူသားတစ်ဦးအနေဖြင့် ချစ်ခဲ့သည်မဟုတ်ပါလော။'**

Robin Williams

**သင့်အမှားကိုသင့်အတွက်အကျိုးရှိအောင်သင်ကိုယ်တိုင်စွမ်းဆောင် နိုင်ပါသည်။**

အကယ်၍ သင့်ကျရှုံးမှုများနှင့် ပျော့ညံ့ချက်များကို ဝန်ခံရန် သင် အသင့်ရှိသည်ဆိုလျှင် ယင်းတို့ကို အပြုသဘောအကျိုးရှိအောင် အသုံးချနိုင်ပါသေးသည်။ ယင်းတို့ကို ကလေးတို့အပေါ် သင့်အပြု သဘော လွှမ်းမိုးချက်များ၏ တစ်စိတ်တစ်ဒေသ ဖြစ်လာအောင် သင်က တကယ်ပုံသွင်းပေးနိုင်ပါသည်။ သို့သော် ဤသို့ပြုခြင်းသည်

သင့် အမှားများအတွက် မည်သည့်အခါမျှ ဆင်ခြေပေးခြင်းမျိုး မဖြစ်စေသင့်ပေ။ အမှားပြုသူသည် သူတို့ချည်းမဟုတ်ဘဲ အခြားသူများလည်း မှားတတ်စမြဲဖြစ်ကြောင်း ဖော်ပြခြင်းအားဖြင့် တစ်နေရာမဟုတ် တစ်နေရာ၌ ကျရှုံးခြင်းသည် လက်ခံနိုင်ဖွယ်ရှိ၍ ရံဖန်ရံခါ မလွဲမရှောင်သာ ဖြစ်တတ်ကြောင်းများကိုပင် သင်ကြားပေးရာရောက်သည်။ သူတို့ ကလေးသူငယ် အစောပိုင်းအရွယ်တွင် သင်သည်သူတို့၏ ရောမသူရဲကောင်းကြီး ဖြစ်သည်။ သူတို့၏ကမ္ဘာ၌ သင်သာလျှင် အရေးအကြီးဆုံးဖြစ်သည်။ သူတို့၏ စိတ်ထဲ၌ သင်သည်သာ သိကောင်းစရာများကို ကုန်စင်အောင်သိသည်။ သင် မစွမ်းဆောင်နိုင်သည့်အရာဟူသည်လည်း မည်သည်မျှမရှိကြောင်း ယုံကြည်သည်။ သင်သည် အမှားမကင်းဟူသည့် အရေးကြီးသော သင်ခန်းစာကို သူတို့ အချိန်အတန်ကြာယူပြီးမှ သင်ယူမိသည်။ ထိုနောက် အလားတူအရေးတကြီးသင်ယူမိသည်မှာ ဤသို့ မှားတတ်ခြင်းမှာလည်း ဖြစ်နိုးဖြစ်စဉ်သာဖြစ်၍ အပြစ်ကြီးတစ်ရပ်မဟုတ်ကြောင်းပင် ဖြစ်သည်။

ကျွန်ုပ်၏မိတ်ဆွေ Karen သည် သူ့ဖခင်ကြီး တော်ကြောင်း အမြဲပြောသည်။ သူ့ဖခင်သည် ချစ်ခင်ကြင်နာတတ်သည်။ ခေတ်ပေါ် တေးဂီတမှအပ ကျန်ကိစ္စရပ်အပေါင်းနှင့်ပတ်သက်၍ အဘိဓာန် တစ်ခုနီးပါး ဗဟုသုတကြွယ်ဝသည်။ Karen ၏ စိတ်ထဲ၌ ဖခင်၏ ခြေရာကိုမီဖို့အရေးတွင် ရောမတောင်ကြီးကို တက်နိုင်မှဖြစ်လိမ့်မည်ထင်နေသည်။ သို့သော် Karen ၁၄-နှစ်သမီးအရွယ်တွင် ဖခင်သည် သူ့ကိုယ်ပိုင်ကားကို ကြေမွပျက်စီးသွားသည်အထိ တိုက်ပစ်လိုက်သည်။ သူတို့သားအဖ ထိခိုက်ဒဏ်ရာရမှုတော့ မရှိပါ။ သူ့ဖခင်သည်ညံ့၍ မဟုတ်ပါ။ တော်လျက်နှင့် ဤသို့ ယာဉ်တိုက်ခိုက်မှုဖြစ်ပွားရခြင်းဖြစ်ပြီး သူ့ကို အကြီးအကျယ်တုန်လှုပ်အံ့ဩစေနိုင်ခဲ့ခြင်း ဖြစ်ပါသည်။ Karen သည် ယခင်နှင့် မတူတော့ပြီ။

ထိုယာဉ်တိုက်မှုက သူ့ကို ထူးထူးခြားခြားပြောင်းလဲစေခဲ့သည်။ သူက ယာဉ်တိုက်မှု ဖြစ်တော့မည်ကို မြင်နေရသည်။ သို့သော် သူ့ဖခင် လည်းမြင်မည်ထင်၍ မည်သို့မျှမပြောခဲ့ပေ။ ဖခင်သည် ဤသို့ မတော်တဆဖြစ်ခြင်းအားဖြင့် လူသားပီပီ အမှားမကင်းကြောင်း သက်သေထူသည်သာမက ဤသို့ မှားယွင်း၍လည်း လက်မခံနိုင် ဖွယ်မရှိကြောင်းကိုပါ သိလိုက်ရပြန်သည်။ ထို့ပြင် ဤနေရာတွင် ဖခင်မမြင်သည်ကို သမီးကမြင်၍ သမီးသည် ယခင်က ဖခင်ကို လိုအပ်သကဲ့သို့ ယခုအခါ ဖခင်ကလည်းသမီးကို လိုအပ်လာပြီ ဖြစ်ကြောင်း Karen ၏ စိတ်တွင် ဖြစ်ပေါ်ခံစားမိတော့သည်။ ထို့ကြောင့်Karen သည် သူ့ဖခင်က သူ့အတွက် အကြီးမားဆုံး ဆောင်ရွက်ပေးခြင်းမှာ ကားကို ကြေမွသွားအောင် တိုက်ပစ်လိုက် ခြင်းဖြစ်သည်ဟုပင် ပြောကြားခဲ့ပါသေးသည်။

**'ဖခင်တစ်ဦး၏ကြွင်းနာမှုကို မည်မျှအလွယ်တကူ မြန်လည်သတိရ၍ သားတစ်ဦး၏ ဖြစ်မှုတချူးလွန်ခြင်းများ သည်လည်း နောင်တလေသံအနိုပ် အမေယာင်မှုနှင့် မည်မျှ လျင်မြန်စွာပျောက်ကွယ်သွားသနည်း။'**

Moliere

**ဤသည်မှာသင့်ခြေလှမ်း**

မီအာတိုင်းလိုလို သူတို့ကို သူတို့ မိဘက မတရားဆက်ဆံခဲ့သည့် အကြောင်းကို ရေးတေးတေး မှတ်မိနေတတ်၏။ ကလေးတို့သည် တရားမျှတမှုနှင့် စပ်လျဉ်း၍ အလွန်သိလွယ်ပြီး တာရှည်လည်း မှတ်မိတတ်၏။ ထို့ကြောင့် သူတို့အပေါ် မတရားပြုမိပြီးသင်က မတောင်းပန်ခဲ့လျှင် နောင်အခါတွင် သင့်ကို အကြီးအကျယ်

ငြိုငြင်လာလိမ့်မည်။ အချိန်ကြာလျှင် အနာကျက် နိုင်သည်ဆိုသော်လည်း တကယ်တမ်းမှာ ကြာလေ ဆိုးလေ ဖြစ်နိုင်သေးသည်။ ပြဿနာများကို ပြေလည်အောင် မဖြေရှင်းလျှင် သင့် ကလေးနှင့် သင်တို့အကြားမှ အတားအဆီးသည် အချိန်ကြာမြင့်သည်နှင့်အမျှ ကြီးမားသည်ထက် ကြီးမားလာလိမ့်မည်။

အကယ်၍ သင့်ကလေးနှင့် သင်တို့အကြား၌ မပြေလည်သည့် ပြဿနာရှိလျှင် မိဘအနေဖြင့် သင်ကသာပြေလည်အောင် စတင်ကြိုးစားရမည်ဖြစ်သည်။ တစ်ယောက် နှင့်တစ်ယောက် မကြည်မလင်ဖြစ်သည့်အခါ အခြေအနေ တစ်မျိုးတစ်ဖုံပြောင်းလဲအောင် သူတို့ တောင်းပန်လာသည်အထိ မစောင့်ဆိုင်းပါနှင့်။ သူတို့က လွန်သည်ဟု သင်မည်မျှထင်မြင်စေကာမူ သင်သည် လူကြီးဖြစ်၍ သူတို့မှာ လူကြီးမဖြစ်သေးသည့်အတွက် ငြိမ်းချမ်းရေးကမ်းလှမ်းဖို့မှာ သင်၏ တာဝန်သာဖြစ်ပါ၏။

- အကယ်၍ သင်က လွန်သည်ဆိုလျှင် ဝန်ချတောင်းပန်ခြင်းနှင့် စတင် လိုက်ပါ။ ဒီနေ့ တို့နေမကောင်းဖြစ်ပြီး စိတ်နည်းနည်းတိုနေလို့ပါ။ တကယ်တော့ တို့ဒီလို မပြောသင့်ပါဘူး။ ဒါကြောင့် ဘယ်လိုမျှ မအောက်မေ့ပါနဲ့နော် ဒါမှမဟုတ် ကိုယ်ဒီနေ့ ဒေါသအလျှောက် အော်မိငေါက်မိတာ သိပ်မှားသွားတယ်။ တကယ်စိတ်မကောင်းပါဘူး။ နောင်ဆို ဒီလို ဘယ်တော့မျှ မဖြစ်စေရပါဘူး စသဖြင့် တောင်းပန်စကားပြော လိုက်နိုင်ပါသည်။ မည်သို့ပင်ဆိုစေ သင့်တောင်းပန်မှုသည် ရိုးသားဖြူစင်ဖို့တော့ လိုပါမည်။ မိမိအပြောအဆို အပြုအမူတို့အတွက် ဆင်ခြေပေးလေ့ရှိသည်မှာ ဓမ္မတာဖြစ်သော်လည်း မိမိကိုယ်ကို ကာကွယ်၍မတရား ဆင်ခြေကန်ခြင်းမျိုး မဖြစ်သင့်ပါ။ ကျွန်ုပ်တို့ တောင်းပန်သည်မှာ

တစ်ခါတစ်ရံ မတရားမှုလည်းကြောင်ပတ်နိုင်၍နောက်ဆုံးတွင် ထေ့လုံးငေါ့လုံးများမကင်း ဖြစ်လာတတ်သည်။ ခုလိုဖြစ်ရတာ တို့ဝမ်းနည်းပါတယ်။ ဒါပေမဲ့ မင်းဘက်ကလည်း ပြန်ကြည့်ဦးလေ။ မင်းပြောပုံဆိုပုံက သိပ်ကိုတျေးရွဲးမသိရာ ရောက်မနေဘူးလား ဤသို့သောတောင်းပန်မှု မျိုးသည် နောက်ထပ်အငြင်းပွားအောင်ဖန်တီး၍ အခြေအနေကိုပို၍ပင် ဆိုးရွားစေနိုင်ပါသေးသည်။

- **အကယ်၍ သင့်တွင် အပြစ်တင်စရာ တော်တော်များများသို့မဟုတ် တစ်စိတ်တစ်ဒေသရှိလျှင်** ဆေးခါးကြီးကိုမျို၍ **ဝန်ခံ**လိုက်ပါ။ ယင်း အတွက် ဆင်ခြေမပေးပါနဲ့တော့။ မိသားစုရန်ပွဲအများစုသည် ကိစ္စပေါင်း သောင်းခြောက်ထောင်နှင့် ပတ်သက်လေ့ရှိသည်။ ထို့အပြင် အမှိုက်ကအစ ပြာသာဒ်မီးလောင်ဆိုသကဲ့သို့ အသေးအဖွဲကိစ္စလေးမှ အစပြုကာအကျယ် အကျယ်မငြိမ်းဖွယ် ဖြစ်ရတတ်သည်။ များသောအားဖြင့် မည်သူကမျှ အလျှော့မပေးလိုဘဲ မှားမှန်းသိလျက် မှားကြောင်းဝန်မခံနိုင်ဖြစ်ပါ၏။ ပြေလည်ရေးအတွက် ကနဦးခြေလှမ်းကို သင်က စတင်လှမ်းခြင်းအားဖြင့် သင့်ကလေးတို့သည် သူတို့ပြုမိသောအမှားကို ပို၍အလွယ်တကူ ဝန်ခံလိမ့်ဦးမည်။ သူတို့ ပြောမှားဆိုမှားရှိခဲ့သည့်အတွက်လည်း ပို၍စိတ်မကောင်း ဖြစ်နိုင်သေးသည်။ ထို့ကြောင့် သင်က ရှေ့ဆောင်လမ်းပြသည့်အခါ သူတို့သည်လည်း မှားကြောင်းဝန်ခံကောင်းဝန်ခံနိုင်၍ **ဝမ်းနည်းပါတယ်** ဟူသည့်တောင်းပန်စကားကို ပြောကြားနိုင်ပါလိမ့်မည်။ သို့သော်အကယ်၍သူတို့ မပြောနိုင်လျှင်လည်း သင်သည်

အခြေအနေကို တျေအေးအောင် ဖန်ခဲ့ပြီး ဖြစ်၏။ သင်သည် သူတို့ကို စဉ်းစားစရာ၊ သင်ယူစရာ အတွေ့အကြုံများပေးခဲ့ပြီး ဖြစ်ပါသည်။

- **အကယ်၍ သင့်အပြစ် လုံးဝမဟုတ်ခဲ့လျှင်လည်း** သင်က စတင်၍ တောင်းပန်ထိုက်ပါသေးသည်။ သူတို့ဘက်မှ လုံးဝမှား၍ သင့်ဘက်မှ ရာနှုန်းပြည့် သေချာပေါက်မှန်နေသည်ဆိုလျှင်ပင် **ဤအကြောင်းကို ထုတ်ဖော်ပြောဆို မနေပါနှင့်။** ဤသို့ဆိုရလျှင် သင့်ကလေးသည် တောင်းပန်ရန် အဆင်သင့်ရှိနေသည့်တိုင် ကိုယ့်ကိုယ်ကိုယ် ကာကာကွယ်ကွယ် ပြောဆိုနေလိမ့်ဦးမည်။ ဤသည်မှာ သဘာဝပင် ဖြစ်ပါ၏။ တစ်စုံတစ်ယောက်က သင့်ကို တိုက်ခိုက်လျှင် သင်က ခုခံကာကွယ်လေ့ရှိသည် မဟုတ်ပါလော။ ထို့ကြောင့် အပြုသဘောနှင့် သက်သာရာသက်သာကြောင်း နှစ်သိမ့်နိုင်ရန် အေးကွာ၊ မင်းလည်း တော်တော်ပင်ပန်းသွားမှာပဲ။ တို့လည်း ဒီလိုပါပဲ။ ဒါပေမဲ့ တို့ဒီလိုငြင်းခုံရတာကို မကြိုက်ပါဘူး။ ပြီးတာတွေလည်း ပြီးပါစေတော့ကွာ ဟူ၍ပင် ပြောဆိုနိုင်ပါသည်။

ဤပထမခြေလှမ်းသည် အမြဲတမ်းအောင်မြင်ချင်မှ အောင်မြင်မည်။ မိမိကိုယ်ကို ဝေသန္တရာမင်းကြီးကဲ့သို့ ကမ္ဘာစံချိန်တင်နိုင်မည်ဆိုလျှင်ပင် သင် မျှော်လင့်သည့်အတိုင်း ဖြစ်ချင်မှ ဖြစ်ဦးမည်။ တကယ်တမ်းမှာ သင့်ကလေးတို့သည် သင့်ချစ်မေတ္တာနှင့် ကြင်နာမှုတွေကို လုံးဝသတိမထားမိဘဲ ရှိနိုင်သေးသည်။ ထို့ကြောင့် အချိန်တိုအတောအတွင်း အားလုံးပြေလည်လိမ့်မည်ဟူသော အနန္တမျှော်လင့်ချက်ကြီးများ မထားပါနှင့်။ အကယ်၍ ခဲရာခဲဆစ်များနှင့် ကြုံတွေ့ခဲ့ရလျှင် နေ့ချင်းညချင်း အဆင်ပြေသွားလိမ့်မည် မဟုတ်ပါ။ ယခု လက်တွေ့ခံစားနေရသည့် နာကျင်မှု၊

ငြိုငြင်မှုနှင့် မယုံသင်္ကာဖြစ်မှုများကို တဖြည်းဖြည်းဖြိုဖျက်၍ ဖော်ပြပါ အပြုသဘောလမ်းစဉ်ကိုသာ အမြဲအရလိုက်နာဖို့ လိုအပ်ပါလိမ့်မည်။

ပထမခြေလှမ်းကို လျှောက်လှမ်းခြင်းအားမှာ သင့်ကလေးနှင့် သင့်အကြား ပေါင်းကူးတံတား တည်ဆောက်ပေးရာရောက်ပါ၏။ ကလေးတို့သည် သင့်ထက်ပင်ပို၍ အစစအရာရာနှင့် စပ်လျဉ်းကာ သဲသဲကွဲကွဲရှိဖို့ လိုအပ်ပါသည်။ သူတို့ ဘာသာ တံတားဆောက်ရန် လိုအပ်သည့် ဇဟုသုတ၊ မိမိကိုယ်ကို ယုံကြည်မှု သို့မဟုတ် ရင့်ကျက်မှုတို့ မရှိသေးပါ။ ထို့ကြောင့် သင်ကသာ တကယ်ဦးဆောင်ရမည် ဖြစ်၏။ သင်နှင့် ကလေးတို့အကြားတွင် ရန်လိုသည့် ပတ်ဝန်းကျင်ထက် ယုံကြည်မှုအပြည့်အဝရှိသည့် ပတ်ဝန်းကျင်ကို စတင်ဖန်တီးပေးရပေမည်။ သို့သော် ဤနေရာတွင် သင် တည်ဆောက်ပြီးစတံတားကို သေနတ်သံတရစပ်နှင့် ဖြတ်ကျော်မည်ဆိုပါက၊ အကယ်၍ ကလေးက တံတားကို တစ်ဖန်ချိုးဖျက်လိုက်မည်ဆိုလျှင် သင်မအံ့သြပါနှင့်တော့။

သင်၏ ငြိမ်းချမ်းရေးကမ်းလှမ်းချက်ကို ကလေးတို့လက်မခံသည့်အခါ သင် မည်သည်ကို ပြုလုပ်မည်နည်း။ အကယ်၍ သင့်သား သို့မဟုတ် သမီးနှင့် ငြိမ်းချမ်းရေးထက် သင်၏မာနက ပိုမိုအရေးကြီးသည်ဆိုလျှင် ငါကြိုးစားသားပဲ ဆိုကာ ကျောခိုင်းသွားမည်။ သို့တစေ အကယ်၍ သင်နှင့်သင့်ကလေးတို့၏ စိတ်ဝမ်းကွဲမှုကို အလေးအနက်စဉ်းစားမည်ဆိုလျှင် ပထမခြေလှမ်းကဲ့သို့ ဒုတိယခြေလှမ်းကို ဆက်လှမ်းရမည်သာ ဖြစ်ပါသည်။ ဒုတိယခြေလှမ်းနှင့်မှ မလုံလောက်လျှင် တတိယ နှင့် စတုတ္ထ သို့မဟုတ် ပဉ္စမ သို့မဟုတ် ယုံကြည်မှုဝန်းကျင် ပြန်လည်တည်ဆောက်နိုင်သည်အထိ ခြေလှမ်းပေါင်းများစွာ လျှောက်လှမ်းရလိမ့်ဦးမည်။ ထို့ကြောင့် သင်၏ ငြိမ်းချမ်းရေး ကမ်းလှမ်းချက်များအတွက် ကနဦး၌ မည်မျှ စိတ်ပျက်

စရာများ ကြုံရစေကာမူ စိတ်အေးလက်အေးနှင့် ဆက်လက်ကြိုးပမ်းပါလေ။ စိတ်တို၍ မဒေါ်ပါနှင့်။ သို့မဟုတ်က တာထွက်စမှာပင် ဒုံရင်းသို့ ပြန်လည်ရောက်ရှိသွားလိမ့်မည်။

**'ကျွန်ုပ်သည် ကလေးတို့ကို ချစ်ပါသည်။ သို့သော် တစ်ပြိုင်လုံးကိုသည်းခံနိုင်မည်လော မသေချာပါ။'**

Anonymous

**ကလေးတို့နှင့် အငြင်းပွားမှုများကို ကမ္ဘာမကြေ စွဲမှတ်မထားပါနှင့်။** ကျွန်ုပ်သည် မိဘနှင့် သားသမီး တစ်ဦးနှင့်တစ်ဦး နှစ်ရှည်လများ မခေါ်နိုင်မပြောနိုင်တော့လောက်အောင် မသင့်မြတ်သည့်အကြောင်းများကြားရသည့်အခါတိုင်း စိတ်ထိခိုက်မိပါသည်။ မိခင်နှင့် ဖခင်တို့သည် သူတို့ကလေးတွေနှင့် စပ်လျဉ်း၍ မည်သို့မျှ မပတ်သက်ချင်တော့ကြောင်း ငြင်းဆိုသည်။ ကလေးတို့ကလည်း မိဘတို့အတွက် အချိန်မရှိတော့။ တစ်ခါတစ်ရံတွင် ဤသို့သော သဘောကွဲလွဲမှု၏ ဇာစ်မြစ်ကိုပင်မမှတ် မိနိုင်လောက်အောင် ကြာညောင်းကြာလှပြီဖြစ်သည်။ တချို့နေရာများတွင် ကနဦး အကြောင်းပြချက်များသည် မည်သို့မျှ ပြောပလောက်သည်လည်း မဟုတ်ပေ။

Ken သည် သူ့သမီး Amy နှင့် Amy ၏ ရည်စား John တို့ကို သဘောမတူပေ။ သမီးမင်္ဂလာပွဲတွင် ဖခင်က သမီးကို လက်တွဲ၍ ဘုရားရှိခိုးကျောင်း သီကွာတော်ရဆရာ၏ ရှေ့မှောက်သို့ ပို့ဆောင်ချီးမြှင့်ပေးရန် ဝေးစွ။ မင်္ဂလာပွဲသို့ပင် တက်ရောက်ခဲ့သည် မဟုတ်ပေ။ ထို့ကြောင့် Amy သည် အတော်ပင်စိတ်ထိခိုက်ရသည်။ သူသည် ဖခင်၏မေတ္တာနှင့် သဘောတူညီမှုလိုချင်သည်။ မင်္ဂလာဆောင်သို့ မသွားရောက်ခြင်းသည် Ken တွင် သမီးတစ်ယောက်ရှိကြောင်း အသိအမှတ်မပြုရာ ရောက်သည်။ သို့တစေ Ken

သည်လည်း စိတ်ထိခိုက်ခံစားရသည်။ မည်သို့ပင်ဆိုစေ Amy သည်လည်း John ကို လက်ထပ်ခြင်းအားဖြင့် သူဖခင်သဘောမတူလည်း သူက အရေးမစိုက်ဟု ပြလိုက်ပုံရသည်။

Ken တို့ တစ်မိသားစုလုံး စိတ်မကောင်းဖြစ်ကြသည်။ Ken ၏ဇနီးနှင့် အခြားကလေးတွေသည်လည်း မည်သူ့ဘက်မှ မလိုက်ရဲကြပေ။ တစ်ဖက်ကိုလိုက်လျှင် ကျန်တစ်ဖက်က သူတို့ကို စကားပြောတော့မည်မဟုတ်။ မည်သည့်ဘက်ကိုမှ မလိုက်ပြန်လျှင်လည်း နှစ်ဖက်စလုံးက သူတို့ကိုခွင့်လွှတ်မည်မဟုတ်။ အဆိုးဆုံးမှာ Amy သည် သူ့အဖေက John ကို အဘယ်ကြောင့် သဘောမတူကြောင်း မသိရခြင်းဖြစ်သည်။ အမှန်မှာ Ken သည် John ကို မြင်လျှင် မြင်ခြင်း သဘောမကျခြင်းသာဖြစ်သည်။ သို့သော် Ken တို့သားအဖသည် ယင်းကိစ္စကို မျက်နှာချင်းဆိုင်ထိုင်၍ တစ်ခါမှ မဆွေးနွေးဖြစ်ခဲ့ပေ။ အခြေအနေမှာ တဖြည်းဖြည်း ပို၍ပို၍ ဆိုးလာသည်။ သားအဖနှစ် ဦးစလုံး မည်သူကမှ ပြေလည်ရာ ပြေလည်ကြောင်း ပထမခြေလှမ်းကို စတင်လှမ်းသည် မဟုတ်ပါ။ ယခုအခါ တစ်ဦးနှင့်တစ်ဦး လုံးဝစကားမပြောတော့သည့် အခြေအနေသို့ပင် ဆိုက်ရောက်၏။

ဤသို့ စိတ်ဝမ်းကွဲပြီဆိုသည်နှင့် တစ်ပြိုင်နက် ယင်းကိစ္စ မည်သို့ စတင်ပေါ်ပေါက်သည်ဆိုခြင်းက အရေးမကြီးတော့ပေ။ နှစ်ဦးနှစ်ဖက်စလုံး က ခွင့်လွှတ်ရန် အနေအထားမရှိလျှင် မည်သည့်အခါမှ ပြေလည်မည်လည်း မဟုတ်ပါ။ သို့တစေ အကယ်၍ သင့်ကလေးများ ယခုအခါ လူကြီးဖြစ်ပြီဆိုလျှင်ပင် ဖခင်သည် ဖခင်ပင် ဖြစ်နေဦးမည်။ အဓိပ္ပာယ်မှာ ခွင့်လွှတ်ဖို့နှင့် ခွင့်လွှတ်ရန်တောင်းပန်ဖို့ ပထမခြေလှမ်းကို လှမ်းဖို့အရေးသည် သင့်တာဝန်သာ ဖြစ်သည်။ ဤကိစ္စနှင့် ပတ်သက်၍ စကားရည်လုရန်ပင် မလိုပါ။ သင်က လူကြီးဖြစ်နေပြီ မဟုတ်ပါလော။

ဤကိစ္စကို အချိန်ဆွဲထားလျှင်လည်း ပို၍ပို၍သာ သင် အခက်ကြုံဖွယ်ရှိသည်။ တစ်ဦးနှင့်တစ်ဦး ငြိုငြင်မှုတံတိုင်းသည် မြင့်သည်ထက် မြင့်လာမည်။ ပြေလည်ရေးကိစ္စများသည်လည်း အလှမ်းဝေးသည်ထက် ဝေးသွားမည်သာ ဖြစ်သည်။ သမ္မာကျမ်းစာမှ ရှေးနိုးစကားပုံတစ်ခုမှာ သင်စိတ်ဆိုးမပြေခင် နေမဝင်ပါစေနှင့် ဟူ၍ ဖြစ်သည်။ အစပြုခါယ်မှာ အငြင်းပွားမှုကို မြန်မြန်ဆန်ဆန် ဖြေရှင်းနိုင်လေလေ၊ အန္တရာယ်နည်းလေလေ ဖြစ်သည်။ ထို့ကြောင့် ပထမခြေလှမ်းကို လျှောက်လှမ်းရန် အချိန်မဆွဲသင့်ပါ။ အကယ်၍ အငြင်းပွားချိန် ကြာညောင်းခဲ့ပြီဖြစ်လျှင်လည်း ယင်းကို ယနေ့ပင် ဆုံးခန်းတိုင်အောင် လက်စသတ်လိုက်ပါ။ အဖြစ်တင် နေမည့်အစား ခွင့်လွှတ်လိုက်မည်ဟူ၍သာ ဆုံးဖြတ်လိုက်ခြင်း အားဖြင့် စတင်ပါ။

> **'မိဘနှင့် သားသမီးတို့အကြားမှ အငြင်းပွားမှုတိုင်းတွင် နှစ်ဦးနှစ်ဖက် ရလုံးသည် အမှန်မဖြစ်နိုင်။ နှစ်ဦးစလုံးပင် မှားနိုင်သည်။ မှားလည်းမှားလေ့ရှိသည်။ ဤအခြေအနေသည်ပင် မိသားစုဘဝတစ်ခုစီတွင်သီးသန့်တျသော ညှိုနှိုင်းရန်ရှိနေခြင်း ဖြစ်ပါသည်။'**
>
> Isaac Rosenfeld

**စက်မှုလုပ်ငန်းမှ သင်ခန်းစာများ**

လုပ်သားထုနှင့် စက်ရုံပိုင်ရှင်ခွဲမှ လူကြီးများအကြားတွင် ဖျန်ဖြေရေးကိစ္စ မအောင်မြင်သည့်အခါ နှစ်ဖက်စလုံး စကားနာထိုး အပြစ်ပြောနေမည်ဆိုလျှင် မည်သို့မျှ ခရီးရောက်မည်မဟုတ်ပေ။ ဤချဉ်းကပ်နည်းသည် ဒေါသဒီဂရီအရှိန်တက်ရန် အာမခံချက်ပေးသကဲ့သို့ ဖြစ်၍ အခြေအနေကို မည်သို့မျှ တိုးတက်စေနိုင်မည်မဟုတ်ပါ။ စက်မှုလုပ်ငန်းလူမှုဆက်ဆံရေးဆိုင်ရာပြဿနာများမှ

အရေးကြီးသော သင်ခန်းစာများကို ရပါသည်။ ယင်းတို့သည် မိသားစုဘဝအတွက် အလားတူ အရေးတကြီးအသုံးကျပါသည်။

- ညှိနှိုင်းဆွေးနွေးမှုများ အောင်မြင်ရေးသည် တစ်ဦး၏ အခက်အခဲနှင့် တောင်းဆိုမှုများကို တစ်ဦးက နားထောင်ရန်လိုလားမှု ပေါ်တွင်တည်ပါသည်။ တစ်ဦးကိုတစ်ဦးက နားထောင်ရုံမျှနှင့် အလွန်အဆင်ပြေနိုင်သည်မှာ အံ့ဩဖွယ် ဖြစ်သည်။ တကယ်မှာ တစ်ဦးကိုတစ်ဦး နားမထောင်ခြင်းမှ အစပြုကာ မိသားစုပြဿနာအများဆုံးပေါ်ပေါက်၍ အခြေအနေပိုမိုဆိုးရွားနိုင်သေးသည်။ မကြာခဏပင် မိဘများသည် သူတို့ကိစ္စ၊ သူတို့သောကများနှင့် အလုပ်ရှုပ်ရလွန်း၍ ကလေးတို့၏ လိုအင်နှင့် စိတ်ထိခိုက် ခံစားမှုများကို အမှတ်တမဲ့ ဖြစ်နေတတ်သည်။ ဤသို့ မဟုတ်လျှင်လည်း အိမ်တွင်းရေး ရာသီဥတုမှာမည်မျှမုန်တိုင်းထန်၍ မိဘ-သားသမီး ဆက်နွှယ်မှုများမှာလည်း မည်မျှအဆင်မပြေသနည်း ဟူမူ ကလေးပြောသည်ကို နားထောင်မည့်အစား အပြစ်တင် ပြန်လှန်ထိုးနှက်ရန်သာ ဆန္ဒစောနေသည် အထိ ဖြစ်သည်။
- ညှိနှိုင်းဆွေးနွေးမှုများ အောင်မြင်ရေးသည် တစ်ဖက်နှင့် တစ်ဖက် အပေးအယူပြုလုပ်ခြင်းပေါ်၌လည်း တည်သည်။ တစ်ခါတစ်ရံ၌ တောင်းဆိုချက်များသည် တစ်ဖက်စီးနင်းဖြစ်၍ အပေးအယူမမျှ ဖြစ်ရသည်။ အများအားဖြင့် အပေးအယူလုပ်ရာတွင် ကဖျက်ယဖျက် ဝင်ရောက်နှောင့်ယှက်သည်မှာ မာနပင် ဖြစ်၏။ မိဘနှင့် သားသမီးတို့ ရန်ဖြစ်ရာတွင်လည်း မိဘကသော်လည်း ကောင်း၊ ကလေးတို့ကသော်လည်းကောင်း သူတို့မာနကို

ထိခိုက်မည်စိုး၍ အလျှော့မပေးလို။ ယခုတစ်ကြိမ်၌လည်း ပထမခြေလှမ်းကိုလှမ်းရန်မှာ သင့်တာဝန်သာ ဖြစ်သည်။ မိဘအများစုသည် ပြေလည်မှုရရှိအောင် အပေးအယူပြုလုပ်လျှင် မိမိတို့ ဩဇာမဲ့မည်ကို စိုးရိမ်သည်။ သို့သော် အပေးအယူပြုလုပ်ခြင်းမှာ လက်မြှောက်အညံ့ခံခြင်းမဟုတ်၍ ယင်းနှစ်မျိုးကို မရောထွေးသင့်ပါ။ အပေးအယူပြုခြင်းသည် တောင်းပန်ခြင်းကဲ့သို့ သင်သည် သင့်ကလေးတို့၏ ခံစားမှုနှင့် လိုအင်ဆန္ဒများကို လေးစား၍ နားလည်ကြောင်း ဖော်ပြခြင်း ဖြစ်သည်။ ကလေးတို့၏ ကျိုးကြောင်းခိုင်လုံသော ညည်းညူချက်များကို နားမထောင်လျှင် သူတို့သည် သင့်ဩဇာကို လေးစားတော့မည် မဟုတ်ပေ။ တစ်ဖက်နှင့် တစ်ဖက် အပေးအယူပြုလုပ်၍ ညှိနှိုင်းရရှိသော သဘောတူညီချက်သည် နှစ်လမ်းသွား ဖြစ်ပါသည်။ ထို့ကြောင့် သင်တစ်ဦးတည်း အလျှော့ပေးရသည် မထင်ပါနှင့်။ ယင်းပဋိပက္ခဖြစ်သည့် အနိုင်-အရှုံး အခြေအနေကို နှစ်ဦးနှစ်ဖက်စလုံး အနိုင်-အနိုင်အခြေအနေမျိုးရောက်အောင် ညှိနှိုင်းဆွေးနွေးခြင်း ဖြစ်သည်။ ဥပမာ သင်သည် စနေနေ့တွင် ဈေးသွား၍ အိမ်ကို အလှဆင်ချင်သည်။ သင့်ကလေးတို့က ရေကူးချင်သည်။ အပန်းဖြေဥယျာဉ်သို့ သွားချင်သည်။ ဤသို့ဆိုလျှင် နံနက်ပိုင်း ဈေးသွား၍ ညနေပိုင်းတွင် သူတို့နှင့်အတူ ရေကူးကန်သို့ သွားနိုင်ပေသည်။

နှစ်ဖက်စလုံးတင်းမာ၍ မည်သူမျှ မနိုင်ဘဲ အဆိုးရွားဆုံး အခြေအနေသို့ ဆိုက်ရောက်လျှင် ကြားဝင်ဖျန်ဖြေသူကို ဖိတ်ခေါ်ကောင်း ဖိတ်ခေါ်ရပေမည်။ ယင်းကြားဝင်

ဖျန်ဖြေသူသည် သမာသမတ်ဖြစ်၍ နှစ်ဖက်စလုံးက လက်ခံနိုင်သူ ဖြစ်ရပေမည်။ ဖျန်ဖြေသူသည် တစ်ဖက်နှင့် တစ်ဖက် အကျယ်အကျယ် မငြိမ်းဖွယ်မဖြစ်ရအောင် အငြင်းပွားမှုကို နားထောင်၍ ပြေလည်ရာပြေလည် ကြောင်း အကျိုးသင့်အကြောင်းသင့် နည်းလမ်းရှာပေး သူ ဖြစ်သည်။ သို့သော် သင်တို့၏ အငြင်းပွားမှု မည်သို့မျှ အဆင်မပြေသေးဟုဆိုလျှင် တစ်နည်းတစ်ဖုံ ဖျန်ဖြေရန် ကြိုးပမ်းရဦးမည် ဖြစ်သည်။ သင့်ကြင်ဖော် သို့မဟုတ် အခြားယုံကြည်စိတ်ချရသော မိသားစုဝင် သို့မဟုတ် မိတ်ဆွေ သို့မဟုတ် အကြံပေးပုဂ္ဂိုလ်အဖြစ် အသက်မွေး သူကိုလည်း တိုင်ပင်တန်တိုင်ပင်ရမည်။ ထို့ကြောင့် ပြေလည်ရာပြေလည်ကြောင်း စတင်လမ်းကြောင်းရန်မှာ ယခင်ကကဲ့သို့ သင့်တာဝန်သာ ဖြစ်တော့သည်။

**'ကလေးများသည် မိဘများကို ချစ်ခြင်းနှင့် စတင်သည်။ သူတို့ ကြီးပြင်းလာသည်အလျောက် မိဘတို့ကို အကဲဖြတ် သည်။ တစ်ခါတစ်ရံ သူတို့ကမိဘများကိုခွင့်လွှတ်သည်။'**

Oscar Wilde

**'ထိခြင်း'သည် 'သင့်ကိုချစ်သည်'ဟုအရေးတကြီးပြောကြားနည်း တစ်နည်းဖြစ်နိုင်သည်။**

အငြင်းပွားမှုများသည် ကလေးကို လူကြီးထက်ပို၍ စိတ်ပျက်စေ နိုင်သည်။ ထို့ကြောင့် ကလေးသည် သင့်ကြောင့် သို့မဟုတ် အခြား သူတစ်ယောက်ကြောင့် စိတ်ထိခိုက်နေစဉ် သင်က ဓါဘယ်လို ဖြစ်နေတာလဲ မေးနေတာမကြားဘူးလား စသည့် ထိပ်တိုက် မေးခွန်းများ မေးခြင်းအားဖြင့် သူတို့ကိုပို၍ စိတ်ဆင်းရဲအောင်

မလုပ်မိပါစေနှင့်။ ဤသို့ဆိုမည့်အစား မင်းမျက်နှာလည်း မကောင်းပါလား ဟူသော စကားမျိုးနှင့် စတင်နိုင်ပါသည်။ ယင်းစကားမျိုးက ကလေးတို့ကို ပိုမိုပြောကြားချင်အောင် တိုက်တွန်း နိုင်ပေသည်။ အကယ်၍ သင်ကြိုးစားသော်လည်း သူတို့က မပြောလျှင် စိတ်မပျက်ပါနှင့်။ သူတို့စိတ်ပျက်၍ ပြောမထွက်သည်များ စဉ်းစားရကျပ်သည်များ ရှိနိုင်ပါသေးသည်။

ထို့ကြောင့် ထိခြင်း သည် ဤနေရာမျိုးတွင် အရေးကြီးပါသည်။ သင့်သား သို့မဟုတ် သမီးကို စကားပြောနေမည့်အစား သူတို့လက်ကလေးကို ကိုင်ရုံ သို့မဟုတ် သူတို့ကို ပွေ့ဖက်ရုံမျှနှင့် သူတို့သည် မည်သို့ပင်ရှိစေ သင်က အချစ်မပြယ်ကြောင်း ထင်ထင်ရှားရှား ပြလိုက်ခြင်း ဖြစ်သည်။ ထို့ကြောင့် စိတ်မပျက်ပါနှင့်။ သူတို့စကားမပြောချင်သေးလျှင်လည်း ရှိပါစေ။

- သူတို့၏ ငြင်းပယ်မှုများကိုလည်း အသားကျအောင်နေပါ။ အကယ်၍ သူတို့က သင်၏ ထိခြင်းကို လက်မခံလိုလျှင်လည်း သင်က အတင်းအကျပ်ထိဖို့ မကြိုးစားပါနှင့်။ သူတို့က သင်နှင့် ခပ်ခွာခွာနေလိုလျှင်လည်း နေပါစေ။ သင့်ကို ခုတင်အစွန်းနား သို့မဟုတ် တီဗီကြည့်စဉ် သူတို့နံဘေးနား ထိုင်ရုံလောက်သာ ထိုင်စေချင်သည့်အခါများ ရှိနိုင်သည်။ အရေးကြီးသည်မှာ သူတို့စကားပြောချင်သည့်အခါ သင်ကလည်း ပြောရန်အသင့်ရှိကြောင်း သူတို့ကို သိစေရန်ဖြစ်ပါသည်။
- အကယ်၍ သူတို့က သင်၏ ပွေ့ဖက်မှုကိုခံယူချင်လျှင် သင်က လိုက်လျောရမည်သာ ဖြစ်ပါသည်။ သင်သည် သူတို့ကို ထိချင်၊ စကားပြောချင်စိတ် လုံးဝမရှိသည့်အခါ၌ပင် အနာကျက်ရန် တတ်နိုင်သမျှ လုပ်ဆောင်ဖို့ အရေးသည် သင်၏ ပခုံးထမ်းတာဝန်သာ ဖြစ်သေးသည်။ ဤ

သည်မှာ ငြိမ်းချမ်းရေးအတွက် ပထမဆုံးခြေလှမ်းသည်သာ၊ ထာဝရ လျှောက်လှမ်းရမည့် ခြေလှမ်းဖြစ်သော ကြောင့်ပင် ဖြစ်သည်။ ယင်းမှာ တရားမျှတမှုရှိချင်မှ ရှိမည်။ သို့သော် မိဘဖြစ်သည့်အခါ ကိုယ့်သားသမီးနှင့် ကိုယ်တရားမျှတမှု ရှိ၊ မရှိ ထည့်တွက်ခြင်းသည် အဓိပ္ပာယ်မဲ့လှသည်။ ဟာသဝိဇ္ဇာ Bill Cosby တစ်ကြိမ် ထုန်းက ပြောဖူးသကဲ့သို့ 'တရားဝင် မဟာပိုင်ခွင့်ရှိသည် များကို မမောပန်းဘဲ ရှိနေရန်မှာ မိဘတစ်ဦး၏ တာဝန် သာဖြစ်သည်'။ မိဘ-သားသမီး ပြေလည်ရေးအတွက် အသစ်တစ်ဖန် ပြန်လည်စတင်ရန်မှာ သင့်လက်ထဲတွင် အမြဲတစေရှိနေပါသည်။ ဤ ကိစ္စမှာ လွယ်ကူလှသည် မဟုတ်သော်လည်း ရေရှည်အတွက်မူ ကြိုးပမ်းရကျိုးနပ် ပါလိမ့်မည်။

**သတိပြုရန်**

- သင်မည်မျှပင် အားသွန်ခွန်စိုက် ကြိုးစားသည်ဖြစ်စေ အရာခပ်သိမ်းသည် အမြဲတစေ မှားလိမ့်ဦးမည်။
- အရာခပ်သိမ်းနှင့် စပ်လျဉ်းသော အဆင်မပြေမှုများ ရှိစေကာမူ သင်နှင့် သင့်ကလေးတို့၏ ဆက်နွယ်မှု အဆင်ပြေအောင် ကုစားနိုင်ပါသည်။
- သင်က တစ်စုံတစ်ယောက်ကို ချစ်သည်ဆိုလျှင် 'ကျွန်ုပ် စိတ်မကောင်းပါ'ဟူသော လက်သုံးစကားကို မပြတ် ပြောကြားဖို့ လိုအပ်ပါသည်။
- တောင်းပန်ခြင်းသည် မိဘတိုင်း ဖျိုးထောင်အပ်သည့် အလေ့အထ တစ်ခုပင် ဖြစ်သည်။
- သင်သည် တောင်းပန်ရန် လိုလိုလားလားရှိပါက အနုတ် လက္ခဏာ တစ်ရပ်ကို အပေါင်းလက္ခဏာတစ်ရပ်အသွင် ပြောင်းနိုင်ပါသည်။
- မိဘအနေဖြင့် ငြိမ်းချမ်းရေးအတွက် ပထမခြေလှမ်းကို လှမ်းလိုက လှမ်းနိုင်ပါသည်။
- သဘောကွဲလွဲမှုကို ပြင်ဆင်ဖို့ လက်မနှေးပါနှင့်။ အက်ကြောင်းကို ကြာရှည်စွာထားလေလေ၊ ပြင်ဆင်ရန် ခက်လေလေ ဖြစ်မည်။
- သင့်ကလေးများ ပြောစရာရှိသည်ကို နားထောင်ရန်မှာ သင့်အတွက် သေရေးရှင်ရေးတမျှ အရေးကြီးသည်။
- ထိခြင်း၊ သည် သင့်ကိုချစ်ပါသည် ဟူ၍ အရေးတကြီး ပြောပုံပြောနည်းတစ်ရပ် ဖြစ်သည်။

**သော့ချက်မူများ**
**သင်မှားသည့်အခါ စိတ်မကောင်းဖြစ်ကြောင်း ပြောတတ်ရန် သင်ယူပါလေ။**

**ထမြောက်အောင်မြင်နည်း**

- ကိုယ့်အမှားကို ကိုယ်ဝန်ခံခြင်းသည် ပျော့ညံ့ခြင်း လက္ခဏာတစ်ရပ် မဟုတ်ကြောင်း သတိရပါ။ လူတိုင်းသည် နောင်တရစရာများကို ပြောဆို ပြုမူတတ်၏။
- သင်က သင့်ကလေးတို့ကို ကောင်းမွန်စွာမဆက်ဆံခဲ့သည့်အခါ သူတို့က သင့်ကို ခွင့်လွှတ်လိုကြောင်း အသိအမှတ် ပြုပါလေ။
- သင့်အမှားများအတွက် အကျိုးအကြောင်းများ ပြောနိုင်ပါသည်။ သို့သော် ယင်းတို့အတွက် ကြားကောင်းမည့် အကြောင်းကောင်းများ ဖော်ပြရန် မည်သည့်အခါမျှ မကြိုးစားပါနှင့်။
- ပထမ၊ ဒုတိယ၊ တတိယ၊ စတုတ္ထနှင့် ပဉ္စမခြေလှမ်းများ လျှောက်လှမ်းရန်မှာ သင့်တာဝန်သာ ဖြစ်သည်။

■

## တစ်ကြို - ၉
## လိုက်လျောနိုင်ပါစေ

အချိန်တန်လျှင်သင့်ကလေးတို့ကိုလက်လွှတ်ရမည်ဖြစ်ကြောင်း နားလည်ထားပါ

> ‘ကမ္ဘာကြီးသည် အေးအေးလူလူမရှိသောအချိန်ကာလများကို ဖြတ်သန်းကျော်လွှားနေသည်။ ယနေ့ခေတ်လူငယ်များသည် မိမိအတွက်သာ စဉ်းစားသည်။ လူကြီးမိဘသို့မဟုတ် သက်ကြီးရွယ်အိုတို့ကို ရိုသေလေးစားရမှန်းမသိ။ စည်းမျဉ်းစည်းကမ်းများကို လိုက်နာရန်လည်းအချိန်မရှိ။ သူတို့စကားပြောသည်ကို ကြားရလျှင် သူတို့မသိသည်မှာ မရှိဟုပင် ထင်ရလောက်သည်။ ကျွန်ုပ်တို့က ဉာဏ်အမြော်အမြင်ရှိသည်ထင်သည်ကို သူတို့က နိုက်မဲသည်ဟုမြင်သည်။ မိန်းကလေးတို့သည် မိန်းကလေးတို့စောင့်ထိန်းအပ်သောလူမှုရေးသိက္ခာနှင့်အညီပြုမူ၊ ပြောဆို၊ ဝတ်စားဆင်ယင်ခြင်းမရှိကြတော့ပေ။’
>
> Peter the Monk AD1274

**သင့်ကလေးများသည်နေအိမ်မှစကြာဝဠာ သို့ထွက်ခွာသည့်ခရီးဖြစ်၍ သူတို့အဆင်သင့်ဖြစ်အောင်ထရစ်တင်ကူညီပါ။**

Jones တို့ ဇနီးမောင်နှံသည် ဆိုဖာပေါ်တွင်ထိုင်ရင်း လက်ဖက်ရည်ကို ဖြည်းဖြည်းချင်း သောက်နေကြသည်။ တီဗီက ရင်အုပ်နီရော်ဘင်ငှက်ကလေး ချိုပုတ်ထဲတွင် သိုက်မြုံဖွဲ့ပုံအကြောင်း ရှင်းပြနေသည်ကို မျက်တောင်မခတ် စိုက်ကြည့်နေကြ၏။ ငှက်ငယ်လေးတို့ ဥမှပေါက်ပုံကစ၍ သူတို့တောင်ပံလေးများ ရိုက်ခတ်ပျံသန်းရန်စတင်ကြိုးပမ်းသည်အထိ မှတ်တမ်းတင်ဖော်ပြထားသည်။

ငှက်ကလေးများအကြောင်း ပြီးဆုံးချိန်တွင် တီဗီမျက်နှာပြင်ပေါ်၌ ဝက်ဝံမှတ်တမ်းတင်အမည်များ တသီတတန်းကြီးပေါ်လာချိန်တွင် Mrs Jones က အံ့ဩစရာကောင်းလိုက်တာနော် ဟု မှတ်ချက် ချလိုက်သည်။

Mr Jones က အဲဒါ ဇာတိစိတ်ပဲ၊ မျိုးရိုးဗီဇဂျင်းတွေထဲပါလာပြီးသားလေ၊ ဒါတွေကို သဘာဝအလျောက် လုပ်တတ်ကြတာ၊ တစ်နေ့မှာ သူတို့ရဲ့ ကလေးတွေကို မွေးလာတော့လည်း ဒီလိုမွေးရာပါဇာတိစိတ်ကြောင့် အသိုက်အမြုံဖွဲ့တတ်တယ်၊ ပျံလည်း ပျံတတ်တယ် ဟု ဆိုလိုက်၏။

Mrs Jones သည် သက်ပြင်းတစ်ချက်ချလိုက်ကာ နောက်ထပ်လက်ဖက်ရည်တစ်ခွက် ထငှဲ့စဉ် သူတို့ကို ဒုက္ခပေးတတ်သော ၁၆ နှစ်သမီး Jane သည် အခန်းဝ၌ ပေါ်လာသည်။ Jane သည် ဆံပင်ကို တိုတိုလေးညှပ်၍ ပေါင်ပေါ်စကတ်အသစ်စက်စက်တို ဝတ်ထားသည်။ မကြာသေးမီက ဖောက်ထားသောနှာခေါင်းပေါက်တွင် တန်ဆာဆင်ထားသေး၏။ Mr Jones သည် သူ့သမီး၏ ထိုအသွင်အပြင်ကို မည်သို့မျှ သည်းမခံနိုင်တော့ပါ။

သမီး ဒီပုံနဲ့ အပြင်မထွက်ရပါဘူး ဟု သူက ဝေါက်လိုက်သည်။

ဘာဖြစ်လို့ မထွက်ရမှာလဲ ဟု သမီးက နှုတ်လှံထိုးသည်။

လူတိုင်း ဒီလိုပဲ ဝတ်နေကြတဲ့ဥစ္စာ၊ သမီးသန်းခေါင်လောက်ကျမှ ပြန်ရောက်မှာ ဘယ်သူမှ စောင့်မနေပါနဲ့ ဟု ပြောပြောဆိုဆိုထွက်ရန် ဟန်ပြင်သည်။

တစ်မိနစ်လောက် နေပါဦး မိန်းကလေး။ ငါ့သမီးဆိုလျှင် ဘယ်သူမှ ဒီပုံမျိုးနဲ့ လမ်းမထွက်ရဘူး။ ဒါ . . . နောက်ဆုံးပြောခြင်းပဲ။ အပေါ်ကိုတတ်ပြီး မျက်နှာပေါ်က ခြယ်ထားတာတွေကို ဖျက်လိုက်ပါ။ ဝတ်ထားတဲ့စကတ်ကလည်း ခါးပတ်အကြီးစား ပတ်ထားတာကျနေတာပဲ၊ ချွတ်ပစ်လိုက်. . . အဲ. . . ငါပြောတာကု ဆွဲဆန့်လိုက်၊ ဒီထက်ရှည်ပြီး ကျွန်ရှိတာ ဝတ်စမ်း၊ အပြင်ထွက်ရင် လူရှိသေအောင် ဝတ်မှပေါ့။ ပြီးတော့ အိမ်ကို ၁၀း၀၀နာရီ အရောက်ပြန်ပါ။ အဲဒီအချိန် ပြန်မရောက်ရင်တော့ အသေပဲ၊ ဟိုနှာခေါင်းပေါ်က ဟာကိုလည်း ဖြုတ်လိုက်ဦး ဟု Mr Jones က ရာဇသံပေးလိုက်သည်။ သို့သော် ဤအချိန်တွင် Jane သည် အိမ်ရှေ့တံခါးပေါက်ဝတွင် အပြင်သို့ ခြေတစ်လှမ်းရောက်နေနှင့်ပြီးဖြစ်သည်။

သမီးလုပ်ချင်တာ လုပ်တာ အဖေတားနေလို့လည်း အပိုပဲ ဟု ပက်လိုက်ပြန်သည်။

Mrs Jones သည် သားအဖနှစ်ယောက်၏ ဒေါသသံများကို နားထောင်ရင်း ယမန်နှစ်များက ချစ်စရာကောင်းသော Jane ၏ အကြောင်းကို မစဉ်းစားဘဲ မနေနိုင် ဖြစ်နေတော့သည်။ သူတို့ မိသားစုသည် တရင်းတနှီးရှိကြသည်။ သို့သော် ယခုအချိန်၌ အစစအရာရာ စိတ်တိုစရာများဖြစ်အောင် တမင်ဖန်တီးထားသကဲ့သို့ ဖြစ်သည်။စနေနေ့ညရောက်တိုင်း ဤအကြောင်းကိုပင် ငြင်းကြခုံကြပြန်သည်။ Mrs Jones သည် တီဗီရှေ့၌ ယခင်က သူတို့နှင့်အတူ နွေးနွေးထွေးထွေး ဖိမ်ယူရင်း ငှက်ကလေးများ စောင့်ကြည့် ဗီဒီယိုမှတ်တမ်းတွဲများကို တဝကြည့်သည်။ မြို့ထဲသို့ ထွက်ရသည့်အခါတွင်လည်း သူငယ်ချင်းများနှင့် သူသိသမျှ ကိုယ်သိသမျှ တွေ့ရာလေးပါး

စကားဖောင်ဖွဲ့ ပြောကြသည်။ ယင်းတို့မှာ Mrs Jones အတွက် ပကတိ ပျော်ရွှင်ဖွယ် ဖြစ်သည်။ သို့သော် ယခုအချိန်တွင် ထို ပျော်စရာအချိန်များ အဘယ်သို့ လွင့်စဉ်ကုန်ပြီနည်း။

Jones တို့ ဇနီးမောင်နှံ၏ အမှားသည် သူတို့ကြည့်နေကျ ဇာတ်လမ်းတွဲများမှ မြင်ကြည့် တိပ်ခွေများမှ မည်သည့် သင်ခန်းစာ တို့မျှ မယူနိုင်ကြခြင်းဖြစ်၏။ Jane သည် အနေးနှင့် အမြန်ဆို သကဲ့သို့ အသိုက်မှထွက်ခွာရန် အပျိုသင်တော့မည်။ မိဘများက ယင်းလက္ခဏာများကို စေစေ့စပ်စပ်သတိမပြုမိတာတော့မပေ။ ထို့ကြောင့် Jane ၏ လွတ်လပ်မှုအတွက် သူနှင့်အတူ မှုပေါင်းမြင်ဆင်မည့် အစား မည်သည့် အကူအညီ သို့မဟုတ် လမ်းညွှန်မှုမျှမပါဘဲ Jane အာသာ သူ့ဇာတိစိတ်များအတိုင်း ပြုကျင့်ရန် လွှတ်ထားခဲ့မိခြင်း ဖြစ်သည်။ ထို့ကြောင့် မလွှဲမရှောင်သာ ဖြစ်ပေါ်လာသည်များကို အဆိုးဝါးဆုံးအခြေအနေတွင် ခုခံတိုက်ခိုက်ဖို့ ကြိုးစားကြခြင်းဖြစ်၏။

ပြင်ပလောကအလယ် ကြောက်မက်ဖွယ် အန္တရာယ်များ မကြုံ တွေ့ရအောင် အကာအကွယ်ပေးလိုသည်မှာ မိဘတိုင်း၏ ရင်တွင်း ဖြစ်ဆန္ဒ ဖြစ်ပါသည်။ ပြင်ပလောကကြီးတွင် သူတို့ကို တိုက်သွားနိုင် သည့်ကားများ ပြွတ်သိပ်၍ ဥဒဟို သွားလာနေသည်။ သူတို့ကို ရန်ပြုမည့် ဆိုးသွမ်းသူတွေရှိမည်။ သူတို့ကို ရောင်းချပေးချင် သည့် မူးယစ်ဆေးဝါးမှောင်ခိုသူတွေလည်း ရှိမည်။ အဘက်ဘက်က အန္တရာယ်ပြွမ်းသည့်ကြားမှ မိန်းကလေးဆိုလျှင်လည်း အရှက်တကွဲ အကျိုးနည်းအောင် အသွေးအသားမျိုးရန် အခွင့်ကောင်းကို ချောင်းမြောင်းနေသူများလည်းရှိမည်။ ထိုကြောင့် အန္တရာယ်အကင်း ဆုံးနည်းသည် သမီးတို့ကို အိမ်ထဲ၌ တံခါးသော့ခတ်ထားရမည်ကဲ့သို့ ဖြစ်နေသည်။ သို့တစေ ဤသို့ပြုခြင်းမှာ ဘုရင်ကြီး Canute က ဒီရေကိုတားနိုင်ရန် ကြိုးပမ်းခြင်းကဲ့သို့ အမြော်အမြင်လည်းမရှိ ထိလည်းထိရောက်မည် မဟုတ်ပေ။ ဘုရင်ကြီး Canute သည်

အလွန်တန်ခိုးကြီးသော်လည်း ဗီရောက်လာခြင်းကို ရပ်တန့်အောင် စွမ်းဆောင်နိုင်ခဲ့သည် မဟုတ်ပါ။

တစ်နေ့နေ့တွင် သင့်ကလေးများ နေအိမ်မှ ထွက်ခွာတော့မည်။ သူတို့ဘာသာသူတို့ သို့မဟုတ် မိတ်ဆွေများနှင့် အတူနေကြလိမ့်မည်။ ငွေကြေးအကျပ်အတည်းကြားမှ ရှင်သန်ရပ်တည်နိုင်အောင် ကြိုးစားရဦးမည်။ ညဥ့်နက်သည့်အချိန်တွင် ရှည်လျားမှောင်မဲသော လမ်းကိုလျှောက်၍ အိမ်ပြန်ရဦးမည်။ သူတို့မိတ်ဆွေ၊ သူတို့ ကြင်ဖော်တွေကိုရွေးချယ်၍ သူတို့စိတ်ကြိုက် ဆက်ဆံကြလိမ့်မည်။ မော်တော်ဆိုင်ကယ် သို့မဟုတ် ကားမောင်း၍ ပါတီပွဲနှင့် ပျော်ပွဲရွှင်ပွဲများသို့ သွားကြဦးမည်။ သင် နှစ်သက်သည်ဖြစ်စေ၊ မနှစ်သက်သည်ဖြစ်စေ ငယ်ငယ်ကကဲ့သို့ သင့်ခြဖော မပြောင်းတော့ပါ။ ထို့ကြောင့် ထိုအချိန်အတွက် သူတို့ကို ယခုကပင် စတင်၍ တဖြည်းဖြည်း ပြင်ဆင်ပေးရန်မှာ သင့်လုပ်ငန်းတာဝန်ပင် ဖြစ်တော့သည်။

**‘ဖခင်တစ်ဦးသည် သူ့သားငယ်လေးကို လမ်းလျှောက်သင်စဉ်တွင် သူသည် ကလေးရှေ့က ရပ်၍ ကလေးမျော်မလဲအောင်လက်ကလေးနှစ်ဖက်ကို ဘေးတစ်ဖက်တစ်ချက်စီက ကိုင်ထားသည်။ ကလေးက ဖခင်၏လက်အတွင်းမှဖခင်ရှိရာသို့သွားသည်။သို့သော် ဖခင်၏အနီးသို့ရောက်သည်နှင့်တစ်ပြိုင်နက် ဖခင်သည်ကလေးနှင့် တွဲထားသောလက်ကိုအနည်းငယ်ဆန့်ထုတ်၍ နောက်ဆုတ်လိုက်သည်။ဖခင်သည်ကလေး လမ်းလျှောက်တတ်ရန် သင်ယူနိုင်ရန် ဤသို့ အကြိမ်ကြိမ် ပြုလုပ်ပေးသည်။’**

The Baal Shem

**ကြိုတင်ပြင်ဆင်မှုသည် ကုသမှုထက် အစွမ်းထက်၏။** ဤသို့ဆိုလျှင် ဤကိစ္စကို သင်မည်သို့ ပြုလုပ်မည်နည်း။ သူတို့ အပျံသင်သည့် ထိုအရေးကြီးသောနေ့အတွက် သင် မည်သို့ ပြင်ဆင်ပေးမည်နည်း။ ကျွန်ုပ်၏ မိတ်ဆွေတစ်ဦးသည် သူ့သမီးအပျိုဖြစ်သည့်အခါ ဆိုးသွမ်းလူငယ်တို့၏ အန္တရာယ်ကိုကာကွယ်ရန် ကြီးမား၍ ကြောက်စရာကောင်းသော အယ်(လ်)ဆေးရှင်းခွေးကြီးနှစ်ကောင်ကို ကိုယ်ရံတော်အဖြစ်ထားပေးမည်ဖြစ်ကြောင်း ပြောကြားဖူးသည်။ သူတို့ ရှတ်ရှတ်ရှတ်ရှတ်ကြဲစည်လျှင် ခွေးတွေက ချက်ချင်း ဆုံးမလိမ့်မည် သို့သော် ဤနည်းဗျူဟာသည် ရှုံးရန်သေချာသည်။ သင့်သမီးသည် ခွေးတွေကို အာရုံပြောင်းနိုင်လောက်အောင် ဦးနှောက်ကောင်းသော ယောကျ်ားလေးမိတ်ဆွေကို အနေးနှင့်အမြန်ဆိုသကဲ့သို့ တွေ့လိမ့်မည်။ သို့မဟုတ် ထိုယောကျ်ားလေးရှိရာသို့ သူသွားကောင်းသွားလိမ့်မည်။ ထိုအခါကျမှ ကျွန်ုပ်၏မိတ်ဆွေသည် ယခင်ကထက် ပို၍ ဩဇာလည်း မညောင်း။ အခြေအနေကိုလည်း မထိန်းနိုင်သည့်အပြင် ခွေးကျွေးမွေးစရိတ်တက်ခြင်းသာ အဖတ်တင်လိမ့်မည်။

အလယ်ခေတ်ရာစုနှစ်များ၌ အချို့သောဖခင်များသည် သမီးတို့အပျိုရည်စစ်မှုကို အာမခံပေးနည်းတစ်နည်းအနေဖြင့် စင်ကြယ်မှုခါးပတ်များ (chastity belts)ကို သုံး၍ မိန်းကလေးတို့၏ အောက်ပိုင်းတစ်နေရာကို လုံခြုံအောင် သော့ခတ်ပေးထားသည်။ ကျွန်ုပ်တို့ သားသမီးအပေါ် ထားရှိသောမေတ္တာနှင့် မဖြစ်သင့်သည်များ ဖြစ်မည်စိုးသော ကြောက်ရွံ့မှုတို့ကြောင့် ယနေ့ခေတ်တွင် ဤသို့ပြုနိုင်လျှင် မည်မျှကောင်းမည်နည်းဟု တစ်ခါတစ်ရံစိတ်ကူးပေါက်ဖို့ လွယ်ပါသည်။ သို့သော် ဤနည်းသည် မည်သို့မျှ အကျိုးထူးမည်မဟုတ်ပါ။ ထိုအလယ်ခေတ်ကပင် ဤသို့သော့ခတ်ထားခြင်းခံရသည့် ပျိုဖြူတို့သည် သော့တူရရန် ပန်းပဲဆရာကြီး၏ တပည့်နှင့်

အတူ အိပ်ရာဝင်ရင်း ဇာတ်သိမ်းကြရသေးသည်။ ယနေ့ခေတ်တွင်မူ လွှငယ်လေး တစ်ချောင်းဝယ်ချင်ဝယ်၊ သော့ဖွင့်တတ်ရန် ကြိုးစားချင် ကြိုးစား သို့မဟုတ် လူမှုဝန်ထမ်းအသင်းအဖွဲ့အစည်း သို့မဟုတ် ဌာန စသည်တို့ကို တိုင်ကြားချင် တိုင်ကြားလိမ့်မည်။

ထို့ကြောင့် ဉာဏ်အမြော်အမြင်ရှိသော မိဘများသည် သူတို့၏ ကလေးတွေကို စိတ်တွင်းစင်ကြယ်မှုနှင့် အတျင့်စာရိတ္တ ရင့်ကျက်မှု ခါးပတ် တစ်မျိုးကိုသာ ခါးဝတ်ပုဆိုးကဲ့သို့ စွဲမြဲစေရန် ဦးတည်ချက် ထားသင့်သည်။ တစ်နည်းဆိုသော် သားသမီးတို့ကို မိမိကိုယ်မိမိ ထိန်းချုပ်တတ်အောင် သင်ကြားပေးခြင်းသည်သာ အကောင်းဆုံးနှင့် နောက်ဆုံးအကူအညီဖြစ်သည့်အပြင် အဖိုးတန်သောလမ်းညွှန်မှု တစ်ရပ်လည်း ဖြစ်ပေသည်။

အကယ်၍ သင့်ကလေးကို အိမ်အနီး မြစ်တွင်းသို့ လိမ့်ကျရေနစ်မည်စိုးလျှင် သူ့ကိုအိမ်ထဲ၌ ပိတ်လှောင်သော့ခတ်မထားပါနှင့်။ သူတို့ကို ရေကူးသင်ပေးလိုက်ပါ။ မည်သည့်အရွယ်၌ သင်ပေးပါဟူ၍ အတိအကျမပြောလိုပါ။ ကလေးတို့သည် တစ်ယောက်နှင့် တစ်ယောက် မတူညီဘဲ တချို့က ကျန်တချို့ထက် ပိုမိုရင့်ကျက်လွယ်သောကြောင့် သူတို့၏လွတ်လပ်မှုကို သူတို့ပိုမိုစောစီးစွာ ကိုင်တွယ်တတ်ကြပါသည်။

> **'သင့်ရင်သွေးများကို သင့်မေတ္တာပေးကောင်းပေးနိုင်မည်။**
> **သို့သော်အတွေးများကိုတော့ပေးနိုင်မည်မဟုတ်ပါ။**
> **အဘယ်ကြောင့်ဆိုသော်သူတို့မှာလည်းအတွေးကိုယ်စီနှင့်။**
> **သူတို့၏ ခန္ဓာကိုယ်ကိုအိမ်၌ ရှိစေကောင်းရှိစေနိုင်မည်။**
> **သို့သော်သူတို့၏ စိတ်ကိုတော့ ဤသို့ရှိစေနိုင်မည် မဟုတ်ပါ။**
> **သူတို့၏ စိတ်သည် အနာဂတ်အိမ်တွင်ရှိ၍ သင်သည်**

> **ထိုအိမ်သို့မရောက်နိုင်။သင့်အိပ်မက်ထဲ၌ပင်ရောက်နိုင်သည်မဟုတ်ပါ။'**
>
> **Kahlil Gibran, The Prophet**

**သူတို့ဘဝကို သူတို့ကျောင်းနိုင်အောင် သင်က သင့်ကလေးများကို ပြင်ဆင်ပေးရန် လိုအပ်သည်။**

**Jason** သည် တစ်ဦးတည်းနေသည်။ နံနက်တိုင်း ရထားစီး ကာ သူ့အလုပ်ရှိရာမြို့သို့သွား၍ ညနေတိုင်းမြို့စွန်ရှိ သူ့တိုက်ခန်း လေးသို့ ပြန်သည်။ ဤနိစ္စဓူဝအလုပ်သည် မည်သည့်အခါမျှ မပြောင်းလဲပေ။ သူသည် မည်သည့်လူမှုရေးကိစ္စကြောင့်မျှ အပြင်ထွက်လေ့မရှိပါ။ သူ့မိတ်ဆွေများကိုလည်း မည်သည့်အခါမျှ ညစာဖိတ်ကျွေးသည် မဟုတ်။ သူ့ဘဝသည် စက်ရုပ်သဖွယ် ရွေ့လျားနေသော်လည်း စိတ်တက်ကြွမှုများကတော့ လွင့်စဉ်ကုန်ပြီ။ သူသည် ရုပ်ပိုင်းအရ ချွတ်ယွင်းချက်တစ်စုံတစ်ရာရှိသည် မဟုတ်ပေ။ မိမိကိုယ်ကို ယုံကြည်မှုနှင့် ဆက်ဆံရေးကျွမ်းကျင်မှုများ မရှိခြင်းသာ ဖြစ်သည်။ အကြောင်းမှာ ရိုးရှင်းပါသည်။ ယခင် ၁၀ နှစ်ခန့်ကမှ ကွယ်လွန်သွားသော သူ့မိခင်ကြီးသည် သူ့ကို အသက် ၄၀ ရွယ်ခန့်အထိ ပုတူးလေးအဖြစ် အချစ်များစွာနှင့် မွမ်းထုံထားသည်။ သူကလည်း မိခင်၏ လက်အောက်မှ မည်သည့်အခါမျှ ရုန်းထွက်ဖို့ မကြံစည်ခဲ့။ မိခင်ကလည်း သူ့ကို အခါမလပ် စောင့်ရှောက်မှု လွန်ကဲသည့်အတွက် သူသည် မိခင်ကြီးကွယ်လွန်သည့်အခါ မည်သို့ဖြုန့်နေထိုင်ရမည်ကိုပင် မသိသလောက်ဖြစ်တော့သည်။ သူ့သမားရိုးကျ နိစ္စဓူဝအလုပ်မဟုတ်သည့်ကိစ္စတိုင်းကို ကြောက်ရွံ့နေတတ်သည်။ သူ့မိခင်သည် ချစ်စိတ်မွန်လွန်း၍ စောင့်ရှောက်မှု လွန်ကဲသောကြောင့် သူ့သားကို လွတ်လပ်စွာ ကိုယ့်ဘဝကိုယ်ကျောင်းနိုင်သောလူသား တစ်ဦးဖြစ်အောင် ပြင်ဆင်မပေးနိုင်ခဲ့ခြင်းဖြစ်ပါသည်။ သူ့သားက

ထမင်းချက်တတ်သည်။ အဝတ်လျှော်စက်သုံးတတ်သည်။ သို့သော် မည်သို့မိတ်ဆွေဖွဲ့ရမည် သို့မဟုတ် ဆုံးဖြတ်ချက်များချရမည်ကို သူနားမလည်ပါ။ ထိုအခါ သူ့ဘဝ၏ ကံကြမ္မာကို သူရင်ဆိုင်နိုင်မည့် အစား ယင်း၏လှည့်စားမှုကိုသာ ခံရတော့သည်။

တစ်ခါတုန်းက မျက်နှာပုံပန်းသဏ္ဌာန် အလွန်ဆိုးသောသူကို တွေ့သောအခါ လူတို့မည်သို့တုံ့ပြန်ကြောင်းနှင့် စပ်လျဉ်း၍ သိပ္ပံနည်းကျလေ့လာချက်တစ်ရပ်ရှိခဲ့သည်။ သရုပ်ဆောင်တစ်ဦးကို ငှားရမ်း၍ ဈေးကြီးတစ်ခုအတွင်း၌ လှမ်းခြုံလေ့လာမှုတစ်ခု ပြုခဲ့ခြင်းဖြစ်ရာ သူနှင့်အခြားသူများ တုံ့လှယ်ဆက်ဆံပုံကို ဘေးချင်း ကပ်ဆိုင်မှ ဗီဒီယိုမှတ်တမ်းတင်ထားသည်။ ဤလေ့လာမှု၌ ယင်း အမျိုးသမီးသရုပ်ဆောင်ကို အခန်းကဏ္ဍ ၄ မျိုးက ပါဝင် သရုပ်ပြစေသည်။ ပထမအခန်းကဏ္ဍတွင် သူ့ပင်ကိုယ်အတိုင်း သရုပ်ဆောင်စေသည်။ ဒုတိယအခန်းကဏ္ဍကို ကပြရာတွင် မိမိကိုယ်ကို ယုံကြည်မှုအလျဉ်းမရှိဘဲ ကိုးရိုးကားရားနိုင်စွာ လှုပ်ရှား နိုင်းသည်။ တတိယအခန်းကဏ္ဍမှာ မျက်နှာပေါ်တွင် အကျည်းတန် သော မွေးရာပါအမှတ်ကြီးတစ်ခုကို မိတ်ကပ်နှင့် ဖော်ထားသည်။ နောက်ဆုံးအခန်းကဏ္ဍကမူ ယင်းမိတ်ကပ်နှင့်ပင် မိမိကိုယ်ကို ယုံကြည်မှုကင်းမဲ့စွာ ကိုးရိုးကားရား သရုပ်ဆောင်ခိုင်းသည်။

တွေ့ရှိချက်များကို ကွင်းဆင်းစမ်းသပ်သူ သိပ္ပံပညာရှင်များ ကပင် အံ့မခန်းဖြစ်ရသည်။ ဖော်ပြပါဇာတ်ကောင်နှင့် ထိတွေ့ရ သောလူတို့သည် မျက်နှာပေါ်က အမှတ်အသားကြောင့်အနည်းငယ် စိတ်ကသိကအောက် ဖြစ်ကြသည်။ သို့သော် သရုပ်ဆောင် သူ၏ ဆက်ဆံရေးကျွမ်းကျင်မှုများ (မိမိကိုယ်ကို ယုံကြည်မှုနှင့် နှစ်လိုဖွယ်ဖြစ်မှု) ရှိ မရှိဆိုခြင်းကသာ တစ်ဖက်လူတို့တုံ့ပြန်ပုံ ခြားနား အောင် အဓိကအားဖြင့် လွှမ်းမိုးနိုင်ကြောင်း ပေါ်လွင်လာသည်။ ထိုပညာရှင်များသည် မိမိကိုယ်ကို ယုံကြည်မှု၊ မိမိကိုယ်ကို

အလေးအမြတ်ထားမှုနှင့် မိတ်ဆွေဖြစ်လွယ်မှုတို့သည် လေးနက်သော အစွမ်းအစမဲ့မှုများကိုပင် ကျော်လွှားနိုင်ကြောင်း နိဂုံးချုပ်သည်။ သို့တစေ Jason ကဲ့သို့သော ဆက်ဆံရေးမကျွမ်းကျင်သူတို့သည် ဘဝတွင် တစ်ပန်းရှုံးနေသည်မှာ ရုပ်ပိုင်းဆိုင်ရာ ချွတ်ယွင်းမှုထက်ပင် ပိုမိုဆိုးသေးသည်။

တို့ကြောင့် သင့်ရင်သွေးကို တကယ်တမ်းပျော်ရွှင်အောင်မြင်စေလိုလျှင် သူတို့ဘဝရေရှည်အတွက် သူတို့ကို ပြင်ဆင်ပျိုးထောင်ပေးရန် လိုအပ်သည်။ သူတို့ကို မိမိကိုယ်ကို ယုံကြည်မှုရှိအောင်၊ မိမိကိုယ်ကို အလေးအမြတ်ထားတတ်အောင်၊ မိမိကိုယ်ကို စည်းကမ်းရှိအောင်နှင့် မိမိကိုယ်ကို အဖိုးတန်ကြောင်း ခံစားရအောင် မြေတောင်မြှောက်ပေးရမည်သာဖြစ်၏။ ဤနေရာတွင် သော့ချက်သည် စောင့်ရှောက်မှု မဟုတ်၊ ပြင်ဆင်ပျိုးထောင်မှုဖြစ်ကြောင်း ယုံမှားသံသယဖြစ်ဖွယ် မရှိပေ။

**'ကျွန်ုပ်၏စေ့င်သည့်ငှက်များနှင့်ပျားများအကြောင်းသိတောင်းစရာအလုံးစုံကို ပြောခဲ့ပါသည်။သူသည် မိန်းကလေးတို့အကြောင်းကိုတစ်စုံတစ်ရာမျှသိသည် မဟုတ်ပါ။'**

Leopold Fechtner

**မိမိကိုယ်ကို အလေးအမြတ်ထားမှုသည် လိမ္မာသော လိင်ဆိုင်ရာ ရွေးချယ်မှုအတွက်သော့ချက်ဖြစ်သည်။**

မိမိကိုယ်ကို အလေးအမြတ်ထားခြင်း၏ ပဓာနကျပုံသည် အခြားကိစ္စများထက် လိင်ကိစ္စနှင့် ပတ်သက်သည့်အခါ ပို၍ သိသာပါသည်။ ခေတ်ဆန်၍ ကလေးတို့ကို နေရာတကာခွင့်ပြုလွယ်လောက်အောင် သဘောကောင်းသောမိဘများပင် သားသမီး တို့၏ လိင်ကိစ္စနှင့်ပတ်သက်လာလျှင် ရှေးဆန်ချင်သေးသည်။ ကလေးတို့

၏ ဘဝ၌ အဘက်ဘက်က ကာကွယ်စောင့်ရှောက်လိုသည်မှာ မိဘတို့၏ သဘာဝပင် ဖြစ်၏။ လိင်ကိစ္စနှင့်ပတ်သက်လျှင် ပို၍ပင် ကာကွယ်စောင့်ရှောက်လိုသေးသည်။ ကျွန်ုပ်တို့ပြုလုပ်သမျှသော ဆုံးဖြတ်ချက်များအနက် လိင်ဆိုင်ရာဆုံးဖြတ်ချက်များသည် အတွင်းရေးအကျဆုံးဖြစ်ပါသည်။ ထို့အပြင် လိင်ကိစ္စမှားယွင်းမှုများ သည်လည်း ဝေဒနာအပြင်းဆုံးဖြစ်သည်။ တကယ်တမ်းမှာ အသက် ပင် ပါသွားနိုင်သည်ဟု ဆိုလျှင် ချဲ့ထွင်ပြောဆိုသည် မဆိုသာပေ။

ဆယ်ကျော်သက်တို့၏ မျိုးပွားခြင်းဆိုင်ရာကိစ္စသည် ကလေး အတွက်ရော မိဘအတွက်ပါ မိုင်းဗုံးထောင်ထားသည့် လယ်ကွင်း ပမာဖြစ်သည်။ ကျွန်ုပ်တို့သည် ကလေးတို့၏ ကိုယ်ပိုင်ဆုံးဖြတ်ချက် ချမှုများအတွက် စိတ်ချလိုသည်။ သူတို့တစ်တွေ ဘေးကင်းရန်ကွာ လည်း ရှိစေချင်သည်။ ကျွန်ုပ်တို့က အကျိုဝတ်ဖို့ ကူညီခဲ့ရသော ၅ နှစ်သားအရွယ်သည် ယခုအခါ သူတို့ကိုယ်ပိုင်ကမ္ဘာ၊ သူတို့ ကိုယ်ပိုင် ဆုံးဖြတ်ချက်များနှင့် လိင်ဆိုင်ရာအရွယ်ရောက်ပြီးသည့် ၁၅ နှစ်ဖြစ် သောအခါ ကျွန်ုပ်တို့က သူတို့နှင့်အဆင်ပြေအောင် ဆက်ဆံဖို့ အခက်တွေ့ရသည်။

ထို့ကြောင့် စိတ်တွင်းစင်ကြယ်မှုခါးပတ် မြဲအောင် မည်သို့ ပျိုးထောင်မည်နည်း။ ဤမေးခွန်း၏အဖြေ တစ်စိတ်တစ်ဒေသမှာ သူတို့ကို စကားပြောရုံမျှဖြစ်သော်လည်း ဤသို့ပြောဆိုရမည့်ကိစ္စ အတွက် မိဘတိုင်း ကြက်သီးတဖျန်းဖျန်း ထတတ်ကြသည်။ သို့သော် သင်စိတ်မပူပါနှင့်။ သင်တစ်ဦးတည်းမဟုတ်ပါ။ နားထောင်ရသူ သင့်ကလေးတွေထက် ထိုစကား ပြောရသူ သင်က ပို၍ပင် စိတ်စနိုး စနောင့် ဖြစ်တတ်သည်မှာ တကယ်သဘာဝကျပါသည်။ တကယ် တမ်းမှာ မိဘတိုင်းပင် ကလေးကို မျိုးပွားခြင်းဆိုင်ရာပညာပေးရ မည်ကို မငံ့မရဲဖြစ်သည်။ ထို့ကြောင့် အချိန်ဆွဲ နှတ်နေသည့်အတွက် တကယ်ပြောဖြစ်သည့်အချိန်တွင် အချိန်နှောင်းကာ တိုယ်တိုနည်း

သည့် အဖြစ်ကို ကြုံတတ်ပါသည်။ သို့သော် ကျွန်ုပ်တို့ မည်မျှပင် ပြောရန် တွန့်သည်ဖြစ်စေ ကလေးတို့နှင့် ပတ်သက်၍ အကြိမ်ကြိမ် ပြုလုပ်ခဲ့သော ဆန္ဒခံယူပွဲများက သူတို့သည် သူတို့သူငယ်ချင်းများ၊ မဂ္ဂဇင်းများ၊ တီဗီသို့မဟုတ် ကျောင်းမှတစ်ဆင့် လိင်ကိစ္စအကြောင်းကို သိရခြင်းထက် မိဘများထံမှ ကနဦးသိလိုကြောင်း တွေ့ရှိဖော်ပြကြပေသည်။

ထို့ကြောင့် မည်မျှပင် ခက်ပါစေ၊ မိမိတို့နေအိမ်တွင် ဤအရေးကြီးလှသော အကြောင်းအရာကို ဆွေးနွေးဖို့ သင်ယူရန်နှင့် စောစောစီးစီးစတင်ဆောင်ရွက်ရန် သေရေးရှင်ရေးတမျှ အရေးကြီးပါသည်။ ရှောင်ကြဉ်ရန် အမှားကြီးသုံးရပ်ရှိ၏။

- **ကလေးတို့ကို ဘာမျှမပြောပြခြင်း။** ။ ကလေးတို့ကို မျိုးပွားခြင်းဆိုင်ရာကိစ္စနှင့်ပတ်သက်၍ ဘာတစ်ခွန်းမျှ မပြောသည့်အခါ မှန်သည်များသည်ကို အပထား၍ ဟိုဟိုသည်သည်က ကြားဖူးနားဝရှိသမျှနှင့် သူတို့စိတ်ကူးချင်ရာ စိတ်ကူးပြီး ကသောင်းကနင်းဖြစ်ကုန်နိုင်သည်။ ကျွန်ုပ်ကတော့ ကျွန်ုပ် ၁၀ နှစ်သားအရွယ် ကစားချိန်တစ်ချိန်မှာ သူငယ်ချင်း John Dean ပြောပြ၍ တကယ့်ဘဝဖြစ်ရပ်မှန်များကို ကြားသိခဲ့ရသည်။ ယင်းကိစ္စမှာ အလွန်ကြာညောင်းပြီဖြစ်သည်။ ယခုခေတ်တွင်မူ ၇ နှစ်၊ ၈ နှစ်ခန့်ကပင် ယင်းကိစ္စအကြောင်း မပြတ်ကြားဖူးကြလိမ့်မည်။ သို့သော် ပြဿနာမှာ သင်ကသာ ဝင်မပါလျှင် ထိုအရွယ်၌ သင့်ကလေးတို့ ကြားသမျှသည် တစ်ဝက်တစ်ပျက်အမှန်များနှင့် နားလည်လွဲမှုများ ရောထွေးနေနိုင်သည်။ ပို၍ဆိုးသည်မှာ အကျင့်စာရိတ္တအကြောင်း အရချည်းမပါဘဲ အဖြစ်အပျက်အကြောင်းတွေကိုသာ ကြားဖူးကြလိမ့်မည်။ ထို့ကြောင့် သင့်ကလေးသည်

ဖြစ်ရပ်မှန်များကို သင့်ထံမှဦးစွာကြားဖူးပါစေ။ ထိုအခါ သင့်အနေဖြင့် မျိုးပွားခြင်းဆိုင်ရာ ပညာပေး သည့်အခါ ရုပ်ပိုင်းဆိုင်ရာကိုသာမက စိတ်လှုပ်ရှားမှုပိုင်းနှင့် အကျင့်စာရိတ္တပိုင်းတို့ကိုပါ ထည့်သွင်းပြောကြားနိုင် ပါသည်။

- **သင့်ကလေးတို့ကို အရယ်ပိုပြင်များပြောခြင်း။** ။ယနေ့ နံနက်ကပင် ကျွန်ုပ်သည် ကိုယ်ဝန် ၄ လရှိသော မိခင်တစ်ဦးနှင့် စကားပြောဖြစ်သေးသည်။ သူ၏သုံးနှစ် အရွယ်သမီးငယ်က သူ့ကို အဘယ့်ကြောင့် တစ်နေ့ တခြားကြီး၍လာကြောင်း မေးသည်ဆို၏။ ကျွန်မ ဘယ်လိုပြောရမလဲ ဟု သူက မေးသည်။ ဤမေးခွန်းကို မိဘအများစုကလည်း ဖြေစေလိုသည်။ အကယ်၍ ကမ္ဘာ့လိပ်မကြီး၊ မြွေမင်းသား၊ ရွှေယုန်နှင့် ရွှေကျား ငှက်ကြီးဝန်ပိုပုံပြင် စသဖြင့် ရောက်တတ်ရာရာ လျှောက် ပြောလျှင် စိတ်ကသိကအောက်ဖြစ်မှုသည် ယာယီအား ဖြင့် ပြေလည်သွားမည် ဖြစ်သော်လည်း ရေရှည်တွင် စိတ်ရှုပ်ထွေးခြင်းနှင့် ယုံကြည်မှုမဲ့ခြင်းသာ အဖတ် တင်နေလိမ့်မည်။ သင့်ကလေးတို့ကို ၁၄ နှစ်ကြာမှ အမှန် ကို ဖွင့်ပြောမည်ဟူ၍ ဆိုင်းငံ့မထားသင့်ပေ။ ထိုအချိန် တွင် အတော်အတန်နောက်ကျသွားနိုင်ပါသည်။ သူတို့ လေးတွေမေးသည့် မေးခွန်းကို ရှောင်တိမ်းလိုးလွှဲ၍ ဖြေစရာမလိုပါ။ သူတို့သုံးလေးနှစ်အရွယ်ကတည်းက မေးလာသည့် မေးခွန်းများကို အလျဉ်းသင့်သလို ပြောကြားခြင်းအားဖြင့် ပညာပေးနိုင်ပါသည်။ သူတို့ ကြီးပြင်းလာချိန်၌ ပိုမိုနားလည်နိုင်ပါလိမ့်မည်။ ထိုအခါ ပို၍ပို၍ အသေးစိတ်ရှင်းပြနိုင်ပါသည်။

- **ကလေးတို့ကိုတုန့်ဝင်အောင်အသေးစိတ်ပြောပြခြင်း။** အကယ်၍ ၃ နှစ်ရွယ်ကလေးကို မျိုးပွားခြင်းဆိုင်ရာ ကိစ္စအကြောင်း အသေးစိတ်ပြောပြမည်ဆိုလျှင် ငှက်ကြီး ဝန်ပိုပုံပြင်ထက်ပင် ကလေးအတွက် အဓိပ္ပာယ်မဲ့ နေနိုင်သည်။ များပြားစုံလင်လှသော ဗဟုသုတအပေါင်းကို ကလေးက မည်သည့်နည်းနှင့်မျှ နားမလည်နိုင်ပေ။ ၆ နှစ်သားအရွယ် John က သူ့မိခင်ကို အမေ ကျွန်တော် ဘယ်ကလာတာလဲ ဟု မေးသည့်အခါ မိခင်သည် အတော်အသင့် ရှင်းပြချိန်ရောက်ပြီအထင်နှင့် သားအိမ်၊ သုတ်သွေး၊ ပဋိသန္ဓေစည်ပုံ၊ သန္ဓေဥ စသည်တို့ကို အပြည့်အစုံရှင်းပြလိုက်သည်။ နာရီဝက်ခန့် မိခင် ရှင်းပြပြီးချိန်တွင် John က ဟာ. . . အမေပြောတာ ရယ်စရာကြီးပဲ၊ ကျွန်တော့်သူငယ်ချင်း Peter က ပြော တော့ သူက အမိုက်တန်မြို့က လာတာတဲ့ ဟူ၍ တစ်ခွန်း တည်းသော မှတ်ချက်ကိုချလိုက်သည်။ ထို့ကြောင့် သင့်ကလေးများကို အမှန်တရားများပြောပြရန် လိုအပ် သည်မှန်သော်လည်း အလုံးစုံသောအမှန်တရားကို တစ်ထိုင်တည်းပြောလိုက်ရန် မလိုအပ်ပါ။ တစ်စစီ တစ်စစီပြောရန်သာ ဖြစ်ပါသည်။ Cornelia နှင့် ကျွန်ုပ် တို့သည် သားသမီးတို့ကို အချိန်သိအောင် သင်ပေးစဉ်က Einstein ပြောသကဲ့သို့ နက်နက်နဲနဲ ခဲရာခဲဆစ်များ မပြောခဲ့ပါ။ (ပြောပါဆိုလျှင်ပင် ကျွန်ုပ်သည်လည်း တစေ့တစောင်းသာ ကြားဖူးနားဝရှိ၍ ပြောတတ်မည် မဟုတ်ပါ။) ကျွန်ုပ်တို့ပြောပြကြသည်မှာ နာရီပေါ်မှ နံပါတ်များ၊ ထို့နောက် လက်တံတိုနှင့် လက်တံရှည်ကို ကြည့်တတ်ရန်ပင် ဖြစ်သည်။ ဤနည်းနှင့်နှင့်ပင် ကလေး

တို့ကို မျိုးပွားခြင်းဆိုင်ရာ ဗဟုသုတများ သင်ကြားပေးရာတွင် သူတို့နားလည်နိုင်သလောက် သင့်တော်သရွေ့ တဖြည်းဖြည်းရှင်းပြသွားရမည်သာ ဖြစ်သည်။ ၆ နှစ်အရွယ်ကို ကာမသုတ္တရကျမ်းကြီးတစ်ခုလုံး ရှင်းပြရမည်ဟူ၍လည်း မည်သည့်အခါမျှ စွဲမှတ်မထားပါနှင့်။ သင့်တော်သည့် အချိန်နှင့် အခြေအနေပေးလာသည့်အခါ သူ့အရွယ်နှင့်သူ တန်သလောက်ကို ပြောပြရန်သာ ဖြစ်ပါသည်။

ဤကိစ္စသည် တကယ်တမ်း စိတ်စနိုးစနောင့် ဖြစ်နိုင်သည်မှာ မှန်ပါသည်။ သို့သော် ကလေးတို့ဘဝတွင် အရေးကြီးသောကိစ္စများအနက် တစ်ခုဖြစ်သော ဤကိစ္စ နှင့်ပတ်သက်၍ ပြောပြရမည်မှာ သင့်တာဝန်သာ ဖြစ်သည်။ ဤတာဝန်ကို ကစားဖော် အချင်းချင်းပြောချင်ရာပြောနိုင်ရန် မျက်နှာလွှဲထားခြင်းထက် သင်ကိုယ်တိုင်ကြိုးစားပြောခြင်းက ပိုမိုကောင်းမွန်ပါလိမ့်မည်။ ကလေးတို့ငယ်စဉ်ကတည်းက ယင်းအဖြစ်မှန်များကို မှန်မှန်ကန်ကန်ပြောပြနိုင်လျှင် သူတို့ကြီးပြင်းလာသည့်အခါ ပို၍မှန်မှန်ကန်ကန် မြင်လာပါလိမ့်မည်။

တချို့မိဘများသည် ကလေးကိုငယ်ရွယ်စဉ်၌ မျိုးပွားခြင်းဆိုင်ရာကိစ္စများ ပြောပြလျှင် စောစောစီးစီးအိမ်ထောင်ကျရန်တွန်းအားပေးသကဲ့သို့ ရှိမည်ကို စိုးရိမ်ကြသည်။ သူတို့သည် ကလေးတို့၏ အပြစ်ကင်းစင်မှုကို ပျက်စီးမသွားစေလိုပါ။ သို့သော် အလုံးစုံသော အထောက်အထားတို့က ယင်းနှင့်ဆန့်ကျင့်ဘက်ကို ဖော်ပြပေသည်။ ကြိုတင်သတိပေးခြင်းသည် ကြိုတင်လက်နက်တပ်ဆင်ပေးခြင်းဖြစ်သည် ဆိုသကဲ့သို့ပင် ကောင်းရေသာသတင်းလုံလောက်စွာရှိခြင်းသည် ကလေး၏အချိန်မတန်ဘဲ လိင်ကိစ္စ၌ပါဝင်ပတ်သက်မှုကို ကြိုတင်ကာကွယ်ပေးလိမ့်မည်။ အမှန်မှာ

မသိနားမလည်မှုများ ကို ဖယ်ရှားပြီးသောအခါ အဖြစ်ကင်းစင်မှုကို ပိုမိုကာကွယ်ကောင်း ကာကွယ်နိုင်ပေမည်။ အဘယ့်ကြောင့်ဆိုသော် သင်၏ပွင့်လင်းမှုနှင့် နိုးသားဖြောင့်မတ်မှုကြောင့် သူတို့ဇဟုသုတ ပိုမိုကြွယ်ဝမည်။ ပိုမိုရင့်ကျက်မည်။ ထို့အပြင် တာဝန်ရှိရှိ ရွေးချယ်မှုများကို ပိုမိုပြုလုပ်နိုင်မည်။ သူတို့ခများများသည်လည်း ယခုအရွယ်မှ ကိုယ်တွေ့ကြုံရသော ပေါ်မှုန်းများနှင့် အလိုက်သင့်နေထိုင်ခြင်းမှာ မလွယ်ကူသည့်အပြင် ယခုကဲ့သို့ လမ်းညွှန်မှုမျိုးမပါလျှင် အခြေအနေအရပ်ရပ်နှင့် အလိုက်သင့်ညှိယူနေထိုင်ရန်မှာ သာ၍ပင် မလွယ်ကူဖြစ်ဦးမည်။

ဓနသဟာယနိုင်ငံများတွင် အသက် ၁၆ နှစ် မပြည့်သေးသူများအနက် နှစ်စဉ်ကိုယ်ဝန်ဆောင် ၈၀၀၀ ထဲမှ အများစုသည် ကလေးယူဖို့မဆိုထားဘိ။ လိင်မှုကိစ္စကျူးလွန်ရန် မည်သည့်အခါမျှ ဆန္ဒရှိခဲ့သည်မဟုတ်ပေ။ မိသားစုစီမံကိန်းအသင်း၏ အဆိုအရ သူတို့အများစုသည် ဘာရယ်လို့မဟုတ်ဘဲ ဒီလိုပဲပါသွားတာ ဟု ပြောခဲ့သည်။ ဆိုလိုသည်မှာ တကယ်စဉ်းစားဆုံးဖြတ်ပြီးမှ လိင်မှုကိစ္စပြုကြသည် မဟုတ်ပါ။ လူငယ်တို့သည် စိတ်မှန်နေချိန်တွင် အဘယ့်ကြောင့် ဤသို့လိင်မှုကိစ္စ ကျူးလွန်ကြသနည်း။ အဓိကအကြောင်းမှာ သူတို့ မည်သို့ငြင်းဆန်ရမှန်း မသိခြင်းကြောင့် ဖြစ်ကြောင်း သူတို့ဖြေကြားချက်များအရ သိရှိရပါသည်။

ထို့အပြင် လူကြီးအများစုကဲ့သို့ပင် လူငယ်အများစုသည် သူတို့ကိုလက်ခံ၍ ချစ်ရန် သဲကြီးမဲကြီးလိုအပ်သည်။ တကယ်မှာ ၈၀ ရာခိုင်နှုန်းသော ဆယ်ကျော်သက် တို့သည် သူတို့ပုံသဏ္ဌာန်ကို သူတို့မနှစ်သက်၍ စိတ်မပျော်ပါ။ သူတို့၏ နှာခေါင်း၊ ဆံပင်၊ အရပ်အမောင်း၊ ကိုယ်အလေးချိန်၊ သူတို့တစ်ဆင်သောမျက်မှန်၊ တစ်ခါတစ်ရံ တစ်ကိုယ်လုံးကို သူတို့ဘာသာအကြိုက်တွေ့သည် မဟုတ်ပေ။ ဤသို့သောအခါ သူတို့ကိုလှသည်၊ အဖိုးတန်သည်ဟု

မြှောက်ပင့်နှစ်သိမ့်မှုတစ်မျိုးမျိုးကို ကသုတ်ကရက် ရှာဖွေကြသည်။ အဓိပ္ပာယ်မှာ ဤသို့ဖြစ်ကြရခြင်းသည် တကယ်တမ်းချစ်မိ ကြိုက်မိ၍ မဟုတ်ဘဲ အချစ်ခံလိုသောဆန္ဒကြောင့် ပို၍ဖြစ်ပုံရပေသည်။ မကြာသေးမီက ပြုလုပ်ထားသော သုတေသနများတွင် တည်ငြိမ်သော၊ စိတ်လုံခြုံသော၊ မိမိကိုယ်ကို ယုံကြည်မှုရှိသော ဆယ်ကျော်သက်တို့သည် စိတ်လုံခြုံမှုမဲ့သော သက်တူရွယ်တူတို့ထက် လိင်ဆိုင်ရာကျူးလွန်မှု ပို၍နည်းပါးကြောင်း ဖော်ပြထားပေသည်။

မျိုးပွားခြင်းဆိုင်ရာ သတင်းနှင့်ပညာသည် အသက်သွေးကြောတမျှ အရေးကြီးပါ၏။ သို့တစေ ယင်းတို့ရှိရုံသက်သက်နှင့် မလုံလောက်သေးပါ။ အနေးနှင့်အမြန်ဆိုသကဲ့သို့ သင့်ကလေးတို့သည် မည်သည့်အချိန် မည်သည့်နေရာ၌ မည်သူနှင့်ဆက်ဆံမည်ဟူသော ကိုယ်ပိုင်ဆုံးဖြတ်ချက်များ ချမှတ်လိမ့်မည်။ အကယ်၍ ယင်းဆုံးဖြတ်ချက်များအကြောင်းကို သင်သိချင်သည်၊ သူတို့ကိုလည်း တာဝန်သိစွာဆုံးဖြတ်စေချင်သည်ဆိုလျှင် သူတို့ကိုယ်သူတို့ စိတ်အေးချမ်းသာရှိကာ ဤကိစ္စနှင့်စပ်လျဉ်း၍ ကောင်းစွာပညာရပြီးဖြစ်အောင် သင်ကူညီနိုင်ပါသည်။ ဤသို့မှမဟုတ်လျှင် သူတို့သည် စိတ်လှုပ်ရှားမှုဆိုင်ရာ ကသောင်းကနင်းဖြစ်မှု၏ သားကောင်ပင် ဖြစ်ရပါလိမ့်ဦးမည်။

'အဖေ၊ အခုကျွန်တော် ၁၄ နှစ်ရှိပြီမို့ ပိုးမြွေအိပ်ရှည်နဲ့ တရားစီးယာဝတ်နိုင်ပြီလား။' 'မဖြစ်ဘူး Derek မင်းဝတ်လို့မရဘူး။'

Anonymous

ယုံကြည်အားထားမှုက ယုံကြည်အားထားလောက်သူဖြစ်အောင် မွေးမြူပေးသည်။

သင်သည် သင့်ကလေးတို့ကို တစ်ဆင့်ထက်တစ်ဆင့်ကြီးလေးသော တာဝန်များနှင့် ယင်းနှင့်အတူ ဆက်စပ်ပါရှိသော လွတ်လပ်ခွင့်များ ပေးရန် တဖြည်းဖြည်းဆန္ဒရှိလာသည့်အလျှောက် ကလေးတို့၏ မိမိကိုယ်ကို ယုံကြည်မှုနှင့် မိမိကိုယ်ကို စည်းကမ်းထိန်းမှုတို့ သည်လည်း ဖွံ့ဖြိုးလာသည်။ ယင်းသည် မိဘတို့က သားသမီးတို့ကို မင်းတို့ကို ယုံကြည်အားထားပါတယ်ဟူ၍ အကောင်းဆုံးပြောနည်း ဖြစ်ပါသည်။ ဤသို့မပြုလျှင် သင့် ကလေးက မိမိသည် ယုံကြည် အားထားလောက်သူ ဖြစ်သည်ဟူ၍ မည်သည့်အခါမျှ ခံစားရမည် မဟုတ်။ ထိုအခါ သူတို့သည်လည်း မည်သည့်အခါမျှ ယုံကြည် အားထားလောက်သူ များ ဖြစ်လာမည် မဟုတ်ပေ။

Peter နှင့် Janice သည် သူတို့၏ ၇ နှစ်နှင့် ၉ နှစ်သမီး နှစ်ယောက်ကို ကျောင်းသို့ သူတို့ဘာသာ သူတို့ ပထမဆုံး လမ်းလျှောက်နိုင်းသည့်အကြောင်း ကျွန်ုပ်ကို မကြာသေးမီက ပြောပြသည်။ Janice သည် သူ့သမီးနှစ်ယောက်ကို လွှတ်သာလွှတ် လိုက်သည်၊ စိတ်မချသည့်အတွက် အမေ သမီးတို့နောက်က လိုက်ကြည့်မယ် ဟု ပြောလိုက်သည်။ ထိုအခါ ကလေးတို့သည် နောက်တွင် အမေပါလာကြောင်းသိ၍ သူတို့၌ မည်သို့မျှ အန္တရာယ် မရှိဟုယုံကြည်ကာ မည်သည့်အရာကိုမျှ အလေးအနက်မထား တော့ပေ။ လမ်းဖြတ်ကူးခါနီး၌ အမေပါသားပဲဟု ခပ်ပေါ့ပေါ့ကူး လိုက်ရာ ကံကောင်းထောက်မ၍သာ ကိုယ်ကျိုးမနည်းခဲ့ခြင်းဖြစ်၏။ သို့သော် Janice တို့သည် သူတို့၏ စမ်းသပ်မှုတစ်ခုလုံးကို လက်မြှောက်လိုက်မည့်အစား အစီအစဉ် အနည်းငယ်ပြောင်း၍ စမ်းသပ်ကြည့်ပြန်သည်။ နောက်တစ်နေ့တွင် Janice သည် သမီး နှစ်ယောက်ကို ဒီနေ့တော့ ကျောင်းကို အမေလိုက်မပို့တော့ဘူး။

သမီးတို့ညီအစ်မ နှစ်ယောက် ထိုထိုအဘသာကိုယ်သွားကြပေတော့ ပြောလိုက်သည်။ သို့သော် Janice သည် သမီးတို့မသိအောင် နောက်ကတိတ်တခိုးလိုက်ကြည့်သေး၏။ သူတို့အမေ လိုက်မပို့ဟူသော အထင်နှင့် ညီအစ်မနှစ်ယောက်သည် ယမန်နေ့ကနှင့်မတူ တစ်မူထူးခြားနေတော့သည်။ တစ်ယောက်လက်ကိုတစ်ယောက် နိုင်နိုင်မြဲမြဲတွဲထား၍ သတိထားလမ်းလျှောက်ကြသည်။ ရပ်ရ၊ ကြည့်ရ၊ နားထောင်ရမည့် နေရာများတွင် ရပ်၊ ကြည့်၊ နားထောင်သည်။ မိမိကိုယ်ကို ကြည့်ရှုစောင့်ရှောက်ရမည့် တာဝန်များ ပေးအပ်ပြီးနောက် ကလေးတို့သည် သတိကြီးစွာထား၍ တာဝန်ရှိရှိ ပြုမူကြတော့သည်။

**'ဖခင်တစ်ဦးသည် သတောသဘာဝအားဖြင့် ဘထော် လုပ်ငန်းရှင်ကြီးတစ်ဦးကဲ့သို့ဖြစ်သည်။'**

**Anonymous**

**ကလေးအားလုံးသည်တစ်ဆိုက်တည်းနှင့်မတော်နိုင်သောကြောင့် သူတို့ကိုတစ်ဦးချင်းအနေဖြင့်သာထိန်းကျောင်းပါ။**

ကလေးတို့ကို မည်သည့်အချိန်၊ မည်သည့်နှုန်းနှင့် ဖုံကြည်အားထားကာ လွှတ်လပ်ခွင့်ပေး၍ လက်လွှတ်လိုက်ရမည်နည်းဆိုသည်မှာ ပဓာနမေးခွန်းကြီးတစ်ရပ် ဖြစ်ပါသည်။ ဤသည်မှာ တစ်နည်းအားဖြင့် သင့်ကလေးကို စက်ဘီးစီးသင်ပေးသကဲ့သို့ ဖြစ်သည်။ သူတို့ စက်ဘီးပေါ် ထိုင်၍ အစမ်းလေ့ကျင့်စဉ် သင်ကလည်း စက်ဘီးကိုကိုင်လျက် နံဘေးမှအတူ အပြေးလိုက်ခဲ့ရသည်မဟုတ်ပါလော။ ထို့နောက် သူတို့ကိုယ်သူတို့ စိတ်ချလာပြီဆိုသည့်အချိန်တွင် သင်က တစ်စက္ကန့်၊ နှစ်စက္ကန့်မျှ အစမ်းသဘော လွှတ်ကြည့်လိုက်သည်။ ဤနည်းအားဖြင့် သူတို့ ခရီးလှမ်းလှမ်းရောက်အောင်

အနည်းငယ်စီးတတ်လာသည့်အခါ ပို၍ အချိန်ကြာကြာလွှတ်ကြည့်သော်လည်း စက်ဘီးလဲကျမည်စိုး၍ နံဘေးက ပြေးနေဆဲပင် ဖြစ်သည်။ သို့တစေ ကလေးတစ်ဦးချင်း၌ ထူးခြားသော ဝိသေသများရှိ၍ ကလေးကို လက်လွှတ်ကြသည့်အချိန်သည်လည်း အမြဲတစေခြားနားနေပါသည်။ ဥပမာ ကျွန်ုပ်၏ ပထမသမီးဖြစ်သူ Emily ကို စက်ဘီးစီးသင်စဉ်က ၁၀ မိနစ်အကြာတွင် အပြတ်စီးတတ်သွားသည်။ သို့သော် သားကြီး Daniel မှာမူ ရက်သတ္တပတ်တော်တော်များများကြာမှ သူ့အစ်မကဲ့သို့ စီးတတ်သည်။

စက်ဘီးစီးသင်သကဲ့သို့ပင် သင့်ကလေးများကို မည်သည့်အချိန်များတွင်လက်လွှတ်၍ တာဝန်နှင့် လွတ်လပ်ခွင့်ပေးရမည်ဟူသည့် နိုင်ငံတကာက လက်ခံနိုင်လောက်သော စံချိန်စံညွှန်းတစ်ခုကို ယတိပြတ်သတ်မှတ်ထားရန် မဖြစ်နိုင်ပေ။ ကလေးတစ်ဦးချင်းအည် ချစ်ခြင်းမေတ္တာ၊ လွတ်လပ်မှု၊ စည်းကမ်းနှင့် သင်ကြားပြသမှုတို့ကို ခံယူပုံ တစ်မျိုးစီဖြစ်၏။ တချို့က ကျန်တချို့ထက် လမ်းညွှန်မှုပိုမိုလိုအပ်သည်။ ထို့ကြောင့် တစ်ဦးချင်းလိုအပ်ချက်နှင့်အညီ ဆက်ဆံခြင်းသည် ကလေးတို့အားလုံးကို တစ်ပြေးညီဆက်ဆံခြင်းနှင့် မတူပေ။ ဥပမာ ကျွန်ုပ်တို့နေအိမ်၌ ကလေးတို့သည် သူတို့အိပ်ချိန်ကို သူတို့ဘာသာ သူတို့စိတ်တိုင်းကျ သတ်မှတ်သည်။ သမီးတို့သည် အချိန်တန်လျှင် အမြဲအိပ်ရာဝင်ကြသည်။ သားတို့သည်ကား မည်သည့်အခါမျှ သူတို့ဆန္ဒနှင့် သူတို့အိပ်ရာမဝင်။ သူတို့နှစ်ဦးစလုံးသည် နောက်တစ်နေ့နံနက်တွင် အိပ်ရာထ နောက်ကျ၊ မောပန်း၊ တောင့်တင်း၍ ညည်းခန်းထဲမှ တီဗီရှေ့မှာပင် ရှိနေသေးသည်။ ဤသည်မှာ သူတို့အသက်အရွယ်နှင့် လားလားမျှ မဆိုင်။ သူတို့၏ စရိုက်များနှင့်သာ ဆိုင်ပေသည်။ ပြုလုပ်ရ မပြုလုပ်ရ စာရင်းနှင့် ကလေးကို လက်လွှတ်လိုက်ရမည့် အချိန်ဇယားကို ရှာဖွေနေသောမိဘတို့သည် အကယ်၍ ယင်းကဲ့သို့သော စာရင်း

ဖယား များရှိနေသည်ဆိုလျှင်ပင် အခက်အခဲကြီးမားဦးမည်။ သင်သည် သင့်ကလေးတို့ကို မည်သည့်အချိန်တွင် ကြပ်ကြပ်မတ်မတ်ထိန်း၍ မည်သည့်အချိန်တွင် လွှတ်ပေးရမည်ဖြစ်ကြောင်းသိရှိရန် ကလေး တစ်ဦးချင်းကို ကောင်းစွာနားလည်ဖို့ အချိန်ယူလေ့လာရပါလိမ့် မည်။ ဤနည်းလမ်းမှအပ အခြားနည်းလမ်းမရှိပေ။ ဤသို့မှု မပြုလျှင် သင်သည် သူတို့ကို သင်လိုရာ ပုံသွင်းနိုင်ဖို့ဝေးစွ။ သူတို့ အပြုအမူကို အပြုသဘောမဆန်စွာတုံ့ပြန်ရင်းနှင့်ပင် ဇာတ်သိမ်းမလှ ဖြစ်ရပါလိမ့်ဦးမည်။

> **သင်သည်လေးကိုင်းသဖွယ်ဖြစ်၍ သင့်ကလေးများကား ယင်းလေးကိုင်းမှ လွှတ်ထုတ်လိုက်သော သက်ရှိမြားများ ဖြစ်ပါသည်။**
>
> Kahlil Gibran, The Prophet

**ကိုယ်စားတာဝန်ပေးအပ်ခြင်းသည် မိဘကောင်းတို့၏ပြုစုပျိုးထောင်မှု အနုပညာဖြစ်၏။**

ကိုယ်စားတာဝန်ပေးအပ်ခြင်း အနုပညာသည် တင်းကျပ်သော စည်းမျဉ်းစည်းကမ်းတစ်စုံမှ ပို၍ပို၍ ဒီဂရီကြီးမားသော ယုံကြည် အားထားမှုနှင့် တာဝန်ရှိမှုဆီသို့ မည်သည့်အချိန်၌ မည်သို့ ရွေ့လျား ရမည်ဖြစ်ကြောင်းသိသော အနုပညာပင်ဖြစ်သည်။ ထို့ကြောင့် သင်သည် ကလေးတို့ကို ပိုမိုကောင်းမွန်စွာ သိနားလည်လေလေ၊ ဤကိစ္စကို မည်သည့် အချိန်၌ မည်သို့ပြုလုပ်သင့်ကြောင်း ဆုံးဖြတ် ချက်များကို ပိုမိုချမှတ်နိုင်လေလေ ဖြစ်သည်။ ကြီးမားလွန်းသော တာဝန်ကို တစ်မုဟုတ်ချင်းပေးလျှင် မနိုင်မနင်းဖြစ်နိုင်သကဲ့သို့ အနည်းအကျဉ်းမျှသော တာဝန်ကိုသာပေးပါက သူတို့ကိုယုံကြည် အားထားမှု မရှိဟူ၍ ထင်မှတ်ဦးမည်။

အိတ်ဆောင်မုန့်ဖိုးပေးခြင်းသည် ကိုယ်စားတာဝန်ပေးအပ်ခြင်း၏ ဥပမာကောင်း တစ်ရပ်ပင် ဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် သင့်ကလေးတို့ လိုအပ်သည်တို့ကို သူတို့ဘာသာဝယ်ယူရန်အတွက် တာဝန်အချို့ကို ပေးခွင့်ရသည်။ ဤသို့ပြုခြင်းအားဖြင့် သူတို့ငွေကြေးကို ချင့်ချိန်သုံးစွဲတတ်အောင်နှင့် ကြီးပြင်းလာသောအခါ ငွေကြေးကိုယ်တွယ်မှုကျွမ်းကျင်အောင် စတင်သင်ကြားပေးနိုင်ပါသည်။ ထို့အပြင် ဆယ်ကျော်သက်ကလေးတို့အတွက် ကန့်သတ်ဘတ်ဂျက်ပေး၍ သူတို့အဝတ်အစားကို ကိုယ်တိုင်ရွေးချယ်ဝယ်ယူစေခြင်းသည် သင်၏ယုံကြည်အားထားမှုကို ထပ်မံဖော်ပြနိုင်ပြီး သူတို့၏ ငွေကြေးကိုင်တွယ်မှု လိမ္မာရေးခြားရှိရေးအတွက် သင်ယူရာတွင် ကူညီရာရောက်ပါသည်။

ကိုယ်စားတာဝန်ပေးအပ်ခြင်းဆိုသည်မှာ တာဝန်ယူမှုကို **ကိုယ်လွှတ်ရုန်း၊ လွှဲပြောင်းပေးခြင်းမဟုတ်ပါ**။ အချို့သူများက ဤသို့ထင်မြင်သော်လည်း ဤကဲ့သို့ သူတစ်ပါးအပေါ် တာဝန်ပုံချလိုက်ခြင်း မဟုတ်ပါ။ ကျွန်ုပ်သည် လူမှုရေးအဖွဲ့အစည်းတစ်ခု၏ ဒါရိုက်တာအလုပ်ကိုလုပ်ရရာ သူတစ်ပါးကို တာဝန်ပေးအပ်ဆောင်ရွက်စေသော လုပ်ငန်းမြောက်မြားစွာ ရှိပါသည်။ သို့တစေ ယင်းမှာ ကျွန်ုပ်တွင် လုံးဝတာဝန်မရှိဟူသည့် အဓိပ္ပာယ်မဆောင်ပါ။ အလုပ်ကို တာဝန်ပေးအပ်လုပ်ကိုင်စေသော်လည်း နောက်ပိုင်းမှ ကျောထောက်နောက်ခံပြု၍ သူတို့လိုအပ်သောပံ့ပိုးမှုနှင့် လမ်းညွှန်မှုတို့ကို ပြုလုပ်ပါသည်။ အကယ်၍ တစ်စုံတစ်ရာလွဲမှားချွတ်ချော်မှုရှိခဲ့သော် တာဝန်ပေးအပ်ခြင်းခံရသူ၏ အပြစ်ဖြစ်သကဲ့သို့ တာဝန်ပေးသူကျွန်ုပ်၏အပြစ်လည်း ဖြစ်ပါသည်။ ကိုယ်စားတာဝန်ပေးအပ်ခြင်းသည် **တာဝန်ကို မျှဝေခံယူခြင်းသာ** ဖြစ်သည်။ သူ တစ်ပါးအပေါ်ကို ပုံချခြင်းမဟုတ်ပါပေ။ ထို **ကိုယ်စားတာဝန်ယူသူများ**သည် အသေးစိတ်များအတွက် တာဝန်ရှိသည်။ သို့သော် တာဝန်ပေးအပ်သူသည်

လည်း သူတို့အတွက် တာဝန်ရှိသည်။ အကယ်၍ သူတို့အနေဖြင့် မစီမံတတ်နိုင်လောက်အောင် တာဝန်က ကြီးမားလွန်းသည် သို့မဟုတ် သူတို့ကိုစိတ်ပါလက်ပါ မဆောင်ရွက်စေနိုင်လောက်အောင်တာဝန်က အသေးအဖွဲမျှဖြစ်သည်ဆိုလျှင် သင်၏ ကိုယ်စားတာဝန်ပေးအပ်ခြင်းသည် အောင်မြင်ပါ၏လော မေးဖွယ်ရှိပေသည်။

ထို့ကြောင့် မိဘတစ်ဦးသည် ကလေးတို့ကို ကိုယ်စားတာဝန်လွှဲအပ်သမျှအရာအားလုံးအတွက် နောက်ဆုံးအနေဖြင့် တာဝန်ရှိနေသေးသည်သာဖြစ်ရာ သူတို့မည်သည့်အခြေအနေတွင်ရှိကြောင်း စစ်ဆေးရပေမည်။ အကယ်၍ အဆင်မပြေမှုများရှိသည့်အခါ သူတို့ကို အပြစ်တင်၍ ပြုလုပ်ဖွယ်အားလုံးကို လက်မြောက်ဘေးချိတ်လိုက်မည့်အစား လုပ်နည်းလုပ်ဟန်ကို ပေးအပ်ထားသောတာဝန်နှင့် လျော်ညီအောင် အနည်းငယ်မျှပြောင်းလဲပစ်တန်ပြောင်းလဲပစ်ရလိမ့်မည်။

ကိုယ်စားတာဝန်ပေးအပ်ခြင်းသည် အလွန့်အလွန်လိုဘမပြည့်စရာ ဖြစ်တတ်ပါသည်။ တစ်စုံတစ်ယောက်ကို တစ်ခုခုပြုလုပ်ရန် သင်ပေးစဉ်တွင် အခက်အခဲအနည်းအကျဉ်း ရှိတတ်ပါသည်။ ဤသို့သောအခြေအနေတွင် ကိုယ့်ဘာသာဆောင်ရွက်လိုက်သည်ကမှ ကောင်းသေးသည်ဟု စိတ်ကူးပေါက်၍ ကိုယ်စားလွှဲအပ်လုပ်ကိုင်စေလိုစိတ်ကို ပြန်လည်ရုပ်သိမ်းရမည့်ကဲ့သို့ ခံစားရသည်။ သို့သော် လူတစ်ယောက်ကို ယခုပင် ယုံကြည်စိတ်ချ၍ ကိုယ်စားတာဝန်ပေးအပ်၊ ယခုပင် ပြန်လည်ရုပ်သိမ်းရမည့် အလုပ်သည် မင်းတို့ကို စိတ်မချ၍ဟူသော အဓိပ္ပာယ်ဆောင်နေသည်။ ယင်း၏အကျိုးဆက်သည် သင်စတင်လွှဲအပ်သည်ကထက် ပိုမိုဆိုးဝါးလိမ့်မည်။

ထို့ကြောင့် သင့်ကလေးကို သင်နားလည်၍ သူတို့တာဝန်ယူနိုင်မှုအဆင့်နှင့် သင့်တော်သည်ကို ကိုယ်စားတာဝန်ပေးအပ်ရန်၊

ပြဿနာများမလွဲမသွေပေါ် လာသောအခါ စိတ်အေးဆေးတည်ငြိမ်ရန်၊ သူတို့ မှန်ကန်သည့်လုပ်ရပ်ကို ထောက်ပြအားပေးရန်နှင့် ထို့နောက် သူတို့မအောင်မြင်သည့်အခါလည်း နောက်ထပ်ကြိုးစားအောင် တိုက်တွန်းနိုင်ရန်မှာ အရေးကြီးပါ၏။ ဤနည်းအားဖြင့် သူတို့က သင်၏ ယုံကြည်အားထားခြင်းခံရကြောင်း ခံစားရသည့်အတွက် မိမိကိုယ်ကို ယုံကြည်မှုနှင့် ကျွမ်းကျင်မှုများ တဖြည်းဖြည်း တိုးတက်လာပေသည်။

သင်သည် သင့်ကလေးတို့၏ အနီးတွင် အမြဲတစေရှိနေနိုင်မည် မဟုတ်ပါ။ သင်က သူတို့ကိုအသင့်ဖြစ်အောင် ကူညီခဲ့သည်ဖြစ်စေ၊ မကူညီခဲ့သည်ဖြစ်စေ သူတို့သည် တစ်နေ့ကျလျှင် အိမ်မှထွက်ခွာလိမ့်မည်။ ထို့ကြောင့် ဖြင်ဆင်မှုသည် သော့ချက်ဖြစ်ပါသည်။ သူတို့ကိုအသင့်ပြင်ပြီး အနေအထားသို့ရောက်အောင် ကူညီရမည့်အခွင့်အရေးကို ယနေ့ပင် မိမိရရဆုပ်ကိုင်သင့်တော့သည်။

**သတိပြုရန်**

- သင့်ကလေးများသည် အချိန်တန်လျှင် အသိုက်အမြုံမှ ပျံသန်းထွက်ခွာသွားတော့မည်။ ယင်းသည် မွေးရာပါ ဇာတိစိတ်လည်းဖြစ်၍ ကောင်းလည်း ကောင်းပါသည်။
- လွတ်လပ်မှုအတွက် သူတို့ကို သင်က ပြင်ဆင်မပေးလျှင် မည်သူက ပြင်ဆင်ပေးမည်နည်း။
- သင့်ကလေးများကို စောင့်ရှောက်မှုလွန်ကဲလျှင် သူတို့ ဘာသာသူတို့ မည်သည့်အခါမျှ အဆင်ပြေပြေနေထိုင်တတ်မည် မဟုတ်တော့ပါ။
- မိမိကိုယ်ကို အလေးအမြတ်ထားမှုသည် လိင်ကိစ္စနှင့် အခြားကိစ္စများတွင် မှန်ကန်သော ရွေးချယ်မှုများ ပြုလုပ်ရန်အတွက် ပဓာနသော့ချက် ဖြစ်ပါသည်။
- သင်က ကလေးတို့ကို ယုံကြည်စိတ်ချမှုရှိမှ သူတို့သည်လည်း ယုံကြည်ထိုက်သူများ ဖြစ်လာပါလိမ့်မည်။
- များပြားလွန်းသောတာဝန်သည် ကလေးကို ကြေမွစေမည်ဖြစ်သကဲ့သို့ နည်းပါးလွန်းသောတာဝန်သည်လည်း ရင့်ကျက်မှုကို အဟန့်အတား ဖြစ်စေလိမ့်မည်။
- ကလေးတို့သည် တစ်ဦးနှင့်တစ်ဦးခြားနားပါ၏။ သူတို့ကို လက်လွှတ်ရမည့်အချိန်နှင့် ပတ်သက်၍ နိုင်ငံတကာသုံးပုံသေနည်းမရှိပါ။
- ကိုယ်စားတာဝန်ပေးအပ်ခြင်းသည် မိဘ၏ ရင်သွေးပြုစုပျိုးထောင်ခြင်း အနုပညာ ဖြစ်သည်။ ကလေးတို့ကို ကိုယ့်ခြေပေါ် ကိုယ်ရပ်နိုင်အောင် မြှောက်ပေးခြင်း ဖြစ်သည်။

**သော့ချက်စကားများ**

**သင်သည် ကလေးတို့ကို ယုံကြည်စိတ်ချကြောင်း ထနေ့ဝင်သတ်သေချ ထိုထိပါ။**

**ထပ်ပြောက်အောင်မြင်နည်း**

- သင့်ကလေးကို မည်သည့်တာဝန်များ ပေးနိုင်ကြောင်း စဉ်းစားပါ။
- ယင်းတာဝန်နှင့်စပ်လျဉ်း၍ သူတို့ကို မည်သို့ ပံ့ပိုးရမည်ဖြစ်ကြောင်း စီစဉ်ပါ။ သို့သော် ယင်းတာဝန်ကို မည်သည့်အခါမျှ မရုပ်သိမ်းပါနှင့်။
- သူတို့ တာဝန်သိစွာပြုမူသည့်အခါ ချီးမွမ်းပါ။
- ကလေးတို့၏ ဘဝတွင် အရေးကြီးဆုံးသော ဆုံးဖြတ်ချက်များအကြောင်းကို သူတို့နှင့် စကားစမြည်ပြောဆို ဆွေးနွေးပါ။

■

တစ်ကြိမ် - ၁၀
ညဏ်အမြော်အမြင် ရှိပါစေ

## သင့်ကလေးတို့ကိုမပြောသင့်သောစကားကြီး ၁၀ခွန်းနှင့် ပြောသင့်သောစကားကြီး ၁၀ခွန်း

'အခမ့ကိစ္စ အများသော။'

Lorraine Ingham

**တုတ်ချောင်းနှင့် ကျောက်တုံး**

တုတ်ချောင်းနှင့် ကျောက်တုံးသည် ကျွန်ုပ်ကို အရိုးကျိုးအောင် ပြုကောင်းပြုနိုင်ပါလိမ့်မည်။ သို့သော် စကားလုံးများကတော့ ကျွန်ုပ်ကို မည်သည့်အခါမျှ နာကျင်အောင် ပြုလုပ်နိုင်လိမ့်မည် မဟုတ်ပါ ဟူသော သိုးဆောင်းဆိုရိုးစကားသည် မတိကျဆုံးသော ဆိုရိုးစကားသာ ဖြစ်လိမ့်မည်။ အမှန်မှာ ဤသို့မဟုတ်ပါ။ တုတ်ချောင်းနှင့် ကျောက်တုံးက နာကျင်ထိခိုက်စေနိုင်သည်မှာ မှန်ပါသည်။ သို့သော် ထိုအနာများကျက်ပြီးသည့်တိုင်အောင် စိတ်လှုပ်ရှားမှု ဒဏ်ရာများ စွဲမြဲကျန်ရှိနိုင်သေးသည်။ စကားလုံးများသည်

အကောင်း သို့မဟုတ် အဆိုး၊ အပြုသဘော သို့မဟုတ် အဖျက်သဘောအတွက် အလွန်အစွမ်းထက်၏။ ကျွန်ုပ်တို့သည် ယင်းတို့ကို စကားစစ်ထိုးဖို့ လက်နက်အဖြစ်သော်လည်းကောင်း၊ အနာကျက်ရန် ကုစားနည်းအဖြစ်သော်လည်းကောင်း အသုံးပြုနိုင်ပါသည်။ ထို့ကြောင့် ကျွန်ုပ်တို့နှုတ်ဖျားမှ လွှတ်ထွက်လာသော စကားလုံးများ၏ ဆိုးကျိုးအာနိသင် လျော့နည်းအောင်၊ တစ်ချိန်တည်းမှာပင် ဤစာအုပ်ထဲမှာ ကျွန်ုပ်တို့ ကြည့်ရှုခဲ့သောမှုများကို အားဖြည့်ပြောဆိုတတ်သည့် အလေ့အထတစ်ခု ပျိုးထောင်တတ်အောင် အထူးကြိုးပမ်းကြရမည်သာ ဖြစ်ပါသည်။ ဤအခန်းတွင် ရှောင်ရန် ဆောင်ရန်များတင်ပြပါမည်။ သင့်ကလေးတို့ကို အဆိုးဆုံးပြောနိုင်သောစကားကြီး ၁၀ ခွန်းကို ရှောင်ရန်နှင့် အကောင်းဆုံးပြောနိုင်သောစကားကြီး ၁၀ ခွန်းကို ဆောင်ရန် ဖြစ်ပါသည်။

ကလေးတိုင်းသည် သူ့မိဘများကို ရူးမတတ်ဖြစ်အောင် ဖန်တီးနိုင်သော မွေးရာပါအရည်အချင်း ရှိပေသည်။ ထို့ကြောင့်ပင် ကျွန်ုပ်တို့သည် တကယ့်ဆန္ဒမပါသော်လည်း ပါးစပ်မှထွက်ချင်ရာကို တရေဟောထွက်ပြီးမှ ပြောမိသည်ကို နောင်တရတတ်ကြသည်။ တစ်ခါတစ်ရံ နှုတ်ဖျားက ကုန်စင်အောင် ပြောမဆုံးမီပင် နောင်တရ မိသေးသည်။

ကျွန်ုပ်တို့အားလုံးသည် နောင်အခါ စိတ်မကောင်းဖြစ်ရသည့် စကားများကို ပြောတတ်ကြသည်။ ကြွမ်းကျွံလျှင် နုတ်၍ရသည်၊ စကားလွန်လျှင် နုတ်၍မရ ဟူသော မြန်မာဆိုရိုးစကားကဲ့သို့ ဖြစ်ပေသည်။ သို့တစေ ကျွန်ုပ်တို့ ကံကောင်းသေးသည်မှာ ကျွန်ုပ်တို့ မဆင်မခြင်ပြောဆိုမိသော မှတ်ချက်တို့သည် ကလေးတို့ကို သေတစ်ပန်သက်တစ်ဆုံး ထိခိုက်စေသည်တော့မဟုတ်ပါ။ သို့သော်အလားတူမှန်သည်မှာ အကယ်၍ ဤသို့သောမှတ်ချက်များကို ဝသီပါ၍

တစ်သက်စာပြောဆိုနေမည်ဆိုလျှင် ကလေးတွေကို လေးနက်စွာ နာကျင်ထိခိုက်စေမည့် တကယ့်အန္တရာယ် ရှိနေပါလိမ့်မည်။

ကျွန်ုပ်တို့သည် စိတ်ဆိုးသောကြောင့် သို့မဟုတ် လိုအင်ဆန္ဒ မပြည့်ဝသောကြောင့် သူတစ်ပါး စိတ်ထိခိုက်နာကျင်အောင် မှတ်ချက်များ ချတတ်၏။ တကယ့် စေတနာမပါဘဲ အများအား ဖြင့်ပြောမိသော်လည်း ကျွန်ုပ်တို့၏ ခါးသီးသောစကားလုံးများက ဆိုးဆိုးရွားရွား ထိခိုက်စေနိုင်ပါသည်။ ကလေးတို့ မိမိကိုယ်ကို ယုံကြည်အားထားမှုများပျက်စီး၍ သိမ်ငယ်စိတ်များဝင်ကာ စိတ်စနိုးစနောင့်ဖြစ်မှုများကိုသာ ခံစားနိုင်ပါတော့မည်။

**'ငယ်စဉ်ကမိမိဖခင်ကိုအလွန်တုံးနိုင်ရန်ကောဟူ၍ ထင်မြင်ဇော်ကားမိသမျှယခုအခါ၌ မိမိသည်လည်း အလားတူအထင်အမြင်အဇော်ကား ခံရလေပြီ။'**

Laurence J. Peter

**အဆိုးဆုံး ၁၀ ချက် (ရှောင်ရန်)**

**၁။ 'မင်းဟာ အရမ်းတုံးတာပဲ'**

ကျွန်ုပ်တို့ အားလုံးပြောမိတတ်ကြပါသည်။ တစ်နေကုန် ကိစ္စပွေလီ၍ သင့် ခြေကုန် လက်ပန်းကျခဲ့ပြီ။ အိမ်ပြန်ရောက်သည်နှင့် တစ်ပြိုင်နက် တယ်လီဖုန်းသံကလည်း ကလင်၊ ကလင်။ ကလေး တွေကလည်း သင့်ကို ကိုယ်ရောစိတ်ပါအနားမပေး။ သင့် စိတ်ထဲ တွင် တီဗီရှေ့၌ ခြေပစ်လက်ပစ်ထိုင်ချ၍ အိပ်ရာမဝင်မီ ဘာဆိုဘာမျှ မစဉ်းစားချင်တော့။ သို့သော် ကလေးကို အိပ်ရာထဲပို့၍ သိပ်မည် အပြုတွင် လှေကားပေါ်ရှိ သင့်သား၏ ကစားစရာပေါ်၌ သင် လိမ့်ကျလုနီးပါး ဖြစ်သည်။ တယ်တုံးတဲ့ အကောင်ပဲ၊ ဒါ. . . ငါ. . . လည်ပင်းကျိုးသွားနိုင်တယ်. . . သိရဲ့လား ဟု သင်ဝေါက်လိုက်သည်။

ကျွန်ုပ်တို့သည် အနီးပတ်ဝန်းကျင်ရှိလူအများ အထူးသဖြင့် မိဘ၏ပြောဆိုသံများမှတစ်ဆင့် ကိုယ့်အကြောင်းကိုယ် နားလည်ခွင့်ရသည်။ ထို့ကြောင့် သင့်ကလေးတွေကို ဝုံးသည်ဟု ဝေါက်ငမ်းလိုက်သောအခါ သူတို့သည် အဟုတ်ထင်၍ မိမိကိုယ်ကိုယ် ယုံကြည်စိတ်ချမှုနှင့် အလေးအမြတ်ထားမှုတို့ ထိခိုက်သွားနိုင်ပါသည်။ ရှေ့ဘဝလမ်းခရီး၌ အကောင်းဆုံးဆက်လက်ရှင်သန် လျှောက်လှမ်းနိုင်ရန် မိမိကိုယ်ကိုယ် အလေးအမြတ်ထားမှုနှင့် ယုံကြည်စိတ်ချမှုလက်နက်တို့ တပ်ဆင်ထားခဲ့ခြင်းမရှိလျှင် ယင်းအခြေခံအရင်းအမြစ်တို့ကို အကောင်အထည်ဖော်ရန် ရှုန်းကန်နေရသောကြောင့် မိမိရှိရင်းစွဲစွမ်းအင်ပုန်းများကို ရှုပ်လုံးပြည့်မဖော်နိုင်ဖြစ်ရဦးမည်။ ထို့ကြောင့် ကလေးနှင့် ကလေး၏လုပ်ရပ်ကို အမြဲတစေ သတိထား၍ ခွဲခြားနိုင်ပါစေ။ ကလေးက နောက်တစ်ကြိမ် လေ့ကားပေါ်၌ ကစားစရာများ ချန်ထားသည်ကိုတွေ့လျှင် ဤသို့ ပြုလုပ်ခြင်းမှာ ဝုံးသည့်အလုပ်ဖြစ်ကြောင်းကိုသာ ပြောပါ။ ဤသို့ ပြုလုပ်သည့်အတွက် ကလေးကိုဝုံးသည်ဟု မည်သည့်အခါမျှ မပြောပါနှင့်။

**'စာပေသည်အများအားဖြင့်ကာမဂုဏ်ကိစ္စနှင့်ပတ်သက်၍မျိုးပွားခြင်းအကြောင်းများစွာမပါရှိပေ။ဘဝနှင့်နှိုင်းကြည့်သော်ယင်းနှင့် ပြောင်းပြန်တွေ့ရပါလိမ့်မည်။'**

David Lodge

**၂။ 'မင်းကို မမွေးခဲ့မိလျှင် အကောင်းသား'**

တစ်ခါတစ်ရံ၌ ကလေးမမွေးမိလျှင် မည်မျှကောင်းမည်နည်းဟူသော ဆန္ဒမျိုးဖြစ်ပေါ်တတ်ကြသည်။ ဤကိစ္စမှာ အပြောလွယ်ပါသည်။ သင်သည် လိုဘမပြည့်ဘဲ မောပန်းနေပြီမဟုတ်ပါလော။ သည်းညည်းခံရပေါင်းလည်း များပြီ။ ကိုယ်ပိုင်အချိန်လည်း လုံးဝ

မရှိတော့ပေ။ ၂၄ နာရီအပြည့် မိဘဖြစ်နေရသည်။ စိတ်ဖေးသွားသည့်အခါတွင်မှ ဤသို့သော စိတ်များပြေသွားပြီ။ သို့သော် ကလေးတို့က ထိုအကြောင်းကို မည်သို့မျှ နားမလည်။ သူတို့က သင်၏ မေတ္တာနှင့် နှစ်မြိုက်လက်ခံမှုပေါ်တွင် လေးနက်စွာ မှီခိုနေကြသည်။ ထို့ကြောင့် သင်ကမျှ သူတို့ကို အလိုမရှိလျှင် အခြားမည်သူက သူတို့ကို အလိုရှိမည်နည်း။ သူတို့ မည်သို့ အဖိုးတန်မည်နည်း။

ကျွန်ုပ်တို့အားလုံးသည် မရည်ရွယ်ဘဲ ပြောမိဆိုမိကြသည်။ အကယ်၍ တခြား လူကြီးတို့၏ပြောဆိုချက်၌ ရံဖန်ရံခါ ရည်ရွယ်ချက်မပါဟု ဆိုသည်ကို ကျွန်ုပ်တို့ လက်ခံရန်မလွယ်ကူလျှင် ကလေးတို့အနေဖြင့်လက်ခံရန် ပို၍ပင် မလွယ်ကူ ဖြစ်လိမ့်ဦးမည်။

**'လူသားအားလုံးသည် ညီအစ်ကိုများဖြစ်သင့်သည်ဟူသော အဆိုသည်ညီအစ်ကိုမရှိသူတို့၏ အိပ်မက်ဖြစ်ပါသည်။'**

**Charles Chincolles**

**၃။ 'မင်းဟာ မင်းရဲ့ညီ/အစ်ကိုနဲ့ နည်းနည်းလေး ပိုတူမယ်ဆိုလျှင်…'**

ကလေးတစ်ဦးစီသည် ခြားနားသည်။ သူတို့ ကိုယ်ပိုင် စွမ်းပကားရော ပျော့ညံ့ချက်များပါ အပြည့်အစုံ အကျုံးဝင်သည့် ကွဲပြားသော ကိုယ်ရည်ကိုယ်သွေးများ ရှိကြသည်။ ထို့ကြောင့် သူတို့ကို သူတို့အစ်ကိုကဲ့သို့ အစ်မကဲ့သို့ သို့မဟုတ် အိမ်နီးချင်း ကလေးများကဲ့သို့ ပိုမိုပြုမူရန်ပြောဆိုခြင်းအားဖြင့် ယင်းအတိုင်းဆိုလျှင် သူတို့သည် မကောင်း။ ထို့ကြောင့် သူတို့သည် တခြားတစ်ဦးဦး ဖြစ်လျှင် ကျွန်ုပ်တို့က ပို၍ချစ်ဦးမည်ဟု ပြောရာရောက်သည်။ ရေရှည်တွင် သူတို့ကိုယ်သူတို့ မနှစ်သက်နိုင်ဘဲ အဆုံးသတ်သွားနိုင်သည်။ သင်သည် သူတို့ကို မည်သူနှင့်ပင် နှိုင်းယှဉ်သည်ဖြစ်စေ ထိုသူကိုပါ နှစ်သက်တော့မည် မဟုတ်ပေ။

ကျွန်ုပ်တို့၏ ကလေးများကို ကျွန်ုပ်တို့က ခြွင်းချက်မဲ့ ချစ်ရမည်သာ ဖြစ်ပါသည်။ ကျွန်ုပ်တို့ စိတ်ပါသည် မပါသည်မှာ အဓိက မဟုတ်ပေ။ မည်သို့ပင်ဆိုစေ မိမိကလေးကို တခြားညီအစ်ကို မောင်နှမများနှင့် နှိုင်းယှဉ်မည်ဆိုလျှင်လည်း လုံးဝကောင်းကျိုးပေးမည် မထင်ပါ။ သူတို့ကို ကောင်းရာကောင်းကြောင်း ပြုပြင်ချင်အောင် အားပေးနိုင်မည် မဟုတ်ပါ။ မိမိကိုယ်ကို အလေးအမြတ်ထားမှု အကြွင်းအကျန်ကိုပင် ထိခိုက်စေ၍ မိမိကိုယ်ကို ယုံကြည်စိတ်ချမှုနှင့် အောင်မြင်လိုသောဆန္ဒကိုပါ ချိုးနှိမ်ရာ ရောက်စေနိုင်ပါသည်။ ထို့ကြောင့် ဤသို့ နှိုင်းယှဉ်မည့်အစား သူတို့ကို တိုးတက်စေလိုသော အကြောင်းကိစ္စများနှင့် ပတ်သက်၍သာ ဆွေးနွေး ပြောကြားသင့်ပါသည်။ သင့်မေတ္တာသည် သူတို့စွမ်းဆောင်ပုံပေါ်တွင် မည်သည့်အခါမျှ အခြေမခံကြောင်း သူတို့ သေသေချာချာလက်ခံအောင် ဖော်ပြရပါမည်။ သူတို့ကို စွမ်းဆောင်မှု ပေါ်တည်၍ မချစ်ပါနှင့်။ သူတို့ကို သူတို့အနေဖြင့်သာ ချစ်ပါလေ။

> **'ဤသူငယ်လေး၏ လုပ်ပုံကိုင်ပုံများမှာထူးထူးဆန်းဆန်း ဖြစ်၍ သူ့ဘဝကိုလည်း ဤနည်းနှင်နှင်ပင်အဆုံးသတ်သွားပါလိမ့်မည်။'**
>
> Ampleforth

**၄။ 'တကယ်လို့ဒီလိုသာဆိုလျှင်... ဘယ်လောက်ကောင်းလိုက်မလဲ'**

ကလေးတို့သည် သူတို့၏ စွမ်းပကားများအပေါ်တွင် သူတို့၏ ဘဝကို တည်ဆောက်သွားရန် လိုအပ်သကဲ့သို့ သူတို့၏ ပျော်ညွှန့်ချက်များအပေါ် အခြေခံ၍ တိုးတက်အောင် ကြိုးစားရန်လည်း လိုအပ်သည်။ သို့သော် အကယ်၍ သင်က ဤသို့ပြုမှုဖြစ်မည်၊ မပြုလျှင်မည်သည့်နည်းနှင့်မျှ ဖြစ်မြောက်မည်မဟုတ်ကြောင်း သဘောပေါက်စေပါက သူတို့၏စွမ်းပကားများကို မှေးမှိန်စေ၍ သူတို့၏ ပျော်ညွှန့်

ချက်များကသာ ထင်ရှားသည်ဟု ဆိုရာရောက်သည်။ ထို့ကြောင့် သူတစ်ပါးနှင့် နှိုင်းယှဉ်ကြည့်သကဲ့သို့ပင် သင်က သူတို့ကိုကောင်းအောင် အကြံဉာဏ်ပေးသည်ထင်သော်လည်း ကောင်းအောင်ကူညီရာမရောက်ဘဲ တိုးတက်အောင် ကြိုးပမ်းလိုစိတ်ကိုပင် ထိခိုက်စေနိုင်ပါသေးသည်။ သူတို့ပြုမိသည်များအနက် မည်သည်တို့က အမှန်ဖြစ်ကြောင်း၊ သူတို့မသိရသည့်အခါ မည်သည့်စွမ်းပကားပေါ်မှီတည်၍ တိုးတက်ရာတိုးတက်ကြောင်း ကြံစည်ရမည်ဖြစ်ကြောင်းကိုလည်း သိနိုင်မည်မဟုတ်တော့ပေ။

အဖျက်သဘော ဆန့်ကျင်ဘက်ဆက်သွယ်ပြောဆိုမှုများသည် လူတို့ကို လုံးပါးပါးစေ၍ မိမိကိုယ်ကို ယုံကြည်စိတ်ချမှုကို ပျက်စီးစေသည်။ ထို့ကြောင့် ကလေးတို့ ပြုလုပ်သော ကောင်းမှုကိစ္စအဖြာဖြာကို တွေ့အောင်ရှာ၍ ချီးမွမ်းဖြစ်အောင် ချီးမွမ်းပါမှ သူတို့၏ စွမ်းရည်များကို စိတ်ချယုံကြည်စွာ သူတို့၏ ပေးပျော့ညံ့ချက်များကို ကိုင်တွယ်နိုင်၍ ဝေဖန်မှုများကိုလည်း အပြုသဘောလက်ခံနိုင်လိမ့်မည် ဖြစ်၏။

**'သင့်မိသားစုသည်ပျော်ရွှင်သောမိသားတစ်စုဖြစ်၏ လော သို့မဟုတ်သင့်အိမ်၌သင့်ကလေးများရှိသေး၏ လော။'**

Anonymous.

**၅။ 'မင်းအတွက်စွန့်လွှတ်ခဲ့ရတာတွေလည်း ကြည့်ပါဦး...'**

မိဘတစ်ဦး၏ ပေးဆပ်ရပုံများကို အလွယ်တကူ မြင်နိုင်ပါသည်။ သူသည် စိတ်လှုပ်ရှားမှုဆိုင်ရာ၊ ရုပ်ပိုင်းဆိုင်ရာနှင့် ငွေရေးကြေးရေးဆိုင်ရာအရ အနစ်နာခံရသည်။ မိဘတိုင်းသည် ဤသို့ပေးဆပ်နေရခြင်းကြောင့် ကလေးတို့၏ နှစ်မြိုက်သဘောကျမှုနှင့် ကျေးဇူးတင်မှုကိုမခံရသည့်အတွက် ဝဋ်ကြွေးရှိ၍ဟူသော အတွေးပေါက်

သည့် အချိန်များ ရှိသည်။ ထို့ကြောင့် သူတို့အတွက် ဤမျှ ကိုယ်ကျိုးမငဲ့ဘဲ ကြိုးစားပမ်းစားဆောင်ရွက်ပေးသင့်ပါ၏လော။ ကိုယ့်ကိုယ်ကိုယ် အသနားဖက်သည့် အချိန်ကလေးမှာပင် မင်း ကြောင့်သာ မဟုတ်လျှင် ငါတို့ . . . ဒီလိုတောင် မနေဘူး ဟူ၍ တွေးမိပြန်သည်။

ဤသို့ဆိုလျှင် ကလေးတို့သည်လည်း စိတ်လုံခြုံမှုကင်းမဲ့ကာ အပြစ်ရှိသကဲ့သို့ပင် ခံစားရလိမ့်မည်။ သင့်ကလေးများသည် သူတို့ကို မွေးပေးရန် တောင်းဆိုခဲ့သည် မဟုတ်ပေ။ ထို့ကြောင့် သူတို့ ကမ္ဘာလောကကြီးထဲသို့ ဝင်ရောက်လာကတည်းက သူတို့ကို အလုံးစုံ ပေးဆပ်ရမည်သာ ဖြစ်သည်။ သို့သော် ဤကိစ္စတွင် သင်တစ်ဦးတည်း အကျုံးဝင်သည် မဟုတ်ပါ။ မိဘတိုင်းသည် ယင်းတို့၏ ကလေးများအတွက် ကိုယ်ကျိုးစွန့်ကြရသည်သာ ဖြစ်သည်။ အမြဲတမ်းလည်း စွန့်လွှတ်ရလိမ့်ဦးမည်။ ယင်းမှာ မိဘဖြစ်ရသည့် ကုန်ကျစရိတ်ပင် ဖြစ်၏။ ထို့ကြောင့် ဤသို့ ကိုယ်ကျိုးကို စတေးထားပြီးနောက် သူတို့က ကျေးဇူးမတင်ချင်လည်း ရှိပါစေ။ ဤသည်လည်း သင့်တာဝန်ဝတ္တရားထဲ၌ အကျုံးဝင်ပြီးသား ဖြစ်ပါသည်။

**'ကလေးတို့၏ အာရုံမှားမှုများသည်သူတို့အတွက်လိုအပ်သောအတွေ့အကြုံများ ဖြစ်သည်။ လေပူဖောင်းတစ်လုံးသည် အမှေးနှင့်အမြန်ပေါက်သွားမည်ဖြစ်ကြောင်း လူကြီးက သိရုံမျှနှင့်ကလေးကိုမပေးဘဲမထားသင့်ပေ။'**

Marcelene Cox

**၆။ 'ကိုယ်အရွယ်နဲ့ကိုယ် တန်ရာတန်ရာ လုပ်ပါ'**

၁၀ နှစ်သားရွယ် အနည်းစုသာလျှင် ၂၆၄ ၏နှစ်ထပ်ကိန်း ရင်းကို ပြောနိုင်မည်။ ပြောနိုင်ရန်လည်း မလိုပေ။ ဖြစ်လေ့ဖြစ်ထရှိသည်မှာ ကျွန်ုပ်တို့၏ ကလေးများကို ကိုယ့်အရွယ်နှင့်ကိုယ် တန်ရာတန်ရာ

လုပ်ပါဟု ပြောသည့်အခါ ကျွန်ုပ်တို့တကယ်ပြောလိုသည်မှာ ကိုယ့်အရွယ်နှင့်ကိုယ် မတန်မရာမလုပ်ပါနှင့်ဟု ဆိုလိုခြင်းဖြစ်သည်။ သို့သော် ဤသည်မှာလည်း တရားနည်းလမ်းကျသည် မဟုတ်သေး။ သင့်ကလေးသည် သူ၏အသက်နှင့် အတွေ့အကြုံက ခွင့်ပြုသလောက်သာ သူတတ်နိုင်မည်။ အများအားဖြင့်ဆိုသော် ယင်းသည် သူတို့အရွယ်နှင့်သူတို့ တန်ရာတန်ရာပြုခြင်းကိုပင် ကျွန်ုပ်တို့က စိတ်တို၍ အလိုမပြည့်ခြင်း ဖြစ်ပါသည်။

ဤနေရာတွင် ကလေးသည် ဉာဏ်ကြီးရှင်ဖြစ်ရန် လိုအပ်မည်မဟုတ်။ လူကြီးက ပို၍ စိတ်ရှည်ရန် လိုအပ်မည်သာ ဖြစ်၏။ မည်သူမျှ မွေးလာကတည်းက ဘပ်ကင်ဟမ်(မ်)နန်းတော်ကြီးထဲမှာ နန်းတွင်းဟန်နှင့် လက်ဖက်ရည်သောက်တတ်လာသည် မဟုတ်ပါ။ ကမ္ဘာကျော်သတင်းစာကြီးတွေလည်း ဖတ်တတ်လာသည်မဟုတ်ပါ။ ဆိုလိုသည်မှာ သူတို့သည် လူကြီးမဖြစ်သေးမီ လူကြီးတစ်ဦးကဲ့သို့ အမြော်အမြင် အတွေ့အကြုံ ရင့်ကျက်စွာ ပြုမူတတ်မည် မဟုတ်ပေ။ ထို့ကြောင့် ကျွန်ုပ်တို့သည် အရွယ်ရောက်ပြီး လူကြီးများအနေဖြင့် ကိုယ့်အသက်နှင့်ကိုယ် တန်ရာတန်ရာထက် အနည်းငယ်ပိုမို၍ပင် ဆောင်ရွက်နိုင်သင့်သည်။ ကလေးတွေကို ရှိရင်းစွဲအသက်အရွယ်ထက် ပိုမိုရင့်ကျက်ဖို့ မျှော်လင့်နေမည့်အစား သူတို့အချိန်တန်သည့်အခါမှ အကောင်းဆုံးဝိုင်အရက်ကဲ့သို့ ရင့်ကျက်စေနိုင်ရန် နားလည်ခွင့်လွှတ်ထားသင့်တော့သည်။

**'ကျွန်ုပ်တို့ ဘဝ၏ ဝထမတစ်ဝက်ကို ကျွန်ုပ်တို့၏မိဘများက ဖျက်ဆီးပြီး ဒုတိယတစ်ဝက်ကိုမူ ကျွန်ုပ်တို့၏ သားသမီးများက ဖျက်ဆီးခဲ့ပါသည်။'**

Clarence Darrow

**၇။ 'ဘာမျှလည်း ကြောက်စရာမရှိတဲ့နဲ့ ... တုံးမနေစမ်းပါနဲ့ကွာ'** ကိုယ့်အသက်နှင့် တန်ရာတန်ရာပြုမူပါ ဆိုသည့်အချက်ကဲ့သို့ ဤအချက်သည်လည်း အမြန်နှုန်းနှင့် အများဆုံးတောင်းဆိုသည့်အချက်များအနက် တစ်ချက်အပါအဝင်ဖြစ်၏။ လူကြီးအများစုသည် မှောင်မှောင်မည်းမည်း လမ်းကြားထဲတွင် တစ်ကိုယ်တည်း လမ်းလျှောက်ရသည်ကို မနှစ်သက်။ သို့မဟုတ် အိမ်ကိုဖောက်ထွင်းခံရပြီးနောက် ကိုယ့်အိမ်၌ ကိုယ်အိပ်ရသည်မှာ စိတ်မသက်သာ။ သို့သော် ကလေးအများစုကတော့ ရင့်ကျက်သော ဘဝအတွေ့အကြုံရှိသော လူကြီးတို့စိုးစဉ်းမျှ ကြောက်ရွံ့ခြင်း မရှိသည့် ပင့်ကူ၊ အမှောင် သို့မဟုတ် အရိပ်စသည်တို့ကို ကြောက်ရွံ့ကြသေးသည်။

သင့်စိတ်ကူးစိတ်သန်းများကို မည်ကဲ့သို့ အသုံးချရမည်ဖြစ်ကြောင်း သင်ယူခြင်းသည် ကလေးဖြစ်ခြင်း၏ တစ်စိတ်တစ်ဒေသပင် ဖြစ်၏။ သို့တစေ ကလေးတို့ကို စိတ်ကူးယဉ်မှုက ရံဖန်ရံခါ စိုးမိုးနေတတ်ပါသေးသည်။ သူတို့၏ စိတ်ထဲတွင် လေထဲ၌ ၆ ပေ အမြင့်ခုန်ခြင်းနှင့် ဆိုဖာထိုင်ခုံနောက်တွင် ပုန်းကွယ်ခြင်းတို့သည် မည်သို့မျှ ခြားနားသည်မဟုတ်ပေ။ သင်က ကလေးတို့ကို နှစ်သိမ့်ပေးပါ။ အကျိုးအကြောင်း ဗဟုသုတဖြစ်ဖွယ်ရာတို့ကို ပြောပြပါ။ သို့သော် မိုက်လိုက်တာ တုံးလိုက်တာ ဟု မည်သည့်အခါမျှ မပြောပါနှင့်။ ရယ်သွမ်းမသွေးပါနှင့်။ ကြောက်လန့်သည်မှာ ကိစ္စမရှိကြောင်း၊ ကြောက်လန့်၍ ကြောက်လန့်ကြောင်း ပြောခြင်းသည်လည်း ကိစ္စမရှိကြောင်းများ သင်ကြားပေးပါ။ ဤသို့မပြုလျှင် သင်ဆုပ္ပကြိမ်းမောင်းမည်ကို ကြိတ်မှိတ်စိုးရိမ်နေရဦးမည်။ သင့်ကိုလည်း သူတို့၏စိုးရိမ်မှုကို မည်သည့်အခါမျှ ပြောပြတော့မည်မဟုတ်ပါ။

**'ကျွန်ုပ်တို့တစ်တွေမည်မျှအရပ်ရှည်လာသည်ဖြစ်စေ ဖခင်သည်ကျွန်ုပ်တို့မော့ကြည့်ရသူပင်ဖြစ်ပါသည်။'**

Anonymous

**၈။ 'ဟင်း ဟင်း... မင်းအမေပြန်လာပါစေဦး'**

ဝိတိုရိယခေတ်၌ ဟင်း ဟင်း... မင်းအမေပြန်လာပါစေဦး ဆိုသည်မှာ အဆုံးစွန်အကြီးမားဆုံး ခြိမ်းခြောက်မှု တစ်ရပ်ဖြစ်သည်။ ထို့ကြောင့် ယနေ့ ကျား-မ သာတူညီမျှခေတ်တွင် မင်းအမေ အိမ်ပြန်ရောက်ပါစေဦး ဟူသော စကားသည်လည်း အလားတူ ကြောက်စရာဖြစ်မည် ထင်ပါသည်။ ဤနည်းသည် အပေါ်ယံကြည့်လျှင် ဟန်ကျသယောင်ရှိသော်လည်း အပြစ်ကြီးသည့်အခါ မိဘအပေါ်ပုံချခြင်းမျိုး ဖြစ်နိုင်သည်။ မင်းအမေပြန်လာပါစေဦး ဟုဆိုလိုက်သည့်အခါ အမေက ဘီလူးသရဲသဖွယ် ဖြစ်၍ အမေကတော့ ပျော့ညံ့ပုံ ပေါက်နေလိမ့်မည်။ မိခင်အနေဖြင့် ငါ့မှာ ဩဇာမရှိဘူး သို့မဟုတ် မင်းကို စည်းကမ်းရှိအောင် ဘယ်လိုလုပ်ရမလဲမသိဘူး ဟု ပြောရာရောက်သည်။ ဤသို့ဖြင့် မိဘတို့အပေါ် ကလေးတို့ထားရှိသော ရိုသေလေးစားမှုများ လျော့ပါးကုန်တော့သည်။

ကလေးက ပြစ်မှု တစ်စုံတစ်ရာပြုလုပ်စဉ် အနီးတွင်ရှိသော မိဘသည် မျှတသည့် စည်းကမ်းကို အကောင်းဆုံးချမှတ်ပေးနိုင်သူဖြစ်သည်။ ထို့ကြောင့် ယခုကိစ္စနှင့်ပတ်သက်၍ ပြစ်မှု တစ်စုံတစ်ရာပြုလုပ်စဉ် အနီးတွင်ရှိသောမိဘသည် ဘုမသိဘမသိဖြစ်နေရှာသော ဖခင်အပေါ် သင့်ပြဿနာများ ပုံချရန်မကြိုးစားပါနှင့်။ သေနတ်ကို ကျည်ဆန်ထည့်ပေးပြီး ပစ်ခတ်ခြင်းမပြုရန် သူတို့ကို မမျှော်လင့်ပါနှင့်။ အကယ်၍ ပြဿနာမှာ အလေးအနက်ထား၍ စဉ်းစားဖို့လိုအပ်မည်ဆိုလျှင် တစ်စုံတစ်ရာမပြုလုပ်မီ သင့်စိတ်ကို အေးဆေး

တည်ငြိမ်အောင်ပြုပြီး အချိန်ယူစဉ်းစားပါ။ မင်းကို ဒီကိစ္စနဲ့ ပတ်သက်ပြီး စည်းကမ်း လုပ်ရလိမ့်မယ်၊ ဒါပေမဲ့ စည်းကမ်းကိုလည်း တရားသဖြင့် ဖြစ်စေချင် တယ်၊ ဒါကြောင့် နောက်မှ မင်းဖေဖေနဲ့ အေးအေး ဆေးဆေး တိုင်ပင်ပြီး ဆုံးဖြတ်မယ် ဟူသော စကားမျိုး ပြောလိုက် နိုင်ပါသည်။

**'မိမိကိုယ်မိမိဘာလုပ်နေကြောင်းတစ်ချိန်လုံး သိလောက်အောင် တော်သူတစ်ဦးတလေမျှမရှိ။'**

John Irving

**၉။ 'မင်းဘာတွေပြောနေမှန်းမင်းကိုယ်မင်း နားမလည်ပါဘူး'**

ကွန်ပျူတာနှင့်ပတ်သက်၍ IBM ကို စီးပွားရေးရှုထောင့်မှ ပထမဆုံးတင်ပြသောအခါ သူတို့က ကောင်းကောင်းကြတ်ကြတ် လက်ခံ သတ်သည် ထင်၍ လက်မခံခဲ့ပေ။ ထို့အပြင် John Lennon ၏ အဒေါ် Mimi က သူ့တူကို သတိပေးစကားပြောကြားသည့်အတွက် လည်း ကျော်ကြားသေးသည်။ John ရေ. . ဂီတကို အပျော်တမ်း တီးတာတော့ ကောင်းပါတယ်၊ ဒါပေမဲ့ ဒါနဲ့ အသက်မွေးဝမ်း ကြောင်းပြုလို့တော့ ဘယ်တော့မှ မရဘူး ဟု ပြောကြားခဲ့၏။ ဤသို့ အမြင်မကျယ်မှုကြောင့် IBM ရော အဒေါ် Mimi ပါ ယင်းထက် ပို၍ မှားစရာမရှိခဲ့ပေ။ သို့တစေ မည်သည့်ကိစ္စရပ်နှင့်စပ်လျဉ်း၍ မဆို နောင်နှစ်ပေါင်းများစွာကြာသောအခါ ကျွန်ုပ်တို့၏ ယနေ့ ပြောဆိုချက်နှင့် ယုံကြည်ချက်များကို လူတွေက ရယ်ကြပါလိမ့်ဦး မည်။ ဤအရာမှာ သဘာဝပင်ဖြစ်ပါသည်။ ကျွန်ုပ်တို့ ဝယ်စဉ်က ဝတ်ခဲ့သည့်အဝတ်အစားများကို မဆိုထားဘိ၊ ကျွန်ုပ်တို့၏ ယခင် ထင်မြင်ချက်တချို့ကိုပင် ကျွန်ုပ်တို့ကိုယ်တိုင်ထိတ်လန့်စဖွယ် မြင်လာ တတ်သေးသည်။ သင်ကလေးဘဝကရေးခဲ့သော ဗိုင်ယာရီ ကျောင်း

စာစီစာကုံး စသည်တို့ကို သိမ်းဆည်းထား၍ ယခုထက်တိုင် ရှိနေသေးသည်ဆိုလျှင် ထိုစဉ်က သင်မည်မျှ မသိနားမလည်မှု ကြီးမားကြောင်း တွေ့ရမည်ဖြစ်၏။ ထို့အပြင် ကျွန်ုပ်တို့သည် ရံဖန်ရံခါ ဆိုသကဲ့သို့ ပညာသားမပါသော စကားများဆိုတတ်ကြသေးသည်။ သင့်ကလေးများသည်လည်း ဤသို့ပင်ဖြစ်သည်။ သူတို့သိသမျှ ဗဟုသုတအနည်းငယ်နှင့်ပင် တကယ်တမ်းမသိသည့် အကြောင်းအရာများကို စိတ်ချလက်ချလျှောက်ပြောတတ်ကြသေးသည်။

ထို့ကြောင့်ပင် သူတို့ကို ညင်ညင်သာသာ ဆက်ဆံရမည်သာဖြစ်ပါသည်။ တစ်ခါတစ်ရံ မလွဲမရှောင်သာ ပြင်ပေးရမည်မှာ မှန်ပါသည်။ သို့သော် ယင်းကိစ္စကို သတိကြီးစွာထား၍ ပြောဆိုရပေမည်။ သူတို့အရှက်မကွဲပါစေနှင့်။ စိတ်စနိုးစနောင့် မဖြစ်ပါစေနှင့်။ သူတို့ကို မနှိမ်ပါနှင့်။ သူတို့အမှားအယွင်းရှိသည့်အခါ၌ပင်ဖြစ်စေ သူတို့ကိုယ်သူတို့ ယုံကြည်မှုမဲ့သွားမည်ကို သင်လိုလားမည်မဟုတ်။ ထို့ကြောင့် သူတို့၏ မှန်ကန်သောအပြုအမူကိုသာ ထပ်ဆင့်တိုးတက်အောင် ပြုရပါလိမ့်မည်။ သူတို့၏အတွေးအမြင်များကို လေးစားပါ။ ထို့မှတစ်ဆင့် သူတို့မည်သည့်နေရာတွင် လွဲမှားနေကြောင်း ညင်ညင်သာသာ ကူညီပါ။ ဥပမာ **အဲဒါ. . . စိတ်ဝင်စားစရာပဲ. . . ဒါပေမဲ့ ဒီ. . . နဲ့ ပတ်သက်ပြီး မင်းဘယ်လိုထင်တာလဲ** ဟူ၍ ပြောဆိုနိုင်ပါသည်။

**'စကားကို ပုံကြီးချဲ့မပြောပါနဲ့လို့ မင်းကို အကြိမ်ပေါင်း ဘယ်နှသန်း ပြောပြီးပြီလဲ။'**

**ဖခင်မှသားငယ်လေးသို့**

၁၀။ 'မင်းဟာ အမြဲတမ်း.../ဘယ်တော့မှ..'

လူတို့သည် စိတ်တိုသည့်အခါ အကုန်လုံးသိမ်းကျုံးတိုက်ခိုက် ပြောဆိုတတ်၍ ယင်းသည် အကျင့်ပါသွားတတ်သည်။ ထို့ကြောင့် **မင်းညက အိမ်သာကို အဖုံးဖုံးဖို့ မေ့သွားတယ်** ဟု ပြောမည့်အစား **မင်းက ဘယ်တော့မှ အိမ်သာ အဖုံးမဖုံးဘူး** ဟု ပြောတတ်ကြသည်။ သီးသီးခြားခြားဝေဖန်မှုကြောင့် ကလေးသည် သူ မည်သည့်အမှားကို ပြုလုပ်ခဲ့ကြောင်း သဘောပေါက်၍ အမှားပြင်ရန် အခွင့်အရေးရ၏။ သို့သော် သိမ်းကျုံး၍ ယေဘုယျပြု ဝေဖန်ခြင်းသည် သူတို့၏ စရိုက်ကို တိုက်ခိုက်သကဲ့သို့ ဖြစ်၏။ မင်းဟာ အမြဲတမ်း... မင်းဟာ ဘယ်တော့မှ... ဟု ပြောခြင်းသည် မင်းဟာ အသုံးမကျဘူး ဟူ၍ ပြောရာရောက်သည်။ ကလေးက တကယ် တမ်းအသုံးမကျဟုဆိုလျှင် ယင်းအသုံးမကျမှုကို အမွေရကောင်းရခဲ့ လိမ့်မည်။ ခေါင်က မိုးမလုံလျှင် တံစက်မြိတ်လည်း မိုးမလုံနိုင်။ ပို၍ဆိုးသည်မှာ တစ်စုံတစ်ယောက်သည် မည်သည့်အခါမျှ အမှန်ကို မပြော သို့မဟုတ် မည်သည့်အခါမျှ သူတစ်ပါးကို ထည့်မစဉ်းစားဟု ဆိုလျှင် မှားမည်မှာ သေချာသလောက်ပင် ဖြစ်ပါသည်။ ထို့ကြောင့် သင်ပြောသည်ကို လက်မခံနိုင်စရာ ဆင်ခြေတက်ခွင့်ပေးသကဲ့သို့ ရှိပြီး မည်သည့်သင်ခန်းစာမျှ မရလိုက်နိုင်သည့်အပြင် စိတ်တိုစရာ သာ အဖတ်တင်မည်။

ထို့ကြောင့် ကလေးတို့ မှားသည့်ကိစ္စနှင့်စပ်လျဉ်း၍ သီးသီး သန့်သန့် ခွဲခြား ပြောဆိုပါ။ ယေဘုယျထိုးနှက်ဝေဖန်မှုများသည် သူတို့စိတ်ပျက်ရုံ၊ လက်မြှောက်ရုံသာ တတ်နိုင်မည်။ **သမီးဟာ ဘယ်တော့မှ အိမ်စာကို ပြီးအောင်မလုပ်ဘူး** ဟု ပြောမည့်အစား **အရင်အပတ်က သမီး သင်္ချာအိမ်စာ မလုပ်ဘူး** ဟု ပြောနိုင်ပါသည်။ ထို့နောက် ဤအပတ်တွင် အချိန်မီပြီးစီးရန် လက်တွေ့သင်ပြကူညီ ခြင်း သို့မဟုတ် အကြံပေးခြင်းများ ပြုလုပ်နိုင်ပါသည်။

**'ကလေးတိုင်းသည် သူတို့ကိုချစ်ကြောင်းသိလျက် အလုပ်တွင် ပျော်ရွှင်နိုင်ပါစေ။ သူတို့ကို ချစ်အောင် အလုပ်ကိုပင်ပန်းခံ၍ လုပ်ပြစေရန် မလိုအပ်ပါ။'**

Cornelia Chalke

**အကောင်းဆုံး ၁၀ ချက်(ဆောင်ရန်)**

ချီးမွမ်းခြင်းသည် အံ့မခန်း လက်နက်ကိရိယာတစ်ခု ဖြစ်၏။ သင့်စကားများက သင့်ရင်သွေးကို လိမ္မာထူးချွန်လူရည်မွန်ဖြစ်ရန် သော်လည်းကောင်း၊ ညှိုးချုံးခြောက်ကပ်၍ သေပွဲဝင်ရန်သော်လည်းကောင်း ကူညီနိုင်ပါလိမ့်မည်။ ထို့ကြောင့် ကလေးတို့သည် မည်သူမည်ဝါဖြစ်ကြောင်းနှင့် မည်သည်တို့ကို ပြုလုပ်နေကြောင်း အားပေးသော၊ ပံ့ပိုးသော အပြုသဘော သတင်းစကားများကို အမြဲမပြတ်ပြောကြားဖို့ ကြိုးပမ်းနေပါလေ။ သင်ပြောသကဲ့သို့ ဖြစ်လာမည်ကို သတိရပါ။ ကလေးတို့၏ ကောင်းချက်ကလေးများကို အားဖြည့်ပေးလျှင် သူတို့က ယင်းအပေါ် အခြေခံ၍ ကြိုးစားပါလိမ့်မည်။ သို့သော် သူတို့အမှားများအပေါ် အာရုံစိုက်အောင်ပြောရင်း အချိန်ကုန်မည်ဆိုလျှင် သူတို့ကို အကောင်းဘက်သို့ လမ်းညွှန်ပေးနိုင်မည် မဟုတ်ပေ။

**၁။ 'တော်လိုက်တာကွယ်၊ ဖေဖေ/မေမေတို့က မင်းအတွက် သိပ်ကို ဂုဏ်ယူပါတယ်'**

ကလေးတို့စိတ်ချမ်းသာရေးနှင့် သူတို့ဘဝအောင်မြင်ရေး တို့အတွက် လိုအပ်သော မိမိကိုယ်ကိုယုံကြည်မှုဖွံ့ဖြိုးအောင် အခါမလပ် အားပေးရန် လိုအပ်လှပါသည်။ သူတို့ကိုယ်သူတို့အနေဖြင့် တန်ဖိုးထားကြောင်း သူတို့သိရန် လိုအပ်သည်။ ကလေးတို့သည် သူတို့ကြိုးစားပြုမူသည့်အတွက် ချီးမွမ်းခံရဖို့လိုအပ်ပါသည်။ ထို့ကြောင့် သင့်ကလေးတို့ကောင်းမှုတစ်ခု ပြုပြီးသည့်အခါတိုင်း

အမိအရ ချီးမွမ်းလိုက်ပါ။ မည်သည့်ကိစ္စအတွက် ချီးမွမ်းကြောင်း သဲသဲကွဲကွဲပြောပြပါ။ သင်က သူတို့အတွက် ဂုဏ်ယူကြောင်း သူတို့သိပါစေ။ ဤနည်းသည် သူတို့ မိမိကိုယ်ကို အလေးအမြတ်ထားမှု ရှိအောင် ဖန်တီးပေးနိုင်သော အကောင်းဆုံးနည်းတစ်နည်း ဖြစ်ပါသည်။ ကလေးက မည်သည့် ကိစ္စနှင့်ပတ်သက်၍ ချီးမွမ်းခံရကြောင်း သိသောအခါ သူ မည်သည့်နေရာတွင် တော်ကြောင်း ကောင်းစွာ သဘောပေါက်ပါလိမ့်မည်။

> **'အဝတွင်မိတတို့ မည်သို့မည်ပုံအလိုက်သင့်နေထိုင်ရမည့်အကြောင်းကိုကလေးတို့ကများစွာသင်ပေးသည်။'**
>
> **Muriel Spark**

**၂။ 'မင်းက အရမ်းစာနာတတ်တာပဲ...'**

ကျွန်ုပ်တို့အားလုံးသည် အားပေးခံရသည့်အပြုအမူကို ထပ်တလဲလဲ ပြုလုပ်လိုကြသည်။ သင့်ကလေးများသည်လည်း ဤသို့ပင်ဖြစ်၏။ ထို့ကြောင့် သင့်ကလေးတို့ ကို သူတစ်ပါးအပေါ် စာနာထောက်ထား တတ်အောင်၊ ဂရုစိုက်တတ်အောင်၊ ကြင်နာတတ်အောင်၊ ဖြူစင်အောင် ပျိုးထောင်ပေးပါ။ မိမိကိုယ်ကို စံနမူနာပြ၍ ကလေးတို့ကို အတုယူစေနိုင်သည့်အပြင် သင့်မှတ်ချက်များကလည်း သူတို့ကို ပြုပြင်နိုင်ပါသေးသည်။ ထို့ကြောင့် သင်ဂုဏ်ယူလောက်သော အပြုအမူမျိုးကို သူတို့ပြုမူသောအခါ သင်က ဂုဏ်ယူကြောင်း သူတို့ကို အသိပေးပါ။ အသိပေးရာတွင်လည်း မည်သည့်အတွက် ဂုဏ်ယူကြောင်း သဲကွဲအောင် ပြုရပါမည်။ မင်းက သိပ်သနားစွာ ရှိတာပဲ. . . ကျေးဇူးပဲ ဟူသော မှတ်ချက်များကြောင့် ကလေးက သူတို့ကို နှစ်သက်ကြောင်း၊ ချစ်ကြောင်း ခံစားရရုံ သာမကဘဲ နောင်အနာဂတ်အခြေအနေများတွင်လည်း ထိုအတိုင်းပင်

ပြုမူမည်မှာ မြေကြီးလက်ခတ်မလွဲဖြစ်ပါသည်။ အားရွှည်ခြင်းမှု ကို သတိရပါ။ အခိပ္ပာယ်မှာ အပြုအမူတစ်ခုအတွက် ချီးမွမ်းခံရလျှင် ထိုအပြုအမူကိုသာ စွဲမြဲစွာထပ်တလဲလဲ ပြုမူခြင်း ဖြစ်ပါသည်။

> 'သင်ကြီးပြင်းလာသော နားထောင်ခံရသမျှကို တစ်လည် လည်ပြန်လည်သတိရနေလိမ့်မည်။'
>
> Al Cohn

**၃။ 'ဒါကိုမြေရှင်းနိုင်တာခင်းတော်တယ်'**

လူကြီးများကဲ့သို့ပင် ကလေးတို့သည် သူတို့တော်သည့် အလုပ်တွေကို သူတို့လုပ်ရလျှင် သဘောကျသည်။ သူတို့နှစ်မြို့ကစွာ လုပ်သည့် အလုပ်များတွင်လည်း သူတို့တော်ရန် အခွင့်အလမ်းပိုသည်။ ထို့ကြောင့် ကလေးတို့၏ ဖန်တီးနိုင်စွမ်းနှင့် စဉ်းစားမြော်ရှင်း လုပ်ကိုင်နိုင်စွမ်းတို့ကို ချီးမွမ်းခြင်းအားဖြင့် နောင်အနာဂတ်တွင် ယခုထက်ပို၍ စွမ်းဆောင်နိုင်ရန် အားပေးနေသကဲ့သို့ ဖြစ်ပါသည်။ သူတို့သင်ယူရသမျှကို ပျော်ရွှင်နှစ်သက်စရာအဖြစ် မြင်လာပါလိမ့်မည်။ သင်က သူတို့ကို ချီးမွမ်းလျှင် သူတို့သည် ယင်းတစ်ကြိမ်တစ်ခါသာတော်သည် ဆိုခြင်းထက် ပိုမိုလေးနက်သောအဓိပ္ပာယ်ကို ဆောင်ပါသည်။ သူတို့၏ ပင်ကိုစွမ်းအင်ပုန်းများကို အနာဂတ်တွင် ပိုမိုအကောင်အထည်ဖော်ရန် မက်လုံးပေးရာရောက်သည်။ အကယ်၍ သူတို့ မအောင်မြင်သေးလျှင်လည်း တောင်းတယ်ကွာ. . . မင်း တကယ်ကြိုးစားခဲ့တာပဲ။ မင်းအတွက် တို့ ဂုဏ်ယူပါတယ်ကွာ ဟူ၍ သူတို့အားစိုက်ထုတ်မှုအတွက် ချီးမွမ်းနိုင်ပါသေးသည်။

> 'သူကိုတော်၍ချစ်သည်မဟုတ်။ သူတကျွန်ုပ်၏ သားငယ်လေးဖြစ်၍ ချစ်ခြင်းဖြစ်ပါသည်။'
>
> Rabindranath Tagore

၄။ 'ချစ်တယ် I Love You'
သင့်ကလေးကို ပြောနိုင်သည့်စကားများအနက် ဖော်ပြပါ မေတ္တာ စကားလေးသည် အရေးအကြီးဆုံး ဖြစ်ပါ၏။ ထို့ကြောင့် ယင်းကို ချွေချွေတာတာသုံးရန် မလိုပါ။ သို့တစေ အပြောနှင့်မပြီး အလုပ်နှင့် ပြရဦးမည်။ မိဘဖြစ်သော သင်တို့သည် ကလေးတို့၏ ဘဝတွင် အရေးအကြီးဆုံးပုဂ္ဂိုလ်များဖြစ်သည်။ သင်က သူတို့ကို အပြည့်အဝ ခြွင်းချက်မဲ့ချစ်ကြောင်း သူတို့သိခြင်းသည် သူတို့ အနာဂတ်အတွက် ခိုင်မာသောအခြေခံအုတ်မြစ်သဖွယ်ဖြစ်၏။ ယင်းအခြေခံကို ခိုင်ခိုင်မာမာ သေသေချာချာတည်ဆောက် မထားပါက ဘဝ၏ မုန်တိုင်းဒဏ်ကို ခံနိုင်မည်မဟုတ်တော့။ သူတို့ကို သင်ချစ်ကြောင်း နှင့် မည်သို့ပင်ရှိစေ အမြဲတမ်းလည်း ချစ်မည်ဖြစ်ကြောင်း သူတို့သိလျှင် မိမိကိုယ်ကို ကောင်းစွာယုံကြည်စိတ်ချလျက် ဘဝ တွင် ရင်ဆိုင်ဖွယ်ကိစ္စအဝဝကို သတ္တိရှိစွာ ရင်ဆိုင်နိုင်သည်။

သတ္တိရှိရုံသာမက ဤသို့ရင်ဆိုင်ရသည်ကိုပင် သဘောကျ နေဦးမည်။ အဘယ်ကြောင့်ဆိုသော် အကယ်၍ သင့်ကလေးတွေက သင် သူတို့ကို ချစ်ကြောင်းသိလျှင် သူတို့လည်း အခြားသူများကို ပို၍ချစ်တတ်ဦးမည်။ ယေရှုခရစ်တော်က သင့်ကိုယ်သင် ချစ်သလို သူတစ်ပါးကိုလည်းချစ်ပါ ဟု မိန့်ဆိုခဲ့သည်။ တစ်နည်းဆိုသော် ကိုယ့်ကိုယ်ကိုယ် အကောင်းမထင် အချစ်မဝင်နိုင်လျှင် သူတစ်ပါး ကိုလည်း ချစ်တတ်ရန် အလွန်ခဲယဉ်းပါလိမ့်မည်။ ကိုယ့်ကိုယ်ကိုယ် အနည်းငယ်ချစ်တတ်ရန် ဦးစွာသင်ယူပြီးမှ အခြားသူများကို ချစ်နိုင် မည် ဖြစ်သည်။ အမှန်မှာ သင့်ကလေးများကို ဖော်ပြသော မေတ္တာ တန်ခိုးသည် သူတို့ဘဝတွင် အလိုက်သင့်ညှိယူနိုင်စွမ်းကိုသာမက သူတစ်ပါးနှင့် နက်ရှိုင်းသောဆက်နွယ်မှု ကောင်းမွန်အဆင်ပြေရေး ကိုပါ လွှမ်းမိုးပေသည်။ ထို့ကြောင့် အင်္ဂလိပ်ဘာသာအားဖြင့်စကားလေး သုံးခွန်းဖြစ်သော I Love You ကို ရက်ရက်ရောရောသုံးပါ။

ထို့နောက် တကယ်ပြောနေကြောင်း ထင်ရှားအောင် သက်သေသာဓက ပြလိုက်ပါ။

**'ကလေးသူငယ်ဘဝ၏ပထမငါးနှစ်သည်အပြောင်းအလဲမြန်ဆန်သောကာလဖြစ်၍ယင်းအချိန်အတွင်း မိဘတစ်ဦးသည် အသက်နှစ်ဆယ်နဲ့ အိုမင်းရင့်ရော်သွားနိုင်ပါသည်။'**

Anonymous

**၅။ 'ဒီ... ကိစ္စနဲ့ပတ်သက်လို့ ဘယ်လိုသဘောရသလဲ'**

ဤသို့သော အဖွင့်မေးခွန်းမျိုးသည် ကလေးကို စကားပြောရန်အားပေးသည်။ ဤသို့မေးသည့်အခါ သူတို့၏ အတွေးအမြင်များကို ဖော်ထုတ်ရန် လမ်းစပေါ်သွားပြီ ဖြစ်၏။ သင်က အခြားသူတို့ကို ချစ်လျှင် ထိုသူတို့နှင့် သဘောချင်းမတိုက်ဆိုင်သည့်အခါ၌ပင် သူတို့၏ထင်မြင်ချက်ကို တန်ဖိုးထားသေးသည်။ ဤနည်းအားဖြင့် သင်က သူတို့ကို နှစ်သက်ပါသည်၊ လေးစားပါသည်။ သူတို့နှင့် အတူတကွအပေါင်းအသင်းဖြစ်ရသည့်အပြင် သူတို့နှင့်စကားပြောခွင့်ရ၍ စိတ်ကူးစိတ်သန်းများရရှိသည် ဟူသော သတင်းစကားကို အားဖြည့်ပေးပို့ရာရောက်သည်။ ထို့ကြောင့်ပင် ရေစပ်ပြီးဖြစ်သော ချစ်သူတို့သည် သူတို့ရေချိုးခန်းတွင် သုတ်မည့် ဆေးအရောင်ရွေးချယ်မှုကအစ ရောက်တတ်ရာရာကို ပြောမကုန်နိုင်ကြခြင်း ဖြစ်ပါသည်။ သူတို့သည် အရာရာနှင့်ပတ်သက်၍ တစ်ယောက်၏ အနက်ရှိုင်းဆုံးအတွေးများကို တစ်ယောက်က သိလိုစိတ် ပြင်းပြနေကြ၏။

များစွာသောမိဘတို့နှင့် ကလေးတို့သည် တကယ်တမ်း စကားစမြည်ပြောဆိုကြသည်ဟု မဆိုနိုင်ပေ။ ကျောက်ခေတ်လူသားများကဲ့သို့သာ ခပ်အုတ်အုတ်ပြတ်ပြတ် ပြောတတ်ကြသည်။ တကယ်

တမ်းမှာ ကလေးတို့၏ထင်မြင်ချက်ကို မေးမြန်းခြင်းသည် သူတို့၏ အတွေးအမြင်များကို သင်က ဂရုစိုက်ကြောင်း ဖော်ပြနည်းတစ်နည်း ဖြစ်သည်။ ယင်းသည် သူတို့၏ ထင်မြင်ချက်ကိုသာမက သူတို့ကိုပါ တန်ဖိုးထားကြောင်း ဖော်ညွှန်းသည်။ မိဘများက ကလေးတို့သည် သူတို့ကို စကားမပြောကြောင်း မကြာခဏ ညည်းညူကြသည်။ သို့သော် စကားပြောချင်အောင် အားပေးရန်မှာ မိဘတို့၏ လုပ်ငန်း တာဝန်တစ်ရပ်ဖြစ်ပြန်သည်။ ဤကိစ္စကို စတင်ပြုလုပ်ရန် ယခုထက် ပို၍ ကောင်းသောအချိန်မရှိပြီ။

'အမျိုးသမီးတို့သည် စော်ကားလာသူကို ဖြိုင်ချ ကြမ်းစမ်းနေမည့်အစား သူတို့၏ အကောင်းဆုံးအရည် အချင်းများဖြစ်သောစိတ်ထားနူးညံ့သိမ်မွေ့ခြင်းနှင့် ငိုခြင်း အနုပညာကို အမျိုးသားတို့အား သင်ကြားပေးသင့် ပေ သည်။'

Joan Baez

၆။ 'ငိုချင်လည်း ငိုချလိုက်ပါ။ ကိစ္စမရှိပါဘူး'

လူတိုင်း နာကျင်မှုဝေဒနာ ခံစားတတ်ကြသည်။ လူတိုင်း ငိုသည်။ ကလေးတို့ ကြောက်လန့်၍ သူတို့၏ စိတ်လှုပ်ရှားမှုများကို ငိုယိုဖော်ထုတ်ပြသခြင်းသည် စိတ်ထဲ၌ မျိုသိပ်၍ အတွင်း၌ လှိုက်စားခံရခြင်းထက် ပိုကောင်းသည်။ ထို့ကြောင့် ကလေးတို့၏ ခံစားချက်များကို ဖော်ထုတ်ပြသတတ်အောင် သင်ပေးရန် အရေးကြီးပါသည်။ ကျွန်ုပ်တို့တစ်တွေ ရင်ထဲ၌ ခံစားရသမျှကို ပွင့်ပွင့် လင်းလင်း ထုတ်ဖော်မပြောနိုင်သည်မှာ ဝမ်းနည်းဖွယ်ဖြစ်၏။ တချို့ ယဉ်ကျေးမှုများတွင် တတယ်ယောကျ်ားဟူသည် မျက်ရည်ကျစိုး ထုံးစံမရှိ ဟူသော ဆောင်ပုဒ်ကိုပင် လက်ကိုင်ထားသေးသည်။ သူတို့

ခမျှာ ဝမ်းနည်းပူဆွေး၍ပင် ဖြစ်သည် မဟုတ်ပေ။ စိတ်လှုပ်ရှားမှုများကို ရင်တွင်း၌ မျိုသိပ်ပိတ်ဆို့ထားရလျှင် အသက်သာဆုံးရလဒ်မှာ လိုတာမပြည့်ခြင်းနှင့် အဆိုးဆုံးရလဒ်မှာ အကြမ်းဖက်တိုက်ခိုက်ခြင်း ဖြစ်နိုင်သည်။ ကလေးတို့၏ ပူဆွေးမှု သို့မဟုတ် ကြောက်ရွံ့မှုကို ရင်ဖွင့်ဖို့ သင်ပေးခြင်းအပြင် ငိုချင်လျှင်လည်း ငိုရနိုင်ကြောင်း ပြောကြားပြသခြင်းအားဖြင့် သူတို့စိတ်လှုပ်ရှားမှုများကို သူတို့ တည့်တည့်ရင်ဆိုင်နိုင်ပြီး အဆင်ပြေပြေ ခံစားပြုမှုနိုင်အောင် ကူညီရာရောက်သည်။ ထို့အပြင် သူတို့ လိုအပ်လျှင်နှင့် လိုအပ်သည့်အခါ အကူအညီကို အမြဲတစေရနိုင်ကြောင်းလည်း သင်အားပေးရာ ရောက်ပါသည်။

> **'အောင်မြင်ရေးအတွက်စွမ်းရည်တစ်မျိုးတည်းနှင့် လုံလောက်ပြီမဆိုသာ။ အားထုတ်ကြိုးစားသူကောင်းတစ်ဦးသည်လည်းအမြဲတစေအောင်မြင်နေသူမဟုတ်။'**
>
> **George Allen**

**၇။ 'မင်းအကောင်းဆုံးကြိုးစားခဲ့တာပဲ။ ဒါ့ထက်ဘာတတ်နိုင်ဦးမှာလဲ'**

သင့်ကလေးသည် အရာရာတွင် ကမ္ဘာ့ချန်ပီယံကြီးဖြစ်ရန် မလွယ်ရေးချမလွယ် ဖြစ်မည်။ ကျွန်ုပ်တို့ အများစုသည် သူလိုငါလိုမျှသာဖြစ်၍ အကြီးအကျယ် ဖြစ်မြောက်ကြသည် မဟုတ်ပေ။ သတင်းစာခေါင်းကြီးပိုင်းတွင် နေရာယူဖော်ပြခြင်းမခံရလောက်သော အချို့နယ်ပယ်တွင်သာ ထူးချွန်ကြသည်။ ကျွန်ုပ်တို့တွင် ဉာဏ်ပညာ၊ အားကစား၊ ဂီတနှင့် အနုပညာစွမ်းပကား မည်မျှပင်ရှိစေကာမူ မည်သူမျှ အရာရာတွင် ချန်ပီယံ မဖြစ်နိုင်ပေ။ ထို့ကြောင့် သင့်ကလေးတွေကို သူတစ်ပါးနှင့်ယှဉ်ပြိုင်၍ ထိပ်ဆုံးသို့ ရောက်

အောင် အကောင်းဆုံးကြိုးစားခြင်းထက် သူတို့အနေဖြင့် အကောင်းဆုံး ကြိုးစားခြင်းက ရေရှည်အကျိုးကျေးဇူး ပိုမိုဖြစ်ထွန်းနိုင်ကြောင်း နားလည်ရန် သင်ကြားပေးဖို့ အင်မတန် အရေးကြီးပါသည်။ တကယ်တမ်းမှာ မည်သည့်ကမ္ဘာ့စံချိန်မှတ်တမ်းမျှ တည်မြဲသည် မဟုတ်။ ယနေ့ကမ္ဘာ့ချန်ပီယံတစ်ဦးသည်ပင် အနှေးနှင့်အမြန်ဆို သကဲ့သို့ ချန်ပီယံဟောင်း ဖြစ်လာဦးမည်။ ထို့ကြောင့် အောင်နိုင်ခြင်း သည် ပဓာနမဟုတ်။ ပါဝင်ဆင်နွှဲခြင်းသည်သာ ပဓာန ဟူသော ဆောင်ပုဒ်ကို တကယ်တမ်းသဘောပေါက်လျှင် သင့်ကလေးတို့ သည် တစ်ခုတည်းသော စိတ်အေးချမ်းသာနည်းကို တွေ့ရှိပြီဖြစ်ပါ သည်။ ဤကိစ္စကို သူတို့နဲ့ခွဲခြမ်းယုံကြည်ဖို့ သေချာအောင်ပြုနည်းသည် သူတို့ကို မကြာခဏ ပြောပြခြင်းပင် ဖြစ်၏။

**'မိမိကလေးတို့သည် မိမိတို့အတွက် ဂုဏ်တက်စရာဖြစ်စေ လိုသောဆန္ဒမှာအဖေတို့၏ အခြေခံရှိ ယွင်းချက်ဖြစ်သည်။'**
**Bertrand Russell**

**၈။ 'မှားလျှင်လည်းပဲ ရပါတယ်'**

လူသားတိုင်းပင် အမှားမကင်းပါ။ ထို့ကြောင့် ကလေးတို့သည် အရှုံးကိုရင်ဆိုင်တတ်ရန် သင်ယူရမည်။ သူတို့ကိုယ်တိုင်ပြု သည့်အမှားပင်ဖြစ်စေ၊ သူတစ်ပါး၏ အမှားပင်ဖြစ်စေ၊ အမှားပြုမိ ရုံမျှနှင့် ထိုသူသည် လူဆိုးတစ်ဦးဖြစ်မသွားကြောင်း နားလည်ရန် လိုသည်။ အမှားတစ်ခုပြုမိသည်နှင့် ကမ္ဘာကြီးဆိတ်သုဉ်းသွားသည် မဟုတ်။ သင်က သူတို့ကို ချစ်မြဲပင်ဖြစ်ကြောင်း နှစ်သိမ့်အားပေးရန် လိုအပ်ပါသည်။ ဤနည်းအားဖြင့် သူတို့ ကိုယ်သူတို့ အဖိုးမတန် ခံစားရသည့်စိတ်ကို ဖယ်ရှားပေးနိုင်ပါသည်။ ဤသို့သောအခါ အရှုံးများမှ အပြုသဘောသင်ခန်းစာများကို ထုတ်နုတ်ရရှိမည်ဖြစ်ပြီး

ဘဝတိုက်ပွဲနှင့် အဆင်မပြေမှုများအတွက် အသင့်ပြင်အနေအထားတွင် ရှိနေသည်။ သူတို့၏ အမှားများအတွက် ဝန်ခံနိုင်သော မိမိကိုယ်ကို ယုံကြည်စိတ်ချမှုများလည်း ရှိမည်။ ယင်းအမှားများအတွက် အနာဂတ်တွင် တာဝန်ယူနိုင်မည့်အပြင် ကံမကောင်းအကြောင်းမလှ၍ အမှားပြုမိသူတို့ကိုလည်း သက်သက်ညှာညှာ စာနာခွင့်လွှတ်နိုင်ပါလိမ့်မည်။

**'ကျွန်ုပ်၏ ဖခင်သည်ယခုအခါသတွတ်နေပါသည်။ ဤသည်မှာသူစိတ်သတ်သာရာရနေခြင်းဖြစ်သည်။'**

**The Secret Diary of Adrian Mole**

**စာအုပ်မှ Adrian Mole ၏ပြောစကား**

**၉။ 'ငါမှားသွားတယ်ကွာ။ငါ့ကိုခွင့်လွှတ်ကြပါ'**

မိမိအမှားမကင်းကြောင်း ဝန်ခံခြင်းသည် ကလေးတို့ကလည်း အမှားပြုလုပ်ခွင့်ရှိကြောင်းဖော်ပြခြင်းကဲ့သို့ အရေးကြီး၏။ ကိုယ့်အမှားကိုကိုယ်ဝန်မခံနိုင်သရွေ့ ကလေးတို့ အမှားကိုလည်း ကိုယ်ကသည်းခံနိုင်ကြောင်း သူတို့တကယ်ယုံကြည်အောင် ပြုနိုင်မည်မဟုတ်ပေ။ မိမိအမှားပြုမိခြင်းအတွက် ဝန်ခံခြင်းအားဖြင့် မိမိကိုယ်တိုင်နှင့် ပတ်သက်၍ မှန်ကန်ဖြောင့်မတ်သည်မှာ ကောင်းမွန်ကြောင်းနှင့် ကလေးတို့အမှားပြုမိသည့်အခါတွင်လည်း သင့်ကို စံနမူနာထား၍ အတုယူနိုင်ကြောင်း ဖော်ပြရာရောက်သည်။ သူတို့ကို စိတ်ထိခိုက်အောင် ပြောဆိုပြုမူမိသည့်အခါ၌လည်း ခွင့်လွှတ်ရန် တောင်းပန်ခြင်းအားဖြင့် သင်သည် သူတို့ကို ချစ်ခင်လေးစားကြောင်းနှင့် သင့်ကို သူတို့က မည်သို့ထင်မြင်မည်ကိုလည်း ဂရုစိုက်ကြောင်းများ ဖော်ပြနေပေသည်။

'သင့်စခင်ဟာ ကမ္ဘာနဲ့ချီပြီးအောင်မြင်မှုကိုရရ၊မရရ သင်လေးစားနိုင်တဲ့ ကြီးမြင့်တဲ့ ပုဂ္ဂိုလ်တစ်ယောက်တော့ ဖြစ်ပါတယ်။ သင့်ရဲ့ လောကအမြင်ကိုထူညီပုံလောင်းပေးတယ်။စည်းကမ်းထိန်းပေးတယ်။အရာဝတ္ထုတွေနဲ့ မှတ်သက်ပြီးသင်ခန်းစာတွေပေးတယ်။ပြီးတော့ ရုပ်ဝတ္ထုနှင့်စာရိတ္တအမွေအနှစ်များကိုလည်း လက်ဆင့်ကမ်းပေးပါတယ်။'

John Winokur

**၁၀။ 'ဒါကို မလုပ်ရပါဘူး'**

သင့်ကလေးသည် လူမှုဝန်းကျင်က လက်ခံနိုင်သည့် ကန့်သတ်နယ်နိမိတ်အတွင်း၌ နေထိုင်ရန် သင်ယူရပါမည်။ ဆိုလိုသည်မှာ အမှား၊ အမှန်နှင့် မည်သည်ကိုလက်ခံနိုင်ဖွယ် ရှိသည်၊ မည်သည်ကို လက်ခံနိုင်ဖွယ်မရှိဟူသည်တို့ကို ခွဲခြားနားလည်ရမည်။ လေးစားတတ်ရမည်။ ယင်းတို့ကို သင်ကြားပေးရန်မှာ မိဘကောင်းတို့၏ တာဝန်သာ ဖြစ်ပါသည်။ သားသမီးမကောင်း မိဘခေါင်း မဟုတ်ပါလော။ သင်သည် အကယ်၍ သူတို့အပြုအမူကို ကန့်သတ်ပေးရန် နယ်နိမိတ်သတ်မှတ်မထားလျှင် အနေးနှင့်အမြန်ဆိုသကဲ့သို့ပင် သူတစ်ပါးက သတ်မှတ်ပေးလိမ့်မည်။ ဤသို့သောအခါ သင် သတ်မှတ်ပေးစဉ်ကထက် အဆပေါင်းများစွာတို့၍ စိတ်ထိခိုက်စရာများကြုံလိမ့်မည်။ ထို့ကြောင့် သင့်ကလေးသည် စူပါမားကက် သို့မဟုတ် နေအိမ်ထမင်းဝိုင်း၌ ဒေါသထွက်၍ ဝုန်းဒိုင်းကြဲသည့်အခါ သင်အလျှော့ပေးလိုက်ခြင်းအားဖြင့် သင့်ကလေးနှင့် သင်တို့ နှစ်ဦးစလုံးအတွက် အဆင်ပြေသွားလိမ့်မည်မထင်ပါနှင့်။ အမှန်မှာ သင်သည် နောင်တစ်ချိန်အတွက် ဗုံးကွဲသို့မိုးထားရုံသာဖြစ်၍ ဤကိစ္စအတွက် မည်သူကမျှလည်း သင့်ကို ကျေးဇူးတင်မည်မဟုတ်ပါ။ အထူးသဖြင့် သင့်ကလေးများက ကျေးဇူးမတင်။ သင့်သား

သို့မဟုတ် သမီးကို ငယ်စဉ်ကတည်းက ဒါမဖြစ်ဘူး၊ ဒါမလုပ်နဲ့ ဟူ၍ အေးဆေးတည်ငြိမ်စွာ ပြတ်ပြတ်သားသားသင်မပေးခဲ့ သို့မဟုတ် မဆုံးမခဲ့လျှင် သင်ယခုမှ ပြော၍ အကြောင်းမထူးတော့ပြီ၊ အနာဂတ်အခက်အခဲများအတွက် သင် ဦးတည်နေပြီဖြစ်ပါသည်၊ ထို့အပြင် သင့်ကလေးများနှင့် အနာဂတ်လူဘောင်အဖွဲ့အစည်းကို ပါ မည်သို့အကျိုးပြုနိုင်တော့မည်နည်း။

■

**စွန့်စားခန်းကြီး ဆက်ဦးမည်. . .**

> **'အတိတ်မှသင်ခန်းစာမယူသောသူများသည် အနာဂတ်တွင်ဆက်လက်မှားနေဦးမည့်သူများဖြစ်သည်။'**
>
> **George Santayana** အားဂုဏ်ပြု၍

ကျွန်ုပ်သည် ဤစာအုပ်ကိုပြုစုရာတွင် လက်တွေ့ဘဝနှင့် တတ်နိုင်သမျှ အနီးစပ်ဆုံးနှင့် အသုံးအတည့်ဆုံးဖြစ်အောင် ကြိုးစားခဲ့ပါသည်။ အကယ်၍ ကျွန်ုပ်ပြောကြားလိုသော အခြေခံအမှာစကားကို စာတစ်မျက်နှာတည်းအကျဉ်းချုံးပြပါဆိုလျှင် ကျွန်ုပ်က ဤသို့ ဆိုပါမည်။ မိဘကောင်းတို့မည်သည်. . .

- မိမိကိုယ်ပိုင်ဆုံးဖြတ်ချက်ကို ယုံကြည်သော်လည်း သင်ယူစရာရှိသည်ကို သင်ယူရန် မည်သည့်အခါမျှ ဝန်မလေး။
- မိမိတို့ကလေးများအဖိုးတန်ကြောင်းကို သူတို့အတွက် အချိန်ပေး၍ ထုတ်ဖော်ပြသသည်။

- ကလေးတို့ကို ခြွင်းချက်မဲ့ချစ်ကြောင်းပြခြင်းအားဖြင့် သူတို့ကိုယ်သူတို့ အလေးအမြတ်ထားတတ်အောင် သင်ကြားပေးသည်။
- သူတို့ကို နည်းလမ်းတကျ စည်းကမ်းထိန်းပေးခြင်းအားဖြင့် သူတို့ကိုယ်သူတို့ စည်းကမ်းထိန်းတတ်လာမည်။
- ကလေးတို့၏ မှန်ကန်သောအပြုအမူအတွက် ချီးမွမ်းခြင်းအားဖြင့် မိမိကိုယ်ကို အဖိုးတန်ကြောင်း ခံစားနိုင်အောင် မြှောက်ပေးသည်။
- မိမိကိုယ်တိုင်တာဝန်ရှိသူအခန်းကဏ္ဍ စံပြဖြစ်ခြင်းအားဖြင့် ကလေးတို့ကို အမှားအမှန် ခွဲခြားတတ်ရန် သင်ကြားပေးသည်။
- ဆီလျော်သင့်မြတ်သော မိသားစုစည်းမျဉ်းစည်းကမ်းများ ချမှတ် လိုက်နာစေခြင်းအားဖြင့် ကလေးတို့ကို ဘေးရန်ကင်းသော ကန့်သတ်ချက်များအတွင်း လွတ်လပ်မှုကို ပေးသည်။
- ကိုယ်တိုင်က အမှားအယွင်းများရှိသည့်အခါ တောင်းပန်ခြင်းအားဖြင့် ကလေးတို့ကို တရားမျှတမှုအကြောင်း သင်ကြားပေးသည်။
- ကလေးတို့ကို တာဝန်လွှဲအပ်ထမ်းဆောင်စေခြင်းအားဖြင့် လွတ်လပ်စွာ ကိုယ့်ခြေပေါ် ကိုယ်ရပ်တည်နိုင်မှုအတွက် ပြင်ဆင်ပေးသည်။

သင်သည် စင်းလုံးချောမိဘတစ်ဦး မဖြစ်နိုင်သော်လည်း သင့်ကလေးတို့ ဂုဏ်ယူသည့် တကယ့်အောင်မြင်သော မိဘကောင်းတစ်ဦးတော့ ဖြစ်နိုင်ကြောင်း သတိရပါ။ ဤသို့ဖြစ်ရန် အချိန်ယူ၍

တတ်နိုင်သမျှ ခွဲရှိရှိနှင့် ကြိုးစားရပါမည်။ သို့သော် သင်ကြိုးစားဖို့ အသင့်ရှိပြီဆိုလျှင် ယင်းသည် ကမ္ဘာပေါ်၌ တန်ဖိုးအရှိဆုံးနှင့် ဆုလာဘ်အများဆုံးပေးနိုင်သော လုပ်ငန်းတာဝန်ကြီးတစ်ရပ်ဖြစ်ကြောင်း သင်ခံစားလာမည်မှာ သေချာသည်။ ကျွန်ုပ်၏ မိတ်ဆွေတစ်ဦးပြောဖူးသကဲ့သို့ပင် ယင်းသည် တကယ်တမ်းမှာ ခေတ်ငွေ့တစ်မျိုးပင် ဖြစ်ပါ၏။

၁၉ ရာစုနှစ်၌ စနက်တံ၊ ဒိုင်းနမိုက် အစရှိသည့် ပေါက်ကွဲစေသော ပစ္စည်းများ ထုတ်လုပ်သူ ဥဏ်ကြီးရှင် Alfred Nobel သည် သူ့ကိုယ်သူ မည်သည့်အခါကမျှ များစွာနှစ်သက်မိသည် မဟုတ်။ သို့သော် ထိုချမ်းသာသော ဆွီဒင်နိုင်ငံသား စက်မှုလုပ်ငန်းရှင်ကြီးသည် ၁၈၈၈ ခုနှစ်၊ တစ်နေ့သောနံနက်ခင်း၌ သတင်းစာထဲတွင် သူ့နာရေးသတင်းကို သူကိုယ်တိုင်ဖတ်ရသောအခါ သူ့ကိုယ်သူ ပို၍ပင်မနှစ်မြို့နိုင် ဖြစ်ခဲ့သေးသည်။ သတင်းစာဆရာတစ်ဦးသည် သူ့ကို မကြာမီက ကွယ်လွန်ခဲ့သော သူ့ညီအစ်ကိုတော်တစ်ဦးနှင့် ရောထွေး၍ နာရေးသတင်းကို လက်လွတ်စပယ် မှားယွင်းဖော်ပြခဲ့ခြင်း ဖြစ်၏။ ထို့ကြောင့် Nobel သည် လက်နက်ကိရိယာများ ထုတ်လုပ်ခြင်းဖြင့် သန်းပေါင်းများစွာကြွယ်ဝသော တစ်ကိုယ်တော် သူဌေးကြီးအဖြစ် တစ်ကမ္ဘာလုံးက သူ့ကိုမြင်ရသကဲ့သို့ သူ့ကိုယ်သူ မြင်ရသည့် ရှားပါးအခွင့်အရေးကို ရခဲ့သည်။

ဖောက်ခွဲရေးပစ္စည်းများကို သတ္တုတူးဖော်ရေး၊ လမ်းပန်းတည်ဆောက်ရေးအစရှိသည့် ငြိမ်းချမ်းစွာပြုလုပ်သော အကျိုးပြုကိစ္စရပ်များအတွက် အသုံးပြုရန်ရည်ရွယ် တီထွင်ထားသူ Nobel သည် ယင်းတို့ကို စစ်ဘက်ဆိုင်ရာ အဖျက်သဘောအသုံးပြုမှုများကြောင့် စိတ်ဒုက္ခရောက်ခဲ့သည်မှာ ကြာပေပြီ။ ထို့ကြောင့် ယခုကဲ့သို့ ဖောက်ခွဲပစ္စည်းများကို အကျိုးယုတ်လုပ်ရပ်များအတွက် တီထွင်ပေးသူအဖြစ် သူ့ကိုသတိမရစေလိုပေ။ သို့ဖြစ်ရာ သူကွယ်လွန်သည့်အခါ

ရူပဗေဒ၊ ဓာတုဗေဒ၊ ဆေးပညာ၊ စာပေနှင့် အရေးကြီးဆုံးဖြစ်သော ငြိမ်းချမ်းရေးအတွက် သူ့အမည်ဂုဏ်ဆောင်သော နိုဘယ်လ်ဆု များပေးရန် သူ၏ မရေမတွက်နိုင်သော ငွေကြေးချမ်းသာမှုတို့ကို လှူထားကြောင်း သေတမ်းစာကို သေသေချာချာ ပြင်ဆင်ရေးသား ခဲ့တော့သည်။

ထို သတင်းစာဆရာက Alfred Nobel ၏ ဘဝကို အကျဉ်းချုံးခဲ့သကဲ့သို့ တစ်နေ့တွင် ကျွန်ုပ်တို့ဘဝကိုလည်း ကျွန်ုပ်တို့၏ရင်သွေးများက အကျဉ်းချုံးကြလိမ့်ဦးမည်။ သူတို့ကတော့ ရေးသားဖော်ပြချင်မှ ဖော်ပြလိမ့်မည်။ သို့မဟုတ် ပါးစပ်နှင့်ပင် ထုတ်ဖော်ပြောချင်မှ ပြောမည်။ သို့သော် ကျွန်ုပ်တို့၏ နာရေးသတင်းကိုတော့ သူတို့ အသည်းနှလုံး၌ ကမ္ပည်းထိုးထားလိမ့်ဦးမည်။ ထို့ကြောင့် မေးစရာရှိသည်မှာ သင့်ကလေးများက သင့်ကို မည်သို့ မည်ပုံ သတိရမည်နည်း။

ကျွန်ုပ်အများဆုံးတောင်းသော ဆုတောင်းတစ်ခုသည် ချစ်စွာသောအဖတ္တရားသခင်၊ ကျွန်ုပ်၏ ကလေးများအတွက်နှင့် သူတို့၏ ခေါင်ဖြစ်ရခြင်းအတွက် အဖတ္တရားသခင်အား ကျေးဇူး တင်ပါ၏။ ကျွန်ုပ်အား သူတို့ တကယ်တမ်းဂုဏ်ယူနိုင်လောက်သော မိဘကောင်းတစ်ဦးဖြစ်အောင် ကူညီမစပါ ဟူ၍ ဖြစ်ပါသည်။ မိဘ အများစုသည်လည်း ခုံဖန်ရံခါ ဆုတောင်းတတ်ကြပါသည်။ သို့သော် များစွာသောမိဘတို့သည် မသေရေးရှင်ရေးကမျှ အရေးကြီးသော အချိန်အထိစောင့်၍သာ ဆုတောင်းတတ်ကြပါသည်။ ကျွန်ုပ်က တော့ ရနိုင်သမျှသောအကူအညီအားလုံးကို မဆုတ်မဆိုင်းရယူသည် သာ ဖြစ်ပါ၏။ ဤကိစ္စကို သင် မည်သို့သဘောရပါသနည်း။

■

## စာပေဝါသနာရှင်များခင်ဗျား

စာအုပ်စာပေလူ့မိတ်ဆွေ ဆိုတဲ့စကားဟာ လွန်ခဲ့တဲ့ နှစ်အတန်ကြာကတည်းက ပေါ်ပေါက်လာခဲ့တာဖြစ်ပြီး ဒီစကားရဲ့ မှန်ကန်မှုကို အားလုံးသိရှိလက်ခံနိုင်ခဲ့ကြပြီ ဖြစ်ပါတယ်။ လူတိုင်းလူတိုင်းအတွက် စာအုပ်တွေဟာ အဖော်မွန်ဖြစ်သလို လမ်းပြကြယ်လည်းဖြစ်ပါတယ်။ ကျွန်တော်တို့လက်လှမ်းမမှီနိုင်တဲ့ အကြောင်းအရာ အတော်များများကို စာအုပ်တွေထဲမှာ တွေ့ရှိနိုင်ပါတယ်။ ဒါပေမယ့် တချို့မြို့ရွာ၊ ရပ်ကွက်တွေမှာ ငွေကြေးအခက်အခဲကြောင့် ဒါမှမဟုတ် လမ်းခရီးဝေးကွာမှုတွေကြောင့် စာအုပ်ဖတ်ရှုခွင့် နည်းပါးနေသေးတာကို တွေ့ရပါတယ်။ ဒါကြောင့် တစ်ပိုင်တစ်နိုင် စာကြည့်တိုက်ထူထောင်လိုသူများ၊ စာကြည့်အသင်းဖွင့်လိုသူများအတွက် ကျွန်တော်တို့ တူဒေးစာအုပ်တိုက်ထုတ် စာအုပ်များကို အထူးနှုန်းနဲ့ ရောင်းချပေးခြင်းဖြင့် တစ်တပ်တစ်အား ပညာဖြန့်ဝေလိုပါတယ်။ စိတ်ဝင်စားသော စာပေဝါသနာရှင်များအနေနဲ့ အောက်ပါလိပ်စာအတိုင်း ဆက်သွယ် ဆောင်ရွက်နိုင်ပါတယ်။

တူဒေးစာအုပ်တိုက်
ရန်ကုန်မြို့၊ ဖုန်း -၀၁-၂၉၅၈၈၆၊ ၂၉၉၇၉၇၊ ၂၉၉၇၉၈။
မန္တလေးမြို့၊ ဖုန်း -၀၂- ၃၈၇၇၉။
တူဒေးစာအုပ်ဆိုင်
၁။ အမှတ်(၁၁၀-က)၊ ပန်းဆိုးတန်းလမ်း(အောက်)၊ ရန်ကုန်မြို့။
ဖုန်း - ၀၁- ၇၀၆၁၇၈။
၂။ အခန်း အက်ဖ်-၂၄၊ ပထမထပ်၊ ရန်ကင်းစင်တာ
ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့။

၃၀၆. ၈၇၄
ချောက်(က်)၊ စတီး(ဗ်)
မိဘကောင်းတို့ရင်သွေးပြုစုပျိုးထောင်နည်း/စတီး(ဗ်)ချောက်(က်)၊
မြန်မာပြန်သူ ပါမောက္ခဒေါ်အေးသန်း။ —— ရန်ကုန်၊ တိုင်းလင်းစာပေ၊
တူဒေးစာအုပ်တိုက်၊ ၂၀၀၀။
၂၆၁ စာ၊ ၂၀ စင်တီ။ —→ (တူဒေးစာအုပ်တိုက်၊ ပညာရပ်စာစဉ်-၂)
မူရင်းစာအုပ် - **How To Succeed As A Parent, by Steve Chalke.**
၁။ ဒေါ်အေးသန်း၊ ဒေါ်၊ ပါမောက္ခ
၂။ မိဘကောင်းတို့ရင်သွေးပြုစုပျိုးထောင်နည်း